# သံဃာအား

# ဘုရားယုံခဲ့သည်

( ပ ထ မ တွဲ )

ရေးသားပြုစုသူ

ဓမ္မဃောသက ဦးမောင်မောင်

—၀—

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇

# သံဃာအား

# ဘုရားယုံခဲ့သည်

( ပထမတွဲ )

ရေးသားပြုစုသူ

ဓမ္မဃောသက ဦးမောင်မောင်

—o—

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

# တတိယအကြိမ် ပုံနှိပ်ခြင်း

# အမှာစာ

ဘုရားရှင်၏ တပည့်သားသာဝက ရှစ်ပါးသော အရိယာ သံဃာတော်မြတ်အပေါင်းသည် သုပ္ပဋိပန္နတာ- အစရှိသော ဂုဏ်ပေါ်ကိုးပါးနှင့် ပြည့်စုံတော်မူကြပါပေ၏။ သမ္မုတိသံဃာ ထေရ်ဆရာအပေါင်းသည်လည်း အရိယာ နွယ်ဝင် ဖြစ်ကြသည်အားလျော်စွာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူ ကြပါပေ၏။

ဗုဒ္ဓဘုရားရှင်သည် မိထွေးတော်ဂေါတမီအား "ဂေါတမီ-သံဃာအား လှူဒါန်းလော့။ သံဃာအား လှူဒါန်းခြင်းသည် အကျိုးကြီးမြတ်၏။ သံဃာအား လှူဒါန်းလျှင် ငါဘုရားအား လှူဒါန်းသည်မည်၏" ဟု သံဃာတော်တို့၏ ဂုဏ်ကျေးဇူးကို ချီးမြှင့်ပေးခဲ့ပါသည်။ "သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သော သံဃာ၏ အကျင့်သည်လည်း ချမ်းသာ၏"ဟု သံဃာညီညွတ်ခြင်း ဂုဏ်ရည်ကို ဘုရားရှင် ချီးမွမ်းတော်မူခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ဖို့ရာအကြောင်း ထင်ရှားသောအခါ အရှင်အာနန္ဒာအား "အာနန္ဒာ-ငါဘုရားသည် ဓမ္မ ဝိနယ

တို့ကို ဟောကြားပြသတ်ခဲ့ပြီဖြစ်သည်။ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံသောအခါ ငါဘုရားဟောကြားခဲ့သော ဓမ္မဝိနယတို့သည် သင်တို့၏ ဆရာပေတည်း”ဟု ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သံဃာတော်များလက်ဝယ်တွင် ယုံကြည်စိတ်ချစွာဖြင့် အပ်နှံတော်မူခဲ့ပါသည်။

အထက်ပါ အကြောင်းအရာများသည် ဆက်စပ် လျက်ရှိနေပါသည်။ တစ်ခုတည်းသော အကျိုးကိုသာ ဦးတည်ထားသော အကြောင်းအရာများ ဖြစ်သည်ဟု လည်းဆိုနိုင်ပါသည်။ ယင်းမှာ အခြားမဟုတ်၊ **သံဃာအား ဘုရားယုံခဲ့သည်** ဟူ၍ပင်ဖြစ်ပါသည်။

ဘုရားယုံကြည်ခဲ့သော သံဃာတော် အရှင်မြတ် များသည် မထေရ်မြတ်ကြီးများ ဦးဆောင်၍ ဘုရားရှင်၏ အဆုံးအမ သာသနာတော်မြတ်ကြီးအား အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ကြကာ ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှင့် မြှောက်စားခဲ့ကြသည်။ သာသနာပြု မင်း, ဘုရင်, နိုင်ငံတော် အစိုးရများနှင့်တကွ ပြည်သူ, ပြည်သား၊ ဒါယကာ, ဒါယိကာမများသည်လည်း မထေရ်မြတ်ကြီးများ၏ ဩဝါဒကိုနာယူလျက် ဓမ္မစက်ကိုအာဏာစက်ဖြင့် ပံ့ပိုး၍ လည်းကောင်း၊ လိုအပ်သော ပစ္စည်းလေးပါး လှူဒါန်း၍ လည်းကောင်း ချီးမြှင့်ပူဇော်ခဲ့ပါကြပါသည်။ ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို မယိမ်းမယိုင်ရအောင် ဆရာ,

ဒကာ လက်တွဲညီစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ဗုဒ္ဓသာသနာ အဆက်ကိုရရှိကာ ယနေ့ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းသော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။

၁၉၈၀–ပြည့်နှစ် (၁၃၄၂–ခုနှစ်၊ နယုန်လပြည့်နေ့)တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး သံဃာ့ညီညွတ်ရေးကြီးကို ရယူနိုင်ခဲ့သည်နှင့်အမျှ ပြည်ထောင်စု မြန်မာနိုင်ငံ သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်ဟူ၍ စနစ်တကျပေါ်ပေါက်လာခဲ့ ပါသည်။ သံဃာ့အဖွဲ့အစည်းကြီးသည် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဝိနိစ္ဆယကဏ္ဍ, သာသနာရေးရာကဏ္ဍ, ပညာရေးရာကဏ္ဍ– ဟူ၍ ကဏ္ဍကြီးသုံးရပ်ဖြင့် ပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြ ပါသည်။

ယင်းကဲ့သို့ မကြုံစဖူးထူးကဲလှသော ၁၉၈၀–ပြည့်နှစ် သံဃာညီညွတ်ရေးကြီး ရယူနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအနီး ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် မဟာဝိဇယ စေတီတော် မြတ်ကြီးကို တည်ထားနိုင်ခဲ့ပါသည်။ ယင်းသို့ သံဃာ့ ညီညွတ်ရေး ရရှိအောင်မြင်ခဲ့ပုံများကို စာအုပ် စာစောင်

စာနယ်ဇင်းအသီးသီးတွင် ရေးသားဖော်ပြပါရှိ ကြသည့်နည်းတူ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနှင့် ပက်သက်၍ ထူးထူးခြားခြား ပေါ်ထွက်ခဲ့သော စာအုပ်မှာ ကွယ်လွန်သူ ဓမ္မဃောသက ဦးမောင်မောင် ရေးသားပြုစုသည့် **သံဃာအားဘုရားယုံခဲ့သည်** ဟူသော စာအုပ်ဖြစ်ပါသည်။

"သံဃာအားဘုရားယုံခဲ့သည်" စာအုပ်အမည်ကို ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူကြသည့် ဂိုဏ်းပေါင်းစုံ ပြည်နယ်/ တိုင်း သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များအား ကြိုဆိုပင့်ဆောင်ရေးဝတ်အဖွဲ့များ သီဆိုရန် စပ်ဆို ပူဇော်သည့် ရှစ်လုံးဖွဲ့ ကဗျာများမှ ရယူခဲ့ကြောင်း စာရေးသူမှ ဝန်ခံထားပါသည်–

(က) ဝိနည်းတရား၊ တစ်သားတည်းတည်<br>
သံဃာချင်းချင်း၊ စည်းမျဉ်းအညီ<br>
နေထိုင်ရေးသို့၊ ချင့်တွေးမျှော်ရည်<br>
သံဃာအား -- ဘုရားယုံခဲ့သည်။

(ခ) ဝိနည်းဆုံးဖြတ်၊ ပိဋကတ်ညီ<br>
ဘာသာဓမ္မ၊ မျှတစေမည်<br>
တု–စစ် ခွဲခြမ်း၊ မှတ်တမ်းကိုယ်စီ<br>
သံဃာအား -- ဘုရားယုံခဲ့သည်။

(ဂ) ကျောင်းနှင့်သင်္ကန်း၊ ဆွမ်း, ပန်းမွှေးကြည်
ဆေးဝါးပစ္စည်း၊ လှူနည်းစုံညီ
ဒါယကာဝတ်၊ မချွတ်ပါပြီ
သံဃာအား -- ဘုရားယုံခဲ့သည်။

သံဃာအားဘုရားယုံခဲ့သည်စာအုပ်ကို ဓမ္မဃောသက ဦးမောင်မောင်သည် ၁၃၄၂-ခု (၁၉၈၀) ခုနှစ်တွင် ရေးသားပြုစုခဲ့ပြီး ပထမအကြိမ်မဂ္ဂဇင်းဆိုက်ဖြင့် အုပ်ရေ (၂၅၀၀) ထုတ်ဝေခဲ့သည်။ ပထမအကြိမ်ထုတ်ဝေစဉ်က မရရှိလိုက်သော ဓမ္မစာပေပရိသတ်၏ တောင်းဆိုမှုအရ ၁၃၄၆ (၁၉၈၄)ခုနှစ်တွင် ဒုတိယအကြိမ်ရှိုင် (၁၀-ချိုး) ဆိုက်ဖြင့် အုပ်ရေ (၃၀၀၀) ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ပထမအကြိမ်ပုံနှိပ်စဉ်က ဓမ္မဃောသက ဦးမောင်မောင် ထံမှ ဓမ္မလက်ဆောင်ရရှိသဖြင့် မိမိသည် သံဃာအား ဘုရား ယုံခဲ့သည်စာအုပ်ကို အချိန်ရသည့်အခါတိုင်း ဖတ်ရှုခဲ့ပါ သည်။ ဓမ္မဃောသက ဦးမောင်မောင်သည် သာသနာတော် အပေါ် အလွန်အလေးထားလျက် ဤစာအုပ်ကို ရေးသားပြုစု ထားကြောင်း ထင်ရှားပါသည်။ အရေးအသားမှာလည်း သာသနာဝင် အဆက်ဆက် သံဃာတော်များ၏ သာသနာတော်မြတ်ကြီးအတွက် အလေးထား တာဝန် ထမ်းရွက်ကြပုံများကို ဒါယကာတစ်ဦးက ဆရာတော် တစ်ပါးထံ လျှောက်ထားဟန်ပုံစံဖြင့် လူတိုင်းထင်းခနဲ, လင်းခနဲရှင်းလင်းအောင် ရေးသားထားပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပေါ်ပေါက်လာသော သာသနာတော်ညစ်နွမ်းမှုများကြောင့် သင်္ဂါယနာတင်ပွဲကြီးများ၊ သံဃာ့အစည်းအဝေးပွဲကြီးများ၊ ဓမ္မ, အဓမ္မဆုံးဖြတ်မှုများ အသီးသီး ပေါ်ပေါက်ခဲ့ရပါသည်။ အကယ်စင်စစ် ဗုဒ္ဓသာသနာတော်သည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကလည်း ဘုရားရှင်၏ အဆုံးအမတော်များဖြစ်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သင်္ဂါယနာတင်ထားရှိသော တရားတော် ဓမ္မက္ခန္ဓာများမှာလည်း ဗုဒ္ဓဘုရားရှင်၏ ယိုအဆုံးအမတော်များပင်ဖြစ်၍ ပကတိ သာသနာတော်မှာ ညစ်နွမ်းစရာ အကြောင်းမရှိနိုင်ပါ။ "သာသနာတော်သန့်ရှင်းရေး" ဟူသော စကားကို ထည့်သွင်းသုံးနှုန်းရခြင်းသည်ပင် နှုတ်ထွင် ညစ်နွမ်းသွားသယောင် ထိုက်တန်သည်ဟု မထင်မိပါ။ သို့ပါသော်လည်း သာသနာတွင်းမှ ယုံကြည်မှုသဒ္ဓါနည်းပါးသည့် ပုဂ္ဂိုလ်အချို့နှင့် သာသနာပြင်ပမှ ယုံကြည်မှုလွဲမှားသူတို့၏ ကာယကံ, ဝစီကံ, မနောကံ ပြစ်မှားမှုများကြောင့်သာ သာသနာတော်ညစ်နွမ်းရခြင်းဖြစ်ပြီး သာသနာတော်၏ အတွင်းအပအန္တရာယ်တို့ကို ချေဖျက်ရန်အတွက် သာသနာတော်သန့်ရှင်းရေး ဟူ၍ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည်။ ဤအကြောင်းများကိုလည်း ဓမ္မဃောသက ဦးမောင်မောင်၏ သံဃာအားဘုရားယုံခဲ့သည် စာအုပ်တွင် ဖတ်ရှု၍ ဝေဖန်ဆန်းစစ် နိုင်ကြမည် ဖြစ်ပါသည်။

မိမိသည် သံယာအား ဘုရားယုံခဲ့သည် စာအုပ်ကို ဖတ်ရှုပြီး သာသနာရေးဝန်ကြီးဌာနမှ ရိုက်နှိပ်သင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု သဘောရသဖြင့် ပုံနှိပ်ခိုင်းရန်စီစဉ်ထားဆဲ မိမိစာအုပ်ကို မိတ်ဆွေတစ်ဦးက ငှားရမ်းသွားပြီး ၎င်းမှထပ်ဆင့်၍ လက်ဆင့်ကမ်းငှားရမ်းခဲ့ရာတွင် စာအုပ်မှာ လက်စပျောက်သွားကာ ပြန်မရတော့ပါ။ ထိုအတွင်း ဓမ္မဃောသက ဦးမောင်မောင်မှာလည်း ကွယ်လွန်အနိစ္စရောက်ခဲ့၍ သူ၏အမွေဆက်ခံသူများနှင့်လည်း အဆက်အသွယ်မရှိတော့ရာ စာမူပြုရန်စာအုပ်ရရှိရေးအတွက် သာသနာရေးဦးစီးဌာနအား တာဝန်ပေးအပ်ခဲ့ပါသည်။ သာသနာရေးဦးစီးဌာနမှ ရှာဖွေပေး၍ သံယာအား ဘုရားယုံခဲ့သည် စာအုပ်ကို ပထမအကြိမ်ပုံနှိပ်မူ ပုံနှိပ်ရန်စီစဉ်နေဆဲမှာပင် ဒုတိယအကြိမ် ပုံနှိပ်မူ စာအုပ်ကို ထပ်မံရရှိသဖြင့် မူနှစ်မူကို တိုက်ဆိုင်စီစဉ်ရန် အခွင့်အရေး ရရှိခဲ့ပါသည်။

သို့နှင့် ဓမ္မဃောသက ဦးမောင်မောင်၏ သံယာအား ဘုရားယုံခဲ့သည်စာအုပ်ကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် တတိယအကြိမ် အုပ်ရေ (၅၀၀၀)ပုံနှိပ် ပြီးစီးခဲ့ပါသည်။ ကွန်ပျူတာဖြင့် စာစီထားပြီး စာဖတ်သူ ဓမ္မမိတ်ဆွေတို့ အလွယ်တကူ ပေါ့ပါးစွာ သယ်ဆောင်ဖတ်ရှုနိုင်စေရန် အလို့ငှာ ကရောင်း (၁၆–ချိုး) ၇ လက်မ x ၅ လက်မ အရွယ် ပထမတွဲ, ဒုတိယတွဲ နှစ်တွဲခွဲ၍ စီစဉ်ထားသည်ကို စာဖတ်သူများ နှစ်သက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကျယ်ပြောပျံ့နှံ့စေခဲ့သော ရဟန္တာအရှင်အရဟံ မထေရ်မြတ်ကြီးနှင့် ပုဂံခေတ်အနော်ရထာမင်းကြီးတို့ ချမှတ်ခဲ့သည့် လမ်းကြောင်းအတိုင်း ဆက်လျှောက်ခဲ့ကြသော မထေရ်မြတ်ကြီးများနှင့် ရှေးရှေးသာသနာပြုမင်း အဆက်ဆက်တို့၏ ကျေးဇူးကား အထူးကြီးမားလှပါသည်။ ပို၍ ဖြုတ်ပစ်ရန်နှင့် မလို၍ ထုတ်ပစ်ရန် အကြောင်းမရှိသော ဗုဒ္ဓဘုရားရှင်၏ တရားတော် ဓမ္မက္ခန္ဓာတို့ကို မထေရ်မြတ်ကြီး အဆက်ဆက်တို့ ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြသဖြင့်သာ ယနေ့ မိမိတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ယုံကြည်ကိုးကွယ်ခွင့် ရှိကြသည်ကို မမေ့ကြရန်လည်း သတိပြုမိကြစေချင်ပါသည်။

ရဟန်းသံဃာတော် အချင်းချင်း၊ ဒါယကာ, ဒါယိကာမ အချင်းချင်း၊ ဗုဒ္ဓဘာသာဝင်အချင်းချင်း ညီညွတ်ကြလျက် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်ကို ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ကြမည်ဆိုပါက လူ့ဘဝ လူအဖြစ် တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံရကျိုး နပ်ကြမည်ဖြစ်ပါသည်။ မွန်မြတ်ပြီးဖြစ်သော သာသနာတော်မြတ်ကြီးက မသန့်ရှင်းခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်အချို့၏ မသန့်ရှင်းမှုကြောင်းသာ ညစ်နွမ်းရကြောင်း ခွဲခြားနိုင်ကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဗုဒ္ဓဘာသာဝင်တိုင်း အလေးထား ဆောင်ရွက်ကြရန်လည်း သန္နိဋ္ဌာန် ချမှတ်ထားသင့်ကြပါသည်။

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ဘုရားကြီးများ အမှူးပြုသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်များနှင့်တကွ ဆရာတော် သံဃာတော်အရှင်မြတ်များသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်း, တောင်တန်းသာသနာပြု သင်တန်း, နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် သင်တန်း ဖွင့်ပွဲ, ပိတ်ပွဲကဲ့သို့သော အခမ်းအနားများနှင့် အခြားသော ပရိယတ္တိဆိုင်ရာ, ပဋိပတ္တိဆိုင်ရာ ဘာသာရေး, သာသနာရေး အခမ်းအနားများတွင် သာသနာကွယ်ပစေ နိုင်သည့် အကြောင်းတရားများ ပါဝင်သော သာသနာပြု ဩဝါဒများကို အစဉ်မပြတ် ချီးမြှင့်ကြသဖြင့် ရဟန်းရှင် လူအများ နာယူခွင့် ရရှိကြပါလျှင် သံဃာအား ဘုရားယုံ ခဲ့သည်ဟူသော ခေါင်းစဉ်နှင့်အညီ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး မဏ္ဍိုင်ကြီး အစဉ်အမြဲ သစ်လွင် ခိုင်မာနေမည်သာ ဖြစ်သည်ဟု ယုံကြည်မိပါသတည်း။ ။

သာသနာရေးဝန်ကြီးဌာန

# ဒုတိယအကြိမ် ပုံနှိပ်ခြင်း

"သံဃာအားဘုရားယုံခဲ့သည်" ဟူသော ဤစာအုပ်၏ အမည်ခေါင်းစည်းသည် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ၁၃၄၂-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ကျင်းပသည့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် သံဃာတော် တစ်ထောင်ကျော်တို့အား ကြိုဆိုပူဇော်သော ရှစ်လုံးဘွဲ့ ဝန္ဒနာကဗျာ ၁၄-ပုဒ်၏ အချပိုဒ်များကို ရယူသုံးစွဲထားခြင်း ဖြစ်ပါသည်။

ဥပမာ -

၁။ သိန်းကျော်သံဃ ဆန္ဒတူညီ
သမ္မုတိရ ထေရဇာနည်
သာသနာတွက် အားတက်လာပြီ
သံဃာအား ဘုရားယုံခဲ့သည်။

၄။ ခေတ်ဟောင်းသစ်လောင်း နှစ်ကောင်းကြုံပြီ
သာသနာသုံးရပ် မြင့်မြတ်ဂုဏ်ရည်
သန့်ရှင်းတည်တံ့ ပျံ့နှံ့စေမည်
သံဃာအား ဘုရားယုံခဲ့သည်။

၁၄။ အားရနှစ်လို ကြိုဆိုပါသည်
ကိုယ်စိတ်ချမ်းမြေ့ စန်းတွေ့ပုံညီ
ညီညာပေါင်းလို့ အောင်ကြောင်းကိုရည်
သံဃာအား ဘုရားယုံခဲ့သည်။

ဤဝန္ဒနာ ကဗျာ၌ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် မြတ်စွာဘုရားက သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များအား ယုံကြည်အားထားခဲ့သည်–ဟူသော အဓိပ္ပာယ်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ မြတ်စွာဘုရား ယုံကြည်အပ်နှံခဲ့သည့်အလျောက် သံဃာတော်မထေရ် အရှင်မြတ်အပေါင်းတို့ကလည်း စည်းလုံးညီညွတ်စွာဖြင့် သာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြကုန်အံ့ဟူသော အဓိဋ္ဌာန် ရည်ရွယ်ချက် ထားရှိတော်မူကြလျက်၊ မကြုံစဖူး ထူးကဲလှသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပပြုလုပ်ရန် စီမံစိုင်းပြင်းနေကြသော အချိန်ကာလဖြစ်၏။

မြန်မာ့ သာသနာရေး သမိုင်းတွင် မဖြစ်ပေါ်ခဲ့ဖူးသေးသော ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသည် ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲသော သာသနာတော်ဆိုင်ရာ ပွဲကြီးပွဲကောင်းတစ်ရပ် ဖြစ်သည် မှန်သဖြင့် ဤသာသနာပြုလုပ်ငန်းကြီး၌ တစ်ထောင့်တနားမှ အထောက်အပံ့

ဖြစ်လိုဖြစ်ငြား အုတ်တစ်ချပ် သဲတစ်ပွင့် အနေဖြင့် မိမိ၏ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်လိုသော ဆန္ဒဖြစ်ခဲ့၏။

ဤ ဆန္ဒအတိုင်း ရင်းနှီးသော ဆရာတော်ကြီးအချို့ထံမှ အကြံဉာဏ်များရယူကာ ဤစာအုပ်ဖြစ်ပေါ်လာအောင် ကြိုးစားခဲ့ပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးသည် ၁၃၄၂-ခုနှစ်၊ နယုန်လပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့၏။ ထိုအစည်းအဝေးပွဲကြီး ဖြစ်ပေါ်လာပုံ၊ ကျင်းပဆောင်ရွက်ပုံနှင့် ပြဋ္ဌာန်းဆုံးဖြတ်ချက်တို့မှာ သာသနာတော်အတွက် အလွန် အရေးကြီးသဖြင့် ဗုဒ္ဓဘာသာဝင် ရှင်လူတိုင်း (အထူးသဖြင့် ရဟန်းတော်များ) သိရှိနားလည်ထားဖို့ လိုအပ်သည်ဟု စာရေးသူက ယုံကြည် မှတ်ယူခဲ့ပါသည်။ ဤသို့ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးအကြောင်း ပါရှိသော သတင်းစာများ၊ စာစောင်များ၊ စာရွက်စာတမ်းများကို ရှာဖွေစုဆောင်း၍ လည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ မိတ်ဆွေများ၏ အကူအညီကို ရယူ၍လည်းကောင်း လိုအပ်သော အချက် အလက်များကို ရယူစုဆောင်းပြီးလျှင် သာသနာ့သမိုင်းကို နောက်ခံထား၍ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် "သံဃာအားဘုရားယုံခဲ့သည်။" စာအုပ်ကို ၁၃၄၃-ခု၊ နယုန်လပြည့်နေ့ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့

ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးပွဲကြီးအမီ၊ ရေးသား ပုံနှိပ်ဖြန့်ဝေခဲ့ပါသည်။ ၁၃၄၃–ခု၊ နယုန်လပြည့်နေ့ (၁၉၈၁–ခု၊ ဇွန်လ ၁၆) အစည်းအဝေးပွဲကြီးအပြီးတွင် ကမ္ဘာအေး လိုဏ်ဂူတော်မှအထွက် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃာ့မဟာနာယကနှင့် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်များ၊ အဘိဓာန်ကျမ်းပြုဆရာတော်များ စသည်ဖြင့် ဆရာတော်အပါး ၄၀၀–ကျော်တို့အား စာရေးသူနှင့် မိတ်ဆွေတစ်စုတို့က သာသနာပြု ဓမ္မပူဇာအနေဖြင့် ဆရာတော်တစ်ပါးလျှင် ဤ"သံဃာအားဘုရားယုံခဲ့သည်။" စာအုပ်တစ်အုပ်ကျစီ ဆက်ကပ်လှူဒါန်းခွင့်ရခဲ့ကြပါသည်။

ပဓာနကျသော ဆရာတော်ကြီးများစုံညီ လက်ဝယ်သို့ ဤစာအုပ်များရောက်ရှိသွားပြီးသည်နောက် သာသနာတော် အရေးတွင် စိတ်ပါဝင်စားကြသူ ရဟန်း၊ ရှင်လူအများတို့က ဤစာအုပ်အကြောင်းကို မေးကြမြန်းကြ ဆွေးနွေးကြ ပါသည်။ ပထမအကြိမ် အုပ်ရေ ၂၅၀၀–မျှသာပုံနှိပ်ရာ လပိုင်းအတွင်း၌ပင် ကုန်သွားပါသည်။

ဤစာအုပ်သည် ရှေးသရောအခါ ကာလမှစ၍ ယခုမျက်မှောက် ခေတ်အထိ သာသနာတော်၌ ကြုံတွေ့ခဲ့ ကြရသော ပျော့ကွက်ဟာကွက် အားနည်းချက်တို့ကို

အကွက်စေ့စေ့ ရသပြောက်အောင် ရေးသားဖော်ပြထားလျက်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးမှ ထွက်ပေါ်လာသော လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်တို့ကိုလည်း တိတိကျကျ ကျဉ်းကျဉ်းနှင့် ပြည့်စုံအောင် ဖော်ပြထားသဖြင့် စာအုပ်ကို ပြန်လည်ပုံနှိပ်ဖြန့်ချိရန် ထင်ရှားသော ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ် အများအပြားကပင် စာရေးသူအား အကြံပေးတိုက်တွန်းခြင်း ပြုကြပါသည်။

မျက်စိဝေဒနာကြောင့် စာရေးစာဖတ်အလုပ်ကို ကောင်းစွာမလုပ်နိုင်သဖြင့် "သံဃာအား ဘုရားယုံခဲ့သည်" ဤစာအုပ်ကို ဒုတိယအကြိမ်ပြန်လည် ပုံနှိပ်ရန် နှောင့်နှေးကြန့်ကြာခြင်း ဖြစ်ခဲ့ရပါသည်။ သို့သော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့၏ သက်တမ်းသည် လည်းကောင်း၊ တိုင်းနှင့်ပြည်နယ်၊ မြို့နယ်နှင့် အခြေခံဒေသတို့၏သံဃာ့ နာယကအဖွဲ့တို့၏ သက်တမ်းများသည် လည်းကောင်း၊ ၄-နှစ်တာ ကာလအတွင်းသို့ ရောက်ရှိလာပြီဖြစ်လျက် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် သံဃနာယကအဖွဲ့များ ရွေးချယ်တင်မြှောက်ပွဲသည်လည်း အချိန်ကာလ နီးလာပြီ ဖြစ်သဖြင့် ဤစာအုပ်ကို အချိန်မီ ဒုတိယအကြိမ် ပုံနှိပ်နိုင်ရန် ကြိုးစားခဲ့ရပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ရာတွင် ပထမအကြိမ် ပုံနှိပ်ရာ၌ မပါရှိသေးသော သာသနာ့သမိုင်းဆိုင်ရာ အချက်အလက်များ

နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏ ကောဇာ ၁၃၄၅–ခုနှစ် စတုတ္ထအစည်းအဝေး ကာလအပိုင်းအထိ ဆောင်ရွက် ဆုံးဖြတ်ချက်များအနက်မှ အရေးကြီး၍ သိသင့်သိထိုက်သော အချက်အလက်များကိုပါ ဖြည့်စွက် ဖော်ပြထားပါသည်။ ဤစာအုပ်သည် လက်ရှိသာသနာတော် ဆိုင်ရာ လုပ်ငန်းများအတွက် ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များအဖို့ အထောက်အကူဖြစ်နိုင်လိမ့် မည် ယုံကြည်ပါသတည်း။

ဓမ္မဃောသက – ဦးမောင်မောင်
ရန်ကုန်မြို့
၁၃၄၆–ခု၊ တန်ခူးလပြည့်ကျော် ၃–ရက်
(၁၈–၄–၈၄)

# စာရှုသူအချို့၏ ထင်မြင်ချက်

မန္တလေးမြို့ ရွှေစည်သာသနာ့ရိပ်သာ၊ ဆရာတော် (လယ်တီ) အရှင်ကုလိသ ထံမှ (၁၃၄၃–ခု၊ ဝါခေါင်လဆန်း ၇–ရက်) နေ့ပေးစာ

ရွှေစေတီဆရာတော်ကြီးရဲ့ မွေးနေ့မှာ တရားဟောတာဝန် ချထားလို့ သွားဟောပြီး နောက်တစ်နေ့မှာ ဦးထွန်းအေးဆိုတဲ့ ဒကာကြီးက ဒီစာအုပ်ကြီး တွေ့ဖူးပြီလား၊ ဆရာတော်ကြီး (ရွှေစေတီ)က ဒီစာအုပ်ဖတ်ကြည့်စမ်း၊ ကောင်းတယ်လို့ပြောလို့ တပည့်တော် ဖတ်ကြည့်တယ်၊ စုံလဲစုံတယ်၊ ဒါ့လောက်များများ မှတ်သားထားတာ ရေးသားနိုင်တာ အံ့သြပါတယ်လို့ပြောပြီး ဘုန်းကြီးကို ပြတယ်။

ဘုန်းကြီးက ဒီစာအုပ်ကြီးကို သူ့ထံမှလက်ခံပြီး စာအုပ် အနေအထားရော ဓာတ်ပုံတွေရော၊ ဆရာတော်များရဲ့ အမှာ အထားရော၊ ဦးအောင်မြင့် (မင်္ဂလာ)ရဲ့ နိဒါန်းရော မြန်မြန် ဖတ်လိုက်ပါတယ်။ ဒကာကြီးရေးသားချက်ကတော့ များတာ နဲ့ ဟိုလှန်လိုက် ဒီလှန်လိုက်နဲ့ပဲ နည်းနည်း နည်းနည်း ဟိုတစ်တို့နှစ်တို့ မြည်းစားကြည့်လိုက်ရပြီး ဘုန်းကြီးလဲ စာအုပ်ကြီးအပ်ပြီး (မန္တလေး)ဘက် ပြန်ခဲ့ရပါတယ်။

ဟော––ဝါဆိုလကွယ်နေ့ ၁၃၄၃–ခုနှစ်၊ ကတော့ မမျှော်လင့်ဘဲ ကံအားလျော်စွာ စာအုပ်ကြီး ရောက်လာပါတယ်။

ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ စာအုပ်ရောက်တဲ့အချိန်က စပြီးဖတ်တယ်၊ တရားဟောချိန်မှာ သွားဟောပြီး ဆက်ဖတ်တယ်။ နောက်တစ်ရက်လဲ ဆက်ဖတ်တယ်။ မျက်စိတောင် ပိုမှုန်သွားတယ်လို့ ထင်ရတယ်။ ဒကာကြီးနဲ့ ဒကာကြီး ဖန်တီးထားတဲ့ နိမ္မိတ ဆရာတော်တို့ ဆွေးနွေးချက်က လက်မလွှတ်နိုင်အောင် ဆွဲဆောင်မှုကောင်းတာကိုး၊ အရှင်ဇနကာဘိဝံသရဲ့ တဘဝ သံသရာကို ဖတ်ရတုန်းက စိတ်ဝင်စားခဲ့ရသလို စိတ်ဝင်စားမိပါတယ် ဒကာကြီး။

ဒီစာအုပ်ကြီးဟာ သာသနာရေးနဲ့ ပတ်သက်လာရင် လက်ကိုင်ထားရမဲ့ စာအုပ်ကြီးဖြစ်တယ်လို့ သဘောပေါက်ပြီး ဒီစာအုပ်ကြီးကို ကျစ်ကျစ်လျစ်လျစ် တရိုတသေ သိမ်းထားရပါတော့တယ် ဒကာကြီး။

လယ်တီ အရှင်ကုလိသ
(ရွှေစည်ဆရာတော်)
ရွှေစည်သာသနာ့ရိပ်သာ
နန်းတော်ရှေ့၊ မန္တလေးမြို့။

**လက်ဝမြို့ တောင်တန်းသာသနာပြုကျောင်း (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော် ဦးပညာသာမိထံမှ ပေးစာ—**

ဒကာကြီး၏ "သံဃာအား ဘုရားယုံခဲ့သည်" ကျမ်းစာအုပ်ကို ဖတ်လိုက်ရတော့ သာသနာ့သမိုင်းနှင့် သာသနာ့ဖခင်ကြီးများ

ဖြစ်တော်မူကြသော ဆရာတော်ကြီးများ၏ အဆိုအမိန့် အဆုံးအမ တွေကိုပါ သိရမှတ်ရ လိုက်နာရသဖြင့် ဒါယကာကြီးအား အထူး ကျေးဇူးတင်ရပါတော့သည်။

(ပုံ) ဉပညာသာမိ
၁၇–၈–၈၁

[တောင်ကြီးမြို့ စာရေးဆရာကြီး ဦးကြီးမောင် (ရွှေဥဒေါင်း)၏ ပေးစာမှ ကောက်နုတ်ချက်]

ပို့လိုက်သောစာအုပ် မနေ့က ရတော့ မိမိစိတ်ဝင်စားသော ကိစ္စလည်းဖြစ် "ဓမ္မဃောသက" ကြီး၏ သွက်လက်သော အရေးအသားများကိုလည်း ကြိုက်သူဖြစ်သောကြောင့် လက်က မချဘဲ ဆက်တိုက်ဖတ်ခဲ့ရာ ခုမနက် ၄–နာရီခွဲမှပြီးပါသည်။ ၉–နာရီကျမှ အိပ်ရာကထပြီး ဤစာကို ချက်ခြင်းရေးပါသည်။

ပြီးတော့မှ စာကိုယ်ကိုအစအဆုံး တစ်လုံးမကျန် ဖတ်ပါသည်။ "အဆိမ့်" ကလေးတွေ "အအီ" ကလေးတွေ ဟိုနေရာ တွေ့နိုးနိုး၊ ဒီနေရာ ပါနိုးနိုးဖြင့် စဉ်းစဉ်းစားစား စာရွက်ကန့်လန့်ကာ တစ်ချပ်ပြီးတစ်ချပ်လှန်ပြီး တွေးတွေးဆဆ ဖတ်ပါသည်။ စောင့်မျှော်သည့်အတိုင်း ဖတ်သူဆန္ဒ ပြည့်ဝ၍ နှစ်သိမ့်လှပါသည်။

တင်ပြပုံ နည်းပရိယာယ် ကောင်းသည်။ ပါးစပ်အငှားနှင့် အပြောခိုင်းတော့ ပြောချင်သည့်အထေ့အငေါ့နှင့် ခပ်ရဲရဲ

စကားလုံးကလေးများမှအစ လွတ်လွတ်လပ်လပ် ပါလာခွင့်ရသည်။ ဓမ္မဃောသကကြီး ထုံးစံအတိုင်း အရေးအသားသွက်လက်ဖျတ်လတ်သည်။ ချီးကျူးလိုသည်မှာ အချို့သောကတ်သီးကတ်သတ် သိထားသည့်ကလေးများမှအပ ယေဘုယျအကြောင်းရပ်များမှာ ကျွန်တော်တို့ ဖတ်ရှုသိရှိပြီးများ ဖြစ်သော်လည်း အကွက်ကျကျနှင့် အဆင်ပြေ လိုက်ဖက်သွားအောင်တင်ပြနိုင်စွမ်း ရှိခြင်းပင်ဖြစ်ပါသည်။

(ပုံ) ကြီးမောင်
၃-၇-၈၁

သာသနာ့အရေးကို
အလေးထားဆောင်ရွက်တော်မူခဲ့ကြသော
ဘဝနတ်ထံ ပျံလွန်တော်မူကြပြီးဖြစ်သည့်
ကျေးဇူးရှင်
**စစ်ကိုင်းတိုင်း မြောင်မြို့ ဆင်ရှင်ဆရာတော်ဘုရားကြီး**
နှင့်
**အမရပူရမြို့ မဟာဂန္ဓာရုံတိုက်**
**မဟာနာယကဆရာတော် အရှင်ဇနကာဘိဝံသ**
မထေရ်မြတ်တို့အား
ဤကျမ်းစာအုပ်ဖြင့် ဂုဏ်ပြုပူဇော်ပါ၏။

**ဓမ္မဃောသက ဦးမောင်မောင်**

## အမိဋ္ဌာန်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ
လူနတ်များစွာ ချမ်းသာရေးမို့, အသက်ပေးလို့ ဖြည့်ခဲ့သည်
ဗုဒ္ဓမြတ်စွာသာသနာအတွက်တော့, ငါပါအသက်ဆုံးစေမည်
စိတ်မပျက်ပေါင် ခုလိုတွေးလို့. ကုသိုလ်ရေးမို့ ကြိုးစားသည်။

**ဆရာတော် အရှင်ဇနကာဘိဝံသ**
အမရပူရ–တောင်မြို့၊ မဟာဂန္ဓာရုံတိုက်

## သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များအား ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

[ ကြိုဆိုပူဇော်သော ဝန္ဒနာကဗျာများ ]

သာသနာတော်နှစ်၂၅၂၄၊ ကောဇာနှစ်–၁၃၄၂ ခုနှစ်၊ နယုန်လ၊ ၁၉၈၀ ပြည့်နှစ်၊ မေလ

၁။ သိန်းကျော်သံဃ ဆန္ဒတူညီ
သမ္မုတိရ ထေရဇာနည်
သာသနာတွက် အားတက်လာပြီ
သံဃာအား ဘုရားယုံခဲ့သည်။

၂။ ရှေ့ဆောင် ရှေ့သွား မမှားဖြောင့်တည်
ဝန်ဆောင်ထေရ်ကြီး စုစည်းဆောင်သည်
သမ္မုတိရ ထေရစုံညီ
သံဃာအား ဘုရားယုံခဲ့သည်။

၃။ တစ်သုံးလေးနှစ် ဇေဋ္ဌခါမှီ
စံပယ်မြလေး ပျံ့မွှေးသင်းကြည်
အခါကောင်းမို့ ထေရ်ပေါင်းစုံညီ
သံဃာအား ဘုရားယုံခဲ့သည်။

၄။ ခေတ်ဟောင်းသစ်လောင်း နှစ်ထောင်းကြွဲပြီ
သာသနာသုံးရပ် မြင့်မြတ်ဂုဏ်ရည်
သန့်ရှင်းတည်တံ့ ပြန့်နှံ့စေမည်
သံဃာအား ဘုရားယုံခဲ့သည်။

၅။ သာသနာကွယ်ကြောင်း မကောင်းလီလီ
အဂ္ဂတိုရ်ကျမ်း ခွဲခြမ်းပြသည်
သတိဆောင်၍ ရှောင်ရပေမည်
သံဃာအား ဘုရားယုံခဲ့သည်။

၆။ သံကိုသံဖျက် သံချေးတက်သည်
သာသနာတွင်း မလင်းမကြည်
တိမ်ညိုလွှမ်းသည့် လစန်းပုံညီ
သံဃာအား ဘုရားယုံခဲ့သည်။

၇။ ပုရေအစမ္မော သဘောကိုတည်
နောင်မှနောင်တ ရှောင်ရပေမည်
လသာဆဲမို့ အားခဲထေရ်ညီ
သံဃာအား ဘုရားယုံခဲ့သည်။

၈။ ကန်ဘောင်ပရိယတ် ပဋိပတ်ရေကြည်
ပဋိဝေဓ ပဒုမ္မာကြာညီ
ပရိယတ်ဆောင်မှ ငါးထောင်တည်မည်
သံဃာအား ဘုရားယုံခဲ့သည်။

၉။ အပရိဟာနိယ ဓမ္မလမ်းညီ
တစ်ထောင်ကျော်မျှ သံဃာ့မထေရ်

သာသနာရေး စုဝေးဆောင်သည်
သံဃာအား ဘုရားယုံခဲ့သည်။

၁၀။ သင်္ဂါယနာပွဲ ဆင်နွှဲတူညီ
သာသနာညစ်ကြေး ဆေးကြောစေမည်
သန့်တည်ပြန့်မှ ရှည်ခံ့ပေမည်
သံဃာအား ဘုရားယုံခဲ့သည်။

၁၁။ ဝိနည်းတရား တသားတည်းတည်
သံဃာအချင်းချင်း စည်းမျဉ်းအညီ
နေထိုင်ရေးသို့ ချင့်တွေးမျှော်ရည်
သံဃာအား ဘုရားယုံခဲ့သည်။

၁၂။ ဝိနည်းဆုံးဖြတ် ပိဋကတ်ညီ
ဘာသာဓမ္မ မျှတစေမည်
တစစ်ခွဲခြမ်း မှတ်တမ်းကိုယ်စီ
သံဃာအား ဘုရားယုံခဲ့သည်။

၁၃။ ကျောင်းနှင့်သင်္ကန်း ဆွမ်းပန်းမွေးကြည်
ဆေးဝါးပစ္စည်း လှူနည်းစုံသည်
ဒါယကာဝတ် မချွတ်ပါပြီ
သံဃာအား ဘုရားယုံခဲ့သည်။

၁၄။ အားရနှစ်လို ကြိုဆိုပါသည်
ကိုယ်စိတ်ချမ်းမြေ့ စန်းတွေ့ပုံညီ
ညီညာပေါင်းလို့ အောင်ကြောင်းကိုရည်
သံဃာအား ဘုရားယုံခဲ့သည်။

မှတ်ချက်။ [ ဤကျမ်းစာအုပ်တွင် ဖော်ပြပါရှိသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးဆိုင်ရာ အချက်အလက်များ၊ ဆုံးဖြတ်ချက်များ၊ မိန့်ခွန်းများစသည် တို့ကို အစည်းအဝေးပွဲ မှတ်တမ်းစာအုပ်ကြီးနှင့် သာသနာရေးဦးစီးဌာနမှ ထုတ်ပြန်သောစာအုပ်စာတမ်းများမှ ရယူဖော်ပြခြင်း ဖြစ်ပါသည်။]

## ဓမ္မဃောသက ဦးမောင်မောင် ၏
## "သံဃာအား ဘုရားယုံခဲ့သည်" ကျမ်းစာအုပ်အပေါ်
# ဝေဖန်ချက်

သာသနာတော်အတွင်း၌ ဖြစ်ပေါ်လာသော အလဇ္ဇီ ဒုဿီလ ပါပဘိက္ခုများကို ဘုရားရှင် လက်ထက်တော်အခါကပင် နှိမ်နှင်းသုတ်သင်၍ လာခဲ့ပုံ –

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ရက်ပိုင်းလောက် အရောက်မှစ၍ ပေါ်ပေါက်လာသော သာသနာ့အန္တရာယ်များကိုလည်း သာသနာ့ဦးသျှောင်ထိပ်ခေါင်တင် မထေရ်ကြီးများနှင့် သာဝက သံဃာတော်များက ဓမ္မစက်၊ ပြည်ပိုင်အစိုးရမင်းများက အာဏာစက်ရောယှက်ကာ သုတ်သင် ရှင်းလင်းတော်မူခဲ့ကြပုံတို့ကို တင်ပြထားလေသည်။

သို့ပါသောကြောင့် မျက်မှောက်ခေတ်၌ ကြုံတွေ့နေရသော သာသနာ့သူပုန်ရောင်စုံမာန်လေး အညစ်အကြေးတို့ကို ကင်းဝေးသန့်ရှင်းအောင် တည်တံ့ပြန့်ပွားအောင် အားထုတ်ပေါ်မူနေကြခြင်း သည် ရှေးပဝေသဏီက ကျင့်သုံးတော်မူခဲ့ကြကုန်သော ထုံးနှင့် စံနှုန်းတမူ တူမျှပါသဖြင့် (ဩစိတျ)ဂုဏ်မြောက်လှပါကြောင်း– ဟူသော အဓိပ္ပာယ်ကို (အဝုတ္တသိဒ္ဓိ)နည်းဖြင့် ထောက်ခံထားသည်ဟု ယူဆဝေဖန်မိပေကြောင်း။

**ဦးခမာဝုဓ**

မဟာဒွါရနိကာယ (ဂဏရက္ခိတ)
မူလဓမ္မာစရိယ–တိုက်အုပ်ဆရာတော်
လယ်တီကျောင်းတိုက်
ဟသ်ာတမြို့။

## သန်လျင်မြို့ မင်းကျောင်း ပထမပြန်
## စာသင်တိုက်ကြီး၏ ပဓာနနာယက
## ဆရာတော်အရှင်ဝဏ္ဏသိရီ၏
## ထင်မြင်ချက်

ဝေသာလီပြည်
တံတိုင်းသုံးထပ်အကြား
မြတ်ဘုရားသခင်နှင့်
ညီ ရှင်အာနန္ဒာ မထေရ်မြတ်
ရွတ်ဖတ်မှုစွမ်းရည်ကြောင့်
သန့်ရှင်းစင်ကြယ်အောင် ဆေးကြောသည့်
ပေါက္ခရဝဿမိုးကြီး
ရွာသွန်းဖြိုးသည့်နှယ် ---

မြို့တော်မဟာရန်ကုန်
ကမ္ဘာအေးကုန်းမြေ
မဟာပါသာဏ လိုဏ်ဂူတော်ကြီးဝယ်
ဂိုဏ်းပေါင်းစုံ ထေရ်မဟာတို့
ညီညာစွာစုရုံးလျက်
သာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအတွက်
ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို
အောင်မြင်စွာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်မှုကြောင့်

နှစ်ပေါင်းများစွာက တင်လျက်ရှိသော သာသနာ့အညစ်အကြေးတို့ကို
ဆေးကြောသန့်စင်တော့မည်ဟု ဆိုဘိအလား
နှစ်ပေါင်းတစ်ရာအတွင်း ထူးကဲလှပါပေသည်ဟု
စံတင်ခေါ်ဆိုလောက်သည့် (ပေါက္ခရဝဿ မိုးကြီးပမာ)
ကမ္ဘာအေး မိုးကြီးရွာသွန်းဟန်တို့မှ စတင်ကာ
ချီးပလျက် ———

သင်္ဂါယနာတင် ခေတ်အဆက်ဆက်က၊ မြန်မာအုပ်ချုပ်ရေး ခေတ်အဆက်ဆက် ဦးသျှောင် သံဃာတော်အရှင်မြတ်တို့နှင့် အာဏာပိုင်ဘုရင်(သို့) အစိုးရ ဦးဆောင်လျက် ပြည်သူလူထု တစ်ရပ်လုံး တက်ကြွစွာ ပါဝင်အားပေး ဆောင်ရွက်မှုတို့ကို ပေါင်းစပ်ကာ သာသနာတော်ကြီး စည်ပင်ခဲ့သည်။ မဆောင်ရွက်နိုင်သည့်အခါ သာသနာတော်ကြီး မှေးမှိန်ခဲ့သည့် စသည်စသည်တို့ကို အဖြစ်အပျက် စုံလင်စွာ တင်ပြ၍ မီးမောင်းကြီး ထိုးပြလျက် အလား ———

သာသနာ့ဦးသျှောင် ဂိုဏ်းပေါင်းစုံ အရှင်မြတ်တို့နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံအစိုးရတို့
လက်တွဲဦးဆောင်ကာ ပြည်သူလူထု၏ တက်ကြွစွာ
ပါဝင်အားပေးမှုတို့ကြောင့် မကြုံစဖူး အကုန်ထူးသည့်
ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို
အောင်အောင် မြင်မြင် ပီပီ ပြင်ပြင်

"သာသနာတော် သန့်ရှင်း–တည်တံ့–ပြန့်ပွားရေး" ဟူသော လုပ်ငန်းစဉ်ကြီး မှုကြီးတစ်ခုတော့ ချမှတ်နိုင်ခဲ့ပါပြီ၊

အစလုပ်ငန်းစဉ်"သန့်ရှင်းရေး"ကို တိတိပပ အကောင်အထည် ဖော်နိုင်ခဲ့လျှင်၊ အလယ် လုပ်ငန်းစဉ် "တည်တံ့ရေး" ဖြစ်ပေါ်လာကာ၊ အဆုံးလုပ်ငန်းစဉ် ပြန့်ပွားရေးသည် မလွဲမသွေ ဖြစ်ပေါ်လာလိမ့်မည်။

"သန့်ရှင်းရေး"လုပ်ငန်းစဉ်ကြီးကို အစကောင်း အနှောင်းသေချာအောင် သံဃာတော် အရှင်မြတ်တို့က လည်းကောင်း၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရကလည်းကောင်း၊ ပြည်သူလူထုအားလုံးက လည်းကောင်း၊ ညီညာစွာ တက်ညီ လက်ညီ ဆောင်ရွက်ကြမှသာလျှင် တည်တံ့-ပြန့်ပွာရေး လုပ်ငန်းများ ပီပီပြင်ပြင် ဆက်လက်၍ အကောင်အထည် ရုပ်လုံးပေါ်လာလိမ့်မည်ဟု ဖော်ညွှန်းသည့်အလား **ဓမ္မဃောသက ဦးမောင်မောင်** ၏ အဆိုအမိန့် စုံလင်စွာဖြင့် တင်ပြချက် အစုံအလင်ကို ---

(သံဃာအား- ဘုရားယုံခဲ့သည်)၌ ဆက်လက် ရှုစားပြီး မိမိကိုယ်တိုင် တံတပ်တအား ပါဝင် လုပ်အားပေး၍ "သန့်ရှင်း-တည်တံ့-ပြန့်ပွားရေး"ဟူသော လုပ်ငန်းကြီး သုံးရပ်ကို အကောင်အထည် ရုပ်လုံးဖော်ပြပါစို့ ဟု တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

**အရှင်ဝဏ္ဏသိရီ (အဂ္ဂမဟာအကျော်)**
တွဲဖက်အကျိုးတော်ဆောင် (၂)
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေး၊ ရန်ကုန်။

# မိ တ် ဆ က် နိ ဒါ န်း

## [ မင်္ဂလာ ဦးအောင်မြင့် ]

မင်္ဂလာပါခင်ဗျား ---

၁၃၄၂-ခု၊ ဝါခေါင်လပြည့်ကျော် ၅-ရက် (၃၁-၈-၈၀) တနင်္ဂနွေနေ့ နံနက်ပိုင်းက ဖြစ်ပါသည်။ တနင်္ဂနွေနေ့ နံနက်တိုင်း မဟာစည်ကျောင်းတော် ဝေယျာဝစ္စအဖွဲ့ဝင်များ၏ ကျောင်းသန့်ရှင်းရေး လုပ်ငန်းများတွင် ပါဝင် အားပေး ကူညီဆောင်ရွက်ပြီးနောက်၊ ကျောင်းပေါ်မှအဆင်း ကွန်ကရစ် လမ်းပေါ်သို့ အရောက်တွင် ရိပ်သာမုခ်ဦးဆီသို့ လှမ်းမျှော်၍ ကြည့်မိသည်။ ခြေလှမ်းကြဲကြဲဖြင့် ရိပ်သာတွင်းသို့ ဝင်လာသော ဓမ္မဃောသက ဦးမောင်မောင်ကို အဝေးမှပင် မြင်ရတော့သည်။

"ဦးမောင်မောင်-- ကြွဗျာ-- ကြွ၊ အတော်ပဲ ဒီကနေ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက သံဃာကုန် ယောဂီကုန် ဆွမ်းဒါန ပြုတယ်ဗျို့၊ ဖိတ်သင့်တဲ့ ဒကာ ဒကာမတွေကိုလဲ ဖိတ်နိုင်တယ်လို့ မိန့်ကြားတော်မူထားတယ်၊ ဦးမောင်မောင်ကိုလဲ ဖိတ်ပါတယ်၊ ကိစ္စအထူးများ ရှိပါသေးသလား၊ ထမင်းသုံးဆောင်ပြီးမှ ပြန်တာပေါ့နော်" ဟု အားပါးတရ တသီတတန်း နှုတ်ခွန်းစက် စကားပြောလိုက်ပါတယ်။

ဦးမောင်မောင်သည် ပြုံးရယ်ပြီးနောက် --- "ဆရာနဲ့ တွေ့မှ တွေ့ပါ့မလားလို့ စိတ်တထင့်ထင့်နဲ့ လာခဲ့တာ၊ အခုတော့ ဆရာ့ကိုလဲတွေ့ရ၊ ထမင်းလဲ စားရမယ်ဆိုတော့ ကျွန်တော့အဖို့

မင်္ဂလာရှိတဲ့ နေ့ပေါ့ခင်ဗျာ၊ ကျွန်တော်လာတဲ့ ကိစ္စကတော့ တနေ့ကပြောခဲ့တဲ့စာမူကို ဖတ်ရှုပြီး မိတ်ဆက်စာ နိဒါန်း တစ်စောင် ရေးပေးဖို့ပါပဲ။ အခု စာမူပါလာပါတယ်၊ စာမျက်နှာ တော့ နည်းနည်းများတယ်ဆရာရဲ့၊ အဲ့ဒါ ——— သည်းညည်းခံ ဖတ်ရှုပြီး အကောင်းအဆိုးကို ဆရာကြိုက်သလို ဝေဖန်ပါ”ဟု ပြောရင်း အသင့်ပါလာသော စာမူဖိုင်တွဲကို ပေးပါသည်။

ဦးမောင်မောင်အား“ ဓမ္မယောသက ”ဟူသော ဝိသေသန ဂုဏ်ပုဒ်နှင့် တွဲ၍ ရဟန်းတော်များကရော၊ လူပုဂ္ဂိုလ်များကပါ ခေါ်လေ့ရှိကြသည်။ ဤဝိသေသနဂုဏ်ပုဒ်နှင့် လိုက်လျောစွာ ဦးမောင်မောင်သည် မြတ်စွာဘုရား၏ သာသနာတော်ဆိုင်ရာ ကိစ္စအဝဝကို နေ့စဉ်နှင့်အမျှ စေတနာ့ဝန်ထမ်း အချိန်ပြည့် ဆောင်ရွက်လျက်ရှိ၏။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို လူသားတိုင်း အသိမှန်၊ အမြင်မှန်ဖြင့် လိုက်နာကျင့်သုံးရေးအတွက် ဦးတည်ကာ တရားပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ စာရွက်စာတမ်းများ၊ ကျမ်းစာအုပ်များ ထုတ်ဝေဖြန့်ဖြူးခြင်း၊ လူငယ် လူရွယ်များ ဘာသာရေး အသိဉာဏ်တိုးတက်မှု၊ အကျင့်စာရိတ္တ ကောင်းမွန်မှု များအတွက် မင်္ဂလာသင်တန်း၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ်သင်တန်း၊ သံယုတ်သင်တန်း စသည်များကို အားပေးကူညီ ဆောင်ရွက် ခြင်းများဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချလျက်ရှိသည်။ သင့်ဘဝ လစဉ်ထုတ် မဂ္ဂဇင်းနှင့် ဗုဒ္ဓဓမ္မလောက သတင်းစဉ်

စာစောင်တို့တွင်လည်း ဘာသာရေးအခြေခံရှိသော လူ့ယဉ်ကျေးမှု ဆိုင်ရာ ပညာပေးဆောင်းပါးများ မပြတ်ပါဝင် ရေးသားလျက် ရှိ၏။

ဤကဲ့သို့ သူနည်းသူ့ဟန်ဖြင့် သာသနာ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ မနားတမ်း အချိန်ပြည့် သွားလာလှုပ်ရှား ဆောင်ရွက်နေသူ ဖြစ်သည့်အလျောက် ဓမ္မဃောသက ဦးမောင်မောင်၏ အိမ်ဂေဟာသည် ဓမ္မသာကစ္ဆာအိမ်ဂေဟာလား၊ တရားပွဲ ကျင်းပရာ ဓမ္မသာလာ ပေလားဟု ထင်မှတ်ရအောင် ရှင်ရော လူပါ အဝင်အထွက်များလှ၏။ ဦးမောင်မောင်က ရောက်လာသမျှသော ရဟန်းရှင်လူ မိတ်သင်္ဂဟအပေါင်းတို့၏ လိုအင်ဆန္ဒအကူအညီများကို ဖြည့်စွမ်းပေးနိုင်သကဲ့သို့ အိမ်ရှင်မ ဖြစ်သူ ဒေါ်သန်းကလည်း ရဟန်းတော်များ ဆိုလျှင် ရဟန်းတော်များအလျောက်၊ လူပုဂ္ဂိုလ်ဆိုလျှင်လည်း လူပုဂ္ဂိုလ်များ အလျှောက် စားဖွယ်သောက်ဖွယ်များဖြင့် အချိန်မရွေး ဧည့်ခံ ပြုစု ကျွေးမွေးလေ့ရှိသည်။ အစိုးရပင်စင်စား တစ်ယောက် ဖြစ်သဖြင့် ငွေကြေး ခိုင်လုံတောင့်တင်းသူများ မဟုတ်စေကာမူ၊ သူတို့၏ အင်အားရှိသလောက် သာသနာတော်အရေးကို ရှေးရှုကာ စစ်မှန်သော သဒ္ဓါတရားဖြင့် ကာလဒါနပြုနေကြသော ဇနီးမောင်နှံတို့ ဖြစ်ကြပါသည်။

ဦးမောင်မောင်ကား သဒ္ဓါနှင့်ပညာကို ညီမျှအောင် နှိုင်းချိန်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့အတွက် သဒ္ဓါလွန်သော ပုဂ္ဂိုလ်များအတွက် အသိမှား အယူမှား၊ အလုပ်မှား၊ ကိုးကွယ်ဆည်းကပ်မှု အမှားအယွင်းများ မဖြစ်ကြစေရန် ပရိယတ်

ပဋိပတ် ကျွမ်းကျင်တော်မူကြသော ဆရာတော်ကြီးများ၏ အဆုံးအမ ဩဝါဒများနှင့် ကျမ်းစာများကို လေ့လာဖတ်ရှုကာ သာသနာရေးဆိုင်ရာ စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိခြင်း၊ ရေးသား ပြုစုခြင်းများကို နေ့-ညမအား ဆောင်ရွက်လျက် ရှိသည်။ ဦးမောင်မောင်၏ အိမ်ဂေဟာသည် စာကြည့်ပိဋကတ်တိုက်နှင့်လည်း တူသည်။ ပိဋကတ်မြန်မာပြန်များ၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ဒီပဝင်၊ ထူပဝင် အစရှိသည်များ၊ သာသနာဝင်စာအုပ်များ၊ ဇာတ်ကြီး ဆယ်ဘွဲ့၊ ၅၅၀ နိပါတ်တော်များ၊ အဘိဓမ္မာကျမ်းမျိုးစုံ၊ ဝိပဿနာကျမ်းမျိုးစုံ၊ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ ကျီးသဲလေးထပ်ဆရာတော်၊ အုလ်ဖိုရ်ဆရာတော်၊ ရွှေကျင်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံဆရာတော် အစရှိသည့် ရေးဆရာတော်ကြီးများ၏ ကျမ်းစာများနှင့် အခြား သာသနာရေးဆိုင်ရာ ကျမ်းကြီး ကျမ်းငယ်များ၊ ရာဇဝင် သမိုင်းဆိုင်ရာ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာကျမ်းစာအုပ်များ၊ ပျို့ကဗျာ၊ လင်္ကာစာအုပ်များနှင့် အခြား လောကီဆိုင်ရာ စာအုပ်စာတမ်းများပါ ပြည့်စုံအောင်ရှိသည်။ ယခု "သံဃာအား ဘုရားယုံခဲ့သည်" စာအုပ်ကို ပြုစုရေးသားရာ၌ သူ၏ ကိုယ်ပိုင်စာအုပ်အမျိုးပေါင်း ၆၀-နီးပါးမျှကို အထောက်အထား ပြု၍ ကိုးကား ရည်ညွှန်းထားကြောင်း တွေ့ရသည်။ ဓမ္မဃောသက ဦးမောင်မောင်ကား ဤသို့ဖြင့် စာစုသူလည်းဟုတ်သည်၊ စာရေးသူလည်းမှန်သည်။ ဗဟုသုတစုံလင်၍ ကျပန်းဟောနိုင် ပြောနိုင်သူ ဆိုလျှင်လည်း မမှားပေ။

ဦးမောင်မောင်ယူလာသော စာမူကို တစ်ထိုင်တည်းဖြင့် ဖတ်၍ မပြီးနိုင်။ နှစ်ထိုင်တည်း သုံးထိုင်တည်းဖြင့်လဲ ဖတ်၍ မပြီးနိုင်။ သို့ဖြစ်၍ ဦးမောင်မောင်အား "ဘယ်နေ့ပြီးအောင် ရေးပေးပါမည်"ဟု ကတိမပြုနိုင်သော်လည်း "အမြန်ပြီးအောင် ကြိုးစားပါမည်"ဟုသာ နှစ်သမ့်လိုက်ရပါသည်။

ဦးမောင်မောင်သည် သူ၏ စာမူကို"သံဃာအား ဘုရားယုံခဲ့သည်"ဟု ကင်ပွန်းတပ်ထားသည်။ အမည်ကတော့ ခေတ်မီပါပေသည်။ အမည်ကို ဖတ်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ခါနီးမှာ သံဃာအား မိန့်ကြားတော်မူခဲ့သည့် မိန့်ခွန်းတော်ကို ပြေး၍ သတိရမိပါတော့သည်။ လက်နှိပ်စက် စာမျက်နှာ ပထမပိုင်း ၁၅၀–ကျော် ဒုတိယပိုင်းပါဆိုလျှင် စာမျက်နှာ ၂၇၀–ခန့် ရှိမည်။

စာမျက်နှာကို လှန်လိုက်လျှင် ဦးစွာ ဦးမောင်မောင် (စာရေးသူ)၏ အာသီသကို ဖတ်ရပါ၏။ အချုပ်မှာ **"သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် တာဝန်ရှိသူ ပုဂ္ဂိုလ်အသီးသီးတို့သည် မိမိတို့ဆိုင်ရာ ကဏ္ဍမှ ကြိုးပမ်းထမ်းဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟူသောအသိဖြင့် ဤစာအုပ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်"** ဟု ဤစာအုပ်ကို ရေးသားရခြင်းအကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ကျမ်းပြု စာရေးဆရာတို့မည်သည် များသောအားဖြင့် စာပေရေးသားရာ၌ –

၁။ မိမိ၏ အလိုဆန္ဒအားလျော်စွာ ရေးခြင်း။

၂။ သူတစ်ပါး၏ အလိုဆန္ဒအားလျော်စွာ ရေးစေလိုသည့် စာပေကိုရေးခြင်း။

၃။ အခါကာလ အလျောက် ပေါ်ပေါက်လာသော အကြောင်းအရာကို ရေးခြင်း။

၄။ တစ်ဦးတစ်ယောက်၏ အမေးကို ဖြေကြားသောအားဖြင့် ရေးခြင်း။

ဟူ၍ လေးမျိုးတို့တွင် တစ်မျိုး၌ ပါဝင်တတ်ပေသည်။ အထက်၌ ဖော်ပြပါ ဦးမောင်မောင်၏ အာသီသကို ထောက်ရှုသောအားဖြင့် လည်းကောင်း၊ ကျမ်းစာမူအမည်ကို လေ့လာကြည့်သောအားဖြင့် လည်းကောင်း၊ ဗုဒ္ဓသာသနာတော်၏ ယနေ့အချိန်အခါကို ထောက်ရှုသောအာဖြင့်လည်းကောင်း၊ **သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဦးတည်၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော အကြောင်းအရာကို ရေးသားခြင်းဖြစ်သည်ဟု** ယုံကြည်ပါသည်။

ထို့နောက် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်တို့အား ကျေးဇူးတင်စကား ရေးသားပြီးနောက် "နမော တဿဖြင့် ဗုဒ္ဓပဏ္ဏာမပျိုးကာ" သံဃာအား ဘုရားယုံခဲ့သည်ဟု"ဟူသောကျမ်း၏ ပထမပိုင်း(အခန်း ၁)ကို ဖွင့်လိုက်ပါတော့သည်။

စာကိုယ်ရေးသားပုံမှာ ဘုန်းတော်ကြီးတစ်ပါးနှင့် ဒါယကာတစ်ယောက် သာသနာရေး ကိစ္စအဝဝကို ဆွေးနွေးကြပုံစကားပြောသလို ရေးထားသည် ဖြစ်၍ မြိုင်ဆိုင်လှပေသည်။

စကားလည်း ကြွယ်သည်။ အပြန်အလှန် မေးကြဖြေကြသလို ဖြစ်၍ ဖတ်ရသည်မှာ မနှောက်ကျူပါ။ အေးမြကြည်လင်သော စမ်းရေအိုင်ကို ရှုမြင်ရသည့်ပမာ ကြည်နူးဖွယ်ရာ ဖြစ်သည်သာ မက၊ ရှေ့မှာ ဘာအကြောင်းအရာများ ပါလိမ့်အုံးမည်လဲဟု မျှော်လင့်မိသည်။ တချို့အကြောင်းအရာများမှာ အချင်းချင်း ပြောရင်း ပြောရင်းက တစ်ခုခု ကျန်ရစ်ကာ အခြားတပါး အကြောင်း အရာသို့ ကူးသွား၍ ငုပ်နေခဲ့သော အကြောင်း အရာကိစ္စတစ်ရပ်ကို ပြန်ပြီး ဆက်လေဦးမည်လားဟု မျှော်တော်ဇောနှင့် တစ်ခုပြီး တစ်ခု ဆက်ဖတ်သွားမိ၏။ တစ်ဖန် တစ်နေရာ၌ ငုပ်နေခဲ့သော အကြောင်းအရာ ကိစ္စပြန်ပေါ် လာသောအခါ အားတက်သရော ဖြစ်ပြီးလျှင် တစ်ယောက် တည်းပင် စာဖတ်ရင်း ဝမ်းသာမိ ပြုံးမိရပြန်တော့သည်။ အမှန်ပင် ဆွဲဆောင်မှုရှိသော စာမူဖြစ်၏။

ရေးပုံက တချို့နေရာ၌ ပဟေဠိဆန်၏။ အချို့နေရာ၌မူ ပွင့်ပွင့်လင်းလင်း ရှိလှပါဘိသည်။ ရေးတိုး၍တိုး၍ ဖတ်ရင်း ဖတ်ရင်း ထိုအကြောင်းများ ပါလေမလား၊ ဒီအကြောင်းများပါလေ မလားဟု အတွေးဝင်ကာ တမ်းတမိရာက တစ်ခါတစ်ရံလွဲချော် သွား၏။ တစ်ခါတစ်ရံ၌မူ မျော်မှန်းတမ်းတမိသည့်အတိုင်း ပေါ်လာသဖြင့် အံ့အားလဲသင့် ဝမ်းလဲသာမိသည်၊ “တယ်တော် တဲ့အဘိုးကြီးပဲ၊ ရှာရှာဖွေဖွေ ရှိလိုက်တာ၊ ကွက်တိပါပဲ၊ သူမို့ ကျမ်းစုံကြည့်ပြီး ရေးနိုင်ပါပေတယ်”ဟု ကျူးရင့်မိပါသည်။

အခန်း (၁)၏ ခေါင်းစီးက “ပေါက္ခရဝသမိ” ဖြစ်ပါ၏။ ၁၃၄၂–ခု နယုန်လတည်းက ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သိရိမင်္ဂလာ

ကုန်းမြေတွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ မြန်မာနိုင်ငံတော် အတွင်းရှိ သံဃာ (၁၀၉၀၃၂)ပါး တို့၏ ကိုယ်စားလှယ်တော်သံဃာ (၁၂၂၆)ပါးတို့ သံဃာ့အစည်း အဝေးကြီး စည်းဝေးနေတော်မူကြစဉ် ထူးကဲစွာ ရွာသွန်းချလိုက်သော မိုးကြီးကို "ဗုဒ္ဓမြတ်စွာဘုရား ရှေ့လက်ထက်တော်က ဗုဒ္ဓမြတ်ဘုရားနှင့် သံဃာတော် အရှင်မြတ်တို့သည် ဘေးကြီး သုံးပါးဆိုက်၍ အန္တရာယ်နှင့် အပြင်းအထန်တွေ့နေရသော ဝေသာလီပြည်ကြီးသို့ ကြွတော်မူကြကာ သံဃာ့အစည်းအဝေးကြီး ဖြစ်တော်မူပြီးလျှင် ဗုဒ္ဓမြတ်ဘုရားသည် ရတနသုတ္တန် ပရိတ်တော်ကို ဟောကြားတော်မူကာ အန္တရာယ်ကို နှိမ်နင်းတော်မူစဉ်က ရွာသွန်းခဲ့သော ပါက္ခရဝဿမိုးကြီးနှင့် တင်စား၍ ရေးခဲ့သည်မှာ ဥပမာ ဥပမေယျ ထိမိလှပါသည်။ ဟပ်မိ ထပ်မိလှပါသည်။

အခန်း (၂) (၃) (၄)တို့၌ သာသနာ့အန္တရာယ် အကြောင်းကို ဆွေးနွေးကြရာတွင် အဆုံးအမဒေသနာတော်ဟာ သာသနာတော်ပဲ၊ အဆုံးအမ သာသနာတော်ကို လိုက်နာကျင့်သုံးရင် ကျင့်သုံးသူမှာ သာသနာတည်တာပဲ၊ အဆုံး အမ သာသနာကိုယ်မှာမတည်ရင် မတည်သူမှာ သာသနာ ပျက်တာပဲ၊ စသည်တို့ကို ဆွေးနွေးရာ ယခုခေတ်၌ သာသနာတော်ကြီး ညစ်နွမ်းအောင် ပျက်စီးအောင် လုပ်နေကြတဲ့ သာသနာ့အန္တရာယ် ရန်ဆူးရန်ငြောင့်တွေ ပေါ်များပုံ၊ ဗုဒ္ဓမြတ်ဘုရား လက်ထက်တော်ကလဲ ဦးဒေဝဒတ္တ၊ ဦးမေတ္တိယ၊ ဦးဘူမဇကတို့ သောင်းကျန်းခဲ့

ပုံတွေကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်သွားခဲ့သည်မှာ စာဖတ်ပရိသတ်အား ဝိနည်းနှင့်စပ်၍ သိသင့် သိထိုက်သော ဇာတ်လမ်းတို့ဖြစ်ပါသည်။

အခန်း (၄)၌ ပါရှိသော ရဟန်းလေးမျိုးကို လူတိုင်းသိထားဖို့ ကောင်းပါသည်။ အခန်း (၅)မှာတော့ "အတုတွေထွန်းကားလာရင် အစစ်တွေ ပျောက်ကွယ်တတ်ပုံကို ရေရေလည်လည် ဆွေးနွေးပြီးလျှင် အရက်မရှိတဲ့ အလဇ္ဇီတွေ နှိပ်ကွပ်ရေးကို ဖော်ပြရာမှာ အရှင်ဥဒါယီ၊ အရှင်ဥပနန္ဒ၊ အရှင်ဆန္နတို့၏ အကြောင်းလည်း ပါဝင်သည်မှာ အံ့ဝင်ခွင်ကျပါသည်။

အခန်း (၆)၌မူ ဗုဒ္ဓမြတ်ဘုရား၏ စကားတော်ကို နားမထောင်ကြသော ကပ်ဖဲ့လုပ် ငွတိုက်ကြသော ဦးနာဂသမာလ၊ ဦးမေဃိယ၊ ဦးသုနက္ခတ္တတို့၏ ဇာတ်လမ်းများမှာ အံ့အားသင့်စရာ ကောင်းလှတော့သည်။

"ဒကာအား သံဃာမဆန်သာ"ဟူသော စကားနှင့်" "သံဃာအား ဘုရားမဆန်သာ" ဟူသော စကားနှစ်ခွန်းကို အခန်း (၇)၌ စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပေမည်။

ရဟန်းတော်များ၌ သင့်တတ်သော အာပတ် (၇)ပုံသည် ရှိပါ၏။ ယင်းအာပတ် (၇)ပုံကို အခန်း (၉)၌ ဖော်ပြထား၍ လူတိုင်းသိထားဖို့ကောင်းပါသည်။

အဓမ္မ (၁၈)ချက်နှင့် ဓမ္မ (၁၈)ချက်ကို အခန်း (၁၀)၌ တွေ့ရှိနိုင်ပါ၏။ အဘယ်ကြောင့် ပထမသင်္ဂါယနာတင်ရကြောင်းကိုမူ အခန်း (၁၁)၌ ဖော်ပြ ဆွေးနွေးထားပါသည်။

ဒုတိယသင်္ဂါယနာတင်ပြီးသည့်အခါ သာသနာတော်၌ ပထမရှေးဦးစွာ ထေရဝါဒနှင့် မဟာသံဃိကဟူ၍ သံဃာ့ဂိုဏ်းကြီး နှစ်ဂိုဏ်း စတင်ကွဲခဲ့ပုံတို့မှတစ်ဆင့် သံဃာ့ဂိုဏ်းကြီး (၁၈)ဂိုဏ်း ကွဲခဲ့ပုံများအကြောင်းကို ဖော်ပြပါ အခန်း (၁၁)၌ပင် တွေ့နိုင်ပါသည်။ ဂိုဏ်းကွဲပုံကို ခေတ်မီပုံစံဖြင့် ဖော်ပြထားပါသည်။

အခန်း (၁၂)၌ သာသနာတော်နှစ် ၂၃၅ (ဘီစီ ၃၀၉)မှာ အသောကမင်းကြီး တတိယသင်္ဂါယနာတင်ပုံအကြောင်းများနှင့် သာသနာ့အန္တရာယ် အမျိုးမျိုးကို သုတ်သင်ရှင်းလင်းခဲ့ရပုံ အကြောင်း ဆွေးနွေးရာမှာ အတုယူစရာတွေလည်း ကောင်းသလို သံဝေဂ ယူစရာတွေလည်း ကောင်းပါသည်။

အခန်း (၁၃)၌ အသောကမင်းကြီးလက်ထက်က သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပုံနှင့်စပ်၍ "နောက်လူတွေဟာ ရှေးခေတ်ကို အထင်မသေးကြစေချင်ဘူး၊ ဒီမိုကရေစီဆိုတာ သံဃာတော်လောကမှာ ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တိုင် ကျင့်သုံးတော်မူခဲ့တဲ့ စနစ်ပါ ဒကာကြီး၊ အမှန်ကတော့ အခုခေတ် တစ်ကမ္ဘာလုံး ကျင့်သုံးနေကြတဲ့ အုပ်ချုပ်ရေးစနစ်တွေဟာ မြတ်စွာဘုရား လက်ထက်တော်အခါက ရှိနေပြီးသား စနစ်ပုံစံတွေကိုပဲ အတုယူထားကြတာ"ဟု ဘုန်းတော်ကြီးတစ်ပါးက မိန့်ကြားတော်မူတဲ့စကားဟာ မှန်တယ် မမှန်ဘူးဆိုတာ စာဖတ်သူတို့အား ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော် (မြန်မာပြန်) တွေကို ဖတ်ကြည့်ကြဖို့ တိုက်တွန်းလိုက်ခြင်း ဖြစ်ပါသည်။

အခန်း (၁၄)နှင့် (၁၅)၌ သီရိလင်္ကာ (သီဟိုဠ်) သာသနာတော်အကြောင်းကို အတော်ပြည့်စုံအောင် ဆွေးနွေး

ထားသည်၊ စိတ်ဝင်စားဖွယ်ရာ သာသနာသန့်ရှင်းရေးအတွက် အတုယူစရာတွေ စုံလှသည်။ အထူးအားဖြင့် ဒေဝါနံပိယတိဿ မင်းကြီး၏ သာသနာ့ပြုခဲ့ပုံနှင့် ဒုဋ္ဌဂါမဏိမင်းကြီးတို့၏ သာသနာပြုခဲ့ပုံများကို စိတ်ဝင်စားဖွယ်ရာ အားကျဖွယ်ရာ ဖတ်ရှုကြရပေမည်။

အခန်း (၁၆)၌ မြန်မာနိုင်ငံ သာသနာတော်အကြောင်း ဖြစ်ပါ၏။ ကိုယ့်နိုင်ငံ၏ သာသနာအကြောင်း ကိုယ်တိုင်သိထားဖို့ရာ မြန်မာနိုင်ငံသားတိုင်း အပေါ်၌ လိုအပ်ပါသည်။

အခန်း (၁၇)၌ အရည်းကြီးတို့ အကြောင်းပါ၏။ အရည်းကြီးတို့၏ ကျင့်စဉ်ကို ဘုန်းတော်ကြီးက ခရေစေ့တွင်းကျ မိန့်ကြားထားသည်။ ဂါထာ၊ မန္တန်၊ မန္တရား၊ အင်းအိုင်၊ လက်ဖွဲ့အကြောင်းနှင့်စပ်၍ ဗုဒ္ဓသာသနာတော်၌ ဝင်လာသော တန္တရယာန အတတ်တွေဟာ အရည်းကြီးခေတ်မှ အစပြု၍ ယခုခေတ်တိုင်အောင် သာသနာတော်၌ ခေတ်စားလျက်ရှိပုံ၊ ယခုခေတ်၌လည်း ရဟန်းအချို့ဟာ လက်ခံကျင့်သုံးနေပုံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးထားလေသည်။

အခန်း (၁၉) (၂၀) (၂၁) တို့၌ အနော်ရထာမင်းနှင့် ရှင်အရဟံတို့ သာသနာပြုပုံများမှာ အားရဖွယ်ရာ ဖြစ်ပါသည်။ ကျမ်းစုံကိုးကား၍ ဆွေးနွေးထား၏။ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတည်ခဲ့သည်မှာ အနော်ရထာမင်းလက်ထက် "အေဒီ ၁၀၄၄ (၁၁–ရာစုနှစ်) ခေတ်ဦးပိုင်းလောက်က ဖြစ်သည်ဟု ခေတ်သမိုင်းဆရာတို့က ဆိုကြသဖြင့် ယခု ၁၉၈၁–ခုနှစ်မှာ နှစ်ပေါင်း ၉၃၇–နှစ်ရှိပြီဟု ဆွေးနွေးထားပါသည်။

ထိုတပါး ဝံသဒီပနီကျမ်းအလို့အရ၊ အနော်ရထာမင်းနှင့် ရှင်အရဟံတို့ တွေ့ဆုံကြသည့် သာသနာနှစ်မှာ ၁၅၅၁–ခုနှစ်က ဖြစ်သည်ဟု သိမှတ်မည်ဆိုလျှင်၊ မြန်မာတစ်ပြည်လုံး ထေရဝါဒသာသနာ စတင်လွှမ်းမိုးခဲ့သည်မှာ နှစ်ပေါင်း ၉၇၃၀– နှစ်ရှိပြီဖြစ်၍၊ မြန်မာနိုင်ငံရောက် ထေရဝါဒ ဗုဒ္ဓသာသနာ ထောင်ပြည့် (နှစ်–၁၀၀၀ပြည့်)ပူဇော်ပွဲ ကျင်းပဖို့ရာ အလှမ်း မဝေးတော့ကြောင်း ဆွေးနွေးတင်ပြထားသည်။

ပုဂံပြည် သာသနာမှာ ရှင်အရဟံ နာမည်ကြီးခဲ့သလို ဆပဒမထေရ်သည်လည်း ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်ခဲ့ပါသည်။ ရှင်အရဟံခေတ်က ပုဂံပြည်သာသနာ၌ ထေရဝါဒ ဗုဒ္ဓသာသနာဟူ၍ တစ်ခုတည်းသော သံဃာအစုအဝေးသည်သာ ရှိခဲ့ရာမှ သီဟိုဠ် (သီရိလင်္ကာ)မှ ပညာသင်ကြား၍ ပြန်ကြွလာ ခဲ့သော ပုသိမ်မြို့၊ ဆပဒရွာသား ဆပဒမထေရ်နှင့် နောက်ပါ သီဟိုဠ်ရဟန်းတော်လေးပါးတို့ ရောက်လာပြီးနောက်၊ ထေရဝါဒ သာသနာ၌ ဂိုဏ်းကွဲပေါ်လာခဲ့ပုံအကြောင်းကို စိတ်ဝင်စားစရာ လည်း ကောင်း အဘယ်ကြောင့် ဂိုဏ်းကွဲရသည်ကို လေ့လာ၍ ရှောင်ကြဉ်စရာလည်း ကောင်းလှပါသည်။

အခန်း (၂၂)၌ ဂိုဏ်းကွဲမှု ပြဿနာကို ဟိတိလင်းလင်း ဆွေးနွေးထားသည်။ မြန်မာနိုင်ငံ သာသနာတော်၌ ကွဲကြသော သံဃာဂိုဏ်းများမှာ ပြင်းပြင်းထန်ထန် အယူအဆကွဲကြ၍ မဟုတ်ပါ။ ဆရာသမားတို့ကို အစွဲပြု၍သာ ခေါ်ဝေါ်သုံးစွဲကြခြင်း ဖြစ်ကြောင်း သိနိုင်ပါသည်။

ထိုမှတပါး အခန်း (၂၃)၌ ပုဂံခေတ်နောက်ပိုင်း သာသနာ၊ အခန်း (၂၄)၌ ပင်းယခေတ် သာသနာ၊ အခန်း (၂၅)၌ ဓမ္မစေတီမင်းခေတ် သာသနာ ပြုခဲ့ပုံများကို ဖော်ပြထားပါသည်။ အထူးအားဖြင့် "ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း"သည် အဖိုးတန်လှပါ၏။ ဤပြန်တမ်းမျိုးကို ယခုခေတ်၌လည်း ထုတ်ထားလျှင် သာသနာတော်၌ သက်ဝင်ခံယူကြကုန်သော သာသနာ့ဝန်ထမ်း ရှင် ရဟန်းတို့၏ အသွင်အပြင် အနေအထိုင် ရူပကာတော်သည် များစွာ ကြည်ညိုဖွယ်လည်း ရှိပေမည်။ ရဟန်းလောင်းတို့ သိမ်ဝင်သည့်အခါ ရဟန်းမခံမီ သွန်သင် ဆုံးမပုံများကို သတိရမိပါတော့သည်။

အခန်း (၂၆)၌ ရဟန်းနှင့် လောကီအလုပ်အကြောင်းကို ဆွေးနွေးထားပါသည်။ အခန်း (၂၇)၌ ရဟန်းတော်တို့ ဝတ်ရုံမှုအမျိုးမျိုးကို ဆွေးနွေးထားသည်။ အခန် (၂၈)မှာမူ တရုန်ပုံခေတ် သာသနာတော်အကြောင်းဖြစ်၍ အခန်း (၂၉)၌မူ ဓမ္မဝိနယ ပြန်တမ်းများအကြောင်း၊ အခန်း (၃၀)မှာ ပါတော်မူပြီးနောက်ပိုင်း သာသနာတော်ခေတ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ် စသည်တို့ကို ဖော်ပြ ဆွေးနွေးထားလေသည်။ အခန်း (၃၆)၌ စစ်ပြီးခေတ် သာသနာအကြောင်းဖြစ်၍ အခန်း (၃၈)မှာ ဆဋ္ဌသင်္ဂါယနာ ခေတ်အကြောင်း ဆွေးနွေးထားခြင်း ဖြစ်ပါသည်။

အခန်း (၃၈)၌ တော်လှန်ရေးခေတ်နှင့် နောက်ပိုင်း သာသနာရေးအကြောင်းများ ပါဝင်၍ အခန်း (၃၉)မှာ မိထွေးတော် မဟာပဇာပတိ ဂေါတမီ အစပြုသည့် ဘိက္ခုနီ

သာသနာမှ ယခုခေတ် သီလရှင်များအထိ အမျိုးသမီးများ သာသနာ့ဝန် ထမ်းဆောင်လာကြပုံကို သာသနာနွယ်ဝင် မှတ်တမ်းနှင့် စပ်လျဉ်း၍ ဖော်ပြထားသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။

အခန်း (၄၀)၌ သာသနာ့အန္တရာယ် ဘယ်လိုကာကွယ်မလဲ ဟူသော အရေးကြီးသည့်အကြောင်းကို ဆွေးနွေးပြီးလျှင် သာသနာ့အန္တရာယ် ကာကွယ်ရန် နည်းလမ်းမှာ (၁) သာသနာ့ဝန်ထမ်းဖြစ်တဲ့ ရဟန်းတော်များအား မြတ်စွာဘုရား၏ အဆုံးအမ ဝိနည်းဒေသနာတော်အတိုင်း အတတ်နိုင်ဆုံး ညီညွတ်အောင် အဓိသီလ သိက္ခာကို ဖြည့်စွမ်းတော်မူကြဖို့နှင့် ဒကာ ဒကာမ တွေကို အသိမှန် အမြင်မှန် တရားမှန် အလုပ်မှန်ဖြစ်အောင် နည်းလမ်းညွှန်ပြဖို့၊ (၂) သာသနာတော်၌ အနှောင့်အယှက်ဖြစ်မဲ့ ကိစ္စမှန်သမျှကို အာဏာစက်ဖြင့် နှိပ်ကွက် တိုက်ဖျက်ပစ်ဖို့ ဆွေးနွေးထားသည်။

ဤသို့လျှင် ဓမ္မဃောသက ဦးမောင်မောင်၏ "သံဃာအား ဘုရားယုံခဲ့သည်"ကျမ်းစာမူ၌ ပါဝင်ခဲ့သော အခန်းကဏ္ဍများ အနက် အချို့အဝက်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

ဤစာအုပ် အပိုင်း (၁)၌ ပါဝင်ဆွေးနွေးခဲ့သော ဘုန်းတော်ကြီး၏ နိဂုံးချုပ်စကားရပ်တွင် "ကဲ ဒကာကြီးနဲ့ ဆွေးနွေးရတာ အတော်ပြည့်စုံသွားပါပြီ၊ အချိန်လဲ အတော် ညောင်းသွားပြီ။ ဘုန်းကြီးကို ကမ္မာအေးပြန်ပို့ပေတော့၊ မပြန်ခင် ဒကာကြီးကို မှာချင်တာကတော့ အခု ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက တညီတညွတ်တည်း ချမှတ်လိုက်တဲ့

သာသနာ သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး လုပ်ငန်းစဉ်တွေ ဟာ ဘုန်းကြီးတို့ ဒကာကြီးတို့ တစ်သက်တာမှာ အာင်မတန် ကြိုတောင့်ကြိုခဲ လုပ်ငန်းကြီးဘဲ မဟုတ်လား။

မှန်ပါတယ်ဘုရား၊

အဲ့ဒီတော့ တို့လက်ထက်မှာရော နောင် သားစဉ်မြေးဆက် လက်ထက်မှာရော မြတ်ဗုဒ္ဓသာသနာတော် အစဉ် ထွန်းလင်း တောက်ပစေရမယ်လို့ အဓိဋ္ဌာန် ပြုကြရလိမ့်မယ် ဒကာကြီး။

မှန်ပါဘုရား။ ရှင်ရဟန်းတွေရော သာသနာ၀င် လူပုဂ္ဂိုလ် တွေရော "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"လို့ အားလုံး အဓိဋ္ဌာန် ပြုကြရမှာပေါ့ဘုရား–ဟု လျှောက်ကြားကာ ဦးမောင်မောင်ရော ဦးမောင်မောင်၏ဇနီး ဒေါ်သန်းကပါ သာဓုသံမြိုင်မြိုင် သုံးကြိမ် တိုင်တိုင် ခေါ်ကြခြင်းဖြင့် သံဃာအား ဘုရားယုံခဲ့သည် (ပထမပိုင်း) ဆွေးနွေးချက်များ တစ်ခန်းရပ်ခဲ့လေသည်။

**ဒုတိယပိုင်းတွင်မှ** သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးဖြစ်ပေါ်လာပုံ အစည်း အဝေးကျင်းပပုံ၊ အစည်းအဝေးကြီးမှာ အတည်ပြုချက် ဆုံးဖြတ်ချက်များနှင့်တကွ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ သံဃာအဖွဲ့အစည်းအခြေခံစည်းမျဉ်းများ၊ ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများနှင့် သီလရှင်များ အတွက် သာသနာနွယ်ဝင်မှတ်တမ်းများ စသည့်အကြောင်းအရာ

အချက်အလက်တို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသဖြင့် ရဟန်းတော်များနှင့် သီလရှင်များအတွက်ရော၊ လူပုဂ္ဂိုလ်တွေအတွက်ပါ အသုံးဝင်လှပါပေသည်။

နောက်ဆက်တွဲအနေဖြင့် ဖော်ပြပါရှိသော ရှေးမင်းများလက်ထက်က သာသနာဆိုင်ရာ ဓမ္မဝိနယပြန်တမ်းများ၊ ဝိနည်းဆိုင်ရာ အဆုံးအမဩဝါဒများ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးမှ ဩဝါဒစရိယဆရာတော်ကြီးနှင့် သဘာပတိ ဥက္ကဋ္ဌဆရာတော်တို့၏ ဩဝါဒမိန့်ခွန်းများမှာလည်း ဖတ်ရှုရသူတို့အဖို့ အဖိုးတန်လှပါ၏။

ဓမ္မယောသက ဦးမောင်မောင်၏ သာသနာတော်အတွက် ထားရှိသော စိတ်စေတနာနှင့် သဒ္ဓါ ဝီရိယတို့မှာ ဤစာအုပ်၌ ပေါ်လွင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ သာသနာတော် စတင်ရောက်ရှိသည့်အချိန်မှစ၍ ယနေ့ မျက်မှောက်ခေတ် ကာလအထိ သာသနာ့သမိုင်းစဉ်ကို ခေတ်နည်းခေတ်ဟန်ဖြင့် ထောင့်စေ့အောင် ရေးသားပြုစုထားသဖြင့် လူတိုင်းလက်ကိုင်ထားသင့်သော စာအုပ်၊ သာသနာသမိုင်းအတွက် နောင်တွင် အကိုးအကားပြုရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

မင်္ဂလာပါ ————

**မင်္ဂလာ ဦးအောင်မြင့်**
ဗုဒ္ဓဓမ္မလောက သတင်းစာစောင်
အယ်ဒီတာချုပ်
၁၃၄၂–ခု၊ တော်သလင်းလဆန်း (၁)ရက်

## စာရေးသူ၏ အာသီသ

"ဟော ဟိုက ပုပ္ပါးတောင်ကြီးက ရတ်တရက်ကြည့်လိုက်ရင် ညို့ညို့မှိုင်းမှိုင်းနဲ့ သစ်ပင်ဝါးပင်ကြီးတွေ အုပ်ဆိုင်းပြီး သာယာဆိုပြေနေတာ တွေ့ရတယ်။ ပုပ္ပါးတောင်းမကြီးကို တက်ကြည့်လို့ တောင်ထိပ် ရောက်တဲ့အခါကျတော့ သစ်ပင် ဝါးပင်တွေ ကျိုးတိုးကျဲတဲနဲ့ တောင်ကတုံးကြီးတွေ ဖြစ်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိ သာသနာရေးအခြေအနေ ဟာလည်း အဲ့ဒီလိုပဲ သာမန်အားဖြင့် ဆိုပါတော့ အဝေးက ကြည့်ရင်၊ အင်မတန် ဆိုဖြေ ဝပြောနေတယ်လို့ ထင်ရတယ်။ အနီးကပ်လေ့လာကြည့်တဲ့ အခါကြတော့ ထင်သလို မဟုတ်တော့ဘဲ အကိုင်းအခက်တွေ ခြောက်မှန်းမသိ ခြောက်လာ ပြီး။ ညှိုးနွမ်းလာပြီဆိုတာ ခင်ဗျား တွေ့ရပါလိမ့်မယ်" ဟု လွန်ခဲ့သည့် အနှစ် (၂၀)ခန့်က အစိုးရ တာဝန်ဖြင့် ချောက်မြို့မှ ကျောက်ပန်းတောင်းမြို့သို့ ဖြတ်ကျော်ပြီး ပုပ္ပါးသို့ ခရီးသွား နေစဉ်အခိုက် မော်တော်ကားပေါ်တွင် အဖော်ပါလာသူ မြင်းမူမှ မိတ်ဆွေကုန်သည်တစ်ဦးက အဝေးမှမြင်နေရသော ပုပ္ပါး တောင်ကြီးကို လက်ညှိုးညွှန်ပြရင်း ပြောကြားခြင်း ဖြစ်ပါသည်။

ထိုစကားမှန်၏ စာရေးသူ အသက် ၅၅-နှစ်အရွယ်တွင်မှာ အစိုးရဝန်ထမ်းဘဝမှ အနားယူပြီးနောက် သဒ္ဓါကြည်ညို စိတ်သက်သက်ဖြင့် သာသနာရေးကိစ္စများကို တတ်နိုင်သလောက် ကျိုးပမ်းဆောင်ရွက်ခဲ့၏ တစ်နှစ်ထက်တစ်နှစ် ဝါရင့်၍ အတွေ့ အကြုံများလာသောအခါ မိမိ၏သာသနာရေးလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်မိပြီး တကဲ့အကျိုးဖြစ်မဖြစ် သံသယစိတ် ဝင်လာ၏။

ခုတ်ရာ တစ်ခြား ယုရာတစ်လွဲများ ဖြစ်နေပြီးလားဟု တွေးမိသည်၊ အကြောင်းကား ဤသို့ဖြစ်၏။ ၁၉၇၃–ခုနှစ် လောက်ဆီက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဌာန တစ်ခုမှ လျှို့ဝှက် ညွှန်ကြားစာဟုဆိုသော စာတစ်စောင်ထွက်လာသည်၊ ထို ညွှန်ကြားစာတွင် ဝိဇ္ဇာနောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ အတွက် စာတမ်း ပြုစုရန်အချက် (၁၈)ချက်ပါရှိလျက် သာသနာရေးနှင့် ပတ်သက်၍ မနှစ်မြို့ဖွယ်ရာအချက်များ ဖြစ်သဖြင့် စာရေးသူအနေဖြင့် ထိုညွှန်ကြားစာအပေါ်တွင် ဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ သို့သော် စာသည် ထင်ရှားသော ဆရာတော်သံဃာတော်ကြီးများလက်သို့ အတော် ပြန့်နှံ့ ရောက်ရှိသွားပြီး ထင်ရှားသော ဆရာတော်ကြီးအချို့က ထိုစာနှင့် ပတ်သက်၍ စာရေးသူအား ထင်မြင်ချက် ပေးတော်မူ ကြပါသည်။

စာရေးသူသည် မန္တလေးမြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်သွား သည့်အခါ မန္တလေး၊ စိန်ပန်းရပ် အဘယရာမ ရွှေဂူတိုက်မှ ဒုတိယနာယက ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ (ယခု အမေရိကန်၌ရှိနေသည်)နှင့် တွေ့ဆုံရပျက် ထိုညွှန်ကြားစာ ပါ အချက်များကို လျှောက်ထားဆွေးနွေးခြင်း ပြုကြပါသည်။ တပည့်တော်အထင်ကတော့ ရဟန်းသံဃာအချို့ရဲ့ မသင့်လျော်တဲ့ အပြုအမူတွေကို တွေ့မြင် ကြားသိနေရတဲ့ ခေတ်လူငယ်တွေက သာသနာတော်အပေါ် အထင်မှားအမြင်မှား ဖြစ်နေကြတာလို့ ယူဆတယ်ဘုရား၊ ဒီတော့ ဆရာတော်တို့ဘက်က အနေအထိုင် အပြုမူ မကောင်းတဲ့ တပည့်တွေကို ကြပ်ကြပ်မတ်မတ် ပြုပြင် ဆုံးမပေးဖို့ လိုလိမ့်မယ်ထင်ပါတယ်ဘုရားဟု လျှောက်ထားရာ ဆရာတော်က ဥပမာတစ်ခုဖြင့် ဤသို့ ဖြေ၏။

သက်န်း၀တ် တစ်ဦးသည် အရက်ဆိုင်(ဘား)အတွင်းသို့ ၀င်လာ၏ (တားမြစ်ခြင်းမရှိ။) စားပွဲတွင်ထိုင်၍ အရက် တစ်ပုလင်းမှာ၏၊ သောက်၏ (တားမြစ်ခြင်းမရှိ)။ သောက်ပြီး လျှင် ကောင်တာတွင် အရက်ဖိုးပေးချေ၍ ကောင်းမွန်စွာ ထွက်သွား၏ (တားမြစ်ခြင်း၊ အရေးယူခြင်းမရှိ) အကယ်၍ ထိုသက်န်း၀တ်သည် အရက်ကို မှာယူသောက်စား ပြီးနောက်၊ ဆိုင်အတွင်း၌ မူးယစ်ရမ်းကားခဲ့သည်ရှိသော်၊ ဆဲဆို ကြိမ်းမောင်း၍ စားပွဲကုလားထိုင်များ ဖန်ခွက်များကို ချိုးဖဲ့ ဖျက်ဆီးခဲ့သည်ရှိသော်၊ အရက်ဆိုင်တာ၀န်ခံများက (ရဲ)ကို ခေါ်ယူ၍ ထိုသက်န်း၀တ်အား အရေးယူမည်၊ ဖမ်းဆီးချုပ်နှောင် မည်ဟု ကေန်ဖြစ်သည်။ ဤကိစ္စတွင် ရဟန်းဟူသည် အရက် မသောက်ရ ဟူသော မြတ်စွာဘုရား၏ ဥပဒေပညတ်ချက်ကို ဖောက်ဖျက်ရာ၌ အရေးမယူနိုင်သော်လည်း အရက်ဆိုင် အတွင်း၌ ရမ်းကား နှောင့်ယှက်ခြင်း၊ ဖျက်စီးခြင်း၊ အရက်ဖိုးငွေမပေးချေခြင်း ဟူသော လူ့ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရာ၌မူ ပိုင်ပိုင်နိုင်နိုင် အရေးယူ တားမြစ်နိုင်ခြင်းမှာ ထင်ရှားသည်။ ဤနည်းတူ အနည်းငယ်သော ရဟန်းသံဃာ အချို့၏ ဖောက်ဖျက်မှုများကို ဘုရား၏ ဥပဒေ ဓမ္မစက်ဖြင့်မပြီး၊ လူ့ဥပဒေအာဏာစက်ဖြင့် အရေးယူတားမြစ်မှ ပြီးနိုင်မည်ဟူ၍ ဖြစ်ပါသည်။

တစ်ဖန်စစ်ကိုင်းဘက်သို့ ရောက်သဖြင့် စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံဖူးမြော် ရသည့်အခါ၌လည်း “ခုခေတ်–– ရဟန်းအချို့ဟာ ၀ိနည်းတော် ကို လေးစားမှုမရှိကြဘူး၊ အသေးအဖွဲ့ သိက္ခာပုဒ်တွေကို အပထား၊ မိမိဘယ်အခြေရောက်သည်ကို မသိအောင် ပေါ့ပေါ့ လျော့လျော့နေကြတယ်။ ပါရာဇိက ၄–ပါးမှာ ဒုတိယသိက္ခာပုဒ်

ဖြစ်တဲ့ အဒိန္နာဒါနပါရာဇိကဟာ အင်မတန် သိမ်မွေ့တယ်၊ ဒီတော့ ရဟန်းတော်တွေဟာ ဝိနည်းတော်ကို လေးစားဖို့၊ ကိုယ့်သိက္ခာကိုယ် ထိန်းဖို့ အလွန်အရေးကြီးတယ်" ဟု ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်ကို ကြားနာမှတ်သားခဲ့ရဖူးပါသည်။

ဤကဲ့သို့ ဝိနည်းတော်ကို စောင့်ရှောက် ထိန်းသိမ်းလျက် သာသနာတော်၌ အစွန်းအထင် မရှိစေချင်ကြသော အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် မစိုးရိမ်ဆရာတော်ဘုရားကြီး၊ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၊ မြောင်မြို့၊ ဆင်ရှင်ဆရာတော် စသည်ဖြင့် သက်တော်ဝါတော်ကြီး ဆရာတော်ကြီးများထံ ချည်းကပ်လျှောက်ထားခွင့် ရသည့် အခါတိုင်း၊ သာသနာတော်အတွက် စိုးရိမ်မကင်းသည့် မိန့်ကြားသံများကို အစဉ်ကြားနာခဲ့ရပါသည်။ "အလှူအတန်းတွေ ကလဲ‌ပေါ၊ တရားပွဲတွေကလဲ များပါ့ကွာ၊ ဒို့သာသနာတော် ဝမ်းဖောဝမ်းရောင်များ လိုက်နေသလားမသိဘူး"ဟု စစ်ကိုင်း တောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားက ရန်ကုန်တစ်နေရာတွင် အမိန့်ရှိကြောင်း တစ်ဆင့်စကားကြားဖူးပါသည်။ ဖော်ပြပါ ဆရာတော်ကြီးများ၏ မိန့်ကြားချက်များကို ထောက်ရှုခြင်းအားဖြင့် သာသနာတော်သည် အကျဘက်သို့ ယိုင်နေသည်မှာ ထင်ရှားပါသည်။ မည်ကဲ့သို့ ထိန်းမတ်၍ ပေးကြမည်နည်း။

စာရေးသူသည် အသက်အရွယ်ကြီးရင့်သူ ဖြစ်သဖြင့် နောင် ၁၀–၁၅ နှစ်အတွင်း သေလွန်၍ နောက်ဘဝ မြန်မာပြည်၌ လူပြန်ဖြစ်လျှင် ပျက်စီးနေသော သာသနာတော်နှင့် ကြုံတွေ့ရမည်ကို အလွန်အမင် ကြောက်လန့် စိုးရိမ်လျက်ရှိပါသည်။

မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်သည် လူတွေ၏ အကျင့်စာရိတ္တကို ထိန်းထားနိုင်သဖြင့် အခြားတိုင်းပြည်များနှင့် နှိုင်းစာလျှင် မြန်မာပြည်သည် ဘေးကင်းနေနိုင်သမျှ ဘေးကင်း နေကြသည်မဟုတ်လော၊ မြတ်စွာဘုရား၏ သာသနာတော် မယိမ်းမယိုင် မကျဆင်းရန် တာဝန်ယူရမည့် ပုဂ္ဂိုလ်များမှာ (၁) သာသနာ့ဝန်ထမ်း ရဟန်းတော်များ (၂) ကိုးကွယ် ဆည်းကပ်သည့် ပစ္စည်းလေးပါး ဒကာ၊ ဒကာမများနှင့် (၃) မင်းအစိုးရ အာဏာပိုင်များ ဖြစ်ကြရာ၊ မကြာမီကာလက ကျင်းပပြုလုပ် ပြီးစီးသွားသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကို အခြေခံလျက် **သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် တာဝန်ရှိသူ ပုဂ္ဂိုလ်အသီးသီးတို့သည် မိမိတို့ ဆိုင်ရာ ကဏ္ဍမှ ကြိုးစားထမ်းဆောင်တော် မူနိုင်ကြပါစေ** ဟူသော အာသီသဖြင့် ဤစာအုပ်ငယ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိက အဓိဋ္ဌာန်မဖက် သာသနာတော်အတွက် ဓမ္မဓိဋ္ဌာန် သက်သက်ဖြင့် ဖြောင့်မှန်သော စေတနာသဒ္ဓါတရား ရှေ့ထား၍ ရေးသား ပြုစုခြင်းဖြစ်ရာ၊ ချွတ်ချော် တိမ်းပါးမှုများ ပါရှိပါက သည်းခံ ခွင့်လွှတ်တော်မူကြပါရန် လေးစားစွာ တောင်းပန်ပါကြောင်း။

——————

## ကျေးဇူးတင်ခြင်း

**ပထမ** ဤစာအုပ် ရေးသားပြုစုရန် စတင် စိတ်ကူးစဉ် အခါကပင် လျှောက်ထားမေးမြန်းခွင့်ပေးခြင်း၊ မိန့်ခွန်းနှင့် ပုံတော်များ အသုံးပြုရန်ခွင့်ပေးခြင်း၊ အကြံဉာဏ်များ

ပေးတော်မူခြင်းဖြင့် သာသနာတော်အတွက် အားပေး ချီးမြှင့်တော်မူကြသော ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်၊ ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ပဲခူးမြို့ မြို့မဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်ကြသော ဟင်္သာတမြို့၊ လယ်တီတိုက်ဆရာတော် ဦးခေမာဝုဓနှင့် သန်လျင်မြို့ ပထမပြန်စာသင်တိုက်မင်းကျောင်းဆရာတော် ဦးဝဏ္ဏသိရီအဖွဲ့ဝင် ရန်ကုန်၊ ဖျာပုံတိုက်သစ် ဆရာတော် ဦးဩဘာသာဘိဝံသနှင့် ညောင်ရွှေမြို့ သာသနာဝိပုလာ ရွှေဂူ စာသင်တိုက်ဆရာတော် ဦးဝိလာသာဘိဝံသ ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်ပုဇွန်တောင် မြသိန်းတန်ကျောင်းဆရာတော် ဦးသောဘန၊ မလှိုင်မြို့ သစ်ကျောင်းဆရာတော် ဦးတိလောကသာရ၊ မြောင်းမြမြို့၊ ပဒ္ဓေါတာရုံတိုက်ဆရာတော် ဦးဥာဏိက၊ မေမြို့၊ ရတနာ မာန်အောင်ကျောင်းဆရာတော် ဦးပညာသီဟ၊ မိုးကုတ်မြို့၊ ခါတော်မှိကျောင်းဆရာတော် ဦးပညိန္ဒာဘိဝံသ၊ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက် ဆရာတော် ဦးဝီရိယ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် သပြေကန်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲ သမ္မုတိရသံဃာ့ကိုယ်စားလှယ် ကလေးမြို့ ဒီပင်္ကရာကျောင်း တိုက်ဆရာတော် ဦးပဒုမ အရှင်မြတ်တို့အား ကျေးဇူးတင်ဦးညွှတ်ပါ၏။

**ဒုတိယ** ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးဆိုင်ရာ မှတ်တမ်းများ ထုတ်ပြန်ချက်များ၊ သတင်းလွှာများ၊ စာရင်းဇယားများနှင့် အခြား စာအုပ် စာတမ်းများကို ကြည့်ရှု လေ့လာခွင့်ပြုကြသော ကမ္ဘာအေး သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များကို ကျေးဇူး တင်ပါသည်။

**တတိယ** ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စာမူ လက်ရေးကော်ပီ၊ လက်နှိပ်စက် ကော်ပီများနှင့် ပုံနှိပ် ပရုဖ်များကို စစ်ပေးကြသော စာရေးဆရာ မေမြို့မိုးကြည်၊ လက်နှိပ်စက်စာရေး ကိုတင်ပွား၊ ကိုချစ်စိန်နှင့် ပြည်သူ့အလင်းပုံနှိပ်တိုက် အမှုထမ်းများ ဓာတ်ပုံများရိုက်ကူးပေးသော ပုဇွန်တောင်၊ တောင်လုံးပြန်ရပ်၊ ဘတော်ဓာတ်ပုံတိုက်မှ ဓာတ်ပုံဆရာကိုလှမြင့်၊ ဘလောက်များဖြင့် ကူညီကြသော သင့်ဘဝ ဦးတင်မောင်၊ ဗုဒ္ဓဓမ္မလောက စာစောင်တိုက် ကိုသိန်းအောင်၊ စာမူအတွက် အကြံဉာဏ်များ ပေးကြသော ဗုဒ္ဓဓမ္မလောကစာစောင် အယ်ဒီတာချုပ်၊ မင်္ဂလာ ဦးအောင်မြင့်နှင့် စာပေလောက ဦးခင်ညွန့်တို့အား ကျေးဇူးတင် ပါကြောင်း။

**ဓမ္မဃောသက ဦးမောင်မောင်**
(၁၃-၇-၈၀)

# ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
# သာသနာရေးဝန်ကြီးဌာန
# သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်
# "အမှာစာ"

ဤ "သံဃာအား ဘုရားယုံခဲ့သည်" ဟူသော ဓမ္မဃောသက ဦးမောင်မောင်၏ စာအုပ်သည် ပထမအကြိမ်က ရောင်ခြည်မဂ္ဂဇင်း အရွယ်ဖြင့် ရိုက်နှိပ်၍ ယခု ဒုတိယအကြိမ်တွင် ကရောင်း ၁၆–ချိုးအရွယ်ဖြင့် ပထမတွဲ, ဒုတိယတွဲ ၂–အုပ် ခွဲ၍ ရိုက်နှိပ်ပါသည်။

**ပထမတွဲကို**– မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်ရောက်ပုံ, သုဝဏ္ဏဘူမိခေတ်, ပုဂံခေတ်, အင်းဝခေတ်, ကုန်းဘောင်ခတ်, သာသနာတော် အတက်အကျ, သာသနာသန့်ရှင်းရေး ဆောင်ရွက်ပုံ (အခန်း ၁–မှ အခန်း ၃၀–ထိ) သီပေါမင်း ပါတော်မူသည်အထိ (နိဒါန်း, မာတိကာ, ဓာတ်ပုံပါ) ပထမတွဲကို ကရောင်း ၁၆–ချိုး ဆိုက်ဖြင့် ရိုက်နှိပ်ပါသည်။

**ဒုတိယတွဲ**– ပါတော်မူပြီးနောက် အင်္ဂလိပ်ခေတ်, လွတ်လပ်ရေးခေတ်, ဆဋ္ဌသင်္ဂါယနာခေတ်, မဆလခေတ်, နောက်ဆက်တွဲ အမိန့်တော်ပြန်တမ်းများ, ရိုက်ဆဲဝိနည်းဆိုင်ရာ သြဝါဒများ, ၁၉၈၀–ပြည့်နှစ် ဂိုဏ်းပေါင်းစုံ မှတ်တမ်းများ, သမ္မာဒိဋ္ဌိယသြဝါဒကထာများ (အခန်း ၃၁ မှ အခန်း ၄၁ အထိ) နောက်ဆက်တွဲ ဒုတိယတွဲကို ကရောင်း ၁၆–ချိုးဆိုက်ဖြင့် ပြန်လည်ရိုက်နှိပ်ပါသည်။

ဤမြွေဃောသက ဦးမောင်မောင်၏ "သံဃာအား ဘုရားယုံခဲ့သည်" စာအုပ်သည် သာသနာတော် သန့်ရှင်းရေးအတွက် အထူးအထောက်အကူ ပြုသော စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဝိနည်း မရှိသေသော ရဟန်းတော်များကို ဝိနည်းသိက္ခာပုဒ်များကို ရှိသေလေးစားအောင် တင်ပြထားသော အချက်အလက်များ ပါရှိနေသောကြောင့် လည်းကောင်း၊ ဘုရားအဆုံးအမကို မလိုက်နာသော ရဟန်းတော်များ ဘုရားအဆုံးအမကို လိုက်နာအောင် တင်ပြထားသောကြောင့် လည်းကောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ "သံဃာအား ဘုရားယုံခဲ့သည်"စာအုပ်၌ (အခန်း ၁၉, ၂၀, ၂၁) တို့၌ အနော်ရထာမင်းနှင့် ရှင်အရဟံ သာသနာပြုပုံကို ဆွေးနွေးထားသည်ကို အားရဖွယ်ကောင်းပါသည်။ ဤစာအုပ်သည် သာသနာအတွက် နောင်တွင် အားကိုးအားထားပြုနိုင်သော သမိုင်းဝင် စာအုပ်ကောင်း တစ်အုပ်ဖြစ်နိုင်ပါသည်။

စာရေးသူသည် သဒ္ဓါစိတ် ထက်ထက်သန်သန်နှင့် သာသနာရေးကိစ္စကို ကြိုးပမ်းအားထုတ်ထားသော စာအုပ်ဖြစ်ပါသည်။ ဗဟုသုတလည်း စုံလင်ပါသည်။

**ဦးလှဖေ**
**စာပြင်မှူးချုပ်**
**(သာသနာရေးဦးစီးဌာန)**

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | — တတိယအကြိမ်ပုံနှိပ်ခြင်း အမှာစာ | |
| | — ဒုတိယအကြိမ်ပုံနှိပ်ခြင်း အမှာစာ | |
| | — စာရှုသူအချို့၏ ထင်မြင်ချက် | |
| ၁။ | ဝန္ဒနာ ဂါထာ – – | –– |
| ၂။ | ဆရာတော်ကြီးများ၏ ထင်မြင်ချက် | –– |
| ၃။ | မိတ်ဆက်နိဒါန်း – – | –– |
| ၄။ | ကျမ်းပြုသူ၏ အာသီသ – | –– |
| ၅။ | ကျေးဇူးတင်ခြင်း – – | –– |
| ၆။ | ပေါက္ခရဝဿမိုး – – | ၁ |
| ၇။ | ဗိမ္ဗိသာရ၏ သဒ္ဓါကြည်ညိုစိတ် – | ၅ |
| ၈။ | ဘုရားကို ကြည်ညိုလေးစားရင် ဘုရားစကားနားထောင် – | ၆ |
| ၉။ | ရတနသုတ်ရဲ့ တန်ခိုး – | ၉ |
| ၁၀။ | သာသနာ့အန္တရာယ် – – | ၁၁ |
| ၁၁။ | ဒေဝဒတ်ရဲ့ စည်းရုံးနည်း – | ၁၃ |
| ၁၂။ | လာဘ်လာဘနှင့် ထင်ပေါ်ကျော်စောခြင်း၏ဘေး | ၁၅ |
| ၁၃။ | ဒေဝဒတ်၏အကြံ ဘုရားလက်မခံ – | ၁၆ |
| ၁၄။ | အချောင်သမား ဆဗ္ဗဂ္ဂီ – | ၁၈ |
| ၁၅။ | ဂိုဏ်းသမားတွေရဲ့ လုပ်ထုံးလုပ်နည်း | ၂၀ |
| ၁၆။ | စည်းရုံးရေး နည်းပရိယာယ် – | ၂၄ |
| ၁၇။ | အလဇ္ဇီနှိပ်ကွပ်ရေး – – | ၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | ကြောင့်ကြမဲ့ နေလို့မဖြစ်ဘူး | – | ၃၃ |
| ၁၉။ | ဘုရားစကား နားမထောင်သူ | – | ၃၆ |
| ၂၀။ | အုပ်စုတိုက်ပွဲ – | – | ၃၉ |
| ၂၁။ | ဝင်မစွက်ပါနဲ့ အေးအေးနေပါတဲ့ | – | ၄၁ |
| ၂၂။ | ဒကာအား သံဃာမဆန်သော | – | ၄၃ |
| ၂၃။ | ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်နောက် | | ၅၁ |
| ၂၄။ | အရှင်မဟာကဿပကဲ့သို့ တာဝန်ယူ | | ၅၃ |
| ၂၅။ | မှားလျှင် ပြင်ရမည် – | – | ၅၇ |
| ၂၆။ | ဘုန်းတောက်လို့ အရှိန်အဝါကြီးရင်– | | ၆၀ |
| ၂၇။ | အစမ္မနှင့် စမ္မ – | – | ၆၅ |
| ၂၈။ | စင်ပြိုင်ဂိုဏ်းကွဲများ – | – | ၇၁ |
| ၂၉။ | အစမ္မဝတ္ထု ဆယ်မျိုး – | – | ၇၄ |
| ၃၀။ | ရွှေငွေ အလှူခံနည်း – | – | ၇၅ |
| ၃၁။ | ဒုတိယသင်္ဂါယနာ – | – | ၇၇ |
| ၃၂။ | စင်ပြိုင်မဟာသံဃိက သင်္ဂါယနာ | – | ၇၉ |
| ၃၃။ | သီရိဓမ္မာသောကမင်း – | – | ၈၁ |
| ၃၄။ | ပူးသတ်တဲ့ နည်းပရိယာယ် | – | ၈၃ |
| ၃၅။ | အတုအယောင်တွေကြောင့် ရဟန်းစစ်တွေ ဒုက္ခရောက် | – | ၈၆ |
| ၃၆။ | အသောကမင်းနဲ့ သာသနာသန့်ရှင်းရေး | | ၈၈ |
| ၃၇။ | ဒီမိုကရေစီဆိုတာ ဗုဒ္ဓကျင့်သုံးခဲ့တဲ့ဝါဒ | | ၉၀ |
| ၃၈။ | ဝိဘဇ္ဇဝါဒ | – | ၉၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | တတိယသင်္ဂါယနာ - - | ၉၄ |
| ၄၀။ | သီဟိုဠ်သာသနာ - - | ၉၆ |
| ၄၁။ | ဂိုဏ်းကြီး ၄–ဂိုဏ်းကွဲခြင်းအစ - | ၉၈ |
| ၄၂။ | မိစ္ဆာအာဇီဝအလုပ်သည် သာသနာ့အန္တရာယ် | ၁၀၁ |
| ၄၃။ | အဆိုးနှင့်အကောင်း - - | ၁၀၅ |
| ၄၄။ | ဘာသာခြားတို့၏ လွှမ်းမိုးမှု - | ၁၀၆ |
| ၄၅။ | ပရက္ကမဗာဟုမင်း၏ သာသနာသန့်ရှင်းရေး | ၁၀၇ |
| ၄၆။ | သာသနာ့သူရဲကောင်း ဒုဋ္ဌဂါမဏိမင်း | ၁၀၉ |
| ၄၇။ | သာသနာစိတ် ရှိဖို့လိုသည် - | ၁၁၀ |
| ၄၈။ | မြန်မာပြည်သာသနာ - - | ၁၁၃ |
| ၄၉။ | တပုဿနှင့် ဘလ္လိကတို့ ငိုလိမ့်မယ် | ၁၁၄ |
| ၅၀။ | သာသနာရောင်ရှိပုံ ဝါဒကွဲများ - | ၁၁၆ |
| ၅၁။ | မဟာယာနနဲ့ ထေရဝါဒဝင်လာပုံ - | ၁၂၀ |
| ၅၂။ | အရည်းကြီးတို့ရဲ့ကျင့်စဉ် - | ၁၂၂ |
| ၅၃။ | မဟာယာနဆိုတာ - - | ၁၂၄ |
| ၅၄။ | ဂျိမ်းဝါဒ၊ ဗြာဟ္မဏ ဟိန္ဒူဝါဒများ ရောယှက်လာပြီ - - | ၁၂၇ |
| ၅၅။ | ဂါထာ မန္တရား အင်းအိုင် လက်ဖွဲ့ခေတ် | ၁၃၀ |
| ၅၆။ | မဟာယာနမှ တန္တရ မန္တရယာနသို့ | ၁၃၂ |
| ၅၇။ | ခုခေတ်မှာလဲ တာတေလ်အရည်းငယ်တွေရှိသည် | ၁၃၅ |
| ၅၈။ | အနော်ရထာနှင့် ရှင်အရဟံ | ၁၃၇ |

ရှုး

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၉။ | မြန်မာပြည်ရောက် သာသနာထောင်ပြည့်ပွဲ | | ၁၃၉ |
| ၆၀။ | အရှင်ဓမ္မဒဿီရဲ့ ကျေးဇူးဂုဏ် | – | ၁၄၁ |
| ၆၁။ | ထေရဝါဒ သာသနာစပြီ | – | ၁၄၅ |
| ၆၂။ | ရှင်အရဟံအတွက် အနှောင့်အယှက် | | ၁၄၉ |
| ၆၃။ | အရည်းကြီးတွေကို အပြတ်ရှင်းပြီ | – | ၁၅၀ |
| ၆၄။ | ဂိုဏ်းကွဲမှုပြဿနာ – | – | ၁၅၄ |
| ၆၅။ | ထေရဝါဒ ပိဋကစာပေ ထိပ်တန်းရောက်ခဲ့သည် | | ၁၅၆ |
| ၆၆။ | သီဟိုဠ်ပြန် ဆပဒမထေရ် | – | ၁၆၀ |
| ၆၇။ | ဂိုဏ်းကွဲခြင်းအစ – | – | ၁၆၂ |
| ၆၈။ | မ,ကိစ္စနှင့် လာဘ်လာဘ | – | ၁၆၅ |
| ၆၉။ | သီဟိုဠ်ကိုယ်တော်ကလေးနဲ့ နန်းတွင်းကချေသည်မ | – | ၁၆၇ |
| ၇၀။ | မစင်ကြယ်ရင် လူထွက်တာအကောင်းဆုံး | | ၁၆၉ |
| ၇၁။ | လာဘ်လာဘကြောင့် ကွဲကြပြန်ပြီ | – | ၁၇၁ |
| ၇၂။ | ပုဂံခေတ် နောက်ပိုင်းသာသနာ | – | ၁၇၅ |
| ၇၃။ | သိုဟန်ဘွားနှင့် သန်လျင်ငစင်ကာ | – | ၁၇၇ |
| ၇၄။ | ခင်ကြီးတို့ခေတ် – | – | ၁၈၁ |
| ၇၅။ | ဂါမဝါသီနှင့် အရညဝါသီ ခြားနားချက် | | ၁၈၂ |
| ၇၆။ | ငါးစီးရှင်ကြည်ညိုမိတဲ့ ရဟန္တာအတု | | ၁၈၃ |
| ၇၇။ | လက်ဖွေ့ချပ်ပီယံ ရဟန်းကြီး | – | ၁၈၆ |
| ၇၈။ | ဓမ္မစေတီမင်း – | – | ၁၈၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၇၉။ သထုံတိဿရာဇာမင်း၏ အယူဝါဒလွဲမှားမှု ၁၈၉
၈၀။ အုန်းသီးကိုတူနှက်တော့ အဆံချောင်
ဘုန်းကြီးလူထွက်တော့ – ၁၉၁
၈၁။ ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း – ၁၉၃
၈၂။ ရဟန်းနှင့် လောကီအလုပ် – ၁၉၆
၈၃။ ဘုရားမကြိုက်ပေမဲ့ လူကြိုက်များတယ် ၁၉၉
၈၄။ သမိုင်းပေးတာဝန် – – ၂၀၃
၈၅။ ဝတ်ရုံဆင်ယင်မှု ပြဿနာ – ၂၀၅
၈၆။ အတင်(တုံ)ဂိုဏ်းနှင့် အရုံဂိုဏ်း – ၂၀၆
၈၇။ ရတနာပုံခေတ် သာသနာ – ၂၁၁
၈၈။ သာသနာရေး စီမံအုပ်ချုပ်မှု – ၂၁၃
၈၉။ မဟာဒါဝန်ဆိုတာ – – ၂၁၅
၉၀။ မင်းတုန်းမင်း၏ သဒ္ဓါတရား – ၂၁၈
၉၁။ ဓမ္မဝိနယပြန်တမ်းများ – ၂၂၁
၉၂။ မင်းတုန်းမင်း ဓမ္မဒါနစာတမ်း – ၂၂၅
၉၃။ ခွေးသည် သာသနာကို မဖျက်စီးနိုင် ၂၂၆
၉၄။ သီပေါမင်း၏ သာသနာသန့်ရှင်းရေး ၂၂၉
၉၅။ စည်းကမ်းသတ်မှတ်ချက်အမိန့်ပြန်တမ်းများ ၂၃၀
၉၆။ ဘုရားပွဲကြည့်ရင်း ရန်ဖြစ်ကြသည် – ၂၃၃
၉၇။ နောက်ဆက်တွဲ
(က) ဒုတိယသင်္ဂါယနာမှ တတိယသင်္ဂါယနာ
ကာလအတွင်းဖြစ်ပေါ်လာသောဂိုဏ်းကွဲများ ၂၃၆
၉၈။ (ခ) မင်းတုန်းမင်း၏ဓမ္မဝိနယအမိန့်တော်
ပြန်တမ်း ၂၄၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပထမပိုင်း

## အခန်း ( ၁ )

### ပေါက္ခရဝဿမိုး

"ဒကာကြီးက ကြိုတင် ပင့်ဖိတ်ထားပေမယ်လို့ အစည်းအဝေးကြီး ကိစ္စတွေက နေ့မအား ညမအားဆိုသလို ဆက်တိုက် လုပ်ကိုင်နေကြရတော့ အပြင်မထွက်အားဘူး။ ဒကာကြီးကော ကမ္မာအေးကို နောက်ထပ်ရောက်သေးသလား" ဟု အထက်မြို့ရွာ ဒေသ တစ်ခုမှ သံဃသမ္မုတိ-ရ ကိုယ်စားလှယ် ဆရာတော် တစ်ပါးက ခင်မင်ရင်းနှီးသည့်အလျောက် ဖိတ်ကြားပင့်လျှောက် ထားသဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအပြီး၊ နယုန်လပြည့်ကျော် ၁-ရက်နေ့က စာရေးသူ၏ နေအိမ်သို့ ဆွမ်းစားကြွလာရင်း မိန့်ကြားခြင်း ဖြစ်ပါသည်။

"တပည့်တော် နေ့စဉ်လိုလို ရောက်ပါတယ်ဘုရား၊ ဆရာတော်တို့ အစည်းအဝေး ထိုင်နေတာနဲ့ ကြုံကြိုက်တာက များတော့ ဝင်ရောက်နှုတ်ဆက်ခြင်း မပြုနိုင်ဘူးဘုရား"

"သာဓု -ခေါ်ပါတယ် ဒကာကြီး၊ ဒီလို သာသနာရေးဆိုင်ရာ ပွဲကြီးမျိုးဟာ ကြုံတောင့်ကြုံခဲမို့ ရန်ကုန်သူ ရန်ကုန်သားတွေဟာ အမှုမဲ့ အမှတ်မဲ့ မနေကြဘဲ ကမ္ဘာအေးကို လာရောက်လေ့လာကြဖို့ ကြည်ညိုကြဖို့သင့်တယ် ဒကာကြီးရဲ့"

"မှန်ပါတယ်ဘုရား၊ တပည့်တော်ကတော့ မိတ်ဆွေတွေကိုပါ တိုက်တွန်းနှိုးဆော်ခြင်း ပြုပါတယ်၊ ဒါပေမယ့် အစည်းအဝေးကြီး စတင်ဖွင့်လှစ်တဲ့ နယုန်လဆန်း ၁၀-ရက်နေ့၊ အရုဏ်မတက်မီ အချိန်ကစပြီး သဲသဲမဲမဲ ရွာချနေတဲ့ မိုးကြောင့် တချို့ လာချင်ပေမယ့် မလာနိုင်ကြဘူးဘုရား၊ အစည်းအဝေးကြီးပြီးဆုံးလို့ နိဂုံးချုပ် အောင်ပွဲကျင်းပတဲ့ နယုန်လပြည့်နေ့ကတော့ မိုးထဲလေထဲမှာကိုပဲ လာလိုက်ကြတဲ့ လူတွေဟာ ကမ္ဘာအေး သမိုင်းမှာတော့ အစည်းကားဆုံးလူအများဆုံးလို့ပဲ မှတ်ကမ်းတင် သားရမှာပဲဘုရား"

"အင်း ဦးပဥ္စင်းတို့က အညာဒေသက ဆိုတော့ ကမ္ဘာအေးမှာ ရေးအခါက ဘယ်လောက်လူစည်ကားတယ် ဆိုတာ မတွေ့မမြင်ဖူးဘူး၊ ထူးတော့ တကယ်ထူးတဲ့ သာသနာပြုပွဲကြီးပဲ ဒကာကြီးရဲ့"

"ဒီအစည်းအဝေးပွဲကြီးဟာ တကယ့် သာသနာပြုပွဲကြီးမို့ မိုးရွာသွန်းပုံကအစ ထူးနေတယ်ဘုရား။ ပထမဖွင့်ပွဲနေ့က ရွာသွန်းတဲ့ မိုးရေချိန်ဟာ ကမ္ဘာအေးတိုင်းထွာချက်အရ ၁၀ ဒသမ ၃၂ ရှိတဲ့အတွက် နှစ်ပေါင်း ၁၀၀-ကျော်အတွင်း မေလမှာရွာတဲ့ မိုးရေချိန်များအနက် အမြင့်မားဆုံးပဲလို့

မိုးလေဝသဌာနက ကြေညာတယ်ဘုရား၊ တပည့်တော်ကတော့ ဒီမိုးဟာ သာသနာတော် သန့်ရှင်းမဲ့ နိမိတ်ပြ မိုးလို့ ဆိုချင်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ အမှိုက်သရိုက် အညစ်အကြေးအားလုံး ဟာလဲ ဒီမိုးရေနဲ့ မျောပါသွားလို့ မြို့တော်ကြီး သန့်ရှင်းသွားတယ် ဘုရား"။

"ဒကာကြီး တွေးတာ မမှားဘူး၊ အမှိုက်သရိုက် အညစ် အကြေးတွေသာ မကဘူး၊ သာသနာတော်ရဲ့ အညစ်အကြေး ဆူးငြောင့်ခလုတ်တွေပါ ရှင်းလင်းသွားမဲ့ လက္ခဏာပြတာ အမှန်ပဲ၊ မြတ်စွာဘုရား လက်ထက်တော်မှာလဲ ဒီလို သန့်ရှင်းရေး မိုးကြီး ရွာချဖူးတယ်"။

"သိပါရစေဘုရား၊ သာသနာသန့်ရှင်းရေး အစည်းအဝေး ပွဲကြီး မပြုလုပ်မီက ရန်ကုန်မှာ အပူဒီဂရီချိန် ၁၀၄–အထိ ရှိတယ်ဘုရား၊ နယ်တွေမှာလဲ မိုးခေါင်ပြီး အပူရှိန် ပြင်းလွန်းလို့ ရေတွင်းရေကန်တွေ ရေခန်းခြောက်ကုန်တယ်လို့ သိရတယ် ဘုရား။ ဒီလို အပူရှိန် ပြင်းထန်နေတဲ့အချိန်မှာ မိုးက ဖြန်းကနဲဆို ပြင်းပြင်းထန်ထန်ကြီး ရွာချလိုက်တော့ တစ်တိုင်းတစ်ပြည်လုံး အအေးဓာတ် လွှမ်းမိုးသွားတာပေါ့ဘုရား၊ သာသနာပြု လုပ်ငန်းကြီး စတင်မဲ့ အချိန်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် သတ္တဝါတွေ အေးချမ်း သာယာမဲ့ နိမိတ် အမှန်ပဲဘုရား။

"ဒကာကြီးပြောသလို ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ကြောင့် ဝေသာလီပြည်မှာ ပေါက္ခရဝဿမိုးကြီး ရွာပြီး

ဘော ရန်ကင်းသွားတဲ့ ထုံးသာဓကေ ရှိဖူးတယ်၊ တစ်ချိန်က ဝဇ္ဇီတိုင်း ဝေသာလီပြည်မှာ မိုးတွေကခေါင်၊ ရေတွေကရှား၊ ကောက်ပဲ သီးနှံတွေက ပျက်စီးနဲ့ ငတ်မွတ်ခေါင်းပါးတဲ့ဘေး ဆိုက်လာတယ်။ အစာရေစာ ငတ်မွတ်ခေါင်းပါးတော့ ရောဂါဆိုးတွေဖြစ်၊ ဘီလူး သဘက်တွေက ဖမ်းစားနဲ့ လူတွေရော ကျွဲ နွား တိရစ္ဆာန်တွေရော အသေအပျောက် အလွန်များလာကြတာပေါ့။ အလောင်း ကောင်တွေဟာ ထပ်နေတာပဲ။ မြှုပ်နှံသင်္ဂြိုဟ်ခြင်းတောင် မပြုနိုင် ကြတော့ဘူး။ မြို့ပြင်ထွက်ပြီး စွန့်ပစ်ထားကြရသတဲ့”

“ကပ်ဆိုက်တယ်လို့ ဆိုရမှာပေါ့ဘုရား”

“အဟိဝါတ ရောဂါဘေးလို့ဆိုတယ်၊ ပုလိပ်ရောဂါလို အကူးအစက်မြန် အသေမြန်တဲ့ ရောဂါမျိုးလို့ ဆိုရမှာပဲ၊ အဲဒီလို ကပ်ဆိုက်နေတော့ လိစ္ဆဝီမင်းတွေနဲ့ ဝေသာလီပြည်သား တွေဟာ ကပ်ဘေးကလွတ်မဲ့ နည်းလမ်းကို ရှာကြ ကြံကြတယ် ဒကာကြီး”

“မှန်ပါဘုရား”

“နောက်ဆုံး ဘုရားကု– ကုမှ ဖြစ်မယ်ဆိုပြီး တချို့က တိတ္ထိဘုရားကြီးခြောက်ဦးကို ဝေသာလီသို့ ပင့်ဆောင်ဖို့ အဆိုပြုကြသတဲ့၊ မင်းနဲ့ အများပြည်သူလူထုကတော့ ဒီတိတ္ထိ ဆရာတွေနဲ့တော့ မဖြစ်ပါဘူး။ အခု ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း တော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတယ်၊ ပစ္စည်း လေးပါး ဒါယကာ ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်ပြီး မြတ်စွာဘုရားကို ဝေသာလီသို့ ပင့်ဆောင်မှ ဖြစ်မယ်ဆိုပြီး

လိစ္ဆဝီမင်းနှစ်ပါး ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သတဲ့ ဒကာကြီး”။

“မှန်ပါဘုရား”။

“ပထမ လက်ဆောင်ပဏ္ဏာများ ဆက်သပြီး ဗိမ္ဗိသာရမင်းကြီးနဲ့တွေ့၊ နောက် မြတ်စွာဘုရားထံ လျှောက်ထားလို့ ဝေသာလီသို့ ကြွရောက်ရန် သဘောတူ ခွင့်ပြုချက်ရတော့ လိစ္ဆဝီမင်း ၂–ပါးနဲ့ ကိုယ်စားလှယ်တော်အဖွဲ့ဟာ မြတ်စွာဘုရားကို ဝေသာလီပြည်ဘက်ကနေ ကြိုဆိုဖို့ ဝမ်းမြောက် ဝမ်းသာနဲ့ ပြန်သွားကြသတဲ့”။

“မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွမယ်ဆိုတော့ ဝမ်းမြောက်စရာပေါ့ဘုရား”။

“ဒါပေမယ့် ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို ရာဇဂြိုဟ်က မထွက်ခွါစေချင်ဘူး၊ မြတ်စွာဘုရားကလဲ ဝေသာလီပြည်သူပြည်သားတွေဟာ ရတနသုတ်တရားဒေသနာတော်ကို နာကြားကြရလို့ အမြောက်အမြား ကျွတ်တမ်းဝင်ကြမှာ မြင်တော်မူတဲ့အတွက် လိစ္ဆဝီမင်းတို့ရဲ့ ပင့်လျှောက်ခြင်းကို လက်ခံလိုက် ခြင်းဖြစ်တယ် ဒကာကြီးရဲ့”။

မှန်ပါဘုရား”။

## ဗိမ္ဗိသာရ၏ သဒ္ဓါကြည်ညိုစိတ်

ဒီတော့ ဗိမ္ဗိသာရမင်းကြီးလဲ မနေသာတော့ဘူး၊ ဝေသာလီသို့ ကြွချီမဲ့ လမ်းတစ်လျှောက် မဏ္ဍပ်ကနားတွေ ကြီးကျယ်စွာ

ဆောက်၊ သဲဖြူချင်း၊ ရာဇမတ်ကာ၊ ပန်းတွေကြဲပြီး ဂင်္ဂါမြစ်ဆိပ်အထိ လိုက်ပါပို့ဆောင်ရှာတယ်၊ ဒီတင်မကသေးဘူး၊ မြတ်စွာဘုရားနဲ့ တပည့်သံဃာတွေ ဂင်္ဂါမြစ်တစ်ဘက်ကမ်း ကူးနိုင်အောင် ရတနာ လှေဖောင်ဟော်ကြီးလုပ်ပြီး ပန်းဆိုင်း၊ နံ့သာဆိုင်း၊ ကြာယပ်တွေနဲ့ လှပအောင် အဆန်းတကြယ် မွမ်းမံပြင်ဆင်ထားသတဲ့။ နောက် မြတ်စွာဘုရားနဲ့ နောက်ပါသံဃာများကို ရတနာလှေဖောင်ထက်တင်ပြီး၊ ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင် မြစ်ထဲဆင်း၊ ရေနက်ထဲရောက်သည့်အထိ လှေဖောင်တော်ကြီးကို တွန်းပြီး လိုက်ပို့တော်မူတယ် ဒကာကြီး။ နောက်ပြီး "ဘုန်းတော်ကြီးသော မြတ်စွာဘုရား- မြတ်စွာဘုရား ဝေသာလီပြည်မှ ပြန်ကြွလာသည်တိုင်အောင် ဘုရားတပည့်တော်သည် ဂင်္ဂါမြစ်ဤမှာဘက်ကမ်းမှ စောင့်မျှော်နေပါမည်ဘုရားလို့ လျှောက်ထားလိုက်သေးသတဲ့"

"မြတ်စွာဘုရားကို ကြည်ညိုလွန်းလို့ ဖြစ်မှာပေါ့ဘုရား။

"အဲ-ဟုတ်ပြီ၊ ဦးပဉ္ဇင်း ဒီဇာတ်ကြောင်းကို ပြောရတာဟာ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအပေါ် ဘယ်လိုအကြည်ညိုစိတ် ပြင်းထန်တယ်ဆိုတာကို ဒကာကြီးတို့ သိစေချင်တဲ့ အချက်တစ်ချက်ပါတယ်၊ ဗိမ္ဗိသာရမင်းကြီးရဲ့ ကြည်ညိုနည်းကို ဦးပဉ္ဇင်းတို့ ဒကာကြီးတို့ အတုခိုးရမယ်၊ နည်းယူရမယ် မဟုတ်လား"

## ဘုရားကိုကြည်ညိုလေးစားရင် ဘုရားစကားနားထောင်

"ဟုတ်ပါတယ် ဘုရား၊ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့ စကားလို ဘုရားကို တကယ် ကြည်ညို ယုံကြည် အားထားမယ်

ဆိုရင် ဘုရားစကားကို နားထောင်ကြမှာပဲ၊ အခုကာလမှာတော့ ဘုရားရဲ့ ဆိုဆုံးမမှုကို နားမထောင်၊ ဘုရားရဲ့ ဒေသနာ ပညတ်ချက်တွေကို ဘေးချိတ်ပြီး ထင်ရာစိုင်းနေကြတာက များတယ်ဘုရား၊ အဲဒါ–ဘုရားကို တကယ်မကြည်ညိုလို့၊ မရှိသေလို့ ဖြစ်ရမယ်ပေါ့ဘုရား"

"ဟုတ်တာပေါ့ ဒကာကြီး၊ မြတ်စွာဘုရားကတော့ ငါ့ရဲ့ တပည့်သား ရဟန်းသံဃာတွေဟာ ငါ့စကားနားထောင်ကြလိမ့်မယ်၊ ငါဘုရားမရှိသည့်တိုင်အောင် **ငါ့ရဲ့ဓမ္မဝိနယတွေကို အနှစ်ငါးထောင်မက တည်အောင် ဆောင်နိုင်ကြလိမ့်မယ်လို့ ရဟန်းသံဃာတွေအပေါ် ယုံကြည်အားထားတော်** မူခဲ့တာ အမှန်ပဲ"

•

"ဒီတော့ တပည့်တော်တို့က မြတ်စွာဘုရားကို တကယ်ကြည်ညိုတဲ့စိတ်၊ တကယ်ယုံကြည် အားထားတဲ့စိတ်နဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး မညစ်နွမ်းအောင်၊ တည်မြဲခိုင်ခံ့အောင် ဘုရားသားတော် တပည့်သာဝကတွေပီပီ လုပ်ကြကိုင်ကြရမှာပေါ့ ဘုရား"

"ကဲ– မြတ်စွာဘုရား ဝေသာလီသို့ ကြွတော်မူပုံကို ဆက်ကြဦးစို့၊ မြတ်စွာဘုရားကို ဗိမ္ဗိသာရမင်းကြီးက ကြီးကျယ်ခမ်းနားစွာနဲ့ မြစ်ရေထဲအထိ ဆင်းပြီး လိုက်ပို့တယ်ဆိုတဲ့ သတင်းကို လိစ္ဆဝီမင်းတွေနဲ့ ဝေသာလီပြည်သူပြည်သားတွေက ကြားသိကြတော့ တို့ကလဲပဲ ဗိမ္ဗိသာရမင်းကြီးထက် နှစ်ဆတိုးပြီး ပူဇော်မယ်ဆိုပြီး အပြိုင်အဆိုင် ကြိုဆိုပူဇော်ပွဲကြီး လုပ်ကြသတဲ့၊

မြတ်စွာဘုရားကိုလဲ ဗိမ္ဗိသာရမင်းကြီးလို လည်ပင်းရေနစ်သည်အထိ မြစ်ထဲဆင်းပြီး ရေထဲဆင်းကာ လှေဖောင်တော်ကို ဆွဲယူကြသတဲ့၊ ဘယ်ကလောက် အားကျစရာ ကောင်းသလဲလို့”

“မှန်ပါဘုရား”

“ရတနာလှေဖောင်တော်ကြီးဟာ ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ဆိုက်ကပ်လို့ မြတ်စွာဘုရားရှင်ရဲ့ လက်ယာခြေတော်ဟာ ဝေသာလီမြေပေါ်ကို ချမိတယ်ဆိုတာနဲ့ တစ်ပြိုင်နက် အရပ်ရှစ်မျက်နှာက တိမ်တောင်တိမ်လိပ်တွေ တရိပ်ရိပ်တက်လာပြီး လျှပ်စစ် လျှပ်ပန်းတွေ တလက်လက်နဲ့ တဂျုန်းဂျုန်း ထစ်ချုန်းပြီး ပေါက္ခရဝဿမိုးကြီး သည်းထန်စွာ ရွာသွန်းတော့တာပဲတဲ့ ဒကာကြီး”

“ဒီလိုဆို ဝေသာလီမှာ မြေမမြုပ်နိုင်လို့ စွန့်ပစ်ထားတဲ့ အသေကောင် အလောင်းကောင် ပုပ်တွေရော အညစ်အကြေး အမှိုက်သရိုက်တွေရော ရေထဲ မျောပါကုန်ရောပေါ့ဘုရား”

“ဟုတ်တယ်၊ ဒလဟောစီးဆင်းလာတဲ့ မိုးရေထဲမှာ အကုန်လုံး မျောပါသွားပြီး ဂင်္ဂါမြစ်ထဲ တွန်းပို့လိုက်သလိုပဲတဲ့၊ ဝေသာလီတစ်ပြည်လုံးမှာရှိတဲ့ အညစ်အကြေးတွေဟာ တစ်ခါထဲ သန့်ရှင်းသွားတာပေါ့ ဒကာကြီး။ အညစ်အကြေးတွေတင် မကဘူး မြတ်စွာဘုရားနဲ့ နောက်ပါသံဃာတော်များ ဝေသာလီမြို့ တံခါးရောက်တယ် ဆိုရင်ပဲ သောင်းကျန်းနေကြတဲ့ ဘီလူးသဘက် ဖုတ် ပြိတ္တာ တစ္ဆေတွေဟာလဲ ပြေးကုန်ကြတာပဲတဲ့”

မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုး အာနုဘော်ကြောင့် ပဲပေါ့ဘုရား”

## ရတနသုတ်ရဲ့ တန်ခိုး

"ဝေသာလီမြို့တံခါးဝ ရောက်တော့ မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်မြတ်ကို မြို့ရိုးသုံးထပ်အကြား နောက်ပါ သံဃာတော်များနှင့် လှည့်လည်ကာ ပရိတ် အရံအတား ပြုလုပ်ဖို့ ညွှန်ကြားတော်မူပြီး ရတနသုတ္တန်ကို ဟောကြားသင်ပြ ပေးတော်မူတယ်။ အဲဒီနောက် မြတ်စွာဘုရားဟာ ဝေသာလီ မြို့တွင်းမှာ ရတနသုတ်ကိုပဲ ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူပြီး ကျွတ်တမ်းဝင်ကြတဲ့ သတ္တဝါတွေဟာလဲ ငါးသိန်း ရှစ်သောင်း ရှစ်ထောင် ရှိတယ်လို့ဆိုတယ် ဒကာကြီး"

"သာခုခေါ်ပါတယ်ဘုရား၊ ဝေသာလီပြည်မှာ ပေါက္ခရ– ဝဿမိုးကြီး ရွာချလို့ အညစ်အကြေး မကောင်းတဲ့ အနိဋ္ဌာရုံတွေ ကွယ်ပျောက် သန့်ရှင်းသွားသလို၊ ရတနသုတ် ပရိတ်တော်ကြောင့် မကောင်းဆိုးဝါး ဘေးဥပဒ် အန္တရာယ်တွေ ကွယ်ပျောက်သွား သလို ရတနသုတ်ဒေသနာကို နာကြားကြရလို့ ကျွတ်တမ်းဝင်ပြီး နိဗ္ဗာန်သုခကို ရကြသလို၊ တပည့်တော် တို့တတွေလဲ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော် ကြီး သန့်ရှင်းရေး၊ တည်တံ့ခိုင်မြဲရေး၊ ပြန့်ပွားစည်ပင်ရေးတွေကို စတင်ဆောင်ရွက်ကြတဲ့နေ့ အချိန်အခါ ကစပြီး ကောင်းကျိုး ချမ်းသာ မင်္ဂလာအဖြာဖြာတို့နဲ့ ပြည့်စုံကြပါစေ၊ အားလုံး ဘေးရန်ကင်းကြပါစေ၊ ချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်း တောင်းကြရမှာပဲ ဘုရား"

"ဆုတောင်းကြရမှာပေါ့ ဒကာကြီး၊ ရတနသုတ်မှာ ပါတဲ့အတိုင်း –

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု –

လို့ ရွတ်ကြပေါ့ ဒကာကြီးရာ၊ မှန်သော သစ္စာစကားကြောင့် သတ္တဝါတွေ ကောင်းကျိုးချမ်းသာနဲ့ တွေ့လိမ့်မပေါ့”

“မှန်ပါဘုရား”

## အခန်း (၂)

## သာသနာ့အန္တရာယ်

"ကဲ ဆွမ်းလဲစားပြီးပြီ၊ စောစောတုန်းက စကား ဆက်ကြဦးစို့"

"ကောင်းပါတယ်ဘုရား၊ အေးအေးအေးဆေးပေါ့၊ ညနေကျတော့ ပုဗ္ဗဝိဒေဟအဆောင်ကို တပည့်တော်ကားနဲ့ လိုက်ပို့ပေးပါမယ်ဘုရား"

"ဟုတ်ပြီ၊ ဒီကနေ့တော့ ဒကာကြီးနဲ့ အပြတ်ဆွေးနွေးမှ ဖြစ်မယ်၊ နက်ဖြန်ဆိုရင် ကျုပ်တို့ ညရထားနဲ့ မန္တလေးဘက် ပြန်ကြရမှာမို့ အချိန်မရတော့ဘူး။ ကဲ ဒကာကြီးကို တစ်ခုမေးမယ်၊ သာသနာဆိုတာ ဘာလဲ ဒကာကြီး"

"တပည့်တော် သိသလောက်တော့ မြတ်စွာဘုရားရဲ့ အဆုံးအမ ဒေသနာတော်ဟာ သာသနာပါပဲ ဘုရား"

"အဲ ဟုတ်ပြီ၊ ဒီတော့ မြတ်စွာဘုရားရဲ့ အဆုံးအမှာ တည်နေကြရင် သာသနာတည်တယ်၊ အဆုံးအမမှာ မတည် ကြဘူးဆိုရင် သာသနာ ပျက်မယ်လို့ ဆိုရမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ သာသနာတည်အောင် ပျက်အောင် လုပ်နိုင်တာက ဘယ်သူတွေလဲ ဒကာကြီး"

"သာသနာ့ဝန်ထမ်း ရဟန်းတော်တွေနဲ့ သာသနာဝင်လူပုဂ္ဂိုလ်တွေပဲ ဖြစ်ရမှာပေါ့ ဘုရား"

"ဘာကြောင့်လဲ ဒကာကြီးရဲ့"

"ဘာသာခြား ပုဂ္ဂိုလ်တွေက ပျက်အောင်သာ လုပ်နိုင်တယ်၊ သာသနာတော်အတွင်းရောက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ တည်အောင်လဲ လုပ်နိုင်တယ်၊ ပျက်အောင်လဲ လုပ်နိုင်တယ်ဘုရား"

"မှန်တယ် ဒကာကြီး၊ သာသနာတော်နဲ့ ပတ်သက်လို့ ပြင်ပအန္တရာယ်ထက် အတွင်းအန္တရာယ်ကို ပိုပြီး သတိထားကြရမယ်"

"ခုခေတ်မှာ သာသနာ့အရေခြုံပြီး သာသနာတော်ကြီး ညစ်နွမ်းအောင် ပျက်စီးအောင် လုပ်နေကြတဲ့ သာသနာ့အန္တရာယ် ရန်စူး ရန်ငြောင့်တွေ အလွန်ပေါများနေပါတယ်ဘုရား။

"ဒကာကြီး မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်ကလဲ ဒီလိုသာသနာ့ အတွင်းအန္တရာယ်တွေဟာ ပေါ်ပေါက်ခဲ့ဖူးတယ်"

"အမိန့်ရှိပါ ဘုရား"

## ဒေဝဒတ်ရဲ့ စည်းရုံးရေး

"အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရဲ့ လူ့ဘဝက ယောက်ဖတော် အရှင်း၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒ၊ ဘဂု၊ ကိမိလ အစရှိတဲ့ သာကီဝင်မင်းသား (၅)ဦး၊ ဉပါလိ ဆတ္တာသည်နှင့်အတူ အနုပိယ သရက်တောအုပ်အတွင်းမှာ မြတ်စွာဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ခံယူခဲ့တဲ့ ပုဂ္ဂိုလ်၊ ပုထုဇဉ်ရဟန်းအဖြစ်နဲ့ လောကီစျာန် အဘိညာဉ်တို့ကို နိုင်နင်း ရရှိခဲ့တဲ့ပုဂ္ဂိုလ်ထူး ဖြစ်တယ်။ သူက မြတ်စွာဘုရားကို ပြိုင်ချင်တယ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပတို့လို လူအကြည်ညို ခံချင်တယ်၊ ပူဇော်ဆည်းကပ်မှဲ့ ပရိသတ်များချင်တယ်၊ မနာလိုဝန်တိုတဲ့ သဘော၊ နေရာလုချင်တဲ့ သဘောပေါ့ ဒကာကြီးရာ"

"အမိန့်ရှိပါ ဘုရား"

"ဒီတော့ သူ့ဘုန်းတန်ခိုးတက်မဲ့ နည်းလမ်းကို ရှာတယ်၊ သူ့နည်းက တန်ခိုးအာဏာရှိတဲ့လူနဲ့ပေါင်းပြီး တက်လမ်းရှာတဲ့နည်းပဲ၊ ဘုရင်ဗိမ္ဗိသာရတို့ ဘုရင်ကောသလတို့က ဗုဒ္ဓဂေါတမရဲ့ ဘက်တော်သားတွေ၊ သူတို့နဲ့ပေါင်းလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ အသိဉာဏ်နည်းပြီး ငါ့စကား နားထောင်မဲ့လူ၊ ငါကြိုးဆွဲတိုင်းက,မဲ့လူကို ရှာမှဖြစ်မယ်ဆိုပြီး ဘုရင်ဗိမ္ဗိသာရရဲ့သား၊ အဇာတသတ်မင်းသားငယ်ကို သူ့ဘက်ပါအောင် သိမ်းသွင်းတယ် ဒကာကြီးရဲ့"

"အင်း စိတ်ဝင်စားစရာပဲ ဘုရား"

"သူ သိမ်းသွင်းပုံကလဲ ကြည့်လေ၊ အဇာတသတ်က ငယ်သေးတော့ အမှားအမှန် ဝေဖန်ဆင်ခြင်တတ်တဲ့ အသိဉာဏ်

မရှိသေးဘူး၊ နုသေးတယ်ဆိုပါတော့။ နောက်ပြီး အရှင်ဒေဝဒတ်က သူ့တန်ခိုးအဘိညာဉ်နဲ့ မြွေ ၆-ကောင် ပတ်ခွေထားတဲ့ သူငယ်အသွင် ဖန်ဆင်းပြီး ကောင်းကင်ကဆင်းလာတဲ့ပုံ ဖန်ဆင်းပြတယ်၊ ဒီတော့ အဇာတသတ်မင်းသားငယ်က ဒေဝဒတ်ရဲ့ တန်ခိုးပြာဋိဟာကို မြင်ရပြီး အင်မတန် ကြည်ညိုသွားတယ်၊ အထင်ကြီးသွားတယ်၊ ရှင်ဒေဝဒတ်ထံ နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် မှန်မှန်သွားပြီး ဆည်းကပ်တယ်၊ ဆွမ်းဝတ် မှန်မှန်ပို့တယ်"

"ခုခေတ်မလဲ ဒီလိုပုံစံမျိုးနဲ့ ဩဇာအာဏာရှိတဲ့လူ၊ ငွေကြေး ချမ်းသာတဲ့သူတွေကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းပြီး ဘုန်းတန်ခိုးတက်အောင် လာဘ်လာဘပေါများအောင် လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ အများဘဲ ရှိကြပါတယ် ဘုရား"

"အခုလို အာဏာရှိတဲ့လူကို သိမ်းသွင်းပြီး လာဘ်လာဘရော၊ ဘုန်းတန်ခိုးရော တက်လာတော့ ဒေဝဒတ်က ခြေကြွလာတယ် ဒကာကြီးရဲ့၊ သူက "ငါဟာ ဘုရားတစ်ဆူလုပ်ပြီး ရဟန်းသံဃာတွေကို ခေါင်းဆောင်မယ်ဆိုပြီး ဗုဒ္ဓဂေါတမနဲ့ စင်ပြိုင်ဂိုဏ်းထောင်ဖို့ စိတ်ကူးပေါက်လာတယ်၊ အဲဒီလို မြတ်စွာဘုရားနဲ့ စင်ပြိုင်လုပ်ဖို့ စိတ်ကူးပေါက်လာတာနဲ့ တစ်ပြိုင်နက် သူရဲ့လောကီဈာန် အဘိညာဉ် တန်ခိုးတွေဟာ တခါထဲ လျောကျသွားတယ် ဒကာကြီး"

"တန်ခိုးကြီးချင်တဲ့စိတ်၊ လာဘ်လာဘ ခြွေရံသင်းပင်း ပေါများချင်တဲ့စိတ်က ဒေဝဒတ်ကို ဖျက်ဆီးတယ်လို့ ဆိုရမှာဘဲ ဘုရား"

## လာဘ်လာဘနှင့် ထင်ပေါ်ကျော်စောခြင်း၏ဘေး

"ဟုတ်တယ်ဒကာကြီး၊ မြတ်စွာဘုရားက ရှင်ဒေဝဒတ်ကို အားမကျဖို့ အတုမယူကြဖို့ ရဟန်းတွေကို ဟောကြားဆုံးမ တော်မူတဲ့ ဂါထာတစ်ပုဒ်ရှိတယ်၊ အင်မတန် မှတ်သားဖို့ ကောင်းတယ်၊ မြန်မာလိုဘဲ ပြောပါ့မယ်---

"ရဟန်းတို့-ဥပမာအားဖြင့် (၁) ငှက်ပျောပင်သည် မိမိကိုယ်ကို သတ်ဖို့ရန်၊ ပျက်စီးဖို့ရန် အသီးသီးသကဲ့သို့ လည်းကောင်း၊ (၂) ဝါးပင်သည် မိမိကိုယ်ကို သတ်ဖို့ရန်၊ ပျက်စီးဖို့ရန် အသီးသီးသကဲ့သို့ လည်းကောင်း၊ (၃) ကျူပင်သည် မိမိကိုယ်ကို သတ်ဖို့ရန်၊ ပျက်စီးဖို့ရန် အသီးသီးသကဲ့သို့ လည်းကောင်း၊ (၄) အဿတိုရ်မြင်းမသည် မိမိကိုယ်ကို သတ်ဖို့ရန်၊ ပျက်စီးဖို့ရန် ကိုယ်ဝန်ကို ဆောင်သကဲ့သို့ လည်းကောင်း၊ ထို့အတူပင် ဒေဝဒတ်၏ လာဘ်သပ်ပကာ ကျော်စောမှုသည် မိမိကိုယ်ကို သတ်ဖို့ရန်၊ ကျော်စောဖို့ရန် ဖြစ်လာ၏--တဲ့"

"သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် မှုမမှန် တဲ့နည်းနဲ့ ဖြတ်လမ်းကလိုက်ပြီး တန်ခိုးကြီးလာရင် ကျော်စောလာ ရင် အကျမြန် အပျက်မြန်တာဟာ ကိုယ်တွေ့မျက်မြင်တွေပါပဲ ဘုရား။ ဒါတွေဟာ ခံ့မင်စရာ မက်မောစရာ မဟုတ်ဘူး။ သာသနာ့ အန္တရာယ်တွေပဲလို့ ဆင်ခြင်သုံးသပ်နိုင်ရမယ်ပေါ့ ဘုရား"

"ရှင်ဒေဝဒတ်ဟာ ဘုန်းတန်ခိုး ကြီးသည်ထက်ကြီးအောင် မင်းဆရာလုပ်ချင်တော့ အဇာတသတ်ကို မြှောက်ပေးပြီး ရှင်ဘုရင်

မြန်မြန်ဖြစ်အောင် ဖခင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကိုသတ်ခိုင်းသေးတယ်"

"တယ်လဲဆိုးတဲ့ ဒေဝဒတ်ပါလား ဘုရား"

## ဒေဝဒတ်၏အကြံ ဘုရားလက်မခံ"

"ဒါတင် ဘယ်ကမလဲ ဒကာကြီး၊ မြတ်စွာဘုရားနဲ့ သံဃာတွေ သင်းကွဲအောင် လုပ်သေးတယ်၊ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ အခါတုန်း ကပေါ့၊ ဒေဝဒတ်နဲ့ သူရဲ့အဖွဲ့ဝင် ကောကာလိကတို့၊ သမုဒ္ဒဒတ္တတို့က ရှင်ဂေါတမဟာ တန်ခိုးအာနုဘော် ကြီးမားတယ်၊ သံဃာနဲ့ကွဲအောင် အာဏာစက်ပျက်အောင် လုပ်မှပဲလို့ ညှိနှိုင်းတိုင်ပင်ကြတယ်၊ နောက်ပြီး ရှင်ဒေဝဒတ်က မြတ်စွာဘုရားထံ သွားပြီး အချက် (၅) ချက် တင်ပြတောင်းဆိုတယ် ဒကာကြီး၊ သူတောင်းဆိုတာက (၁) ရဟန်းအားလုံး အသက်ရှည်သမျှ တောကျောင်း၌ နေရမယ်၊ (၂) အမြဲ ဆွမ်းခံစားရမယ်၊ ပိဏ္ဍပါတ်ဓုတင်ဆောင်ရမယ်၊ (၃) သုသာန်စသည်မှ ကောက်ရတဲ့သင်္ကန်းဖြင့် ပံ့သကူဓုတင် အမြဲဆောင်ရမယ်၊ (၄) သစ်ပင်းရင်းမှာသာ နေရမယ် (၅) အမဲသားငါး မစားရဘူးတဲ့"

"အတော်လေး ပညာသားပါတဲ့ အစီအစဉ်ပဲဘုရား"

"အေးလေ ဒီအချက်(၅)ချက်ကို မြတ်စွာဘုရားက ဘယ်နည်းနဲ့မှ လိုက်လျောခွင့်ပြုမယ် မဟုတ်ဘူးဆိုတာ သူသိလျက်သားနဲ့ လုပ်တာ၊ ဒေဝဒတ်ရဲ့ စိတ်ကူးက မြတ်စွာဘုရားက

လက်မခံဘူး ငြင်းပယ်မယ်ဆိုရင် ကြည့်ဟော–ရှင်ဂေါတမဟာ ဒီလောကကောင်းမြတ်တဲ့ အကျင့်တရားတွေကို လက်မခံဘူး၊ မကျင့်ဘူး၊ တို့ကသာ ခေါင်းပါးတဲ့ အကျင့်၊ ခြိုးခြံတဲ့အကျင့်တွေကို ကျင့်တာလို့ ဝါဒဖြန့်မယ်၊ ဒီတော့ ခေါင်းပါးခြိုးခြံတဲ့အကျင့်ကို ကျင့်မှ ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက တို့ကို ဆည်းကပ်ကြလိမ့်မယ်လို့ မျှော်လင့်ထားတာကိုး၊ သို့သော်လဲ သူထင်သလို ဖြစ်မလာဘူး ဒကာကြီးရဲ့"

"နောက်ပြီး ဘာဖြစ်သေးလဲ ဘုရား"

"အခုလို အနုနည်းနဲ့ မရတော့ ဘုရားကိုသတ်ပစ်ဖို့အထိ ကြံတယ်၊ နာဠာဂိရိဆင်နဲ့ တိုက်တယ်၊ တောင်ပေါ်က ကျောက်တုံးနဲ့ လိမ့်ချတယ်"

"တယ်လဲရက်စက်ပါလား ဘုရား"

"ဒါတောင် ဒေဝဒတ်ဟာ သွေးအနီးဆုံးပုဂ္ဂိုလ် သာသနာတော်အတွင်းက ပုဂ္ဂိုလ်ဒကာကြီးရဲ့"

"သာသနာ့အတွင်းအန္တရာယ်ပေါ့ဘုရား"

"ဟုတ်တယ်ဒကာကြီး၊ နောက်ထင်ရှားတဲ့ သာဓကတစ်ခု ပြောရဦးမယ်"

"မှန်ပါဘုရား"

# အခန်း (၃)

## အချောင်သမား ဆဗ္ဗဂ္ဂီ

"မြတ်စွာဘုရား လက်ထက်တော်က ဆဗ္ဗဂ္ဂီ ရဟန်းတွေ ဆိုတာ ရှိသေးတယ်၊ ဒကာကြီး၊ ကြားဖူးဖတ်ဖူးပါလိမ့်မယ်"

"အမိန့်ရှိပါဘုရား"

သာဝတ္ထိပြည်မှာ သူငယ်ချင်းခြောက်ယောက်ရှိတယ်။ သူတို့နာမည်က (၁)ပဏ္ဍုကာ၊ (၂)လောဟိတကာ၊ (၃)မေတ္တိယ (၄) ဘူမဇကာ၊ (၅) အဿဇိနဲ့ (၆) ပုနဗ္ဗသုကတဲ့။ သူတို့ဟာ လယ်ထွန်ယာလုပ်နဲ့ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက် နေရတဲ့လူတွေ။ တစ်နေ့တော့ စိတ်ကူးရပြီး တိုင်ပင်ကြသတဲ့။ တို့ဟာ အခုလူအဖြစ်နဲ့ လုပ်ကိုင်နေထိုင်စားသောက်ကြရတာ အင်မတန် ပင်ပန်းဆင်းရဲတယ်၊ ပင်ပင်ပန်းပန်း လုပ်မှ ကိုင်မှ ထမင်းတစ်နပ်ဝရုံရှိတယ်၊ ဒီတော့ မပင်မပန်းဘဲနဲ့ အချောင်နေ အချောင်စားရတဲ့ဘဝကို တို့ကူးကြစို့၊ အရှင်ဂေါတမနှင့် သူ့တပည့် ရဟန်းသာဝကတွေဟာ သူဌေးသူကြွယ် မင်းစိုးရာဇာမှအစ ပူဇော်ကြ၊ ကိုးကွယ် ဆည်းကပ်ကြတော့ ဘုန်းတန်ခိုးလဲကြီးတယ်၊ ပစ္စည်းလာဘ်လာဘလဲပေါများတယ်၊ အစားချောင် အနေချောင် ပေါ့ကွာ၊ တို့-ဒီတော့ ရှင်ဂေါတမရဲ့သာသနာတော်အတွင်း ဝင်ကြစို့လို့ တစ်ယောက်က အဆိုပြုသတဲ့"

"အနေအစား ကြပ်တည်းလို့ ဘုန်းကြီးလုပ်မဲ့ စိမံကိန်း ပေါ့ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ခုခေတ်မှာလဲ ဒါမျိုးတွေ အလွန်များတယ်၊ သာသနာမှာ အချောင်သမားတွေပေါ့၊ အခုဒီကိစ္စမှာ ပဏ္ဍုကလူစုက အတော်အကြံပိုင်တယ်"

"ဘယ်လိုအကြံပိုင်တာတုံး ဘုရား"

"တို့ဟာ ဇာပေပရိယတ္တိလဲ အခြေခံမရှိဘူး၊ ပဋိပတ်နဲ့ ကလဲဝေလာဝေး၊ ဒီတော့ ရဟန်းဖြစ်လို့ ကြီးပွားချင်ရင် ထင်ရှားပေါ်လွင်ချင်ရင်၊ ကိစ္စတစ်ခုခုရှိလာရင် ကျောထောက် နောက်ခံကောင်းကောင်းရှိဖို့လိုတယ်လို့ တစ်ယောက်က အကြံ ပြုသတဲ့ ဒကာကြီး"

"ဟုတ်တာပေါ့ဘုရား၊ ပင်ကိုယ်အခြေခံကမှ မကောင်းတဲ့ လူတွေဆိုတော့ အကပ်အရပ်လိုတာပေါ့၊ ဘက်ဂရောင်း ကောင်းကောင်းရှာတဲ့ သဘောပေါ့၊ ဒီလိုပဲ လူပုဂ္ဂိုလ် ရဟန်း ပုဂ္ဂိုလ်အချို့ဟာ ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးများထံ ပူးဝင်ချဉ်းကပ်ပြီး သူတို့ကိုယ်သူတို့ ထင်ပေါ်အောင် လူသိများအောင် စားကွက်ပေါ်အောင် လုပ်ကြတယ် ဘုရား၊ စေတနာမှန်နဲ့တော့မဟုတ်ဘူး။ အရည်အချင်းရှိလို့လဲ မဟုတ်ဘူး။ ကပ်ပြီးရနေတဲ့ ကပ္ပိယတွေပေါ့ဘုရား"

"ဟုတ်တယ် အခုဒကာကြီးပြောသလို ကျောထောက် နောက်ခံ ဘက်ဂရောင်း ကောင်းကောင်းရှိဖို့လိုတယ်ဆိုပြီး ဒီလူ (၆)ယောက်ဟာ သာသနာတော်မှာ ထိပ်သီးဖြစ်တော်မူကြတဲ့

အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်သာဝက ကိုယ်တော်ကြီး ၂–ပါးထံသွားပြီး တပည့်ခံရဟန်းပြုကြသတဲ့ ဒကာကြီး”

## ဂိုဏ်းသမားတွေရဲ့ လုပ်ထုံးလုပ်နည်း

“မထေရ်မြတ်ကြီးတွေကို ခုတုံးလုပ်တာပေါ့ဘုရား၊ တပည့်တော် ကြုံဖူးတာလေးတစ်ခု လျှောက်ရအုံးမယ်၊ လွန်ခဲ့တဲ့ (၅)နှစ်လောက်က ထင်ပါရဲ့၊ ရန်ကုန်မြို့ဇွန်မှာရှိတဲ့ ချောင်းဘေး တစ်နေရာမှာ ဝိဇ္ဇာလိုလို၊ ဘာလိုလို ထင်ရှားကျော်ကြားတဲ့ ဂိုဏ်းဘုန်းကြီးတစ်ပါးက စေတီတစ်ဆူတည်ပြီး ဘုရားထီးတင်ပွဲ လုပ်တယ်”

“နေရာတကာလျှောက်ပြီး ဘုရားတည်၊ ဝါးလုံးရှည်ရှည်နဲ့ ပိတ်ဖြူတို့ သင်္ကန်းတို့ချည်ပြီး အလံစိုက်၊ သက်သတ်လွတ်စား ပုတီး ဘယ်နှစ်ပတ်စိတ်၊ ယောဂီအဝတ်ဝတ်၊ ဘယ်ထောင့် ဘယ်အရပ်က ဘယ်နေ့သားက ရွှေအုပ် ငွေအုပ်ကိုင်၊ ဘယ် ဆရာတော်ဘုရားကြီးက အုတ်မြစ်ချဆိုတာတွေက ဝိဇ္ဇာ ယောင်ယောင် ဇော်ဂျီယောင်ယောင် ရွှေချထားတဲ့တောင်ဝှေး လက်ကကိုင်ပြီး အချောင်စားပေါက်ထွင်နေကြတဲ့ လူယုတ်မာ တွေရဲ့ လုပ်ဇာတ်တွေပါ ဒကာကြီး”

“ဒါပေမယ့် သူတို့က ပါရမီရှင် ၇–ရက် သားသမီးတွေရဲ့ သာသနာပြုလုပ်ငန်းဆိုပြီး အသံကောင်းဟစ်သေးတယ်ဘုရာ”

“ဒါနဲ့ တစ်နေ့တော့ တပည့်တော် ရွှေဂုံတိုင်လမ်းက ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်ကြီးထံ သွားရောက်

ကန်တော့ပြီး လျှောက်ထားတယ်၊ ဆရာတော် ဘုရားကြီးလဲ ယခုပျံလွန်တော်မူသွားပါပြီ”

“ဒကာကြီးက ဘယ်လိုလျှောက်ထားသတုံး”

“အင်မတန် ရိုသေလေးစားရတဲ့ ဆရာတော်ကြီးတွေ မဟုတ်လား၊ ဒီတော့ တပည့်တော်က တပည့်တော်မှားလျှင် သည်းခံခွင့်လွှတ်တော်မူပါဘုရား၊ ဒီလို ဂိုဏ်းဘုန်းကြီးတွေဟာ ဆရာတော်ဘုရားများကဲ့သို့ ထင်ရှားသောပုဂ္ဂိုလ်ကြီးတွေကို ပင့်လျှောက်ပြီး သူတို့ရဲ့ လုပ်ငန်းထင်ပေါ်ကျော်ကြားအောင်၊ ပရိသတ်က အထင်ကြီးအောင်၊ ပစ္စည်းအရှာရ လွယ်အောင် ခုတုံးလုပ်တာပါဘုရား၊ ဒီလိုပုဂ္ဂိုလ်တွေက ပင့်လျှောက်လာရင် လက်မခံပါနဲ့ဘုရား၊ မကြွပါနဲ့ဘုရားလို့ တပည့်တော်က ရင်းရင်း နှီးနှီးနဲ့ ပွင့်ပွင့်လင်းလင်း လျှောက်ထားပါတယ်”

“ဒီတော့ ဆရာတော်ဘုရားကြီးက ဘယ်လိုအမိန့်ရှိသလဲ”

‘ဘုန်းကြီးတို့လဲ ဒါမျိုးတွေ တွေ့ကြုံရဖူးလို့ သတိထားပါတယ်၊ လက်မခံပါဘူးလို့ ပြန်လည် မိန့်ကြားတော်မူပါတယ်”

“ရဟန်းတစ်ပါးအနေနဲ့ ပင့်လျှောက်လာတော့ ဆရာကြီးများမှာ အပယ်ရခက်တယ် ဒကာကြီး၊ အားနာရတယ် ဆိုပါတော့”

“သာကေ တစ်ခုရှိသေးတယ်ဘုရား၊ လွန်ခဲ့တဲ့ ၃–၄– နှစ်လောက်က ဈာန် အဘိညာဉ် ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက

နဂါးပြည်သွားပြီး စွယ်တော်ပင့်လာသတဲ့၊ နောက် အရာရှိ တစ်ဦးမှ တစ်ဆင့် ထင်ရှားတဲ့ ဆရာတော်ကြီး ၂–ပါးကို သူ့ကျောင်းပင့်ပြီး ဆွမ်းကျွေး၊ အနေကဇာတင်လုပ်သတဲ့၊ အဲဒီလိုလုပ်ပြီးတဲ့နောက် သူ့စွယ်တော်ပင့်လာပုံကို ဒီ ဆရာတော်ကြီး ၂–ပါးက ထောက်ခံတဲ့သဘော၊ လက်ခံတဲ့ သဘောမျိုးရေးပြီး ပုံနှိပ်စာရွက်တွေ ပလူပျံအောင် ကမ်းတယ်၊ ဒါနဲ့ တပည့်တော်က ဒီကိစ္စဟာ မဖြစ်နိုင်ဘူးလို့ဆိုပြီး ဆရာတော် ကြီး တစ်ပါးထံ တယ်လီဖုန်းနဲ့ရော၊ လူကိုယ်တိုင်ပါ သွားရောက်ပြီး လျှောက်ထားရတယ်၊ ဒီလိုဝေ့လည်ကြောင်ပတ် ရေးပြီး ပုံနှိပ်ကမ်းလှမ်းတာကို ဆရာတော်ကြီး ၂–ပါးစလုံး လုံးဝမသိလိုက်ဘူး ဘုရား”

“တယ်ဆိုးတဲ့လူတွေပဲ၊ ဒကာကြီးပြောသလို ဒီဆရာတော် ကြီးတွေကို ခုတုံးလုပ်ပြီး သက်သက်ပြဿနာပေါ်အောင် ဖန်တီးတာပါပဲ”

“တစ်ခါကလဲ ပုဇွန်တောင်ဘက်မှာ ဂိုဏ်းဘုန်းကြီး တစ်ပါးက ထင်ရှားတဲ့ ဆရာတော်ကြီးတွေကို ပင့်ပြီး ဩဝါဒခံယူပွဲ ပူဇော်ကန်တော့ပွဲ လုပ်တယ်၊ ကြည့်မြင်တိုင် ဘုံပျံဆရာတော်တို့၊ သရက်တော–ဖျာပုံတိုက်သစ် ဆရာတော်တိုလဲ ပါသပေါ့ဘုရား၊ တပည့်တော်က ဆရာတော်ကြီးများ ဘယ်လို ဩဝါဒပေးမလဲ ဆိုတာ သိချင်တာနဲ့ ခပ်ဝေးဝေး တစ်နေရာက သွားပြီး နားထောင်တယ်”

“ဆရာတော်ကြီးများက ဘယ်လို ဩဝါဒပေးသလဲ ဒကာကြီး”

"သြဝါဒကတော့ တပည့်တော် အကြိုက်ပဲဘုရား၊ သြဝါဒခံယူပွဲဆိုတော့ တို့က မကောင်းမြစ်တာ၊ ကောင်းရာ ညွှန်လတ် ဆိုတာလို မသင့်တာကို မသင့်ဘူးလို့ သြဝါဒပေးရမှာပဲ၊ ဒီလိုမဟုတ်ဘဲ အားလုံး ကောင်းပါတယ်လို့ဆိုရင် သူကျွေးတဲ့ ဆွမ်းကို ညာစားတာနဲ့ အတူတူပဲ၊ သာသနာတော်မှာ ရဟန်းတော်များဟာ ခေါင်းဆောင်ပဲ၊ မီးရထား စက်ခေါင်းနဲ့ တူတယ်၊ အေး---ခေါင်းတွဲ လမ်းချော်ကျရင် နောက်ပါတွဲတွေလဲ မှောက်ကုန်တယ်၊ ဒီတော့ လမ်းချော်မကျအောင် တွဲတွေမှောက် မကုန်အောင် ဟောပါ၊ ပြောပါ၊ လုပ်ပါ၊ ဘုရားဒေသနာတော်နဲ့ ဆန့်ကျင်တဲ့ အလုပ်တွေကို မလုပ်နဲ့လို့ သြဝါဒပေးတော်မူကြတယ်"

"သာဓုခေါ်ပါတယ် ဒကာကြီး၊ ဂိုဏ်းဆရာတွေရဲ့ ပစ္စည်းလာဘ်လာဘတွေဟာ မစင်ကြယ်ပါဘူး၊ အမှန်ကတော့ သူတို့ရဲ့ ပစ္စည်းလာဘ်လာဘကို ထောက်ထားငဲ့ ညှာဖို့ မလိုဘူး၊ ဘုရားရဲ့ မျက်နှာတော်ကိုသာ ထောက်ထားဖို့လိုတယ်"

"ဒီလိုမှပဲ သာသနာတော်ရဲ့ အညစ်အကြေး အစွန်းအထင်းတွေကို ပြုပြင်သန့်ရှင်းရာ ရောက်တော့မပေါ့ ဘုရား၊ ဒါနဲ့ ဆဗ္ဗဂ္ဂီတွေအကြောင်း ဆက်ပါဦးဘုရား"

# အခန်း (၄)

## စည်းရုံးရေး နည်းပရိယာယ်

"အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်ကြီးတွေထံမှာ ရဟန်းအဖြစ် ခံယူကြပြီးတဲ့နောက်၊ သူတို့ရဲ့ ကြီးပွားရာ ကြီးပွားကြောင်း အနေချောင် အစားချောင် ဖြစ်အောင် စီမံကိန်းထုတ်ကြသတဲ့ ဒကာကြီး၊ ရဟန်းသိက္ခာ ၅-ဝါလောက် ရတော့ သူတို့ရဲ့ စီမံကိန်းကို စတင်အကောင်အထည်ဖော် ကြတယ်ဆိုပါတော့၊ တိုတော့ တစ်နေရာထဲမှာ စုပြီးနေလို့ မဖြစ်ဘူး၊ တောရွာဇနပုဒ် ဆိုတာကလဲ ဆွမ်းကွမ်း အခက်အခဲ ရှိတတ်တယ်၊ ဒီတော့ ၂-ယောက်တစ်တွဲ လူစုခွဲပြီး ရေကြည်ရာ မြက်နုရာ သွားကြစို့လို့ အကြံပြုကြသတဲ့"

"အေးလေ၊ အစကတည်းက အစားရကြပ်လို့ သာသနာ့ဘောင်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေပဲဟာ ဒီလိုပဲ ဖြစ်ရမှာပေါ့ ဘုရား၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ရဟန်း(၄)မျိုး ခွဲပြထားတာ တပည့်တော် ဖတ်ဖူးပါတယ်ဘုရား-

၁။ သဒ္ဓါပဗ္ဗဇိတ- သာသနာတော်ကို ကြည်ညိုလို့ သဒ္ဓါ တရား သက်သက်ဖြင့် သာသနာဘောင်သို့ ဝင်လာ တဲ့ပုဂ္ဂိုလ်၊

၂။ ပညာပဗ္ဗဇိတ-တရားတော်ပညာကို သိလို တတ်လို သင်ကြား ပို့ချလိုလို့ ဝင်လာတဲ့ပုဂ္ဂိုလ်၊

၃။ ဘယာပဗ္ဗဇိတ–ရာဇဝတ်ဘေးကြောင့် ဖြစ်စေ၊ အသက် မွေး ကြပ်မည့်ဘေးကြောင့်ဖြစ်စေ ရဟန်းပြုခဲ့သော ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်မျိုးသည် ဘေးလွတ်ဖို့အရေး အသက် မွေးချောင်မည့် အရေးကိုသာ ကြိုးစား အားထုတ်သည်၊

၄။ မိရိုးဖလာပဗ္ဗဇိတ–ဘာသာထုံးစံအတိုင်း သာမဏေပြုရာ မှ ရဟန်းဖြစ်ခဲ့သောပုဂ္ဂိုလ်၊ ဆရာကောင်းအထံ နည်းခံမိ လျှင် သဒ္ဓါပဗ္ဗဇိတ၊ ပညာပဗ္ဗဇိတ ဖြစ်နိုင်သည်၊ ထိုသို့မဟုတ်လျှင် ရိုးတီးယားတားနှင့် လာဘ်လာဘ လိုလားသော အမျိုးအစားတွင် ပါဝင်သွားတတ်သည်။

လို့ဆိုတော့ ဆဗ္ဗဂ္ဂီတွေလို ဘယာပဗ္ဗဇိတသမားများကို ထောက်ပံ့အားပေးမှုမဖြစ်အောင် တပည့်တော်တို့ ဂရုစိုက်ပြီး ရှောင်ရမှာပေါ့ ဘုရား။

“ဆဗ္ဗဂ္ဂီဆိုတာ (၂–ယောက်တွဲ) ၆–ယောက်အုပ်စုကို ခေါ်တာဒကာကြီးရဲ့၊ ပဏ္ဍုကနဲ့ လောဟိတ ကတစ်တွဲ၊ မေတ္တိယနဲ့ ဘူမဇ ကတစ်တွဲ၊ တတိယအတွဲကတော့ အဿဇိနဲ့ ပုနဗ္ဗသုကတို့ ဖြစ်တယ်။ သူတို့ရဲ့ စီမံကိန်းကလူနေအိမ်ခြေ စည်ကားများတဲ့ မြို့ကြီး ပြကြီးတွေတက် အကွက်အကွင်းကျတဲ့ နေရာရွေး၊ ကျောင်းဝိုင်းပရိဝုဏ်တည်ဆောက်၊ သရက်ပင်၊ ပိန္နဲပင် အုန်းပင်စတဲ့ သီးနှံဖြစ်မဲ့အပင်တွေစိုက်၊ ဒကာ ဒကာမတွေကို ပန်းမာလ် သစ်သီးဝလံပေးပြီး မြှူဆွယ်၊ ကလေးငယ်တွေကို ရဟန်းပြုပေးပြီး ပရိသတ်တိုးပွားအောင် လုပ်ရမယ်၊ အဲဒီ အစီ အစဉ်အတိုင်း ပထမတွဲဖြစ်တဲ့ ပဏ္ဍုကနှင့်

လောဟိတက တို့က သာဝတ္ထိ နေပြည်တော်ကြီးကို၊ ဒုတိယတွဲဖြစ်တဲ့ မေတ္တိယနဲ့ ဘူမဇကတို့က ရာဇဂြိုဟ် နေပြည်တော်ကြီးကို၊ တတိယတွဲဖြစ်တဲ့ အဿဇိနဲ့ ပုနဗ္ဗသုက တို့က ကိဋာဂိရိ ဇနပုဒ်ကြီးကို တက်ပြီး စည်းရုံးကြတယ်၊ သူတို့မှာ နောက်လိုက်တပည့်ရဟန်း ၅၀၀–ရှိကြတော့ အဖွဲ့ ၃–ဖွဲ့စလုံးမှာ ခေါင်းဆောင် ၆–ဦးနဲ့ ဆဗ္ဗဂ္ဂီ ဂိုဏ်းဝင် ရဟန်း ၁၅၀၀–စီရှိကြတော့ အင်အားမသေးဘူးပေါ့"

"အကြိုက်ပေးပြီးစည်းရုံးတော့ အင်အားကောင်းလာတာ ပေါ့ဘုရား"

"အဲဒီအတွဲ ၃–တွဲအနက် ပထမအတွဲအုပ်စုဖြစ်တဲ့ ပဏ္ဍုကရဟန်းနဲ့ လောဟိတကရဟန်းတို့ကတော့ သူတို့ရဲ့ နောက်ပါ ရဟန်း ၅၀၀–တို့ပါ သီလရှိပြီး၊ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်တွေကို မကျူးလွန်ဘူး၊ ရဟန်း ကောင်းတွေလို့ဆိုရမယ်၊ အဲကျန်တဲ့အုပ်စု ၂–စုကတော့ ဆရာ ရော–တပည့်တွေပါ အားလုံးအလဇ္ဇီ ရဟန်းတွေချည်းပဲ၊ ပညတ် ထားတဲ့သိက္ခာပုဒ်တွေကိုလဲ ကျူးလွန်ကြသတဲ့ ဒကာကြီး"

"မူလရည်ရွယ်ချက်ကိုက အစားရချောင်ချင်လို့၊ လာဘ် လာဘပေါများချင်လို့ ရဟန်းဘောင်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေဖြစ် လေတော့ ဝိနည်း ပညတ်ချက် သိက္ခာပုဒ်တွေကို ကျူးလွန်ဖို့ရာ ဝန်မလေးကြဘူးပေါ့ဘုရား"

"ကိဋာဂိရိဇနပုဒ်ကိုရောက်နေတဲ့ အရှင်အဿဇိနဲ့ အရှင် ပုနဗ္ဗသုကတို့ အဖွဲ့ကတော့ အဆိုးဆုံးပဲတဲ့ ဒကာကြီး။ သူတို့ရဲ့

ကျောင်းဝင်း အတွင်းမှာ ပန်းပင်အမျိုးမျိုးစိုက်၊ ပန်းပွင့်တွေ သီကုံးပြီး အမျိုးသမီးကြီးငယ်တွေ လက်ဆောင်ပေးတယ်၊ အမျိုးသမီးကြီးငယ်တွေနဲ့ အတူအိပ် အတူစားတယ်၊ နေလွှဲ ညစာလဲ ဘုဉ်းပေးတော်မူကြသတဲ့။ အဲဒီအပြင် သူတို့ ကိုယ်တိုင် ပန်းနံ့သာ လိမ်းခြယ်ကြပြီး ကကြ၊ ခုန်ကြသီဆို တီးမှုတ်ကြသတဲ့၊ သူတို့ရဲ့ သင်္ကန်းကြီးကို ခင်းပေးပြီး အမျိုးသမီးတွေလဲ သင်္ကန်းပေါ် တက်အကခိုင်းသတဲ့၊ ကျားကွက်ချ၊ စစ်ဘုရင်ထိုး၊ ကြွေပစ်တဲ့ရဟန်း အလဇ္ဇီတွေကလဲ ရှိသေးတယ်”

“ဒါ-မြတ်စွာဘုရားလက်ထက်တော်မှာပဲ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ ကိစ္စတွေ ပေါ့”

“ဟုတ်တယ် ဒကာကြီး၊ ဒီလိုရဟန်းသိက္ခာနဲ့ မညီညွတ် အကျင့်ဖောက်ပြန်နေကြပေမဲ့ သူတို့ရဲ့ မြှူဆွယ်မှု စည်းရုံးရေး ကောင်းတဲ့အတွက် ကိဋာဂိရိဇနပုဒ်ရွာကြီးက လူအများစုဟာ သူတို့ကို ကြည်ညိုတဲ့ သူတို့ရဲ့ဘက်တော်သားတွေပဲ ဖြစ်နေ ကြသတဲ့ ဒကာကြီး”

“အဲဒါပေါ့ဘုရား၊ လူတွေဘက်က အသိဉာဏ်နည်းလို့ ညံ့ဖျင်းရင် အလဇ္ဇီဒုဿီလတွေ ထွန်းကားပြီး ရဟန်းကောင်းတွေ မှေးမှိန်ပျောက်ကွယ်တယ်ဆိုတာ။ ဒီတော့ မကောင်းတဲ့ဘက် ပါမသွားအောင် ဒကာ ဒကာမတွေကို မှန်ကန်တဲ့ အသိဉာဏ် ပေးဖို့ ပညာပေးဖို့ လိုတာပေါ့ဘုရား”

“ဒကာကြီးပြောသလိုပဲ အသိဉာဏ်ခေါင်းပါးတဲ့သူတွေကို အကြိုက်ပေးပြီး စည်းရုံးရတာ အင်မတန်လွယ်တယ်၊ အရှင်

အသဖိတို့အဖွဲ့ရဲ့ စည်းရုံးရေးဟာ ဘယ်လောက် ကောင်းသလဲ ဆိုရင် ကိဋာဂိရိ ဇနပုဒ်ရွာကြီးထဲကို ရဟန်းကောင်း တစ်ပါး ဝင်ရောက်သီတင်းနေထိုင်ဖို့ဟာ မလွယ်ဘူးတဲ့၊ တစ်နေ့တော့ ကာသိတိုင်းက ခရီးသွား ရဟန်းတော်တစ်ပါးဟာ ကိဋာဂိရိရွာကို ဆွမ်းခံချိန်မှာ ရောက်လာတယ်၊ ရဟန်းသိက္ခာနဲ့အညီ စက္ခုန္ဒြေ ချပြီး ဣန္ဒြေရရ ရွာတွင်းလှည့်လည်ပြီး ဆွမ်းခံတော့ ဘယ်သူမှ ဆွမ်းထွက်ပြီး မလောင်းကြဘူး၊ အကြောင်းကတော့ သူတို့ ကြည်ညို ကိုးကွယ်တဲ့ ဆဗ္ဗဂ္ဂီ ကိုယ်တော်တွေက လောကွတ် ကောင်းတယ်၊ မျက်နှာချိုတယ်၊ သွက်သွက်လက်လက် ရှိတယ်၊ နှုတ်လျှာ ပေါ့တယ်၊ အခုရောက်လာတဲ့ ကိုယ်တော်ကလေး ကတော့ မျက်လွှာချလို့ ဣန္ဒြေကြီး တခွဲသားနဲ့ စကားပြောဖော် နှုတ်ဆက်ဖော်လဲမရ၊ ကြည့်ရတာ အ,တတ နံ့တုံ့တုံ့နဲ့ ဆွမ်းလောင်းဖို့ ဝေးရော အိမ်ရှေ့ဆွမ်းရပ်တာတောင် မင်္ဂလာ မရှိဘူးလို့ထင်သတဲ့ ဒကာကြီး"

"ခုခေတ်လဲ ဒီအတိုင်းပါပဲဘုရား၊ နှုတ်သွက် လျှာသွက် ရှိမှ အဟောအပြောကလဲကောင်းမှ ဘုရားဝတ္တရား မကျေ တောင် ဒကာ ဒကာမရဲ့ ဝတ္တရားတော့ကျေမှ ကိုးကွယ် ချင်ကြ၊ ချီးမြှောက်ပူဇော်ချင်ကြတာကိုး ဘုရား"

"အဲဒီလိုနဲ့ အာဂန္တုကိုယ်တော်ကလေးဟာ မွန်းတည့်ချိန် နီးသည့်တိုင်အောင် ဆွမ်းမရဘဲ ဖြစ်နေသတဲ့၊ ကံအားလျော်စွာ အသိဉာဏ်ရှိတဲ့ ဒကာတစ်ဦးက သူ့အိမ် ပင့်သွားပြီး ဆွမ်းကပ် ရသတဲ့။ နောက်ပြီး အဲဒီဒကာက လျှောက်ထားသတဲ့၊ အရှင်ဘုရား-အရှင်ဘုရား သာဝတ္ထိရောက်လို့ မြတ်စွာဘုရားနဲ့

တွေ့ဆုံဖူးမြော်ရတဲ့အခါ ကိဋ္ဌာဂိရိဇနပုဒ်မှာ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတို့ ခေါင်းဆောင်တဲ့ ဆဗ္ဗဂ္ဂီ ရဟန်းဆိုးတွေဟာ ပညတ်ချက် သိက္ခာပုဒ်တော်တွေကို ကျူးလွန်ပြီး ဒကာဒကာမတွေ တရုံးရုံးနဲ့ မသောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြတဲ့ အကြောင်း၊ လူတွေကလဲ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်ကို မသိကြတော့ဘဲ ပျက်စီးကုန်ကြပြီဖြစ်တဲ့အကြောင်း၊ ရဟန်း ကောင်းတွေလဲ အဲဒီရွာမှာ မနေနိုင်တော့တဲ့အကြောင်း၊ ဒါကြောင့် သာသနာတော် သန့်ရှင်းရေးအဖွဲ့စေလွှတ်ပြီး သာသနာ့ အညစ်အကြေးအန္တရာယ်တွေကို သုတ်သင်ရှင်းလင်းပေးဖို့ လျှောက်ထားမှာကြားတဲ့အကြောင်းတွေကို အရှင်ဘုရားက မြတ်စွာဘုရားအား လျှောက်ထားပေးပါဘုရားလို့ တိုးတိုး တိတ်တိတ် မှာကြားလိုက်ရသတဲ့ ဒကာကြီး"

"အင်းအခုလိုဆိုရင် သာသနာသန့်ရှင်းရေး ကိစ္စဟာ မြတ်စွာဘုရားလက်ထက်တော်ကတဲက ပေါ်ပေါက်နေတဲ့ ကိစ္စပဲ လို့ ဆိုရမှာပေါ့ဘုရား"

"ဟုတ်ပါတယ်၊ အခြားအရှုပ်အထွေးကိစ္စတွေလဲ ရှိသေး တယ်၊ နောက်တော့ ဆက်ပြောပါ့မယ်"

"မှန်ပါဘုရား"

# အခန်း (၅)

## အလဒ္ဓိ နှိပ်ကွပ်ရေး

"ခရီးသွားရဟန်းတော်ဟာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရောက်လို့ မြတ်စွာဘုရားနဲ့ဖူးတွေ့ရတဲ့အခါ ကိဋာဂိရိ ရွာကြီး၌ သူကြုံတွေ့ခဲ့ရပုံ၊ ဥပါသကာတစ်ဦးကမှာထား လျှောက်ကြားလိုက်ပုံတွေကို မြတ်စွာဘုရားအား ပြန်လည် လျှောက်ထားသတဲ့ ဒကာကြီး"

"မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ကိုင်တွယ်ရမဲ့ မှုခင်းကိစ္စ ဖြစ်နေပြီပေါ့"

"ဟုတ်တယ်ဒကာကြီး၊ ဒီ အဿဇိနဲ့ ပုနဗ္ဗသုကတို့ဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ အဂ္ဂသာဝကကြီး ၂–ပါးဖြစ်တဲ့ အရှင် သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ တပည့်တွေ ဖြစ်နေကြောင်း မြတ်စွာဘုရားသိတော်မူတဲ့အခါ၊ အဂ္ဂသာဝကကြီး ၂–ပါးကို ခေါ်ပြီး ချစ်သားတို့ ၂–ပါးဟာ ကိဋာဂိရိကို အမြန်သွားပြီး အဿဇိ ပုနဗ္ဗသုက ဂိုဏ်းသားတွေကို နှင်ထုတ်ချေလို့ အမိန့်ချတော်မူတယ်"

"အဂ္ဂသာဝကကြီး ၂–ပါးရဲ့ တပည့်ရဟန်းတွေ ဖြစ်ပါ ကလားလို့ မျက်နှာလိုက်ငဲ့ညှာခြင်းမရှိဘူးပေါ့"

"မှန်တယ် ဒကာကြီး၊ ဒီကိစ္စမျိုးဟာ ငဲ့ညှာထောက်ထားလို့ မဖြစ်ဘူး၊ နောင်ဒီလိုစည်းပျက်ကမ်းပျက်အမှုမျိုး သံဃာ့အဖွဲ့ အစည်းကြီးထဲမှာ မပေါ်ပေါက်ဖို့ အရေးကြီးတယ် မဟုတ်လား။ အခုဘုန်းကြီးတို့ သံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းလိုက်တဲ့ အခါမှာလည်း စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက် များအတိုင်း လုပ်ဆောင်တော်မူကြတဲ့အခါမှာ ပုံဂ္ဂိုလ်ရေးကို ရှေ့တန်းမတင်ဖို့၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက လျှောက်ထား သတိပေးသွားတာရှိတယ်"

"နယုန်လပြည့်နေ့က ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ပူဇော်ပွဲမှာ ဝန်ကြီးရဲ့ လျှောက်ထားချက်ကို တပည့်တော် သတိပြုလိုက်မိပါတယ်ဘုရား။ စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းများ အရ ဆောင်ရွက်တဲ့အခါ အပြောလွယ်သော်လည်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ အခက်အခဲများစွာ တွေ့နိုင်ဖွယ် ရှိတဲ့အကြောင်း၊ ပုဂ္ဂိုလ်ရေး သံယောဇဉ်များနဲ့ တွေ့ကြုံတဲ့အခါ ပုထုဇဉ် သဘာဝအတိုင်း ပုဂ္ဂိုလ်ရေးကို ရှေ့တန်းတင်၍ ပုဂ္ဂိုလ်အားနာမှုဖြင့် ဆုံးဖြတ်ဆောင်ရွက်လျှင် အမှန်တရား ကွယ်ပျောက်၍ အမှားဘက်သို့ ယိမ်းယိုင် တိမ်းစောင်းသွားနိုင်ကြောင်း၊ ထိုအမှားဆုံးဖြတ်ဆောင်ရွက်မှုသည် နောင်ကာလ၌ ဖြတ်ထုံးသဖွယ် ဖြစ်သွားနိုင်ကြောင်းတို့ကို ဝန်ကြီးရဲ့ လျှောက်ထားလွှာမှာပါတယ် ဘုရား"

"အခု ဆဗ္ဗဂ္ဂိဂိုဏ်းသားရဟန်းဆိုးတွေကို မြတ်စွာဘုရားက နှင်ထုတ်ခိုင်းတဲ့အမှုကိစ္စဟာလဲ နောင်အနာဂတ်ကာလအတွက် ဖြတ်ထုံး တစ်ခုပဲလို့ ဆိုနိုင်တယ်ဒကာကြီး၊

"ဟုတ်တာပေါ့ဘုရား၊ မြတ်စွာဘုရားရဲ့ အဆုံးအမ ညွှန်ကြားတော်မူချက်နဲ့အညီ နေထိုင်ပြုမူခြင်း မရှိကြဘူးဆိုရင် ဆိုင်ရာကျောင်းကန်အတွင်းမှ နှင်ထုတ်ပစ်နိုင်တယ်ဆိုတဲ့ သာဓကတစ်ခုပေါ့"

"အဲဒီလို ရဟန်းဆိုးတွေကို ကိဋာဂိရိကျောင်းက နှင်ထုတ်ရမယ်လို့ မြတ်စွာဘုရားကအမိန့်ချမှတ်လိုက်တော့ အဂ္ဂသာဝက မထေရ်ကြီး ၂–ပါးက အဿဇိနဲ့ ပုနဗ္ဗသုကတို့ ဂိုဏ်းသားတွေဟာ လူကြမ်းလူရမ်းတွေလဲဖြစ်တယ်၊ အုပ်စုကလဲအင်အား ကောင်းလှပါတယ် ဘုရား၊ တပည့်တော်တို့ ဘယ်လိုနည်းနဲ့မှ သူတို့ကို နှင်ထုတ်ရမှာပါလဲဘုရားလို့ လျှောက်ထားသတဲ့"

"အဆိုးဘက်က အင်အားကောင်းနေတော့ သူတို့ကို နှိပ်ကွပ်ဖို့ မလွယ်ဘူး ဒါ့ကြောင့် အဂ္ဂသာဝကမထေရ်ကြီး ၂–ပါးက စိုးရိမ်စိတ်နဲ့ လျှောက်ထားဟန်တူပါတယ် ဘုရား"

"အဖေတွေ ထွန်းကားလာရင် အစစ်ပျောက်ကွယ်တတ်တာ ဒကာကြီးတို့အသိပဲ၊ ဒီတော့ ခုခေတ် သာသနာတော်မှာလဲ အတုအယောင် အရေခြုံတွေ တဖြည့်ဖြည်း အင်အားများလာပြီ။ ကြာရင်အနှိမ်နင်းရခက်ပြီး သူတို့က ယှက်မိုးသွားလိမ့်မယ်၊ အခုဘုန်းကြီးတို့ သံဃာ့အဖွဲ့အစည်းကြီးက အဓိက ဆောင်ရွက်ကြရမဲ့ ကိစ္စဟာလဲ သာသနာ့ အညစ်အကြေး အန္တရာယ်တွေကို တားဆီးသုတ်သင်ဖို့ပဲ"

"သာဓုခေါ်ပါတယ်ဘုရား၊ အောင်မြင်ပါစေလို့လဲ ဆုတောင်းပါတယ်၊ တပည့်တော်တို့ ဒကာတွေဘက်ကလဲ ကူညီရမှာပေါ့ဘုရား"

"ဆဗ္ဗဂ္ဂိနိမ်နင်းရေး ပြဿနာကို ဆက်ပြောရဦးမယ်၊ အဂ္ဂသာဝက အရှင်မြတ်ကြီး ၂-ပါးက သူတို့ရဲ့ အခက်အခဲကို တင်ပြလျှောက်ထားတော့ မြတ်စွာဘုရားက ၂-ပါးထဲတော့ မသွားနဲ့၊ နောက်ပါရဟန်း များများခေါ်သွားကြလို့ မိန့်ကြားတော်မူတယ်။ အင်အားများမှ ဖြစ်မယ်ဆိုတဲ့ သဘောပါပဲ၊ ဒီကိစ္စမှာလဲ သာသနာ့အန္တရာယ် ကာကွယ်ရှင်းလင်းတဲ့အခါမှာ သံဃာကောင်းတွေ စည်းလုံးညီညွတ်ဖို့၊ အင်အားတောင့်တင်းဖို့ လိုအပ်တယ်ဆိုတဲ့ သာဓက တစ်ခုပဲ ဒကာကြီးရေ့"

"မှန်ပါတယ်ဘုရား"

"အဲသလို မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး ၂-ပါးတို့ဟာ နောက်ပါရဟန်းများစွာနဲ့ ကိဋာဂိရိဇနပုဒ်သို့ ကြွချီသွားတော်မူကြပြီး တပည့်ဆိုးတွေကို နှိမ်နင်းဆုံးမတော်မူကြတယ်၊ ကိဋာဂိရိကျောင်းကလဲ တစ်ခါထဲ နှင်ထုတ်လိုက်တယ်၊ အဲဒါမြတ်စွာဘုရား လက်ထက်တော်က ထင်ရှားတဲ့ သာသနာတော် သန့်ရှင်းရေးလုပ်ငန်းတစ်ရပ်ပဲ ဒကာကြီး"

## ကြောင့်ကြမဲ့ နေလို့မဖြစ်ဘူး

"မှန်ပါဘုရား၊ ဆရာဒကာသော်လဲ တပည့်တွေက မကောင်းတော့ ဆရာ့တာဝန် ဖြစ်လာသလို၊ အဂ္ဂသာဝက မထေရ်ကြီး ၂-ပါး ကိုယ်တိုင် တပည့်ဆိုး အလဇ္ဇီတွေကို နှိပ်ကွပ်ရှင်းလင်းပေးရတဲ့ သဘောပေါ့ဘုရား၊ ခုခေတ်မှာလဲ

ဆိုဆုံးမရ ခက်လွန်းလို့ ဆရာတော်ကြီး အများဟာ မိမိတို့ ကျောင်းတိုက်တွေမှာ ပာပည့်မမွေးချင် မထားချင်ကြဘူး၊ အဲဒီတော့ သာသနာတော်ဟာလဲ ဆုတ်ယုတ်သွားမှန်းမသိ ဆုတ်ယုတ်သွား တယ်၊ အခုဆိုရင် သံဃာ့အစည်းအဝေးကြီးက သံဃာ့မှတ်ပုံတင် ကိစ္စတို့၊ ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ကိစ္စတို့ကို ဆုံးဖြတ်လိုက်တော့ ရဟန်းဆိုးတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားစရာ ရှိပါတယ် ဒကာကြီး”

“အဇာတသတ်မင်းတို့ သီရိဓမ္မာသောကမင်းတို့ လက်ထက်က အံဇာစက်နဲ့ တွဲဖက်ပြီး ဆောင်ရွက်ပေးတော့ အောင်မြင်မှု ရသလိုပေါ့ဘုရား”

“ပုထုဇဉ်ရဟန်းတွေ မဟုတ်လား ဒကာကြီး၊ အခုပြောတဲ့ ကိဋ္ဌာဂိရိကအလဇ္ဇီ ဆဗ္ဗဂ္ဂီ ရဟန်းတွေဆိုတာက အသိုင်းအဝိုင်း အုပ်စုနဲ့ သောင်းကျန်းတဲ့ကိစ္စ၊ မြတ်စွာဘုရား အနီးမှာနေပြီး တစ်ဦးချင်းဖောက်ပြန်နေတဲ့ ရဟန်းတွေလဲ ရှိသေးတယ်”

“အမိန့်ရှိပါဘုရား”

“အရှင်ဥဒါယီတို့၊ အရှင်ဥပနန္ဒတို့၊ အရှင်ဆန္နတို့ဆိုတာ ဒကာကြီးကြားဖူးမှာပေါ့”

“ဒီရှင်တွေအကြောင်း တပည့်တော် ဖတ်ဖူးပါတယ် ဘုရား၊ မြတ်စွာဘုရားက ဝိနည်းသိက္ခာပုဒ်တွေ ပညတ်ရတာဟာ အများအားဖြင့် ဒီပုဂ္ဂိုလ်တွေကြောင့်ပဲဘုရား၊ တချို့ကိစ္စတွေဟာ မကြားဝံ့မနာသာ မှုခင်းကိစ္စတွေပါဘုရား”

"အေး ဒကာကြီးလဲ သိပြီးသားပဲ၊ သူတို့ရဲ့ အပြုအမူတွေကြောင့် သာသနာတော်မှာ ဒကာ ဒကာမတွေ အကြည်အညိုပျက်မသွားအောင် ဝိနည်းသိက္ခာတော်တွေ ပညတ်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းခဲ့ရတယ်"

"မှန်ပါတယ်ဘုရား၊ ဘုရားသားတော်တွေ အနေအထိုင်ကောင်းမှ ဒကာ ဒကာမတွေ ကြည်ညိုမယ်၊ သူတို့ကြည်ညိုမှ သာသနာတော် စည်ပင်ပြန့်ပွားမှာပေါ့၊ ဒါ့ကြောင့် သာသနာတော်မှာ အစွန်းထင်းမပေါ်အောင် သံဃာတော်တွေဘက်ကရော လူဒကာတွေဘက်ကရော ဂရုစိုက်စောင့်ရှောက်ကြရမယ်၊ ကြောင့်ကြမဲ့နေလို့ မဖြစ်ကြဘူးဘုရား"

# အခန်း (၆)

## ဘုရားစကား နားမထောင်သူ

"စောစောက ပြောခဲ့တဲ့ ဥဒါယီ၊ ဥပနန္ဒ၊ ဆန္နရဟန်းတို့ဆိုတာတွေ၊ ကိဋာဂိရိကဆဗ္ဗဂ္ဂီဆိုတာတွေက ကျင့်ဝတ်ဖောက်ပြန်လို့ ပညတ်အရေးယူရတဲ့ ပုဂ္ဂိုလ်တွေ၊ ကျင့်ဝတ်ဖောက်ပြန်မှုကြောင့် မဟုတ်ဘဲ သက်သက် ဘုရားစကားကို နားမထောင်ဘဲ ထော်လော်ကန့်လန့်လုပ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိသေးတယ် ဒကာကြီးရဲ့"

"အမိန့်ရှိပါဘုရား"

"မြတ်စွာဘုရားမှာ ဝါတော် ၂၀-ရောက်သည်အထိ အမြဲတမ်း အလုပ်အကျွေးမရှိခဲ့ဘူး၊ တစ်ခါတစ်ရံ နာဂသမာလမထေရ်၊ တစ်ခါတစ်ရံ နာဂိတမထေရ်၊ တစ်ခါတစ်ရံ ဥပဝါနမထေရ်၊ တစ်ခါတစ်ရံ သုနက္ခတ္တရဟန်း၊ တစ်ခါတစ်ရံ အရှင်စုန္ဒ၊ တစ်ခါတစ်ရံ အရှင်သာဂတ၊ တစ်ခါတစ်ရံ အရှင်မေဃိယတို့က မြတ်စွာဘုရားရဲ့ သက်န်းသပိတ်တို့ကို ယူဆောင်ပြီး ပြုစုလုပ်ကျွေးဖို့ မြတ်စွာဘုရားကြွချီရာသို့ လှည့်လည်လိုက်ပါကြပါတယ်၊ အမြဲတမ်း လိုက်ပါပြုစုနေကြတာတော့ မဟုတ်ဘူး၊ သူတို့လိုက်ချင်တဲ့အခါလိုက်တယ်၊ မလိုက်ချင်တဲ့အခါ မလိုက်ဘူး"

"လေးလေးစားစား ရှိဟန်မတူဘူးပေါ့ဘုရား"

"ဟုတ်တယ် မြတ်စွာဘုရားရဲ့ စကားကို နားမထောင်ဘဲ ဂွတိုက်တာတွေလဲ ရှိသေးတယ် ဒကာကြီးရဲ့၊ တစ်ခါတော့ မြတ်စွာဘုရားဟာ နာဂသမာလမထေရ်နဲ့အတူ ခရီးရှည် ထွက်တော်မူရတယ်၊ လမ်းဆုံလမ်းခွဲ တစ်ခုရောက်တော့ နာဂသမာလက သူလမ်းခွဲမှ သွားပါရစေလို့ လျှောက်တယ်၊ မြတ်စွာဘုရားက ချစ်သားရဟန်း လမ်းခွဲကို မလိုက်ပါနဲ့၊ ဒီလမ်းမကြီးကပဲ အတူသွားကြပါစို့လို့ ဖျောင်းဖျပြီးပြောတယ်၊ နာဂသမာလရဟန်းကနားမထောင်ဘူး၊ တပည့်တော်တော့ လမ်းခွဲကပဲ သွားမယ်ဘုရား၊ အရှင်ဘုရားရဲ့ သပိတ်သင်္ကန်း တွေကိုသာ ပြန်ယူပါဆိုပြီး မြေကြီးပေါ်ချထားမယ်လုပ်တယ် ဒကာကြီး"

"တပည့်ဆိုးနဲ့နေရ တွေ့ရတယ် စိတ်ဆင်းရဲစရာပဲပေါ့ ဘုရား"

"သပိတ်၊ သင်္ကန်းတွေကို မြေကြီးပေါ်ချမယ်လုပ်တော့ မြတ်စွာဘုရားက တောင်းယူပြီး ကိုယ်တော်တိုင် သယ်ပိုး ဆောင်တော် မူရတယ်၊ နောက် မြတ်စွာဘုရားကတစ်လမ်း နာဂသမာလကတစ်လမ်း၊ လမ်းခွဲပြီး ခရီးဆက်ကြတယ်၊ လမ်းခွဲပြီးသွားကြလို့ မကြာခင်မှာပဲ နာဂသမာလ ရဟန်းမှာ ဓားပြ လူဆိုးတွေနဲ့တွေ့ပြီး အရိုက်အနှက် ခံရ အလုခံရတယ် ဒကာကြီး"

"ဆရာ့စကား နားမထောင်တော့ ဒုက္ခတွေ့တာပေါ့ဘုရား"

"နောက်တစ်ဦးရှိသေးတယ်၊ ခေတ္တအလုပ်အကျွေးဖြစ်တဲ့ အရှင်မေဃိယမထေရ်ဟာ ဇန္တုရွာက ဆွမ်းခံလှည့်လည်ပြီးလို့ အပြန် ကိမိကာဠာမြစ်ကမ်းအနီး သရက်ဥယျာဉ်ကြီးကို ရောက်တော့ အင်မတန်နေချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ ဒါနဲ့ ကျောင်းပြန်ရောက်တော့ မြတ်စွာဘုရားရဲ့ သပိတ်သင်္ကန်းတော်တွေကို ပြန်အပ်ပြီး သရက်ဥယျာဉ်မှာ သွားပြီး တရားအားထုတ်ပါရစေလို့ လျှောက်ထားတယ်၊ မသွားဖို့ မြတ်စွာဘုရားက ၂-ကြိမ်တိုင်တိုင် တားမြစ်တော်မူတယ်၊ တားမြစ်လို့မရဘူး၊ ဖွတ်ထွက်သွားတယ်၊ သရက်ဥယျာဉ်ရောက်လို့ တရားအားထုတ်တဲ့အခါ အကုသိုလ်ဝိတက်တွေ ဝင်လာလို့ အားထုတ်နေလို့မရဘူး၊ နောက်တော့ မြတ်စွာဘုရားထံ ပြန်လာရတယ် ဒကာကြီး"

"အတော်သည်းညည်းခံရမဲ့ ကိစ္စတွေပဲ ဘုရား"

"ခေတ္တ အလုပ်အကျွေးဖြစ်တဲ့ လိစ္ဆဝီမင်းသား သုနက္ခတ္တရဟန်းလုပ်ပုံကိုလဲကြည့်ဦးဒကာကြီး၊ တစ်ခါတော့ မြတ်စွာဘုရားဟာ သုနက္ခတ္တရဟန်းနဲ့အတူ ဒေသစာရီ ခရီးထွက်တော်မူတယ်၊ ဥတ္တရကာ ရွာအနီးရောက်တော့ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယဆိုတဲ့ တိတ္ထိတက္ကတွန်းတစ်ဦးကို တွေ့ကြရော၊ တွေ့တယ်ဆိုရင်ပဲ သုနက္ခတ္တရဟန်းက တက္ကတွန်းကို ကြည်ညိုလှချည့်ရဲ့ဆိုပြီး မြတ်စွာဘုရားထံကခွဲထွက်တယ်၊ မြတ်စွာဘုရားက ချစ်သားရဟန်း၊ သင်ဟာ ငါဘုရားရဲ့ တပည့်သာဝကဆိုပြီး ယခုလို ခွေးလိုကျင့်နေတဲ့ တိတ္ထိတက္ကတွန်းကို ကြည်ညိုချဉ်းကပ်တာဟာ မသင့်တော်ဘူးလို့ တားမြစ်တယ်၊ ဒါပေမယ့် ပြောလို့တားလို့မရဘူး ဖွတ်လုပ်တာပဲ"

"ဘုရားစကားနားမထောင်တဲ့ အနီးနေ တပည့်ကြီးတွေဆိုတော့ ပိုဆိုးတာပေါ့ ဘုရား"

"ဒါ့အပြင်လဲ ရှိသေးတယ်၊ မြတ်စွာဘုရားရဲ့ အနတ္တဝါဒကို ဝေဖန်တဲ့ရဟန်း၊ မပျက်စီးဘဲ အမြဲရှိနေတယ်ဆိုတဲ့ ဝိညာဉ်ဝါဒကို လက်ခံတဲ့ သာတိအမည်ရှိတဲ့ရဟန်း၊ အရိဋ္ဌဆိုတဲ့ရဟန်းကဖော့ ကာမစပ်ယှက်မှုကို ပစ္စဝေက္ခဏာဆင်ခြင်ပြီး ခံစားနိုင်တယ်ဆိုပြီး ဝိနည်းသိက္ခာပုဒ်ကို ပြင်ဆင်ဖို့တောင် ကြိုးစားတယ်။ အဲဒါတွေ ဟာစ်ဦးချင်းအနေနဲ့ ဘုရားစကား နားမထောင်ကြတဲ့ကိစ္စ။ အုပ်စုအဖွဲ့အစည်းအနေနဲ့ ဘုရားစကား နားမထောင်ကြတာတွေ ကလဲ ရှိသေးတယ် ဒကာကြီး"

"အမိန့်ရှိပါဘုရား"

## အုပ်စုတိုက်ပွဲ

"မြတ်စွာဘုရားဟာ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူတဲ့အခါတုန်းကပေါ့၊ ကျောင်းတစ်ကျောင်းမှာ ဝိနည်းကျွမ်းကျင်တဲ့ ဝိနည်းဆောင် ရဟန်းတစ်ပါးနဲ့ သုတ္တန်ကျွမ်းကျင်တဲ့ သုတ္တန်ဆောင် ရဟန်း တစ်ပါးတို့ အတူနေထိုင်ကြတယ်၊ တစ်နေ့တော့ သုတ္တန်ဆောင် ရဟန်းဟာ ဝစ္စကုဋိ(ကျင်ကြီးစွန့်ရာ ကုဋိအိမ်) ဝင်ပြီးတဲ့နောက် အမှတ်တမဲ့ သန့်သက်ရေခွက်ထဲမှာ ရေကြွင်းရေကျန် ထားခဲ့မိ တယ်၊ ဝိနည်းဆောင် ရဟန်းတွေကတွေ့လို့ မေးတော့ သတိမေ့လျော့လို့ ရေကြွင်းရေကျန် အမှတ်တမဲ့ ထားခဲ့မိပါ

ကြောင်းကို သုတ္တန်ဆောင် ရဟန်းက ဝန်ခံပြီး ပြောတယ်၊ အဲဒါကစပြီး စေတနာမပါဘဲ သတိမေ့ပြီး ဝစ္စကုဋိတွင် သန့်သက်ရေ အကြွင်းအကျန် ထားခဲ့ခြင်း၌ ဝိနည်းသိက္ခာပုဒ်အရ အာပတ်သင့်တယ်၊ မသင့်ဘူးဆိုပြီး အငြင်းပွားလာကြတယ်၊ အဲဒီ အငြင်းပွားမှုမှာ ကာယကံရှင် ၂–ဦးတွင် မကဘဲ သူတို့ရဲ့တပည့်တပန်းတွေပါ ပါဝင်လာတော့တာပဲ ဒကာကြီး”

“အုပ်စုတိုက်ပွဲဖြစ်လာတယ် ဆိုပါတော့ဘုရား”

“ဟုတ်ပါတယ်၊ တစ်ဘက်နဲ့တစ်ဘက် အုပ်စုအနေဖြင့် ကျယ်ပြန့်လာတယ်၊ သံဃဝိဝါဒါဓိကရဏ်း ဖြစ်လာတယ်ပေါ့၊ သူ့တပည့်–ကိုယ့်တပည့်၊ သူ့ပရိသတ်၊ ကိုယ့်ပရိသတ် ဆိုသလို အင်အားစုလာကြတယ်၊ တစ်ဘက်နဲ့တစ်ဘက် သူမှန်ကိုယ်မှန် ပုတ်ခတ်ပြောဆိုလာကြတယ်၊ ဒီလို အဓိကရဏ်း ကျယ်ပြန့်ကြီးထွားလာတာကို မြတ်စွာဘုရား ကြားသိတော်မူတော့၊ ရဟန်းသံဃာတွေ ကွဲပြားကုန်ကြပြီ၊ ရဟန်း သံဃာတော်တွေ ကွဲကုန်ကြပြီလို့ စိုးရိမ်တကြီး မိန့်ဆိုတော်မူပြီး ဝိနည်းဆောင် ရဟန်းအုပ်စုဘက်ကိုရော၊ သုတ္တန်အုပ်စုဘက်ကိုရော ချက်ချင်းကြွသွားတော်မူတယ်၊ အဲဒီနောက် အုပ်စု ၂–ဘက်စလုံးကို ညီညွတ်ရေးတရား ဟောကြားဆုံးမတော်မူတယ်”

“မြတ်စွာဘုရားရဲ့ ဆန္ဒတော်က ဝိဝါဒါဓိကရဏ်း ဖြစ်ပွားမှုကို လုံးဝအလိုမရှိအပ်ကြောင်း ထင်ရှားပါတယ်ဘုရား”

## ဝင်မစွက်ပါနဲ့ အေးအေးနေပါတဲ့

"ဟုတ်တယ် ဒကာကြီး၊ ဒါပေမဲ့ အုပ်စု ၂–ဘက်စလုံးက မြတ်စွာဘုရားရဲ့ စကားကို နားမဝင်နိုင်ကြဘူး၊ တစ်ဘက်နဲ့ တစ်ဘက် အလျှော့မပေးဘဲ တင်းခံနေကြတယ်၊ အုပ်စုတစ်ဘက်က ရဟန်းတစ်ပါးကဆိုလျှင် အရှင်မြတ်ဘုရား၊ ဤကိစ္စတွင် ဝင်မစွက်ပါနဲ့၊ မိမိဘာသာ ချမ်းသာစွာ နေတော်မူပါလို့တောင် လျှောက်ထားသတဲ့၊ ဒီတော့ မြတ်စွာဘုရားရှင်က ဒီဃာဝုဇာတ်ဝတ္ထုကိုဆောင်ပြီး ယခုလို ဩဝါဒ ပေးတော်မူတယ်–

> ရဟန်းတို့ တုတ်, ဓားလက်နက်ကို ဆောင်ယူကြကုန်သော ထိုမင်းတို့အားသော်မှလည်း ဤသို့ သဘောရှိသော သည်းခံခြင်း၊ နှစ်သက်ကျေနပ်ခြင်းသည် ဖြစ်တုံဘိသေး၏။ ရဟန်းတို့ သင်တို့သည် ဤသို့အစ, အလယ်, အဆုံး သုံးပါးအစုံကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားအပ်သည့် တရားသဖြင့် ဆုံးမရာ ဤငါဘုရား သာသနာတော်၌ ရဟန်းအဖြစ်သို့ ကပ်ရောက်ကြသူများ ဖြစ်ပါလျက်၊ သည်းမခံကြလျှင် မနှစ်သက် မကျေနပ်ကြလျှင် ထိုသို့ အချင်းချင်း သည်းမခံခြင်း၊ မနှစ်သက် မကျေနပ်ခြင်းသည် ဤသာသနာတော်၌ တင့်တယ်နိုင်ပါမည်လော၊ မတင့်တယ်နိုင်သည်သာ––ချစ်သားရဟန်းတို့ မသင့်လျော်ဘူး၊ မတော်ဘူး၊ ငြင်းခုံမှုကို မပြုကြကုန်လင့်၊ ခိုက်ရန်မှုကို မပြုကြကုန်လင့်၊ ထိပါးနှောင့်ယှက်

ဆန္ဒကျင်ဘက် စကား ပြောကြားမှုကို မပြုကြကုန်လင့်– လို့ လေးနက်သော ဩဝါဒကို သုံးကြိမ်တိုင်တိုင် ပေးတော်မူတယ်”

“သာဓုခေါ်ပါတယ်ဘုရား”

“ဒါပေမယ့် ဘုရားစကားကို နားမထောင်ကြဘူး၊ အရှင်ဘုရား အေးအေးသာနေတော်မူပါ၊ ကြောင့်ကြမဲ့ နေတော်မူပါ၊ တပည့်တော်တို့ရဲ့ ပြဿနာကို တပည့်တော်တို့ ဘာသာ ဖြေရှင်းပါမယ့်လို့ပဲ ရှေးကနည်းတူ လျှောက်ထား ကြသတဲ့”

“အတော်ခေါင်းမာတဲ့ ခက်ထန်တဲ့ အဆုံးမရ ခက်တဲ့ ရဟန်းတွေပဲနော်”

“ဟုတ်ပါတယ်၊ မြတ်စွာဘုရားက ဒီရဟန်းတွေကို အသိတရားရစေဖို့ဟာ မလွယ်ဘူး၊ မဂ်ဖိုလ်မရ၊ ကိစ္စမပြီး အချည်းနှီးသော ပုဂ္ဂိုလ်တွေပဲလို့ နှလုံးပိုက်တော်မူကာ နေရာမှထ၍ ပြန်ကြွသွားတော်မူရတယ်တဲ့”

“အင်း––မြတ်စွာဘုရားတောင် လက်လျှော့ရတဲ့အနေမျိုး ဖြစ်နေပြီ၊ သတိသံဝေဂရစရာ ကောင်းလှပါတယ်ဘုရား”

“ခုခေတ် ပုဂ္ဂိုလ်တွေ သင်ခန်းစာ ယူစရာပေါ့ ဒကာကြီး”

## အခန်း (၇)

### ဒကာအား သံဃာမဆန်သာ

"မြတ်စွာဘုရားဟာ နံနက်အချိန် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူပြီးနောက် ဆွမ်းကိစ္စပြီးဆုံးတဲ့အခါမှာ အိပ်ရာနေရာကို သိုမှီး သိမ်းဆည်းတော်မူတယ်၊ ဒီနောက် ကိုယ်တော်တိုင် သပိတ် သင်္ကန်းကိုယူပြီး သာဝတ္ထိပြည်မှ ထွက်ခွါသွားရန် ပြင်ဆင်တော်မူတယ်၊ နောက် သံဃာ့အလယ်မှာ ရပ်တည်တော်မူပြီး ဂါထာ ၁၀-ပုဒ်ဖြင့် ဩဝါဒဒေသနာကို ဟောကြားပြီးတဲ့နောက် ဘယ်သူ့ကိုမှလဲ မပြောကြားဘဲ အဖော်မပါ ကိုယ်တော်မြတ်တစ်ပါးတည်း ဗာလကလောဏက ရွာသို့ ကြွသွားတော်မူသတဲ့ ဒကာကြီး"

"အင်မတန် ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်ပဲ၊ အမှန်ကတော့ မြတ်စွာဘုရားရဲ့ မျက်နှာတော်ကို ထောက်ထားပြီး ဒီ သံဃာတော်တွေဟာ တစ်ဦးနဲ့ တစ်ဦး သည်းခံ ညီညွတ်သင့်တာပေါ့ဘုရား၊ အခုတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ငြီးငွေ့ပြီး တခြားကို ကြွသွားရတဲ့အထိ ဖြစ်ရတယ်"

"ဘားသမီးတွေကို ဆိုဆုံးမလို့မရရင် မိဘလုပ်သူက နောင်ကြဉ်အောင် လျစ်လျူရှုလိုက်တဲ့ သဘောပေါ့ ဒကာကြီး၊

နောက်တစ်ခုက ငြင်းခုံခိုက်ရန် ဖြစ်ပွားနေကြတဲ့ သံဃာတွေကို နောင်တ တရားရအောင် ဆုံးမလိုတဲ့ ဥပါယ်တမျဉ်နဲ့ ကိုယ်တော်တစ်ပါးတည်း ခွါရှောင်ပြီး ကြွသွားတော်မူခြင်း ဖြစ်တယ်လို့ မှတ်ရမယ် ဒကာကြီး"

"မှန်ပါဘုရား"

"ပထမ ဗာလကလောဏကရွာကို တစ်ပါးတည်း ကြွသွားတော်မူပြီး အဲဒီရွာမှာ တစ်ပါးတည်း ဧကစာရီ ကျင့်သုံး နေထိုင်တဲ့ အရှင်ဘဂုမထေရ်နဲ့တွေ့တယ်၊ တစ်ပါးတည်း ဧကစာရီ ကျင့်သုံးနေထိုင်ရခြင်းရဲ့ အကျိုးကို အရှင်ဘဂု မထေရ်အား ဟောကြားပြီးနောက် မြတ်စွာဘုရားဟာ အရှေ့ ဝါးတောသို့ ဆက်လက်၍ကြွချီတော်မူပြန်တယ် ဒကာကြီး"

"မှန်ပါဘုရား"

အရှေ့ဝါးပေါ်ဘရောက်တော့ အညီအညွတ် သီတင်းသုံး နေထိုင်ပြီး တရားအားထုတ် နေကြတဲ့ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ မထေရ်ကြီး သုံးပါးနဲ့ တွေ့တယ်၊ မထေရ်ကြီး သုံးပါးက မိမိတို့ တစ်ဦးနှင့်တစ်ဦး ခိုက်ရန် ငြင်းခုံမှု မရှိဘဲ အညီအညွတ် ချမ်းသာစွာ နေကြရပုံ၊ ဝေယျာဝစ္စ အမှုတို့ကို ညီညွတ်စွာ လုပ်ကိုင်ကြပုံ၊ ကမ္မဋ္ဌာန်းအလုပ်ကို မပြတ်အားထုတ် နေကြပုံတို့ကို မြတ်စွာဘုရားအား လျှောက် ထားကြသဖြင့် မြတ်ဘုရားကလဲ အညီအညွတ် နေခြင်း၏ အကျိုးတရားကို ထိုမထေရ် ၃-ပါးတို့အား တစ်ညဥ့်လုံး ဟောကြားတော်မူတယ် ဒကာကြီး၊ အဲဒီနောက် မြတ်စွာဘုရား

ကိုယ်တော်မြတ်ကြီးဟာ တစ်ပါးတည်းပင် "ပါလိလေယျက" ရွာသို့ ခရီးဆက်တော်မူပြန်တယ်"

"မှန်ပါဘုရား"

ပါလိလေယျကရွာနဲ့ မနီးမဝေးမှာ ရက္ခိတတောအုပ်ကြီး ရှိတယ်၊ ပါလိလေယျကရွာအမည်ကို အစွဲပြုပြီး အဲဒီ ရက္ခိတတောအုပ်ကြီးကို ပါလိလေယျက (ပလလဲ) တောလို့လဲ ခေါ်တယ်၊ အဲဒီကိုရောက်လာတဲ့ ဆင်ပြောင်ကြီးကိုလဲ ပါလိလေယျက(ပလလဲ)ဆင်မင်းလို့ ခေါ်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"ပလလရွာသားတွေက မြတ်စွာဘုရားကို ကြည်ညိုကြတဲ့ အတွက် ပလလဲတောအုပ် ဘဒ္ဒသာလအမည်ရှိတဲ့ အင်ကြင်း ပင်ကြီး အနီးမှာ မြတ်စွာဘုရား သီတင်းသုံးရန် ကျောင်းသခ်မ်း တစ်ခု ဆောက်လုပ်လှူဒါန်းကြတယ်၊ မြတ်စွာဘုရားဟာ အဲဒီကျောင်းသခ်မ်းမှာပဲ ဒသမမြောက်ဝါကို ကပ်ဆိုတော်မူတယ်၊ အဲဒီဝါတွင်း ကာလတစ်လျောက်လုံး ပလလဲဆင်မင်းကြီးဟာ မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ်ပြု၍ စောင့်ရှောက်ရှာတယ် ဒကာကြီး"

"မြတ်စွာဘုရားဟာ အဲဒီလို ဆိတ်ငြိမ်သာယာတဲ့ တောအရပ်မှာ တစ်ပါးတည်းနေထိုင် သီတင်းသုံးတော်မူနေရတော့ ဝိဝေကရှိပြီး အလွန်စိတ်ချမ်းသာတော် မူမှာပဲနော်"

"ကောသမ္ဗီပြည်မှာ အငြင်းအခုံဖြစ်ပြီး ဝိဝါဒကွဲပြားနေတဲ့ ရဟန်းတော်တွေနဲ့ အတူနေထိုင် သီတင်းသုံးနေရတာဟာ

မြတ်စွာဘုရားအဖို့ ဓမ္မသံဝေဂ ဖြစ်ဖွယ် ကိစ္စကြီးပဲ၊ အခု ဝိဝါဒ ကွဲပြားငြင်းခုံဖွယ်ရာ မရှိဘဲ၊ တစ်ပါးတည်း အေးအေး ချမ်းချမ်း နေရတဲ့ နေရာဌာနကို ရောက်လာတော့ ဘယ်မှာ စိတ်မချမ်းသာဘဲ ရှိပါမလဲ ဒကာကြီး"

"ပတ်ဝန်းကျင်ကောင်းဖို့ လိုတယ်ဆိုတာမျိုးပဲပေါ့ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ အဖော်သဟဲ ကောင်းကိုရသော သူသည် ထိုအဖော်သဟဲနှင့် အတူတကွ နေထိုင်သင့်လှပေ၏၊ မရသော သူအဖို့မှာမူ တစ်ကိုယ်တည်း နေထိုင်ခြင်းကသာ ချီးမွမ်းအပ်လှပေ၏လို့ မြတ်စွာဘုရားက ဟောကြားတော်မူ ဖူးတယ်၊ ဓမ္မပဒ ယမကဝဂ် ကောသမ္ဗက ဝတ္ထုကို ကြည့်ရင် ဒကာကြီးတွေ့လိုက်မယ်"

"မှန်ပါဘုရား၊ ကေသ ဆ စရိတ် သေယျော ဆိုတဲ့ တတိယ ဂါထာကို အင်္ဂလိပ်ဘာသာ ပြန်ထားတာရှိတယ်၊ ခေတ်ပညာတတ် လူငယ်တွေ မှတ်သားထားဖို့ ကောင်းတယ် ဘုရား"

Better is to live alone. There is no fellowship with a fool. You should live alone doing no evil, and eare-free like an elephant in the elephant forest.

"မကောင်းတဲ့ တပည့်သားမြေး၊ မကောင်းတဲ့ ပတ်ဝန်း ကျင်နဲ့ နေရတာ ဆက်ဆံရတာဟာ စိတ်ဆင်းရဲတယ်၊ အကုသိုလ် များတယ်ဆိုတာ မှန်တယ် ဒကာကြီး။ ဒါပေမယ့် အများအကျိုး

ဆောင်ရတဲ့ ပုဂ္ဂိုလ်များအဖို့တော့ ဒီပြဿနာမျိုးတွေကို ရင်ဆိုင်ရလိမ့်မယ်ဆိုတာ သိပြီးသား၊ ဒါ့ကြောင့် ပလလဲတောမှာ ဝါကျွတ်လို့ အရှင်အာနန္ဒနဲ့ ရဟန်းတော် ၅၀၀–တို့ လာရောက်ပင့်လျှောက်တဲ့အခါမှာ သာဝတ္ထိပြည်ကို ပြန်လည်လိုက်ပါ ကြွသွားတော်မူတယ် ဒကာကြီး"

"လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ကျင့်ဆည်းပူးတော်မူလာရတာဟာ လောကတ္တစရိယ+ လောကသားတို့ရဲ့ အကျိုးအတွက် မဟုတ်လားဘုရား၊ ဒီတော့ မြတ်စွာဘုရားဟာ ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံရကြုံရ တပည့် ရဟန်းများနဲ့ ဒကာ ဒကာမတွေအတွက် ငဲ့ညှာတော်မူရတာပေါ့၊ ဒါနဲ့ညီတော် အရှင်အာနန္ဒာ မြတ်စွာဘုရားနောက်ကို လိုက်လာရပုံကလေး ရှင်းပြပါဦးဘုရား"

"ဒီလိုလေ–သာဝတ္ထိပြည်က ကျောင်းဒကာ အနာထပိဏ်သေဌေးတို့ ဝိသာခါ ကျောင်းအမကြီး အစရှိတဲ့ ငါးကုဋေသော အရိယာ ဒါယကာ ဒါယိကာမ အပေါင်းနဲ့ အနယ်နယ်မှ ရဟန်းတော်များက မြတ်စွာဘုရားကို မဖူးတွေ့ရတာကြာပြီ၊ ပလလဲတောသို့ သွားရောက်ပြီး မြတ်စွာဘုရားကို ပြန်လည်ပင့်ဆောင်ပေးဖို့ တိုက်တွန်းလျှောက်ထားကြတဲ့အတွက် အရှင်အာနန္ဒာမထေရ်မြတ်နဲ့ နောက်ပါရဟန်း ၅၀၀–တို့က မြတ်စွာဘုရားကို ဝါကျွတ်တဲ့အခါမှာ သာဝတ္ထိပြည်သို့ ပြန်လည် ပင့်ဆောင်လာရခြင်းဖြစ်တယ်ဒကာကြီးရဲ့၊ ဒါနဲ့ ဒကာကြီးတို့ မှတ်သားထားဖို့ ကောသမ္ဗီပြည်က အဖြစ်အပျက်ကို ပြောပြရဦးမယ်"

"မှန်ပါဘုရား၊ မြတ်စွာဘုရား ကောသမ္ဗီက ပလလဲတော ကို တစ်ပါးတည်း ကြွသွားတော်မူပြီးတဲ့နောက် အဓိကရုဏ်း ဖြစ်နေတဲ့ ရဟန်းတွေရဲ့ အခြေအနေကိုဖော်ပြဖို့ ကျန်နေသေးတယ် ဘုရား"

"**သံဃာအား ဘုရားမဆန့်သာ** ဆိုတဲ့ ဆိုရိုးစကားကို ဒကာကြီးတို့ သိတယ်မဟုတ်လား၊ အများရဲ့ဆန္ဒကို ဆန့်ကျင် ငြင်းပယ်လို့ မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ အခုလဲပဲ ကောသမ္ဗီပြည်သူပြည်သားတွေက ဃောသိတာရုံကျောင်းမှာ မြတ်စွာဘုရားကို မမြင်တွေ့ရတော့ ရဟန်းတော်တွေကို မေးတယ်၊ ရဟန်းအချင်းချင်း အုပ်စုကွဲပြီး ဝိဝါဒါဓိကရုဏ်းဖြစ်လို့ အညီအညွတ်ဖြစ်အောင် မြတ်စွာဘုရားက ဟောပြောဆုံးမ သော်လည်း ရဟန်းတော်များက မနာယူဘဲ ရှိကြတဲ့အတွက် တစ်ပါးတည်း ပလလဲတောကိုကြွသွားတော်မူတဲ့အကြောင်း သိကြရတော့ ဃောသက သေဋ္ဌေးအစရှိတဲ့ ဥပါသကာ အားလုံးက –

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ မြတ်စွာဘုရား အထံတော်မှာ ရဟန်းအဖြစ်ကို ခံယူထားသူများဖြစ်ပါလျက် မြတ်စွာဘုရားက အညီအညွတ်ပြုသည်ကို မနာခံ၊ မညီမညွတ် ကွဲကွဲပြားပြားပင်ရှိနေကြသည်။ အရှင်ဘုရားတို့မညီညွတ်သည့် အတွက် မြတ်စွာဘုရားဟာ အရပ်တပါးထွက်ခွါသွားခြင်း ဖြစ်သည်။ ဒကာ ဒကာမများလည်း မြတ်စွာဘုရားကို ကြာမြင့်စွာ ဖူးတွေ့ခွင့်မရဘဲ ရှိနေခဲ့သည်။ ဒါ့ကြောင့် အရှင်တို့ကို ပစ္စည်း လေးပါး ထောက်ပံ့ခြင်း၊ အရိုအသေပြုခြင်း မလုပ်နိုင်တော့

ပါ”ဆိုပြီး ခိုက်ရန် အငြင်းပွားကြတဲ့ ကောသမ္ဗီရဟန်းတွေကို သပိတ်မှောက်ကြသတဲ့

“တယ်ဟုတ်ပါကလား ဘုရား၊ ဘုရားစကားနားမထောင်တဲ့ရဟန်းတွေကို လူထုကဆန္ဒပြတဲ့သဘောပေါ့ဘုရား“

“ဟုတ်တယ်ဒကာကြီး၊ ကောသမ္ဗီလူထုရဲ့ ဆန္ဒပြမှုဟာ အင်မတန် ခရီးရောက်တယ်၊ ၂–ရက် ၃–ရက် အတွင်းမှာပဲ အငြင်းအခုံဖြစ်တဲ့ ကောသမ္ဗီရဟန်းတွေဟာ ဆွမ်းကွမ်းရှားပါးပြီး တစ်နေ့တစ်ခြား သွေးသားခန်းခြောက်လာတော့ သူတို့ရဲ့အမှားကို သူတို့ ဝန်ချပြီး ဒကာဒကာမတွေကိုလည်း သူတို့ရဟန်းအချင်းချင်း ညီညွတ်ကြပါပြီ၊ ရှေးယခင်ကလိုပဲ ဆွမ်းကွမ်းထောက်ပံ့ကြပါလို့ တောင်းပန်ပြောကြားရသတဲ့”

“တကယ်ထိရောက်တဲ့လက်နက်ကောင်းပဲ၊ ဘုရားက နှုတ်ဖြင့်ဖျောင်းဖျ ပြောဆိုတာကိုတော့လက်မခံကြဘူး၊ အရှင်ဘုရား အသာအေးအေးနေတော်မူပါ၊ ဒီကိစ္စ(အငြင်းအခုံဖြစ်မှု) ထဲ မဝင်ချင်ပါနဲ့လို့တောင် နှုတ်တုန့်ပြန်တဲ့ရဟန်းတွေ၊ အခုဒကာဒကာမတွေက ကာယကံမြောက် ဆွမ်းငတ်အောင် တိုက်ပွဲဆင်တော့မှ အလျှော့ပေးဝန်ချ တောင်းပန်ကြတယ်၊ ဒီနည်းဟာမဆိုဘူးပေါ့ဘုရား”

“ဒါလောက်နဲ့မပြီးသေးဘူး ဒကာကြီး၊ ကောသမ္ဗီဒါယကာတွေက အရှင်ဘုရားတို့ရဲ့ အမှားကိုသိပြီး ညီညွတ်ကြပါမယ် ဆိုတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် အရှင်ဘုရားတို့မြတ်စွာဘုရားထံ သွားရောက်ပြီး ဝန်ချတောင်းပန်ကန်တော့ကြပါ၊

တောင်းပန်ကန်တော့ကြပြီးတဲ့အခါမှာ တပည့်တော်တို့က ရှေးက အတိုင်း အရှင်ဘုရားတို့ရဲ့ စားဝတ်နေရေး ပစ္စည်း လေးပါးအတွက် ဆက်လက် ထောက်ပံ့ပါမယ်လို့ အရေးဆိုကြပြန်တယ် ဒကာကြီး"

"တယ်တော်တဲ့ ကောသမ္ဗီ ပြည်သားတွေပါလားဘုရား၊ ရဟန်းတော်တွေ လမ်းချော်နေရင် လူထုပရိသတ်က ဖြောင့်ပေးနိုင်ခွင့် ရှိတယ်ဆိုတာ ပြတဲ့သဘောပေါ့ဘုရား"

" ဟုတ်ပါတယ်၊ ဒါ့ကြောင့် " **ဒကာအား သံဃာမဆန်သာ**" လို့ စောစောက ပြောခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား၊ အင်မတန် မှတ်စရာကောင်းတဲ့ သာဓကတစ်ခုပါပဲ"

# အခန်း (၈)

## ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်

"အခု ဘုန်းကြီးပြောခဲ့တာတွေက မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က သာသနာတော်ရဲ့ အတွင်းရန် အန္တရာယ်လှုပ်ရှားမှုတွေပါပဲ။ သုန္ဒရီပရိဗိုဇ်မ၊ စိဉ္စမာဏဝိကာအစရှိတဲ့ တိတ္ထိတက္ကတွန်းတွေရဲ့ အပြင်ရန် တိုက်ပွဲတွေအကြောင်း မပါသေးဘူး။ အခု ဘုန်းကြီးတို့ ဆွေးနွေးနေတာကလဲ သာသနာသန့်ရှင်းရေးအတွက် သာသနာတော်အတွင်းက အတွင်းရန် အန္တရာယ် အညစ်အကြေးတွေကို ဖယ်ရှားဖို့ ကိစ္စဘဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ သာသနာတော်အတွင်းမှာနေပြီး သာသနာရဲ့ ဆန့်ကျင်ဘက် အလုပ်တွေကို လုပ်နေကြတဲ့ ရဟန်းတု ရဟန်းယောင် အလဇ္ဇီ ဒုဿီလတွေရဲ့ အန္တရာယ်ကို ကာကွယ်တားဆီးဖို့ကိစ္စက ပဓာနပါပဲ"

"ကဲ–အခု မြတ်စွာဘုရားမရှိတဲ့ နောက်ပိုင်းကာလမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေအကြောင်း ပြောကြဦးစို့၊ မြတ်စွာဘုရားဟာ၊ သက်တော် ၈၀၊ ဝါတော် ၄၅၊ မဟာသက္ကရာဇ်

၁၄၈–ခုနှစ်၊ ကဆုန်လပြည့်အင်္ဂါနေ့မှာ မလ္လာတိုင်း ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံဝင်တော်မူတယ်နော် ဒကာကြီး”

“မှန်ပါဘုရား”

“အဲ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးလို့၊ ရက်ပိုင်းလောက်အတွင်းမှာပဲ သာသနာ့အန္တရာယ်ဟာ စတင်ပေါ်ပေါက်လာတော့တာပဲ ဒကာကြီး၊ ရှင်မဟာကဿပ မထေရ်ကြီးဟာ နောက်ပါရဟန်း ၅၀၀–နဲ့ ပါဝါပြည်မှ ကုသိနာရုံသို့ မြတ်စွာဘုရားအား ဖူးမြော်ရန်ကြွလာတော်မူတယ်။ လမ်းခရီးမှာ တက္ကတွန်းတစ်ယောက်က မြတ်စွာဘုရားဟာ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန် စံဝင်တော်မူတာ (၇)ရက်ကြာပြီဖြစ်ကြောင်း ပြောပြလို့ သိရတဲ့ ရဟန်းအချို့ဟာ ယူကျုံးမရ ငိုကြွေးခြင်းပြုကြ သတဲ့၊ အဲဒီအထဲမှာ သုဘဒ်ဆိုတဲ့ တောထွက်ရဟန်းကြီး တစ်ပါးက “ငါ့ရှင်တို့ ငိုယိုပူဆွေးခြင်း မဖြစ်ကြနဲ့၊ အခု ငါတို့ လွတ်လွတ် လပ်လပ် ပြောခွင့်နေခွင့် ရကြပြီ၊ ရဟန်းကြီး ဂေါတမရှိစဉ်တုန်းက ဟိုဟာမလုပ်နဲ့ ဟိုလိုမပြောနဲ့ ငါတို့ကို အမျိုးမျိုးချုပ်ချယ်တယ်၊ အခုဒီရဟန်းကြီး မရှိတော့ သူ့ရဲ့ပညတ်ချက်တွေ၊ ချုပ်ချယ်မှု တွေလဲ မရှိတော့ဘူး၊ ငါတို့ကြိုက်သလို ပြုမူပြောဆိုနေထိုင်နိုင်ပြီလို့ ကြွေးကြော် သတဲ့ဒကာကြီး။ အဲဒါမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးလို့ ၇–ရက်အကြာမှာ ဖြစ်ပေါ်လာတဲ့ သာသနာ့ အန္တရာယ်အစပဲ”

“မှန်ပါဘုရား”

"အရှင်မဟာကဿပမထေရ်ကြီးဟာ တောထွက် သုဘဒ္ဒ ရဟန်းရဲ့စကားကို ကြားရတော့ ဦးထိပ်ထက် မိုးကြိုးစက်ကျသလို အင်မတန် တုန်လှုပ်သွားပြီး အခုလို ဆင်ခြင်မိသတဲ့။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပင်ပန်းဆင်းရဲ ကြိုးကြိုးစွာ ကည်ထောင်ခဲ့တဲ့ သာသနာတော်မြတ်ကြီး၌ ဤမျှတိုတောင်းသော **အချိန်ကာလကလေးအတွင်း – ရဟန်းယုတ် တည်းဟူသော အမှိုက်သရိုက် ဆူးငြောင့်ခလုတ်များ ထင်ရှားဖြစ်ပေါ်ဘိ၏ ထိုရဟန်းယုတ်ကြီးကား မဟန့်တားသဖြင့် ကြီးပွား၍များလာခဲ့ လျှင် သူကဲ့သို့ပင် အခြားတပါးသော ရဟန်းယုတ် အသင်းအပင်း အဖော်အပေါင်းတို့ကို ရရှိ၍ သာသနာတော်ကို ဆုတ်နစ်စေ နိုင်သည်** လို့ ဆင်ခြင်တော်မူပြီး ဓမ္မသံဝေဂကြီးစွာ ဖြစ်တော်မူ ရှာတယ် ဒကာကြီး"

"မှန်ပါတယ် ဘုရား၊ ဝမ်းနည်းစရာ အလွန်ကောင်းတာ ပေါ့၊ အရှင်မဟာကဿပမထေရ်မြတ်ကြီးဟာ ဒီအန္တရာယ်ကို မြင်လို့ သုံးလမြောက်တဲ့အခါမှာ ရာဇဂြိုဟ် စရည်းပင်ပေါက်ရာ လိုဏ်ဂူအနီး၌ အဇာတသတ်မင်းကို အမှီပြုပြီး ရဟန္တာ ၅၀၀– နဲ့ တကွ ၇–လပတ်လုံး ပထမသင်္ဂါယနာကို တင်တော်မူ ရတယ်လို့ တပည့်တော်ဖတ်ဖူးပါတယ် ဘုရား"

## အရှင်မဟာကဿပကဲ့သို့ တာဝန်ယူ

"အဲ ဟုတ်ပြီ၊ ဒကာကြီး အထူးသိထားဖို့က မြတ်စွာ ဘုရားရဲ့ အဆုံးအမဒေသနာတော်နဲ့ ဆန့်ကျင်တဲ့ သာသနာတော်ရဲ့ အတွင်းအပြင် အန္တရာယ်တွေဟာ မြတ်စွာဘုရား လက်ထက်

တော်မှာလဲ ရှိခဲ့တယ်၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီး၍ သာသနာတော် နှစ်ပေါင်း ၂၅၀၀-ကျော် တစ်လျှောက်လုံးမှာလဲ ရှိခဲ့တယ်၊ အခုမျက်မှောက်ခေတ်မှာလဲ ရှိနေတယ်၊ နောင်အနာဂတ် ကာလမှာလဲ ရှိနေလိမ့်ဦးမယ်၊ ဒီသာသနာ့အန္တရာယ် အညစ် အကြေးတွေကို မြတ်စွာဘုရားရှိစဉ်က ကိုယ်တော်တိုင် ကာကွယ်ထိန်းသိမ်းခဲ့တယ်၊ နောက်ပိုင်းမှာ အရှင်မဟာကဿပနဲ့ အဓာတသတ်မင်းတို့က စပြီး ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါ ယနာ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌ စသည်ဖြင့် သာသနာ့အန္တရာယ် ကာကွယ်ရေးတွေကို မဟာစက် အာဏာစက် ၂-ရပ်တွဲပြီး အစဉ် တစိုက် လုပ်ခဲ့ကြရတယ်၊ အခုလိုပဲ ယခု မျက်မှောက်ခေတ်မှာရော နောင်အနာဂတ် ကာလအတွက်ရော သာသနာသန့်ရှင်းရေး အန္တရာယ် ကာကွယ်ရေးတွေကို ဘုန်းကြီးတို့ ဒကာကြီးတို့က လက်တွဲပြီး လုပ်သွားကြရမယ်ဆိုတာ တိတိကျကျ စိတ်ပိုင်းဖြတ် ထားဖို့ပါပဲ”

“ဒါဟာ အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ မလွှဲ ရှောင်သာတဲ့ တာဝန်ကြီး တစ်ရပ်ပါပဲ ဒီတာဝန်ကို တပည့်တော်တို့ က တစ်ခေတ်ပြီး တစ်ခေတ် လက်ဆင့်ကမ်းပြီး ကျေပွန်အောင် ထမ်းကြရမှာပေါ့ဘုရား”

“အရှင်မဟာကဿပမထေရ်ကြီးက သူ့တာဝန်ရှိပုံကို ဒီလိုဆိုထားတယ် ဒကာကြီးရဲ့

(၁) မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မှ သုံးဂါဝုတ် ကွာဝေးသည့် အရပ်သို့တိုင်အောင် ကြွရောက် တော်မူလာလျက်ပညောင်ပင်ရင်း၌ ထက်ဝက်ဖွဲ့ ခွေ

ထိုင်နေတော်မူကာ ငါ့အား သာသနာ့အမွေ ခံယူစေရန် ကြိုဆိုနှင့်ခဲ့ဖူးသည်၊

(၂) ငါ့အား ဆုံးမဩဝါဒ သုံးခွန်းဖြင့် သာသနာ့အမွေခံ ရှင်–ရဟန်း ဖြစ်စေခဲ့တယ်၊

(၃) မြတ်စွာဘုရားသည် ဝတ်ရုံဆဲ ပံ့သကူသင်္ကန်းကို ခွါတော်မူလျက် ငါ၏ကိုယ်မှ ဝတ်ရုံဆဲ ဒုကုဋ် သင်္ကန်းကြီးဖြင့် လဲလှယ်ဝတ်ရုံခြင်း ပြုတော်မူခဲ့ သည်။

"ဤကဲ့သို့ သုံးကြိမ်တိုင်တိုင် ထူးခြားစွာဖြင့် မြတ်စွာဘုရား သခင်သည် ငါ့အား သာသနာ့အမွေ သာသနာ့တာဝန်ကို ပေးအပ်ခဲ့ပေပြီ။ ဤသို့ ပေးအပ်ခဲ့သည့် အလျောက် မြတ်စွာဘုရား မရှိသည့်နောက် မြတ်စွာဘုရား၏ သာသနာ့အမွေကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ငါ၏တာဝန်ပင် ဖြစ်ချေသည်– လို့ အရှင်မဟာကဿပမထေရ်ကြီးရဲ့ စိတ်သန္တာန်မှာ ဖြစ်ပေါ်လာ သတဲ့ ဒကာကြီး"

"မြတ်စွာဘုရားက ရှင်မဟာကဿပ မထေရ်ကြီးကို မူလကတည်းက ယုံကြည်အားထားလို့ သာသနာ့အမွေထိန်း တာဝန်ကို ပေးအပ်ခဲ့တယ်ဆိုတော့ အရှင် မဟာကဿပ၊ အရှင် ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင် အနုရုဒ္ဓါ၊ အရှင် ဝင်္ဂီသ၊ အရှင် ပုဏ္ဏ၊ အရှင် ကုမာရကဿပ၊ အရှင် ကစ္စည်း အစရှိတဲ့ ရဟန္တာမထေရ်မြတ်တို့မှ သက်ဆင်းဆက်နွယ်လာတဲ့ ခုခေတ်ထိ သာကီနွယ်ဖွား ဘုရားရဲ့သားတော်၊ ရဟန်းသံဃာတော်တွေကလဲ

သာသနာ့အမွေကို ဆက်လက် ထိန်းသိမ်းသွားကြဖို့ တာဝန်ရှိကြတာပေါ့ဘုရား"

"ဟုတ်တယ်လေ၊ အရှင်မဟာကဿပမထေရ်မြတ်ကြီးက စပြီး အဆက်အနွယ် ရဟန်းသံဃာတော်အားလုံးကို မြတ်စွာဘုရားက သာသနာတော် သန့်ရှင်းရေး၊ အရှည်တည်တံ့ပြန့်ပွားရေးအတွက် ယုံကြည်အပ်နှံခဲ့တယ် မဟုတ်လား ဒကာကြီးရဲ့"

"မှန်ပါတယ် ဘုရား၊ သံဃာအား ဘုရားယုံခဲ့သည်ဆိုတာ ဒီအဓိပ္ပာယ်ပဲပေါ့ ဘုရား"

## အခန်း (၉)

## မှားလျှင်ပြင်ရမည်

"ဒကာကြီး ဘယ်အချိန်ရှိသွားပြီလဲ"

"၂–နာရီခွဲ ရှိသွားပြီ ဘုရား၊ ဟောဒီသံပရာရည်ကို သုံးဆောင်ပါဦး ဘုရား၊ နောက်ပြီးမှ ဆွေးနွေးပွဲ ဆက်ကြတာပေါ့"

"ရေအေးအေးတစ်ခွက်ပဲ ကပ်ပါဒကာကြီး"

"မှန်ပါ့ဘုရား"

"ပထမသင်္ဂါယနာ စတင်စဥ်တုံးက စင်းလုံးချောတော့ မဟုတ်ဘူး ဒကာကြီး၊ ဝိဝါဒကွဲပြားမှု ကလေးတွေ ရှိခဲ့တယ်၊ ဒါပေမယ့် စင်ပြိုင်ထောင်မှု၊ ဂိုဏ်းကွဲမှုတော့ မရှိသေးဘူး"

"ဝိဝါဒကွဲပြားမှုဆိုတာက ဘယ်လိုဟာလဲဘုရား"

"ဒီလိုလေ–မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီးမှာ သံဃာက အလိုရှိလျှင် သိက္ခာပုဒ်အငယ်စားတွေကို ဖြုတ်လိုက ဖြုတ်နိုင်တယ်လို့ မိန့်တော်မူတယ်၊ အငယ်စား သိက္ခာပုဒ်ဆိုတာ ဘာတွေဘာလဲလို့ အရှင်အာနန္ဒာ–က လျှောက်ထား မေးမြန်းခြင်း

မပြုလိုက်မိဘူး၊ ဒီတော့ သိက္ခာပုဒ် အငယ်စားနဲ့ ပတ်သက်ပြီး အယူအဆ ကွဲကြတယ်၊ သံဃာ အချို့က ပါရာဇိက သိက္ခာပုဒ် ၄-ပါးကလွဲရင် ကျန်တာတွေဟာ အငယ်စား သိက္ခာပုဒ်တွေ၊ ပယ်နိုင်တယ်၊ ဖြုတ်နိုင်တယ်၊ ပြင်နိုင်တယ်လို့ ဆိုကြတယ်"

အလွယ်ကြိုက်တဲ့ ပုဂ္ဂိုလ်တွေ ထင်ပါရဲ့ဘုရား".

"အာပတ်က ၇-မျိုးရှိတယ် ဒကာကြီးရဲ့၊ ပါရာဇိက အာပတ်က အပြစ်ကြီးလေးတယ်၊ ရဟန်းဘဝ ဆုံးရှုံးသည်အထိ ဖြစ်နိုင်တယ်၊ နောက်ဒုတိယ ကြီးလေးတဲ့ အာပတ်က သံဃာဒိသိသ်အာပတ်လို့ခေါ်တယ်၊ အဲဒီလိုပဲ ထုလ္လစ္စဥ်းအာပတ်၊ ပါစိတ်အာပတ်၊ ပါဋိဒေသနီအာပတ်၊ ဒုက္ကဋ်အာပတ်၊ ဒုဗ္ဘာသိအာပတ်ဆိုပြီး၊ တစ်ဆင့်ထက် တစ်ဆင့် အပြစ်ပေါ့ သွားတယ်၊ သေးငယ်သွားတယ်၊ အဲဒီလို အာပတ် ၇-မျိုးရှိရာမှာ ဘယ်အာပတ်မျိုးတွေကို သေးငယ်တဲ့ အပြစ် မကြီးတဲ့ အာပတ်အနေနဲ့ ပယ်နိုင်တယ်၊ ဖြုတ်ပစ်နိုင်ကယ်ဆိုပြီး အငြင်းပွား ကြတာပဲ ဒကာကြီး။

"နေပါဦးဘုရား၊ ဘာဖြစ်လို့ ဝိနည်းဒေသနာတော်ကို ပထမဦးဆုံးစပြီး သင်္ဂါယနာ တင်ရတာလဲ ဘုရား"

"ဝိနယောနာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ၊ ဝိနည်းသည် သာသနာတော် အသက်၊ ဝိနည်းဒေသနာတော် တည်မြဲလျှင် သာသနာတော်လဲ တည်မြဲမယ်လို့ ဆိုထားတယ် ဒကာကြီး။ နောက်ပြီး သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၃)မှာ "ဒွိသု ပန ပိဋကေသု

အဏ္ဍရပဟိတေသုပိ ဝိနယပိဋကေ ဌိတေ သာသနံ တိဋ္ဌတိ” သုတ္တန်နဲ့ အဘိဓမ္မာပိဋကတ် ၂–ပုံ ကွယ်သော်လဲ ဝိနည်းပိဋကတ် ရှိနေသမျှ ကာလပတ်လုံး သာသနာတော် တည်မယ်လို့ အဆိုရှိပြန်တယ်၊ ဒါကြောင့် ရူတင်အကျင့်မှာ တေဒဂ်ရတဲ့ အရှင်မဟာကဿပ၊ ဝိနည်းအရာမှာ တေဒဂ်ရတဲ့ အရှင်ဥပါလိ မထေရ်မြတ်ကြီးတို့ နှစ်ပါးက အမေးအဖြေလုပ်ပြီး ဝိနည်း ဒေသနာတော်ကို ပထမအဦးဆုံး သင်္ဂါယနာ တင်တော်မူကြတာ ဒကာကြီး”

“ဒီမထေရ်မြတ်ကြီးတွေဟာ သာသနာတော် သန့်ရှင်း တည်မြဲရေးအတွက် အမြော်အမြင်ကြီးတော် မူကြပါပေတယ် ဘုရား၊ တပည့်တော်ဖြင့် ကြည်ညိုလို့ မဆုံးပါဘူး ဘုရား”

“ဟုတ်တာပေါ့ ဒကာကြီး၊ ဝိနည်းကို ဆောင်နိုင်တဲ့ပုဂ္ဂိုလ် တွေဆိုရင် ကြည်ညိုရမယ်၊ ဆည်းကပ်ရမယ်၊ ပစ္စည်းလေးပါး ထောက်ပံ့ရမယ်ပေါ့၊ တွေ့ကရာ ဇရုတ်သုတ်ခတွေကို ရှိခိုးဦးချလို့ ဘယ်ဖြစ်မတုံး ဒကာကြီးရဲ့၊ အကောင်းနဲ့ အဆိုးကို ရွေးတတ်ဖို့ လိုတယ်နော် ဒကာကြီး၊ သို့မဟုတ်ရင် နွားထီး ငါးကျပ်၊ နွားမ ငါးကျပ် ဖြစ်နေမယ်၊ တချို့များ နွားမကတောင် ပိုပြီး ဈေးကောင်းနေသေးတယ်”

“အဆိုးနဲ့ အကောင်းခွဲခြားပြီး သိတတ်အောင် တပည့်တော် ကြိုးစားပါတယ်၊ တပည့်တော်ရဲ့ မိတ်ဆွေတွေကိုလဲ ရဟန်းဆိုးနဲ့ ရဟန်းကောင်းကို ခွဲခြားပြီး မြင်တတ်ဖို့ ပြောရပါတယ်ဘုရား”

"လယ်တီဆရာတော် ဘုရားကြီးရေးတဲ့ ဓမ္မဒီပနီကို ဒကာကြီး ဖတ်ဖူးသလား"

"ဖတ်ဖူးပါတယ်ဘုရား၊ တပည့်တော် တိုက်တွန်းလို့ ရန်ကုန် ၃၃-လမ်း စာပေလောက ပုံနှိပ်တိုက်ကတောင် မကြာသေးခင်ကဘဲ ပုံနှိပ်ဖြန့်ချိနေပါတယ်၊ လူတိုင်း ဖတ်သင့်တဲ့ စာအုပ်ကောင်းတစ်အုပ်ပဲ ဘုရား"

"အဲဒီစာအုပ်မှာ လဇ္ဇီ၊ အလဇ္ဇီနဲ့ ဒုဿီလတို့ရဲ့ အင်္ဂါရပ်တွေကို အသေးစိပ် ဖော်ပြထားတယ်၊ ဒီအင်္ဂါရပ်တွေကို ဒကာကြီး နားလည်ထားရင် ရဟန်းဆိုးနှင့် ရဟန်းကောင်းကို ခွဲခြားပြီး ဆည်းကပ်ကိုးကွယ် တတ်လာလိမ့်မယ်၊ ရှဟန်းကောင်းကို ရွေးပြီး ကိုးကွယ်ဆည်းကပ်တော့ ပိုပြီး အကျိုးရှိတာပေါ့၊ သာသနာတော်အတွက်လဲ ပိုပြီး သန့်သွားတာပေါ့"

"မှန်ပါဘုရား၊ တပည့်တော်လဲ သာသနာတော်အတွက် ရဟန်းကောင်းတွေများများ ရှိပါစေဆိုတဲ့ စေတနာနဲ့ ပြောဆိုရေးသား လုပ်ကိုင်နေတာပါပဲဘုရား။ အဲဒါကို တချို့က ဝေဖန်ကြတယ်၊ ဘုန်းကြီးတွေကို ဆရာလုပ်တယ်လို့"

## ဘုန်းတောက်လို့ အရှိန်အဝါကြီးရင်

"သြော်--ဖြစ်မှဖြစ်ရလေ ဒကာကြီးရာ၊ ဘုန်းကြီးတို့ဟာ အများအားဖြင့် ပုထုဇဉ် ရဟန်းတွေပဲ အမှားဆိုတာ တွေ့တတ်တာပဲ။ ကိုယ်ဘာသာကိုယ်တော့ မမြင်ဘူး၊ ဘေးက လူကတော့

တွေ့တယ်၊ မြင်တယ်၊ ရဟန်းအချင်းချင်းဖြစ်စေ၊ အသိဉာဏ်ရှိတဲ့ ဒကာ ဒကာမကဖြစ်စေ၊ ကောင်းစေ၊ ဖြောင့်စေလိုတဲ့ စေတနာနဲ့ လမ်းမှန်ရောက်အောင် လဇ္ဇီသူတော်ကောင်း • ဖြစ်အောင် ညွှန်ပြသတိပေး ပြောကြားရင် လက်ခံရ မှာပေါ့ ဒကာကြီး။ တချို့ ပုဂ္ဂိုလ်ငယ်တွေကတော့ ဘုန်းတောက်ပြီး အရှိန်အဝါ ကြီးနေရင် သတိလက်လွတ် ဖြစ်တတ်ကြတယ်၊ ခြေလွတ်တယ် ဆိုပါတော့၊ အမှန်ကတော့ သူတို့ကိုယ်ကို သူတို့ အထင်ကြီးတာ၊ ပရိသတ် (အထူးသဖြင့် အမျိုးသမီးတွေ ပေါ့လေ) အသိုင်း အဝိုင်းများလေလေ ဒုက္ခရောက်ဖို့ နီးလေလေပဲ ဒကာကြီးရာ၊ ဒကာ ဒကာမတွေက အစဉ်းစားဉာဏ် မရှိဘဲ အရမ်းကာရော ကြည်ညိုတာ၊ ဆည်းကပ်တာ၊ လှူဒါန်းကြတာဟာ အမှန်ကတော့ ချောက်ထဲတွန်းပို့နေတာပဲ၊ မပျက်စီးသေးတဲ့ရဟန်း ပျက်စီးအောင် လူမထွက်သေးတဲ့ပုဂ္ဂိုလ် မြန်မြန် လူထွက်အောင် လုပ်ပေးနေ ကြတာပဲလို့ ဆိုရမယ်”

“ယမန်နှစ်က ပျံလွန်တော်မူသွားတဲ့ ဗဟန်း ဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် မဟာနာယကဖြစ်တဲ့ ကျေးဇူးရှင်ဆရာတော် အရှင်ဝါသဝါဘိဝံသမထေရ်ကြီးက ပျံလွန်တော်မမူမီ အချိန် ကလေးမှာ သတိပေး တေးထပ်တစ်ပုဒ် တပည့်တော်ကို ချီးမြှင့်သွားဖူးတယ် ဘုရား”

“ရွတ်ပြစမ်းပါလား ဒကာကြီး”

“အနာဂါမ်လောကုတ် သဘောဟုတ်မရမီ၊ ပြောအလုပ်နှင့် သမဏာပီအောင်၊ (မ) မသိစေနှင့်။ သင်းအတွက် ရမ္မက်ခွါ

စက္ကဝါခြား၍နေသင့်၊ ဝိသဘာဂအာရုံမျှော်သည် ရှာပုံတော်တွေနှင့်၊ ကာမဂုဏ်ညှော်လေပင့်တော့ လေလွင့်ရပြန်သည်၊ ရှာန်လက်ကိုင် ပုဂ္ဂိုလ်များ ယုတ်ယိုပျက်ပြားများလှလေပြီ။ ကျင့်သီလစာမရှိလို မကွာညီတည်ရစ်ဖို့ ပြည်ချစ်တဲ့ ညီညာ သိပါစိမ့်ငှာ၊ နောင်တော်ကြီးအစ်ကို-ဝါ။ ထိုကဗျာ လက်ကမ်းပေါ့လေး-"

"တယ်ပြီး အဓိပ္ပာယ်ပါတဲ့ တေးထပ်ပါလားဒကာကြီး၊ ဒီဆရာတော်ကြီးရဲ့ စိတ်ထဲမှာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအတွက် (မ) အန္တရာယ်မြင်နေလို့ သာသနာတော်မှာ ဆုံးရှုံးမှုမဖြစ်အောင် ညီငယ်တွေလို သဘောထားပြီး မေတ္တာစိတ်နဲ့ သတိပေးတာ ဖြစ်ပါလိမ့်မယ်"

"မှန်ပါတယ်ဘုရား၊ နောင်တော်ကြီးအစ်ကို ဝါဆိုတာက ဆရာတော်ကြီး ဦးဝါသဝါဘိဝံသကလို့ ဆိုပါတယ်ဘုရား။ ပြည်ချစ်ဆိုတာက တိုင်းပြည်မှာ ကျော်ကြားပြီး လူကြိုက်များနေတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုပါတယ် ဘုရား"

"သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ဆရာတော်ဘုရားနဲ့ ဒကာကြီးအပေါ် ဘယ်လိုသဘောထားကြမယ်ဆိုတာကိုကော ဒကာကြီးစဉ်းစားမိရဲ့လား"

"စေတနာကောင်းနဲ့ သတိပေးကြတာပဲဟာ၊ ဆိုင်ရာ ပုဂ္ဂိုလ်များက ဝမ်းမြောက်စွာနဲ့ကျေးဇူးတင် လက်ခံကြရမှာပေါ့ ဘုရား"

"ဒကာကြီးကို ဥပမာကလေး တစ်ခု ပြောရဦးမယ်၊ အင်္ဂုတ္တရ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကိုယ်တိုင်

သင်္ကန်းရုံတာ, အစ မညီတာနဲ့ ရှင်သာမဏေငယ်တစ်ပါးရဲ့ ဝေဖန်မှုကိုခံရတယ်၊ ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးကို, ကိုရင်ပေါက်စကလေးတစ်ပါးက ဝေဖန်သလိုနေမှာပေါ့၊ ဒါပေမယ့် အရှင်သာရိပုတ္တရာ မထေရ်ကြီးဟာ စိတ်မဆိုးဘူး၊ ရှင်သာမဏေကလေးကိုပဲ လေးစားတဲ့အနေနဲ့ သာမဏေငယ်ရဲ့ စကားကို နာယူပြီး သင်္ကန်းကို ပြင်ဝတ်တော်မူတယ်၊ နောက် ဥပမာတစ်ခုက (၇)နှစ်သားမျှသာရှိသေးတဲ့ သားတော်ရာဟုလာ သာမဏေငယ်ကလေးဟာ နံနက်စောစောတိုင်း အိပ်ရာက ထတယ်၊ နောက်ပြီး သဲကိုလက်ခုပ်ဖြင့်ကျုံးယူပြီး ငါသည် မြတ်စွာဘုရားထံမှလည်းကောင်း၊ ဥပဇ္ဈာယ်ဆရာတော်များ ထံမှလည်းကောင်း၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်များထံမှ လည်းကောင်း ဤသဲလုံးမျှလောက် အရေအတွက်ရှိသော ဩဝါဒ ဆုံးမစကားတွေကို ကြားရ၊ နာယူရလျှင် ငါ့အားကောင်းလေစွလို့ နေ့စဉ်တောင့်တသတဲ့ဒကာကြီး”

“ဒါပေါ့ဘုရား၊ ကိုယ့်ကိုအပြစ်လွတ်အောင် ကောင်းအောင် - ပြောတဲ့ သတိပေးတဲ့ကိစ္စတွေပဲဟာ ဘာလက်မခံစရာရှိသလဲ၊ လက်ခံရမှာပဲပေါ့ ဘုရား”

“ဒါကလူတိုင်းအဖို့မဟုတ်ဘူး ဒကာကြီး၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ဆိုတဲ့ စကားလို မာန်မာနထောင်လွှားမှုမရှိတဲ့ သူတော်ကောင်း ပညာရှိများအတွက်သာ ဖြစ်နိုင်တဲ့ကိစ္စ၊ ဦးပဥ္စင်းတို့ ဒကာကြီးတို့အနေနဲ့ ကောင်းတာမှန်တာဖြစ်ရင် ဝမ်းမြောက်စွာနဲ့ လက်ခံကြရမှာပဲ၊ ဒုဗ္ဗစ (အပြောရ, ဆိုဆုံးမ ရခက်ခဲသော) ပုဂ္ဂိုလ်မျိုးကသာ ပြောသူ ညွှန်ပြသူကို

ရန်ထောင်တတ်ကြတာကိုး၊ ကဲ ဝိနည်းအကြောင်းပြောရင်းနဲ့ စကားကအပြင်ရောက်သွားပြီ၊ ပထမသင်္ဂါယနာအကြောင်းကို ဆက်ကြဦးစို့”

## အခန်း (၁၀)

### အစမ္မ နှင့် ဓမ္မ

"နေပါဦးဘုရား၊ အစမ္မဝါဒီနဲ့ ဓမ္မဝါဒီအကြောင်း အမိန့်ရှိပါဦးဘုရား"

"အင်း ဒီအကြောင်းကိုလည်း ဒကာကြီးတို့ သိထားဖို့ လိုတယ်။ ကောသမ္ဗီပြည်က ရဟန်းတွေငြင်းခုံခိုက်ရန်ဖြစ်လို့ ပလလဲတောကို မြတ်စွာဘုရား ကြွသွားတော်မူရတဲ့အကြောင်း စောစောက ပြောခဲ့ပြီးပြီ၊ ဝါကျွတ်လို့ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွလာပြီ ဆိုတဲ့အကြောင်း ကောသမ္ဗီက ရဟန်းတွေကြားတော့ မြတ်စွာဘုရားထံ လာရောက်ပြီး အပြစ်မှ ဝန်ချ တောင်းပန်ကန်တော့ဖို့ စီစဉ်ကြ တယ် ဒကာကြီးရဲ၊ အဲဒီလို ခိုက်ရန်ငြင်းခုံမှုပြုကြတယ်ဆိုတဲ့ ကောသမ္ဗီ ရဟန်းတွေ မြတ်စွာဘုရားထံ ကန်တော့ဖို့ လာကြမယ်ဆိုတော့ အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးက ဒီရဟန်းတွေအပေါ် ဘယ်လို ကျင့်သုံးရပါ့မလဲလို့ မြတ်စွာဘုရားထံ လျှောက်တယ်"

"ဒီလိုခိုက်ရန် ငြင်းခုံဖြစ်တတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရတဲ့အခါမှာ ပြဿနာပေါ်တတ်လို့ မေးမြန်းလျှောက်ထားခြင်း ဖြစ်ပါလိမ့်မယ် ဘုရား"

"ဒီတော့ မြတ်စွာဘုရားက ချစ်သား သာရိပုတ္တရာ ဒီလိုဆိုရင် တရားလမ်းအတိုင်းသာ ကျင့်သုံးပေတော့လို့ ညွှန်ကြားတော်မူပြီး အဓမ္မဝတ္ထု ၁၈–ပါးနဲ့ ဓမ္မဝတ္ထု ၁၈–ပါးတို့ကို ဟောကြားတော်မူတယ်၊ ဒီခေတ်မှာလဲ အဓမ္မမှုတွေ ပေါ်များနေတော့ ဒကာကြီးတို့ သိထားမှတ်ထားဖို့ လိုတယ်၊ အဓမ္မမှုဆိုတာက –

(၁) တရား (ဓမ္မ) မဟုတ်တာကို တရားလို့ ပြတယ်၊ ပြောတယ်၊

(၂) တရားကိုတရားမဟုတ်ဘူး (အဓမ္မ)လို့ ပြတယ်၊ ပြောတယ်၊

(၃) ဝိနည်းမဟုတ်သည်ကို ဝိနည်းလို့ပြတယ်၊ ပြောတယ်၊

(၄) ဝိနည်းကို ဝိနည်းမဟုတ်လို့ပြတယ်၊

(၅) မြတ်စွာဘုရား မဟောမပြောသည်ကို မြတ်စွာဘုရား ဟောတယ် ပြောတယ်လို့ ပြတယ်၊

(၆) မြတ်စွာဘုရား ဟောသည် ပြောသည်ကို မဟော မပြောလို့ပြတယ်၊

(၇) မြတ်စွာဘုရား မလေ့ကျက် (မကျင့်သုံး)သည်ကို မြတ်စွာဘုရား လေ့ကျက် (ကျင့်သုံး)၏လို့ ပြတယ်၊

(၈) မြတ်စွာဘုရား လေ့ကျက် (ကျင့်သုံး)သည်ကို မြတ်စွာဘုရား မလေ့ကျက် (မကျင့်သုံး)လို့ ပြတယ်၊

(၉) မြတ်စွာဘုရား မပညတ်သည်ကို မြတ်စွာဘုရား ပညတ်သည်လို့ ပြတယ်၊

(၁၀) မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရား မပညတ်လို့ ပြတယ်၊

(၁၁) အာပတ်မသင့်သည်ကို အာပတ်သင့်တယ်လို့ ပြတယ်၊

(၁၂) အာပတ်သင့်သည်ကို အာပတ်မသင့်လို့ ပြတယ်၊

(၁၃) ပေါ့သောအာပတ်ကို လေးသောအာပတ်လို့ ပြတယ်၊

(၁၄) လေးသောအာပတ်ကို ပေါ့သောအာပတ်လို့ ပြတယ်၊

(၁၅) အကြွင်းရှိသောအာပတ်ကို အကြွင်းမရှိသော အာပတ်လို့ ပြတယ်၊

(၁၆) အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်လို့ ပြတယ်၊

(၁၇) ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်လို့ ပြတယ်၊

(၁၈) မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်း ကြမ်းတမ်းသော အာပတ်လို့ ပြတယ်၊

"ချစ်သားသာရိပုတ္တရာ၊ ဤတစ်ဆယ့်ရှစ်ပါးသော အကြောင်းဝတ္ထုတို့ဖြင့် အဓမ္မဝါဒီ ပုဂ္ဂိုလ်ကိုသိရမည်လို့

မြတ်စွာဘုရား–က မိန့်ကြားတော်မူတယ်။ ဓမ္မဝါဒီကတော့ အဲဒီ အဓမ္မအချက် ၁၈–ချက်နဲ့ အပြန်အားဖြင့် ဆန့်ကျင်တဲ့ပုဂ္ဂိုလ်ပဲ၊ ဥပမာ–တရားမဟုတ်ရင် မဟုတ်ဘူးလို့ ပြောတယ်၊ ပြတယ်၊ တရားဟုတ်ရင်လဲ တရားဟုတ်တယ်လို့ မှန်ရာကိုသာ ပြတဲ့ ပြောတဲ့ ပုဂ္ဂိုလ်ဟာ ဓမ္မဝါဒီပုဂ္ဂိုလ်လို့ မှတ်ရမယ်၊ ဒီအချက် ၁၈–ချက်နဲ့ မှတ်ကျောက်တင် စစ်ဆေးကြည့်ရင် အဓမ္မဝါဒီနဲ့ ဓမ္မဝါဒီကို ခွဲခြားပြီး ဒကာကြီးတို့ သိနိုင်ပါလိမ့်မယ်၊ သုတ္တန်နည်း အားဖြင့် ဆိုလျှင်တော့ ကုသိုလ် ကမ္မပထတရား ၁၀–ပါးဟာ ဓမ္မ၊ အကုသိုလ်ကမ္မပထတရား ၁၀–ပါးဟာ အဓမ္မပဲ ဒကာကြီး"

"သာဓုခေါ်ပါတယ် ဘုရား၊ ဒီ အချက်အလက်တွေကို သိထားမှ တပည့်တော်တို့လဲ သာသနာတော်အတွက် လမ်းမှန်ကို ရောက်မှာပေါ့ ဘုရား"

"မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်အခါကတည်းက အဓမ္မဝါဒီ အမှုမျိုးတွေ ဖြစ်ပေါ်ခဲ့တော့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီလို့ သိရတာနဲ့ တစ်ပြိုင်နက် သုဘဒ်ဒ တောထွက် ရဟန်းကြီးက ပြောင်ပြောင်တင်းတင်းပဲ ဝိနည်း ပညတ်တော် တွေကို ဆန့်ကျင်ပြီး အဓမ္မဝါဒီအလုပ်ကို စတော့တာပဲ"

"မှန်ပါဘုရား၊ သုဘဒ်ရဲ့ အဓမ္မဝါဒီက လွှမ်းမိုးမသွား ရအောင် အရှင်မဟာကဿပမထေရ်ကြီး–က ဦးဆောင်ပြီး သာသနာတော် သန့်ရှင်းရေး ဟည်တံ့ခိုင်မြဲရေးအတွက် ပထမ သင်္ဂါယနာတင်ကြရတာပေါ့ ဘုရား"

"အရှင်မဟာကဿပမထေရ်ကြီးဟာ မြတ်စွာဘုရားက ယုံကြည်လို့ လွှဲအပ်သွားတဲ့ သာသနာ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်မယ်၊ မြတ်စွာဘုရားရဲ့ ကျေးဇူးကို ဆပ်မယ်ဆိုတဲ့ ဆန္ဒနဲ့ ဆောင်ရွက်တော်မူတာပါပဲ"

"နောက်ပိုင်း သာသနာ့ဝန်ထမ်း သာကီယနွယ်ဖွား ဘုရားသားတော်တွေ အတုယူဖို့ ကောင်းသပေါ့ ဘုရား"

"ငါဘုရာ့ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နောက် ငါဘုရား၏ အရိုက်အရာ ၄၅–ဝါပတ်လုံး ငါဟောကြားတော်မူခဲ့သောသုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် ငါဘုရား ထင်ရှားရှိဘိသကဲ့သို့ ငါဘုရားကိုယ်စား သင်ချစ်သားတို့အား သာသနာငါးထောင်တိုင်အောင် ဆုံးမပဲ့ပြင်ရစ်လတ္တံ့လို့ ပရိနိဗ္ဗာန်ပြုခါနီးမှာ အရှင်အာနန္ဒာနှင့်တကွ တပည့်သားတွေကို ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဓိပ္ပာယ်ကတော့ မြတ်စွာဘုရားရဲ့ ဝိနည်းပညတ်ချက်တွေ၊ တရားဒေသနာတော်တွေကို ရိုသေလေးစားလိုက်နာကြမယ်ဆိုရင် ငါဘုရားရဲ့ သာသနာတော်ဟာ အနှစ်ငါးထောင်မက ကြာရှည်တည်မြဲနိုင်လိမ့်မယ်ဆိုပြီး ဘုရားသားတော်ဖြစ်ကြတဲ့ ရဟန်းသံဃာတော်တွေကို မြတ်စွာဘုရားက ယုံကြည်ပြီး တာဝန်ပေးအပ်တော်မူခဲ့တာပဲ ဒကာကြီး"

"ဒီတော့ သာသနာတော် အရှည်ဟည်တံ့အောင် မြတ်စွာဘုရား–က ယုံကြည်အပ်နှံခဲ့တဲ့အတိုင်း တပည့်သာဝက ရဟန်းသံဃာတော်တွေကလဲ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးကြရမှာပေါ့ ဘုရား။ မလိုက်နာ မကျင့်သုံးကြဘူးဆိုရင် မြတ်စွာဘုရားအပေါ် ကတိမတည်ရာ၊ ဖောက်ဖျက်ရာ ကျေးဇူးမဲ့ရာ ရောက်တာပေါ့"

"မှန်တယ်ဒကာကြီး၊ ဒါပေမယ့် သာသနာတော် ခရီးတစ်လျှောက်လုံး ခုချိန်ထိပေါ့ မြတ်စွာဘုရားရဲ့ အဆုံးအမဒေသနာတော်တွေကို ဖောက်ဖျက် ကျူးလွန်မှုတွေ ရှိခဲ့တယ်"

"မှန်ပါဘုရား"

"ပရိနိဗ္ဗာန်ပြုပြီးလို့ ၃–လအကြာ ပထမသင်္ဂါယနာ တင်ကြတဲ့ အခါမှာပဲ စောစောတုန်းက ပြောခဲ့သလို ဝိနည်းတော်မှာ လာတဲ့အာပတ် ခုနစ်ပုံကို ပြင်ချင်တဲ့ပုဂ္ဂိုလ် လျှော့ချင်၊ နုတ်ချင်တဲ့ပုဂ္ဂိုလ်တွေ ရှိလာတယ်၊ အဲဒါကို အရှင်မဟာကဿပ မထေရ်ကြီးက သင်္ဂါယနာ သဘာပတိ အဖြစ်နဲ့ပယ်ချပြီး မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ ဝိနည်းတော်ကို မူလရှိရင်းစွဲအတိုင်း ရှိနေရမယ်လို့ မိန့်တော်မူလို့ အားလုံး တညီတညွတ်တည်း လက်ခံလိုက်ကြရတယ်။ ဂိုဏ်းအယူအဆ ကွဲပြားမှု၊ စင်ပြိုင်ထောင်မှုတော့ မရှိသေးဘူး၊ အဲဒီ ပထမသင်္ဂါယနာမှာ ရဟန္တာမထေရ်မြတ်ကြီးများ–က ဆုံးဖြတ်အတည်ပြုလိုက်တဲ့ မြတ်စွာဘုရားရဲ့ မူရင်းဒေသနာတော်တွေကို ထေရဝါဒသာသနာလို့ ခေါ်ဝေါ် သမုတ်ကြတာပါပဲ"

# အခန်း (၁၁)

## စင်ပြိုင် ဂိုဏ်းကွဲများ

"သုဘဒ်ရဟန်းကြီးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာမဲ့ သာသနာ့အန္တရာယ်ကို တားဆီးကာကွယ်ရန် လိုအပ်ပြီလို့ နှလုံးသွင်းမိတဲ့ အရှင်မဟာကဿပမထေရ်မြတ်ကြီးဟာ ပထမ သင်္ဂါယနာတင်ဖို့ ကိစ္စကို ဦးစွာ အဇာတသတ်မင်းနဲ့ စိုင်းပြင်းရတယ် ဒကာကြီး"

"မင်းအာဏာ မပါရင်လဲ အလဇ္ဇီ ဒုဿီလတွေနဲ့ ရှင်တု ရှင်ယောင်တွေကို နှိပ်ကွပ်ဖို့ဟာ မလွယ်ဘဲကိုးဘုရား၊ တစ်ဘက်က တိတ္ထိတက္ကတွန်းတွေရဲ့ အင်အားကလဲ သေးတာ မဟုတ်ဘူး"

"မှန်တယ် ဒကာကြီး။ ပထမဆုံးအကြိမ် သာသနာ သန့်ရှင်းရေးလုပ်တဲ့ အခါမှာ အဇာတသတ်မင်းရဲ့ ဆောင်ရွက်ထား ပုံကို ဟံသာဝတီ ပုံနှိပ်တိုက်–က ရိုက်တဲ့ သာသနာ လင်္ကာရ စာတမ်း, စာမျက်နှာ ၁၄–မှာ ဒီလို ဖော်ပြထားတယ်၊ "အဇာတသတ်မင်းကား အရှင်ဘုရားတို့ ခမ္မစက်လည်းဖြစ်ပါစေ၊ အကျွန်ုပ်အာဏာစက်လည်း ဖြစ်ပါစေအံ့၊ ဝှဝ့်ရဲရဲ သင်္ဂါယနာ

တင်တော်မူကြပါကုန်”ဟု တောင်းပန်ချီးမြှင့်သော လက်မှန်ရေးဦး သာသနာပြု မင်းပေတည်း”တဲ့

“ယခု ဆရာတော်တို့ ဆောင်ရွက်နေတဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးဟာလဲ ဒီအရှင်မဟာကဿပ မထေရ်မြတ်ကြီးနဲ့ အဇာတသတ်မင်းတို့ ဆောင်ရွက်သွားကြတဲ့ ပုံစံအတိုင်း သဘောအတိုင်းပဲလို့ဆိုလျှင် မှားမယ်မထင်ဘူး ဘုရား”

“မမှားပါဘူး အစည်းအဝေးပွဲတွေမှာ ဆရာတော်ကြီးများ၏ မိန့်ကြားချက် နိုင်ငံအကြီးအကဲများရဲ့ လျှောက်ထားချက်တွေကို ဒကာကြီး လေ့လာရင် ဓမ္မစက်နဲ့ အာဏာစက် တွဲဖက်တော့မယ်ဆိုတာ ထင်ရှားပါတယ်”

“ဝမ်းမြောက်စရာပါပဲ ဘုရား”

“သင်္ဂါယနာဆိုတာ စုပေါင်းပြီး ရွတ်ဆိုကြတာကို ခေါ်တယ် ဒကာကြီး။ အဲဒီခေတ်က စာပေအက္ခရာနဲ့ မှတ်တမ်းတင်တာမျိုး မရှိသေးဘူး၊ မြတ်စွာဘုရားရဲ့ ဒေသနာတော်တွေကို အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ အစရှိတဲ့ ရဟန္တာမြတ်ကြီးများ–က မိမိတို့မှက်သားထားတဲ့အတိုင်း စုပေါင်း ရွတ်ဆိုပြီး ပိဋကတော် သန့်ရှင်းရေး လုပ်တော်မူကြခြင်းပါပဲ၊ အဲဒီ ပထမအကြိမ် သင်္ဂါယနာတင်စဉ်က ဝိနည်းတော်နဲ့ ပတ်သက်လို့ အယူအဆ ကွဲပြားမှုရှိသော်လဲ ထင်ထင် ပေါ်ပေါ် စင်ပြိုင် ဂိုဏ်းခွဲထွက်မှု မရှိဘူး။ အရှင်မဟာကဿပ အမှူးရှိတဲ့ ထေရဝါဒ ဂိုဏ်းအဖွဲ့ကြီး တစ်ခုတည်းပဲ ရှိတယ်”

"အဇာတသတ်မင်းက ထေရဝါဒဘက်က ရပ်တည်နေလို့ ဖြစ်ပါလိမ့်မယ် ဘုရား။ အကယ်၍ အဇာတသတ်ရဲ့ မင်းအာဏာသာ မပါဘူးဆိုရင် သံဃာတော် လောကမှာလဲ သူတလူငါတမင်းဖြစ်မှာ သေချာပါတယ် ဘုရား"

"မှန်တယ် ဒကာကြီး အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ အစရှိတဲ့ ရဟန္တာမထေရ်မြတ်ကြီးတွေဟာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပဲ သံဃာအများ–က ဦးညွတ်ရိုကျိုးရတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်နေကြတာ တစ်ကြောင်း၊ အဇာတသတ်မင်းရဲ့ အာဏာစက်က ထက်မြက်တာလဲ တစ်ကြောင်းကြောင့် ပထမ သင်္ဂါယနာ ခေတ်အတွင်းမှာ အတိုက်အခံပြုမဲ့ ပုဂ္ဂိုလ်၊ တော်လှန်မဲ့ ပုဂ္ဂိုလ်၊ မနာယူမဲ့ ပုဂ္ဂိုလ်ရယ်လို့ ပေါ်ထွက်မလာဘူး၊ အားလုံး ငြိမ်ငြိမ်ဝပ်ဝပ်ပဲ ရှိနေကြတယ်၊ အဲ–အနှစ် တစ်ရာလဲ ရောက်ရော ဝေသာလီပြည်–က ဝဇ္ဇီတိုင်းသားရဟန်းတွေ–က ပြဿနာ စလာပါရော ဒကာကြီး"

"အနှစ်တစ်ရာဆိုတာ ဘာမှကြာတာမဟုတ်ပါဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူတဲ့နောက် နှစ်တစ်ရာလောက်ပဲ သံဃာတော်တွေဟာ မကွဲမပြား ငြိမ်ငြိမ်ဝပ်ဝပ် ရှိကြတယ် ဆိုတော့ မြတ်စွာဘုရားရဲ့ မျက်နှာတော်၊ အရှင်မဟာကဿပ အစရှိတဲ့ မထေရ်ကြီးများရဲ့ မျက်နှာတော်ကိုမှ မထောက်ထားရာ [illegible]ပေါ့ ဘုရား"

## အဓမ္မဝတ္တု ဆယ်မျိုး

"ကိုယ်အနေချောင်ဖို့ကိုသာ ကြည့်ကြတာကိုး ဒကာကြီးရဲ၊ ဝဇ္ဇီတိုင်းသား ရဟန်းတွေဟာ မြတ်စွာဘုရားရဲ့ ပညတ်ချက် ဝိနည်း ဒေသနာတော်နဲ့ ဆန့်ကျင်တဲ့ အဓမ္မဝတ္တုဆယ်ပါး အသစ်ထွင်လာကြတယ်။ အဲဒါဟာ–အဇာတသတ်မင်း အနိစ္စ ရောက်ပြီးနောက် (၅)ဆက်မြောက်ဖြစ်တဲ့ ကာဠာသောကမင်း လက်ထက်မှာ ဖြစ်ပေါ်တဲ့ကိစ္စ=အဓမ္မဝတ္တုဆယ်မျိုးဆိုတာက ဒီလို ဒကာကြီး --

၁။ သားချိုဖြင့် ဆားကို ဆောင်၍ဆားမရှိသော ဆွမ်းနှင့် စားလျှင် သန္နိဓိမဖြစ်။

၂။ မွန်းလွဲ၍ အရိပ်လက် ၂–သစ်ထွက်အောင်ပင် စားသော်လည်း ဝိကာလဘောဇနမဖြစ်။

၃။ တစ်ရပ်တစ်ရွာသို့ သွားလို၍ ပဝါရိတ်သင့်လျက် အတိရိတ် မပြုဘဲ စားကောင်း၏။

၄။ တစ်သိမ်တည်းတွင် တစ်ကျောင်းတခြားစီ သံဃာ ကံ ဆောင်ကောင်းသည်။

၅။ မလာသေးဘဲ လာမှ ဆန္ဒယူအံ့ဟု ရှေးဦးက သံဃာ ကံဆောင်သော် ဝဂ်မဖြစ်။

၆။ ဆရာဥပဇ္ဈာယ်ကို အလေ့အကျင့်ဖြစ်က အပ်သည်။

၇။ နို့ရည်အဖြစ်ကိုလည်း မစွန့်သေး၊ နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိတ်မပြုဘဲ စားကောင်းသည်။

၈။ သေရည်အဖြစ်သို့ စစ်စစ်မရောက်သေးသော သေနုကို သောက်အပ်၏။

၉။ အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်းသည်။

၁၀။ ရွှေငွေကိုခံကောင်း ကိုင်ကောင်း၏ -- တဲ့။ ။
ဝဇ္ဇီတိုင်းသား ရဟန်းတွေဟာ သာသနာတော်အတွင်းမှာ နေပြီး မြတ်စွာဘုရားရဲ့ ဝိနည်းဒေသနာတော်နဲ့ ဆန့်ကျင်တဲ့=အဲဒီအဓမ္မဝတ္ထု ဆယ်မျိုးကို ရွာသူ ရွာသားတွေကိုလည်း ဟောပြောပြသတယ်။ သူတို့ကိုယ်တိုင်လဲ ကျင့်သုံးတယ်။

"စောစောက ဆရာတော်အမိန့်ရှိတဲ့–အဓမ္မတရား ၁၈–ပါး ထဲကအတိုင်းမဟုတ်တာကို အဟုတ်လုပ်ပြီး ပြသကျင့်ဆောင်တဲ့ အဓမ္မဝါဒီ ရဟန်းတွေလို့ ဆိုရမှာပေါ့ ဘုရား။

## ရွှေငွေ အလှူခံနည်း

"ဒီအဓမ္မဝါဒီရဟန်းတွေ–ငွေရှာနည်းတစ်မျိုးကို ပြောရဦးမယ်။ သီတင်းနေ့များမှာ ဥပုသ်ပြုကြတဲ့အခါမှာ လင်ပန်းဇလုံတစ်ခုထဲမှာ ရေထည့်ပြီး ရှေ့မှာချထားတယ်၊ ရောက်လာတဲ့ ဒကာ၊ ဒကာမတွေကို ဟော့ဒကာတွေ မင်းတို့ ဒီရေဇလုံ ရေလင်ပန်းထဲကို ရွှေ–ငွေ–ကြေး အသပြာတွေထည့်ကြ လှူကြကွာ-- ဒီလိုထည့်မှ ငါတို့ရဟန်းကိစ္စပြီးမယ် လို့ပြောပြီး ရွှေငွေကို အလှူခံသတဲ့၊ ဒကာဒကာမတွေကလဲ ဒီရဟန်းတွေ ပြောတာ ယုံကြည်ပြီး ထည့်ကြသတဲ့၊ ဝိနည်းတော်အရဆိုရင် မအပ်တဲ့ ကိစ္စပေါ့ ဒကာကြီး"

"အခု ဆရာတော်ပြောတာ–က လွန်ခဲ့တဲ့နှစ်ပေါင်း ၂၄၂၄–နှစ်က ဖြစ်တဲ့ကိစ္စ။ အခုလဲပဲ အချို့သော ဘုန်းကြီး တရားပွဲတွေ၊ ဘုန်းကြီးအလှူပွဲတွေ၊ ဘုန်းကြီးပျံ၊ ဈာပနပွဲတွေ၊ ဘုရားတည်–ထီးတင်ပွဲတွေမှာ ဖလားရော ခွက်ရော စုံအောင် ချထားပြီး ငွေအလှူခံနေကြတော့ ဝဇ္ဇီရဟန်းတွေနဲ့ ဘာထူးသေးလဲ ဘုရား၊ ရွှေငွေကို အလှူခံရုံ၊ ကိုင်ရုံတွင် မကဘူး၊ ဝဇ္ဇီရဟန်းတွေရဲ့ အဓမ္မဝတ္ထု ၁၀–ပါးထဲမှာ နံပါတ် ၂–ကျင့်စဉ်အတိုင်း မွန်းလွဲပြီးမှ အရည်ကလာပ်၊ အဖတ်ကလာပ် သုံးဆောင်ကြတဲ့ ရဟန်းတချို့ တလေတောင် ရှိနေပြီလို့ ကြားရတယ် ဘုရား"

"မဟာယာနဂိုဏ်းဆန်ဆန် ခေါင်ခေါင်ဖျားဖျား ဒေသအချို့မှာတော့ သူတို့ဓလေ့ထုံးစံအတိုင်း ရဟန်းများ ညစာစားတယ်လို့တောင် ကြားဖူးတယ်၊ ဟုတ်–မဟုတ်တော့ မသိဘူး ဒကာကြီး"

"မကြာမီကာလ–က ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်နာယက ဆရာတော်ဘုရားကြီးနဲ့ ကမ္ဘာအေး ဇမ္ဗူဒီပအဆောင်မှာ တပည့်တော်တွေ့ဆုံပြီး တိုလီမိုလီ သာသနာရေးကိစ္စကလေးတွေကို အလ္လာပ၊ သလ္လာပ သဘောမျိုး လျှောက်ထားခွင့်ရခဲ့တယ် ဘုရား။ ဆရာတော်ဘုရားက သူ့ရဲ့အတွေ့အကြုံတစ်ခုကို အမိန့်ရှိတယ်၊ တစ်နေ့ မီးရထားနဲ့ မန္တလေးဘက် ခရီးသွားတဲ့အခါမှာ ရထားတစ်တွဲတည်း လိုက်ပါလာတဲ့ ခရီးသည်လူငယ်ရဲဘော်ကလေးတစ်ယောက် က မွန်းလွဲပိုင်း ညနေစောင်းမှာ တရိုတသေကြည်ညိုလေးစားတဲ့စိတ်နဲ့ ဆရာတော်ဘုရားကြီးထံလာပြီး လက်ဖက်ရည်ကပ်သတဲ့၊ ဒီတော့ ဆရာတော်ကြီး–က

အကျိုးအကြောင်းပြောပြပြီး လက်ဖက်ရည်ကို အကပ်မခံဘဲ ပယ်လိုက်ရသတဲ့ ဘုရား”

“ဒီသူငယ်–က ဘုန်းကြီးရဟန်းများ မွန်းလွဲသော်လည်း လက်ဖက်ရည်တော့ သုံးဆောင်ကောင်းတယ်ထင်လို့ ဖြစ်မှာပေါ့ ဒကာကြီး”

“တပည့်တော်–က ဒီလိုတွေးတယ်ဘုရား(၁) ဒီသူငယ်ဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ရဟန်းသံဃာတွေအပေါ်မှာ ကြည်ညိုသဒ္ဓါစိတ်ရှိတယ်၊ သို့သော် ဘာသာယဉ်ကျေးမှုနဲ့ ဝေးနေတော့မွန်းလွဲရင်ရဟန်းသံဃာတော်များအား လက်ဖက်ရည် မကပ်ကောင်းဘူးဆိုတာကို သူမသိဘူး၊ နံပါတ်(၂) အချက် ကတော့ ဒီသူငယ်ဟာ နေရာဒေသအချို့မှာ ရဟန်းတော်အချို့ မွန်းလွဲပိုင်းမှာသော်လည်းကောင်း၊ ညပိုင်းမှာသော်လည်းကောင်း၊ လက်ဖက်ရည်အချို့ အခါး သောက်တာတွေ့ဖူး မြင်ဖူးပါလိမ့်မယ်၊ ဒီလိုတွေ့မြင်ဖူးတော့ ရဟန်းတော်များသည် မွန်းလွဲပိုင်းတွင်လည်း လက်ဖက်ရည်သောက်ကောင်းသည်ဟု မှတ်ထင်နေခြင်းပဲ ဘုရား၊ အဲဒီတော့ ကြာရင် တပည့်တော်တို့ တိုင်းပြည်မှာလဲ ဝဇ္ဇီ နောက်လိုက်တွေ ပေါများလာမှာ စိုးရတယ် ဘုရား”

## ဒုတိယသင်္ဂါယနာ

“အင်း သာသနာတော်အတွက် မကောင်းတဲ့ လက္ခဏာ တွေပေါ့ ဒကာကြီးရာ၊ ကဲ ဝဇ္ဇီတိုင်းသားရဟန်းတွေရဲ့ ပြဿနာကို ဆက်ကြဦးစို့ ဝဇ္ဇီရဟန်းတွေဟာ ဘုရားသာသနာတော်ကို

ခိုလှုံပြီး ဝိနည်းတော်နဲ့ ဆန့်ကျင်ဘက် အလုပ်တွေကို ဟောပြော လုပ်ကိုင်နေကြတယ်၊ ရွှေငွေအလှူခံတယ်ဆိုတဲ့ သတင်းကို ကြားသိရတော့ အရှင်အာနန္ဒာ၏ တပည့်ကြီးများဖြစ်တဲ့ အရှင်ယသ၊ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ အစရှိတဲ့ ရဟန္တာ မထေရ်မြတ်ကြီးတွေ–က ဦးဆောင်ဆော်ဩပြီး၊ ဝေသာလီပြည် ဝါလိကာရာမကျောင်းတော်မှာ ပဋိသမ္ဘိဒါပတ္တဆဠာဘိညရဟန္တာ မထေရ်ကြီး ၇၀၀–တို့နဲ့ ဒုတိယသင်္ဂါယနာ တင်တော်မူ ကြရတယ်။ ရာပြည့်ပဲလို့ဆိုရင်လဲ မမှားဘူး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးလို့ အနှစ် ၁၀၀–ပြည့်တဲ့နေ့ (သာသနာတော်နှစ် ၁၀၀)မှာ ကဆုန်လပြည့်နေ့ကစပြီး နတ်တော်လတိုင်အောင် ရှစ်လပတ်လုံး ပိဋကသုံးပုံကို သင်္ဂါယနာတင်ခဲ့ခြင်းဖြစ်တယ်၊ အဇာတသတ်မင်းကြီးရဲ့ ၅–ဆက်မြောက်ဖြစ်တဲ့ မဂဓတိုင်း ရှင်ဘုရင် ကာဠာသောက မင်းကြီး၏ အကူအညီ အစောင့် အရှောက်နဲ့ ပြုလုပ်ရတဲ့ သင်္ဂါယနာတင်ပွဲပဲ ဒကာကြီးရဲ့"

"ကာဠာသောကမင်းဟာ ဝဇ္ဇီတိုင်းသား ရဟန်းတွေ ဘက်က ရပ်တည်တယ်လို့ တပည့်တော်ထင်တာ " ဟုတ်ပါ တယ်၊ ပထမကတော့ ဝဇ္ဇီတိုင်းသားရဟန်းတွေရဲ့ စကားကို ယုံကြည်ပြီး အရှင်ယသနဲ့ ရဟန္တာမထေရ်မြတ်ကြီးများရဲ့ အစီအစဉ်ကို ဟန့်တားဖို့ ကြိုးစားသေးတယ်၊ နောက် အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတမထေရ်တို့ထံ သွားရောက် လျှောက်ထား မေးမြန်းပြီး၊ ဝဇ္ဇီတိုင်းသားရဟန်းတွေရဲ့ ဝိနည်းအသစ် ၁၀–ချက်ဟာ ဘုရားဟော ဝိနည်းတော်နှင့် ဆန့်ကျင်များယွင်းနေကြောင်း သိရတဲ့အခါ၊ အဓမ္မဝတ္ထု ၁၀–ချက် ကို ပယ်ဖျက်ခိုင်းတယ်၊ ဝဇ္ဇီတိုင်းသား ရဟန်းတွေကိုလည်း အာဏာစက်နဲ့ နှိပ်ကွပ်အရေးယူပြီး နှင်ထုတ်ပစ်တယ်လို့ ဆိုတယ်"

"အဇာတသတ်မင်းပြီးတဲ့နောက်၊ ကာဠာသောကမင်းဟာ ဒုတိယမြောက် သာသနာပြုမင်းလို့ ဆိုရမှာပေါ့ ဘုရား"

## စင်ပြိုင် မဟာသံဃိက သင်္ဂါယနာ

" မှန်ပါတယ်၊ ဒါပေမဲ့ ကာဠာသောကမင်း လက်ထက်မှာ ဂိုဏ်းကွဲတွေ ပေါ်လာတယ်၊ ဒုတိယသင်္ဂါယနာအပြီးမှာ ကာဠာသောကမင်းက နှင်ထုတ်လိုက်တဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေဟာ ငြိမ်မနေဘဲ သူတို့ချင်း သဘောတူညီရာ စုပေါင်းဖွဲ့စည်းပြီး ကောသမ္ဗီပြည်မှာ သံဃာတစ်သောင်းနဲ့ စင်ပြိုင်သင်္ဂါယနာတင်ကြတယ် အကာကြီး အဲဒီ စင်ပြိုင် သင်္ဂါယနာကို "မဟာသံဃိက သင်္ဂါယနာ"လို့ အမည်တပ်ပြီး ဒီသင်္ဂါယနာမှာ ပါဝင်တဲ့ ရဟန်းတွေကိုလဲ မဟာသံဃိက ဂိုဏ်းလို့လည်း ခေါ်တယ်၊ မဟာသံဂီတိဂိုဏ်းလို့လည်း ခေါ်တယ်"

"ဂိုဏ်းကွဲတွေ ဖြစ်ပေါ်လာတယ်ဆိုရင်၊ သာသနာတော် အားနည်းယုတ်လျော့ဖို့အကြောင်း ဖြစ်လာတာပေါ့ဘုရား၊ တပည့်တော်တို့အနေနဲ့ကတော့ ဝါဒကွဲပြားမှု၊ ဂိုဏ်းကွဲပြားမှု မဖြစ်စေဘဲ တစ်လုံးတစ်စုတည်း ရှိနေစေချင်တာပေါ့ဘုရား၊ တစ်လုံးတစ်စုတည်းရှိမှ သာသနာတော်ရဲ့ အတွင်းရန်-အပြင်ရန်တွေကို ကာကွယ်တားဆီးနိုင်မယ်၊ တိုက်ဖျက်ပစ်နိုင်မယ် ပေါ့ဘုရား"

"အဲဒီလို ဒုတိယသင်္ဂါယနာ တင်ပြီးတဲ့အခါမှာ ထေရဝါဒဂိုဏ်းနဲ့ မဟာသံဃိက(မဟာသံဂီတိ) ဂိုဏ်းရယ်လို့ ဂိုဏ်းကြီး ၂-ဂိုဏ်းကွဲသွားပြီးတဲ့နောက် မူလ ထေရဝါဒဂိုဏ်းမှာ

ဂိုဏ်းကွဲ ၁၂–ဂိုဏ်း၊ မဟာသံဃိကဂိုဏ်းမှာ ဂိုဏ်းကွဲ ၆–ဂိုဏ်း၊ ထပ်မံပြီး ကွဲထွက်လာတော့ စုစုပေါင်း သံဃာ့ဂိုဏ်း (၁၈)ဂိုဏ်း ဖြစ်လာတယ်၊ အဲဒီ (၁၈)ဂိုဏ်းအပြင် မထင်ရှားတဲ့ ဂိုဏ်းငယ် (၆)ဂိုဏ်း ကွဲလာသေးတယ်၊ ဒကာကြီးတို့ သိမှတ်လွယ်အောင် ဟောဒီ ဇယားပုံစံကို ကြည့်ပေါ့ (နောက်ဆက်တွဲ (က–ပုံစံ ကြည့်)

"မှန်ပါ့ဘုရား–မှတ်သားရလွယ်တာပေါ့၊ တပည့်တော် သတိပြုမိတာ တစ်ခုရှိတယ်၊ အခု ဆရာတော် ရှင်းပြတဲ့အတိုင်း ဆိုရင် မ၀ဓတိုင်း ရှင်ဘုရင် ကာဠာသောကမင်းလက်ထက်မှာ သင်္ဂါယနာ ၂–ကြိမ် ဖြစ်သွားတာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘုန်းကြီးတို့ လက်ခံထားတဲ့ သာသနာဝင် မှတ်တမ်းမှာ "မဟာသံဃိကသင်္ဂါယနာ"ကို ထည့်သွင်းရေတွက်ခြင်းမပြုဘူး၊ ထေရဝါဒ သမိုင်းအရ အသိအမှတ်မပြုတဲ့ သဘောပေါ့၊ အကယ်၍ မဟာသံဃိက သင်္ဂါယနာကိုပါ ထည့်တွက်ရင် သင်္ဂါယနာတင်တာ အိန္ဒိယ မဇ္ဈိမဒေသမှာ ၄–ကြိမ်၊ သီဟိုဠ် (သီရိလင်္ကာ)မှာ ၁–ကြိမ်၊ မြန်မာပြည်မှာ ၂–ကြိမ် ပေါင်း သင်္ဂါယနာ ၇–ကြိမ် တင်ပြီးပြီလို့ ဆိုနိုင်တယ် ဒကာကြီး"

"ပထမသင်္ဂါယနာတင်ပြီးတဲ့နောက် နှစ် ၁၀၀–အတွင်းမှာ ဂိုဏ်းဂဏ ကွဲပြားမှုမရှိဘဲ ဒုတိယသင်္ဂါယနာတင်ပြီးတဲ့အခါကျမှ သာသနာတော်နှစ်ပေါင်း ၂၀၀–အတွင်းမှာ ဂိုဏ်းပေါင်း ၃၀–ကျော် ကွဲသွားတာပေါ့ ဘုရား"

# အခန်း (၁၂)

## သီရိဓမ္မာသောကမင်း

“မဂဓတိုင်း ပါဋလိပုတ်နေပြည်တော် အသောကာရုံ ကျောင်းတော်မှာ သီရိဓမ္မာသောက (အသောက)မင်းကြီး လက်ထက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြု ပြီးတော့ ရဟန္တာ ၁၀၀၀–နဲ့ တတိယသင်္ဂါယနာ တင်တဲ့ အကြောင်းတော့ ဒကာကြီးသိပြီး ဖြစ်ပါလိမ့်မယ်”

“မှန်ပါဘုရား”

“သာသနာတော်နှစ် ၂၃၅ (ဘီစီ–၃၀၈)မှာ ပြုလုပ်တယ် ဆိုတော့ ကာဠာသောကမင်းရဲ့ ဒုတိယသင်္ဂါယနာနဲ့ဆိုရင် နှစ်ပေါင်း ၁၃၅–နှစ်ပဲ ကွာတယ်၊ စောစောက ပြောခဲ့တဲ့အတိုင်း ကာဠာသောကမင်းလက်ထက်မှာ ဂိုဏ်းကွဲတွေ အများအပြား ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး အယူဝါဒတွေလဲ အမျိုးမျိုး ဖြစ်လာတယ်၊ အဲဒါအပြင် အာဇီဝက တိတ္ထိတက္ကတွန်းတွေ၊ နိဂဏ္ဌတွေ၊ မဟာစီရ(ဂျိမ်း) တပည့်ရဟန်းတွေ၊ ပရိဗ္ဗာဇကတွေ၊ ဗြာဟ္မဏပုဏ္ဏား ရဟန်းတွေကလဲ တစ်ဘက်မှာ ရှိနေသေးတယ်”

"အသောကမင်းတရားဟာ သာသနာအပြင်ဘက်က အာဇီဝက နိဂဏ္ဌအစရှိတဲ့ တိတ္ထိတွေ၊ ဗြာဟ္မဏတွေကို မူလကကိုးကွယ်ဆည်းကပ်ကယ်လို့လဲ သိရတယ် ဘုရား"

"မှန်တယ် ဒကာကြီး၊ ဘိသိက်မခံယူမီ (၇)ရက်တိုင်တိုင် သူ့ရဲ့ ခမည်းတော် ဗိန္ဒုသာရမင်း လက်ထက်ကရှိခဲ့တဲ့ ဗြာဟ္မဏရဟန်း၊ ပရိဗ္ဗာဇကရဟန်း အာဇီဝကရဟန်းအစရှိတဲ့ တိတ္ထိတက္ကတွန်းတွေကို ဆက်လက်ပြီး လှူဒါန်းထောက်ပံ့ခဲ့တယ်၊ ဒါပေမယ့် နိဂြောဓသာမဏေနဲ့ တွေ့ပြီးတဲ့ အချိန်အခါကစပြီး ဗုဒ္ဓသာသနာဝင်အဖြစ်သို့ ကူးပြောင်းဝင်ရောက်လာပြီး သာသနာဝင်ရဟန်းတော်တွေကို အတိုင်းမသိ လှူဒါန်းထောက်ပံ့တော်မူတယ်။ တိတ္ထိတက္ကတွန်းတွေ၊ ဗြာဟ္မဏအနွယ်ရဟန်းတွေကို ပစ်ပယ်လိုက်တယ် ဆိုပါတော့ ဒကာကြီး"

"မှန်ပါဘုရား၊ ဒါဟာ မြတ်စွာဘုရားရဲ့ သာသနာတော် ပြန်လည် ထွန်းကားလာမဲ့ နိမိတ်လက္ခဏာပေါ့ဘုရား"

"မဟုတ်သေးဘူး ဒကာကြီးရဲ့၊ ပိုပြီး ရှုပ်ထွေးသွားတယ်"

"ဘယ်လို ရှုပ်ထွေးပုံလဲ ဘုရား"

"တိတ္ထိတက္ကတွန်းတွေ၊ ဗြာဟ္မဏပုဏ္ဏားတွေဟာ မင်းရဲ့ အပယ်ကို ခံရတော့ လာဘ်သပ်ပကာချို့တဲ့ပြီး စားရမဲ့ သောက်ရမဲ့ ဖြစ်လာကြတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်းတော်တွေကိုသာ အသောကမင်းကြီးက စတုပစ္စယဒါယကာအဖြစ် ဖိပြီးအားပေး လှူဒါန်းနေတာကိုး ဒကာကြီးရဲ့"

"မှန်ပါ့ဘုရား၊ တစ်နေ့တစ်နေ့ ၅–သိန်းဖိုးလှူတယ်၊ အသောကာရုံကျောင်းကြီးလဲ ဆောက်တယ်လို့ သိရပါတယ် ဘုရား"

## ပူးသတ်တဲ့ နည်းပရိယာယ်

"အေး––ဒီတော့ လာဘ်ပိတ်နေတဲ့ တိတ္ထိတွေဟာ ဗုဒ္ဓသာသနာဝင် ရဟန်းတော်တွေထဲမှာ ဗုဒ္ဓသာသနာဝင် အယောင်ဆောင်ပြီး ဝင်ပူးတယ်"

"အဲဒီလို လာဘ်လာဘအတွက် သာသနာ့ဘောင်ဝင်ပြီး ပူးသတ်တာက ပိုပြီးကြောက်စရာကောင်းတယ် ဘုရား"

"မှန်တယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာအဖွဲ့ (ကမ္ဘာအေး)က ပုံနှိပ်ဖြန့်ချိတဲ့ ကထာဝတ္ထု မြန်မာပြန်ပထမတွဲ ကျမ်းဦးမှတ်ဖွယ် နိဒါန်း စာမျက်နှာ (ဈ)မှာ ဒီလိုရေးထားတယ် ဒကာကြီး––

"ဆိုခဲ့သော တိတ္ထိတက္ကတွန်းတို့သည် လာဘ်လာဘပါးရှား၍ စားဝတ်နေရေးခက်ခဲ လာရကား ဗုဒ္ဓသာသနာအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့ ဗုဒ္ဓသာသနာအတွင်းသို့ ဝင်ရောက်လာခဲ့ကြခြင်းမှာ **သာသနာတော်အတွက် ကြီးစွာသော အန္တရာယ်ကြီးတစ်ရပ်ဖြစ်လာခဲ့ပေတော့၏**။ အဘယ့်ကြောင့်ဆိုသော် သဒ္ဓါပဗ္ဗဇိတအဖြစ်ဖြင့် ဝင်ရောက်လာသူများ မဟုတ်ကြဘဲ လာဘ်လာဘကိုငဲ့၍ ဝင်ရောက်ခဲ့ကြသူများ ဖြစ်သည်နှင့် အညီ လာဘ်လာဘ ပူဇာသက္ကာရ ရရှိရန် ဟောပြော

ကြရာ၌ ၎င်းတို့၏ မူရင်းဖြစ်သော မိစ္ဆာဝါဒ တိတ္ထိဓမ္မတို့ကို ဗုဒ္ဓဝါဒ အနေပြု၍ ဟောပြောကြသဖြင့် သာသနာတော်တွင်းသို့ မိစ္ဆာဝါဒများ ထိုးဖောက်ခွဲဝင်၍လာကြသောကြောင့်ပင် ဖြစ်ပေသည်--တဲ့"

"တပည့်တော် အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ အိန္ဒိယသမိုင်းစာအုပ်တွေ ဗုဒ္ဓသာသနာဝင်တွေကို ဖတ်ကြည့်တဲ့အခါမှာ ဗုဒ္ဓသာသနာတော်ကြီး မဇ္ဈိမဒေသ အိန္ဒိယမှ ကွယ်ပျောက်သွားရခြင်းရဲ့ အဓိကအကြောင်း ၂-ရပ်ကို တွေ့ရတယ် ဘုရား။ အကြောင်း ၁-ရပ်ကတော့ ဘာသာခြားမင်းတွေ အုပ်စိုးလာတဲ့အခါ အကြမ်းနည်းနဲ့ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားအောင်လုပ်ကြတယ်၊ ရဟန်းတော်တွေကို ကိစ္စတုံး သတ်ပစ်တယ်၊ ကျောင်းကန် ဘုရားပုထိုး စေတီအဆောက်အအုံတွေကို ဖျက်ဆီးပစ်တယ်၊ ပိဋကတော်တွေကို မီးရှို့ပစ်တယ်။ အခြားအကြောင်း ၁-ရပ်ကတော့ သာသနာတော်ထဲဝင်လာပြီး ပူးသတ်တဲ့နည်းပဲ။ အရှင်ဘုရား အမိန့်ရှိသလို သူတို့ရဲ့ မိစ္ဆာဝါဒ၊ တိတ္ထိဓမ္မတွေကို ဗုဒ္ဓဝါဒဖြစ်အောင် လုပ်ကြံလိုက်ကြတယ်၊ ဗုဒ္ဓဝါဒကို သူတို့ရဲ့ဝါဒက မျိုမှန်းမသိ မျိုပစ်လိုက်တယ်၊အဲဒါက အနုနည်းပဲဘုရား"

"မှန်တယ်ဒကာကြီး၊ အခု ဘုန်းကြီးတို့ရဲ့ သာသနာကို ကြည့်လေ၊ ထေရဝါဒလို့ အမည်တပ်ထားသော်လည်း လုပ်နေကိုင်နေပုံတွေက ရှုပ်ထွေးပွေလီနေတယ်၊ ထေရဝါဒက တစ်ကျပ်သား၊ တခြားကိုးကွယ်မှုတွေက နှစ်ကျပ်သားဆိုသလို၊ ထေရဝါဒအစစ်အမှန်က ဖြည်းဖြည်းလျော့ကျပြီး ပျောက်ကွယ်

တော့မယ့် အခြေအနေကို ရောက်နေပြီ။ လူပုဂ္ဂိုလ်တွေကို အသာထား၊ ဘုန်းကြီးတို့ ရဟန်းတော်အချို့ကိုယ်တိုင်က မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့ ဆန့်ကျင်ပြီး ပွဲတွေထိုး၊ ဟိုဟာ ဒီဟာတွေကို ကိုးကွယ်နဲ့ ထင်ရာတွေလုပ်နေကြတယ်။ ပရမိသွာ၊ မဟာပိန္နဲ၊ သူရဿတီဆိုတာမျိုးတွေပေါ့။ ဒီလို အရောရော အထွေးထွေးဖြစ်နေတဲ့ ကိစ္စတွေကို ရှင်းပစ်ဖို့လိုတယ် ဒကာကြီးရဲ့၊ ဒကာကြီး ထုတ်ဝေဖြန့်ဖြူးတဲ့ မိုးကုတ် ခါတော်မှီကျောင်းက ဆရာတော် အရှင်ပညာနန္ဒာဘိဝံသရဲ့ **"မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း"** စာအုပ်ထဲမှာ ဒီကိစ္စတွေ ပါပြီးသားမို့ ဒကာကြီး သိပြီးသားပါ"

"မှန်ပါတယ်ဘုရား၊ ပုဂံခေတ် အရည်းကြီးတွေ လက်ထက်ကစခဲ့တဲ့ ကိစ္စတွေဟာ အမြစ်တွယ်နေခဲ့တယ် အခု အဲဒီမြစ်တွေက အညွန့်အတက်တွေပေါက်ပြီး ပြန်လည်ရှင်သန် ကြီးထွားနေပြီ ဘုရား။ အဲဒါတွင်မကဘူး၊ ခေတ်ပညာတတ် လူတန်းစားတွေက နိုင်ငံခြားက ကိုးကွယ်မှုအယူဝါဒဆန်းတွေကို အထင်ကြီးပြီး မြန်မာနိုင်ငံထဲရောက်အောင် သွတ်သွင်း လာကြပြန်ပြီ ဘုရား။ အယူဝါဒတစ်ခုဟာ စွဲမိရင်၊ ယုံကြည်မိရင် ချွတ်ဖို့ရာ မလွယ်ဘူးဘုရား။ အဲဒီလို ဗုဒ္ဓရဲ့ ဝါဒယောင်ယောင် ပူးသတ်တာဟာ အဆိုးဆုံးပေါ့ ဘုရား"

"ကိုးကွယ်မှုနှင့် ပတ်သက်လို့ ပြည်တွင်းကဝါဒဆန်းတွေ ရော၊ ပြည်ပကဝါဒဆန်းတွေရော ဘုန်းကြီးတို့ ကြားနေ သိနေရတာ ကြာပါပြီ၊ အခု ဘုန်းကြီးတို့ ပိဋကတော်တွေမှာလဲ ဗြာဟ္မဏဝါဒ ရောထွေး ယှက်တင် ဖြစ်နေတာတွေ့ရှိတယ်လို့

အချို့ ကျမ်းတတ်ပေတတ် ဆရာတော်ကြီးများထံက ကြားနာရဖူးပါတယ်၊ အဲဒါဟာ ကာဠသောကမင်းတို့ သီရိဓမ္မာသောကမင်းတို့၊ သင်္ဂါယနာ တင်စဉ် နှစ်ပေါင်း ၂၀၀၀–ကျော်က စလာတဲ့ အမြစ်တွယ်မှုပဲ ဒကာကြီး”

“မှန်ပါတယ် ဘုရား အနုနည်းနဲ့ ဝင်ပူးသတ်တဲ့ကိစ္စဟာ အင်မတန်ကြောက်စရာကောင်းတယ်၊ ပြင်ပရန်ကို မြင်လွယ် သိလွယ်လို့ ကာကွယ်ဖို့ တုန့်ပြန်ဖို့ မခက်ဘူး။ အတွင်းရန်ကိုတော့ မြင်သိဖို့ မလွယ်ဘူး၊ ဘုမသိ၊ ဘမသိနဲ့ ကိုယ့်သာသနာ၊ ကိုယ်ပြန်ပြီး ဖျက်ဆီးပစ်သလို ဖြစ်နေတတ်တယ် ဘုရား”

## အတုအယောင်တွေကြောင့် ရဟန်းစစ်တွေ ဒုက္ခရောက်

“စောစောကပြောခဲ့တဲ့အတိုင်း တိတ္ထိတက္ကတွန်းတွေဟာ သာသနာတော်ထဲဝင်ပြီး ဝိနည်းနဲ့ဆန့်ကျင်မှုတွေ လုပ်ကြတော့၊ မူလတစ်ဆယ့်ရှစ်ဂိုဏ်းဝင် သံဃာတော်တွေဟာ ဝိနယကုက္ကုစ္စဖြစ်ပြီး ထိတ်လန့်တုန်လှုပ်ခြင်း စိတ်ဆင်းရဲခြင်း ဖြစ်တော်မူကြတယ် ဒကာကြီး၊ အဲဒီလိုပြင်ပ မိစ္ဆာဝါဒများ ရောယှက်လာတဲ့အတွက် သံဃာမသန့်စင်မှုကို အကြောင်းပြုပြီး မူလသံဃာတော်တွေက နောက်ဝင်လာတဲ့ အယောင်ဆောင် သံဃာတော်တွေနဲ့ ဥပုသ်ပဝါရဏာမပြုဘဲ (၇)နှစ်တိုင်တိုင် ရှောင်လွှဲသီတင်းသုံးနေထိုင်ကြရတယ် ဒကာကြီး”

“ရဟန်းအတုအယောင်တွေကြောင့် ရဟန်းစစ် ရဟန်းမှန်တွေ ဒုက္ခရောက်ကြရတာပေါ့ဘုရား”

“ဒါတင်မကသေးဘူး ဒကာကြီး၊ အသတ်ခံရတဲ့အထိ ဖြစ်တယ်၊ ရဟန်းတော်တွေအချင်းချင်း ဥပုသ်ပဝါရဏာမပြုကြဘဲ မညီမညွတ် ဖြစ်နေတာကို အသောကမင်းကြီးကြားသိရတော့ အညီအညွတ်ဖြစ်အောင် အမတ်တစ်ယောက်ကိုစေလွှတ်လိုက်တယ်၊ အဲဒီအမတ်က မလိမ္မာတော့ ဥပုသ်ပဝါရဏာမပြုခြင်းရဲ့ အကြောင်းရင်းကို မစုံစမ်း မမေးမြန်းဘဲ ဥပုသ်ပဝါရဏာမပြုတဲ့ ရဟန်းတွေကို သတ်ပစ်တယ်၊ အဲဒီမှာ ရဟန်းသံဃာကောင်းတွေပါ အသတ်ခံရတော့တာပဲ ဒကာကြီး”

“ဝမ်းနည်းစရာပါပဲဘုရား၊ တပည့်တော်တို့ရဲ့ သာသနာတော် ခရီးတစ်လျှောက်မှာ အသတ်စတေးခံရတဲ့ ကိစ္စတွေအများအပြားပဲ ဖြစ်ပေါ်ခဲ့ဖူးတယ်။ သာသနာ့ခရီးလမ်းဟာ အမြဲတမ်းသာယာ ဖြောင့်ဖြူးမနေဘူး၊ တစ်ခါတစ်ရံ ပန်းခင်းတဲ့လမ်းခရီးဖြစ်ပေမဲ့ တစ်ခါတစ်ရံ ဆူးငြောင့်ခလုတ်တွေနဲ့ ရောပြွမ်းနေတဲ့ ခရီးကြမ်း၊ လမ်းကြမ်းဖြစ်ခဲ့ရပါတယ် ဘုရား”

“အေး–မြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ကျင့်ပြီး သတ္တဝါတွေအတွက် ဘဝပေါင်းများစွာ အသေခံအနာခံ အဆင်းရဲခံခဲ့ရတယ်၊ ဒီတော့ မြတ်စွာဘုရားရဲ့ အနန္တကျေးဇူးတော်တွေကို တုံ့ပြန်ပေးဆပ်တဲ့ အနေနဲ့ သာသနာအကျိုးသယ်ပိုးကြရမှာက ဘုန်းကြီးတို့ ဒကာကြီးတို့ရဲ့ တာဝန်ပေါ့”

“မှန်ပါဘုရား”

## အခန်း (၁၃)

### အသောကမင်းနှင့် သာသနာသန့်ရှင်းရေး

"ဥပုသ်ပဝါရဏာ အတူမပြုကြတဲ့ ကိစ္စဟာ ရှင်းမသွားတဲ့အပြင် သံဃာအချို့ အသတ်ခံရတဲ့အထိ ဖြစ်လာတယ်။ ဒီတော့ အသောကမင်းကြီးဟာ အဓိကရဏ်း ဖြေရှင်းပေးနိုင်မဲ့ ပုဂ္ဂိုလ်ရရှိရေးအတွက်၊ ကျန်မထေရ်ကြီးများနဲ့ တိုင်ပင်စိုင်းပြင်းရတော့တယ် ဒကာကြီး"

**"သာသနာတော် ကောင်းစေလိုတဲ့ စေတနာရှိသော်လဲ နည်းမှန် လမ်းမှန် ညွှန်ပြပေးမဲ့ ပုဂ္ဂိုလ်မရှိပြန်ရင် တလွဲတချော် ဖြစ်တတ်တယ်ဆိုတဲ့ သာဓကတစ်ခုပဲ ဘုရား"**

"အသောကမင်းကြီးဟာ မထေရ်များရဲ့ အကြံပေးချက်အတိုင်း ဂင်္ဂါမြစ်ညာမှာ ရှိနေတဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ထံ သုံးကြိမ်တိုင်တိုင် စေလွှတ်ပြီး ပင့်လျှောက်ရတယ်၊ သုံးကြိမ်မြောက် ပင့်လျှောက်တဲ့အခါကျမှ ပါဋလိပုတ်နေပြည်တော်ကို လှေဖောင်နဲ့ ကြွလာတော်မူတယ်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟာ ဝိနည်းအရာမှာ ဧတဒဂ်ရတော်မူတဲ့ အရှင်ဥပါလိမထေရ်မြတ်ကြီးရဲ့ ၅-ဆက်မြောက်

တပည့်ဖြစ်ပြီး အဲဒီ အချိန်တုန်းက သက်တော် ၇၅–နှစ်မျှ ရှိနေပြီ ဒကာကြီး”

“မှန်ပါဘုရား၊ သက်တော်ကြီးရင့်ပြီဖြစ်သော်လည်း သာသနာ့အရေးကို လျစ်လျူရှုပြီး ကြောင့်ကြမဲ့ နေတော်မမူတာဟာ အတုယူစရာပါပဲ၊ အခု ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲမှာ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် ဦးဆောင် ပါဝင်ဆောင်ရွက်တော်မူကြတဲ့ အချို့သော ဆရာတော်ဘုရားကြီး များဟာလဲ သက်တော် ၈၀–ကျော်၊ ၉၀–ပတ်ဝန်းကျင်မှာ ရှိတော်မူကြလို့ အလွန်ကြည်ညိုဖွယ်ကောင်းလှပါတယ် ဘုရား”

“အသောကမင်းကြီးဟာ ထေရဝါဒကို ယုံကြည်လက်ခံထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီတော့ မြတ်စွာဘုရားရဲ့ ဓမ္မဝိနယအတိုင်း မလိုက်နာတဲ့ ရဟန်းတွေ၊ မိစ္ဆာဝါဒ၊ ဗြာဟ္မဏဝါဒ အယူရှိတဲ့ ရဟန်းတွေကို ရှင်းပစ်ချင်တယ်၊ ရှင်းပစ်နိုင်မဲ့ နည်းလမ်းကို သိရအောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးထံမှာ လျှောက်ထား တောင်းပန်တယ် ဒကာကြီး”

“မှန်ပါဘုရား”

“အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးက မင်းဥယျာဉ်မှာပဲ သီတင်းသုံးတော်မူပြီး အသောကမင်းကြီးအား ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဝါဒ၊ တိတ္ထိတက္ကတွန်းမှော့ရဲ့ ဝါဒ၊ ဗြာဟ္မဏတွေရဲ့ ဝါဒ၊ ထေရဝါဒနဲ့ ဆန့်ကျင်တဲ့ ဂိုဏ်းဆရာအသီးသီးတို့ရဲ့ အယူဝါဒတွေကို ခုနစ်ရက်တိုင်တိုင် ရှေးဦးစွာ သဘောပေါက် အောင် သင်ကြားပေးတယ်”

"အင်မတန် သဘာဝကျတဲ့ နည်းပဲဘုရား၊ သာသနာ သန့်ရှင်းရေးလုပ်မဲ့ အသောကမင်းကြီးဟာ ကွဲပြားနေတဲ့ ဝိဝါဒတွေကို သူကိုယ်တိုင် ကျေကျေလည်လည် သိထားစေတဲ့ နည်းပဲဘုရား၊ ဒါမှသာလျှင် ဘယ်ဝါဒကမှားလို့ ဘယ်ဝါဒက မှန်တယ်ဆိုတာ ဆုံးဖြတ်နိုင်တော့မပေါ့ ဘုရား"

"အဲဒီလို ခုနှစ်ရက်တိုင်တိုင် သင်ကြားပေးပြီးမှ အသောကရုံ ကျောင်းတော်ကို ကြွတော်မူပြီး သံဃာ့အစည်းအဝေး ကြီး ခေါ်ခိုင်းတယ်၊ ဂိုဏ်းဂဏ အသီးသီးက ရဟန်းတော်တွေ စုံညီရောက်လာကြတဲ့အခါမှာ ကာရံထားတဲ့ တင်းတိမ်အတွင်းကို ရဟန်းတစ်ပါးစီ ဝင်စေပြီး အသောကမင်းကြီးကိုယ်တိုင် ဝါဒ စစ်ဆေးရေး လုပ်တယ် ဒကာကြီး"

## ဒီမိုကရေစီဆိုတာ ဗုဒ္ဓကျင့်သုံးခဲ့တဲ့ဝါဒ

"နှစ်ပေါင်း ၂၀၀၀–ကျော်က လုပ်နည်းကိုင်နည်းဟာ တယ်ပြီး စနစ်ကျပါကလား ဘုရား၊ အံ့သြစရာပဲ၊ ခုခေတ်မှာ သျှို့ဝှက် မဲဆန္ဒယူနည်းပေါ့ ဘုရား"

"ဟုတ်ပါတယ်၊ နောက်လူတွေဟာ ရှေးခေတ်ကို အထင်မသေးကြစေချင်ဘူး။ **ဒီမိုကရေစီဆိုတာ သံဃာတော် လောကမှာ ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင် ကျင့်သုံး တော်မူခဲ့တဲ့ စနစ်ပါ** ဒကာကြီး၊ အမှန်ကတော့ ခုခေတ် တစ်ကမ္ဘာလုံး ကျင့်သုံးနေကြရတဲ့ အုပ်ချုပ်ရေး စနစတွေဟာ မြတ်စွာဘုရား လက်ထက်တော်အခါက ရှိနေပြီးသား စနစ်ပုံစံတွေ ကိုပဲ အတုယူထားကြရတာပါပဲ"

"မှန်ပါဘုရား"

"တင်းတိမ်အတွင်းရောက်လာတဲ့ ရဟန်းတော်တွေကို ဂေါတမဗုဒ္ဓသည် အဘယ်ဝါဒ ရှိပါသနည်းလို့ တစ်ပါးချင်း မေးတယ်၊ ဒီတော့ တိတ္ထိဘောင်က ဝင်လာတဲ့ ရဟန်းတွေက သူတို့သိထား၊ သင်ကြားထားတဲ့အတိုင်း မြတ်စွာဘုရားသည် သဿတဝါဒီ ဖြစ်ပါတယ်၊ ဉစ္ဆေဒဝါဒီ ဖြစ်ပါတယ်လို့ စသည်ဖြင့် ပေါ့လေ၊ ဖြေကြသတဲ့ ဒကာကြီး"

"အဲဒီအချိန်တုန်းက အယူဝါဒတွေကလည်း အများသား ကိုး ဘုရား"

"ဟုတ်ပါတယ်၊ သဿတဝါဒ၊ ဧကစ္စသဿတဝါဒ၊ အန္တာနန္တိကဝါဒ၊ အမရာဝိက္ခေပဝါဒ၊ အဓိစ္စသမုပ္ပန္နဝါဒ၊ သညီဝါဒ၊ ဉစ္ဆေဒဝါဒ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ စသည်ဖြင့် ပေါ့လေ၊ ဝါဒအမျိုးမျိုး ရှိနေတယ် ဒကာကြီး"

"ဟိုခေတ်က အတွေးအခေါ် (ဖီလိုဆော်ဖီ) အယူအဆ တွေပေါ့ ဘုရား၊ ဒီခေတ်အထိ ဘာသာရေးခေါင်းဆောင် အများဟာ အဲဒီခေတ်က အတွေးအခေါ် အယူဝါဒတွေကို လက်ခံကျင့်သုံးဆဲ ဖြစ်ပါတယ်ဘုရား၊ အထင်သေးလို့ မရပါဘူး"

"အသောကမင်းကြီးဟာ၊ တိတ္ထိတွေရဲ့ အယူဝါဒကို ရှေးဦးမဆွကပင် သင်ကြားလေ့လာထားပြီး ဖြစ်လေတော့ တိတ္ထိအယူဝါဒကို ဖြေကြားတဲ့ပုဂ္ဂိုလ်ဆိုရင် ရဟန်းကောင်း မဟုတ်၊ မိစ္ဆာဝါဒရှိတဲ့ အယောင်ဆောင် ရဟန်းပဲလို့ သိတယ်၊ အဲဒီလို မိစ္ဆာအယူရှိတဲ့ ရဟန်းကို လူထွက်၊ ပိတ်ဖြူဝတ်ခိုင်းပြီး

နှင်ထုတ်လိုက်သတဲ့၊ ဗုဒ္ဓမြတ်စွာဘုရားသည် **ဝိဘဇ္ဇဝါဒီ** ဖြစ်ပါတယ်လို့ ဖြေကြားတဲ့ပုဂ္ဂိုလ်ဆိုရင် ဒီရဟန်းဟာဖြင့် ရဟန်းစစ်၊ ရဟန်းမှန်ဆိုပြီး လက်ခံအားပေးတယ်၊ အဲဒီလိုနည်းနဲ့ ထေရဝါဒဂိုဏ်းဝင် ရဟန်းတော်တွေကို စစ်ထုတ်ယူပြီး သာသနာတော်မှာ အတုအယောင် ရဟန်းဆိုးတွေ ပျောက်ကွယ်သွားအောင် လုပ်တယ် ဒကာကြီးရဲ့"

"မှုမမှန်ရင် ရဟန်းဘောင်က ထွက်ခိုင်းတဲ့နည်းပေါ့၊ ဒါမှလဲ သာသနာ့ သန့်ရှင်းရေးဖြစ်မှာ ဘုရား"

"အသောကမင်းကြီးက အာဏာစက်နဲ့ သာသနာသန့်ရှင်းရေး လုပ်ပြီးတဲ့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက စင်ကြယ်တဲ့ သံဃာတွေကို တညီတညွတ်တည်း စုပေါင်းစည်းဝေးပြီး ဥပုသ်ပြုကြစေတယ်၊ (၇)နှစ်တိုင်တိုင် မပြေမလည်ဖြစ်ခဲ့တဲ့ သံဃာ့အဓိကရဏ်းဟာ ပြီးငြိမ်းသွားတာပေါ့ ဒကာကြီးရာ၊ နောင် အနာဂတ်ကာလမှာလဲ ဒီလိုဝါဒ ဂိုဏ်းကွဲ အန္တရာယ်တွေ မပေါ်ပေါက်နိုင်အောင် မြတ်စွာဘုရားထားတော်မူခဲ့တဲ့ မာတိကာကို အကျယ်ဝေဖန်ပြီး ဟောတော်မူတယ်၊ ကထာဝတ္ထုလို့ ခေါ်တယ် ဒကာကြီး"

"မှန်ပါဘုရား၊ သာသနာတော်အတွက် အလွန်အကျိုးများတဲ့ ကျမ်းလို့ ဆရာတော်ကြီးများ အမိန့်ရှိတော်မူဖူးပါတယ်၊ ကထာဝတ္ထု မြန်မာပြန်ကို ဖတ်ရှုလေ့လာကြဖို့ သင့်ပါတယ်ဘုရား"

"ကထာဝတ္ထုကို ဖတ်လျှင် မြတ်စွာဘုရား လက်ထက်တော်ကတည်းက ရှိခဲ့တဲ့ အယူဝါဒ အသီးသီးတို့ရဲ့ သဘောအခြေခံကို ဝေဖန် ဆန်းစစ်နိုင်မယ် ဒကာကြီး"

## ဝိဘဇ္ဇဝါဒ

"ဒါနဲ့ ဝိဘဇ္ဇဝါဒီအကြောင်း အမိန့်ရှိပါဦးဘုရား"

"မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ အယူရှိတော်မူ၏လို့ အသောကမင်းကြီး၏ အမေးကို ဖြေဆိုကြတဲ့ ရဟန်းတွေဟာ မြတ်စွာဘုရားရဲ့ အယူဝါဒမှန်ကို သိတယ်လို့ မင်းကြီးကလက်ခံတယ်၊ ဝိဘဇ္ဇဝါဒီဆိုတာက ဒီလိုဒကာကြီး။ မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တောဒေယျပုဏ္ဏားရဲ့ သားဖြစ်သူ သုဘလုလင် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး သူသိလိုတဲ့ အချက်တွေကို မေးမြန်း လျှောက်ထားတယ်၊ ဒီတော့ မြတ်စွာဘုရားက လုလင်--ဤနေရာ၌ ငါသည် ခွဲခြားဝေဖန်၍ ဟောကြားလေ့ရှိ၏။ ဤအရာ၌ ငါသည် တစ်ဘက်သတ်အားဖြင့် ဟောကြားလေ့ မရှိဟု အစချီပြီး သုဘလုလင် သိလိုသော အချက်တွေကို ဖြေကြားတော်မူတယ်၊ အဓိပ္ပာယ်ကတော့ မြတ်စွာဘုရားဟာ တစ်ဘက်အမြင်ဖြင့် တရားသေ ယူဆဟောပြောလေ့မရှိ၊ ခွဲခြား ဝေဖန်ပြီး ပညာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍သာ ဟောကြားတော်မူတဲ့အတွက် ဝိဘဇ္ဇဝါဒီလို့ ဆိုလိုခြင်း ဖြစ်တယ်၊ မဇ္ဈိမပဏ္ဏာသ မြန်မာပြန်၊ သုဘသုတ် အပိုဒ်-၄၆၃ ကို ဒကာကြီး ဖတ်ကြည့်ရင် အကျယ်သိနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဘုရား"

## တတိယသင်္ဂါယနာနှင့် သာသနာပြုလုပ်ငန်း

"အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးဟာ ရဟန်း အတုအယောင်တွေ ပပျောက်ရေး၊ ဝိဝါဒအဓိကရဏ်း ငြိမ်းအေး ရေးတွေကို ဆောင်ရွက်တော်မူပြီးတဲ့နောက် သာသနာနှစ် ၂၃၅ (ဘီစီ–၃၀၉)နှစ်မှာ သံဃာတစ်ထောင်နဲ့ တတိယ သင်္ဂါယနာ တင်တော်မူတယ်၊ အထောက်အပံ့ပြုသူကတော့ သီရိဓမ္မာသောက မင်းကြီးပေါ့"

"ဆရာနဲ့ ဒကာလက်တွဲပြီး သာသနာပြုကြတာပေါ့ ဘုရား"

"သင်္ဂါယနာ တင်ပြီးတဲ့နောက်၊ အရှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်ဟာ သာသနာတော် ပြန့်ပွားရေးအတွက် ကိုးတိုင်း ကိုးဌာနသို့ ရဟန်းတော်များအား သာသနာပြု စေလွှတ်တော်မူသေးတယ် ဒကာကြီး၊ သီဟိုဠ်ကျွန်းသို့ အရှင်မဟာ မဟိန္ဒ ရဟန္တာ ၄–ပါး၊ သုဝဏ္ဏဘူမိ (သထုံ) သို့ အရှင်သောဏ မထေရ်နဲ့ အရှင်ဥတ္တရမထေရ်တို့ကို စေလွှတ်ပြီး သာသနာပြု စေတယ်"

"သီဟိုဠ်နဲ့ မြန်မာပြည်မှာ ထေရဝါဒသာသနာတော် ယနေ့တိုင်အောင် ထွန်းကားနေတာဟာ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်ကြီးနဲ့ သီရိဓမ္မာသောကမင်းကြီးတို့ရဲ့ ကျေးဇူးကြောင့်ပဲပေါ့ ဘုရား"

"ထေရဝါဒသာသနာ ရောက်ရှိအောင် ပထမဦးစွာ ဆောင်ရွက်ပေးတဲ့ ကျေးဇူးရှင်ကြီးတွေပဲ ဒကာကြီးရဲ့၊ ဒါပေမယ့်

နောက်ပိုင်းမှာ သီဟိုဠ်နဲ့ မြန်မာနိုင်ငံမှာ ထေရဝါဒ သာသနာ ယိမ်းယိုင်ကျဆင်း မသွားအောင် အသက်နဲ့လဲပြီး စောင့်ရှောက် တော်မူခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ ရှိသေးတယ်၊ ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ ကျေးဇူးတွေကိုလဲ ဘုန်းကြီးတို့က သိထားရလိမ့်မယ် ဒကာကြီး”

# အခန်း (၁၄)

## သီဟိုဠ်သာသနာ

ပါဋလိပုတ်နေပြည်တော်မှာ အသောကမင်းလက်ထက် တတိယသင်္ဂါယနာတင်ပြီးတဲ့နောက် ၂၁၅–နှစ်အကြာ သီဟိုဠ်ကျွန်း၊ မလယဇနပုဒ်မှာ စတုတ္ထအကြိမ် ထေရဝါဒသင်္ဂါယနာတင်ရပြန်တယ်၊ ဝဋ္ဋဂါမဏိမင်းလက်ထက် သာသနာတော်နှစ် ၄၅၀ (ဘီစီ–၉၄)နှစ် အချိန်မှာဖြစ်တယ် ဒကာကြီး။ ပထမဆုံးအကြိမ် ပိဋကတော်တွေကို ပေထက်အက္ခရာတင်ခြင်းပဲ၊ နှုတ်ငုံဆောင်ခြင်းဟာ ကာလရှည်လျားလျှင် တိမ်းပါး ချွတ်ယွင်းနိုင်တယ်၊ ပျောက်ကွယ်သွားနိုင်တဲ့အတွက်ပါပဲ"

"မှန်ပါဘုရား"

"သီဟိုဠ်သို့ အရှင်မဟိန္ဒမထေရ်နဲ့ နောက်ပါတပည့် ၄–ပါးတို့ သာသနာပြုရောက်သွားတာက သာသနာ ၂၃၆–ခုနှစ်၊ ဒေဝါနံပိယတိဿမင်းကြီး လက်ထက်မှာဖြစ်တယ်၊ ဒေဝါနံပိယတိဿမင်းကြီးနဲ့ အရှင်မဟိန္ဒမထေရ်တို့ တွေ့ဆုံမိကြပုံဟာလဲ ပုဂံပြည် အနော်ရထာမင်းနှင့် ရှင်အရဟံ မထေရ်တို့ တွေ့ဆုံမိကြပုံနဲ့ ခပ်ဆင်ဆင်ပဲ ဒကာကြီး"

"မှန်ပါဘုရား"

အဲဒီလို သီဟိုဠ်မှာ သာသနာနှစ် ၂၃၆–ခုနှစ်၊ ဒေဝါနံပိယတိဿမင်းကြီး လက်ထက်ကစပြီး မင်းအဆက်ဆက် သာသနာတော်ကို ချီးမြှောက် ထောက်ပံ့လာခဲ့ကြတာဟာ တစ်ခါ တစ်ခါ သာသနာ့ အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ကြရတာတွေရှိတယ်။ ဒေဝါနံပိယတိဿမင်းဟာ အရှင်မဟိန္ဒနှင့် သံဃာတော်များ အတွက် မဟာဝိဟာရကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်း တယ်၊ နှစ်ပေါင်း ၂၀၀–ကျော်ကျော်အထိ အဲဒီ မဟာဝိဟာရ ဝါသီဂိုဏ်းရယ်လို့ တစ်ဂိုဏ်းထဲရှိပြီး၊ သာသနာတော်ဟာလဲ သန့်သန့်ရှင်းရှင်းနဲ့ စည်ပင်ခဲ့တယ်”

“တစ်ဂိုဏ်းထဲ၊ တစ်စည်းတစ်လုံးထဲဆိုတော့ ပြဿနာ မပေါ်ဘူးပေါ့ဘုရား၊ နောက်ပြီး သီဟိုဠ်မှာက တိတ္ထိဝါဒ၊ ဗြာဟ္မဏဝါဒဆိုတာမျိုးတွေ မရှိဘူး၊ မဟာသံဃိတိဂိုဏ်းကွဲတွေလဲ ရောက်မလာသေးဘူး၊ အရှင်မဟိန္ဒမထေရ်မြတ် အစပျိုး ထူထောင်လိုက်တဲ့ မူလထေရဝါဒ သာသနာ တစ်ခုတည်း ရှိတာကိုး”

“ဟုတ်ပါတယ်၊ သီဟိုဠ်သို့ သာသနာတော်ရောက်ပြီး ၂၁၈–နှစ်လုံးလုံး သာသနာတော်ဟာ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ်နဲ့ ရပ်တည်နေနိုင်ခဲ့ပါတယ်။ သာသနာ ၄၅၄–ခုနှစ်ရောက်တော့ မဟာဝိဟာရဝါသီဂိုဏ်းတစ်ဂိုဏ်း တည်း မဟုတ်တော့ဘဲ ဂိုဏ်းကွဲမှု ပြဿနာဟာ စလာတာပဲ ဒကာကြီးရဲ့”

“မှန်ပါဘုရား”

## ဂိုဏ်းကြီးလေးဂိုဏ်း ကွဲခြင်းအစ

"ဖြစ်ပုံက ဒီလိုဒကာကြီးရဲ၊ စတုတ္ထသင်္ဂါယနာတင် မင်းဖြစ်တဲ့ ဝဋ္ဋဂါမဏိမင်းဟာ အဘယဂိရိကျောင်းကို ဆောက်လုပ်ပြီး မဟာတိဿမထေရ်ကို ကပ်လှူတယ်။ မဟာတိဿမထေရ်ဟာ ဘုရားပညတ်တော်နဲ့ မလျော်တဲ့ အမှုတွေကို ပြုတယ်လို့ဆိုပြီး မဟာဝိဟာရဝါသီ အရှင်မြတ်များက နှင်ထုတ်လိုက်တဲ့အတွက် ဝနတိဿဆိုတဲ့ ကျေးရွာတစ်ရွာမှာ ဂိုဏ်းခွဲပြီး နေထိုင်ရတယ်၊ ဝဋ္ဋဂါမဏိမင်းဟာ နန်းစည်းစိမ် ပြန်ရတဲ့အခါမှာ ကျေးဇူးရှိတယ် ဆိုပြီး အဘယဂိရိကျောင်းကို မဟာတိဿမထေရ်အား ကပ်လှူခြင်းဖြစ်တယ်၊ အဲဒါဟာ ဂိုဏ်းကွဲခြင်းအစပဲ ဒကာကြီး"

"မှန်ပါဘုရား"

"ကွဲပုံက ဒီလို –

၁။ ပထမ ရှိရင်းစွဲ မဟာဝိဟာရဝါသီဂိုဏ်း။

၂။ ဒုတိယ မဟာဝိဟာရဝါသီမှ ခွဲထွက်သွားတဲ့ အရှင်မဟာတိဿအမှူးပြုတဲ့ အဘယဂိရိဝါသီဂိုဏ်း။ ဓမ္မရုစိဂိုဏ်းလို့လဲ ခေါ်တယ်။

၃။ တတိယ အဘယဂိရိဝါသီဂိုဏ်းမှ ခွဲထွက်သွားတဲ့ ဇေတဝနဝါသီဂိုဏ်း။ အဲဒီဂိုဏ်းကတော့ သာသနာတော် နှစ် ၇၇၄–ခုနှစ်မှာ မင်းပြုတဲ့ မဟာသေနမင်းရဲ့ ဇေတဝန်ကျောင်းမှ

သံဃမိတ္တမထေရ်နဲ့ နောက်ပါ ရဟန်းတော်များ တည်ထောင်တဲ့ ဂိုဏ်းပဲ။ သံဃမိတ္တမထေရ်ဟာ ဇေတဝနဝါသီဂိုဏ်းရဲ့ အဓိကပုဂ္ဂိုလ်ပဲ”

၄။ စတုတ္ထ သာသနာတော်နှစ် ၇၅၃–ခုနှစ်လောက်မှာ အဘယဂိရိဝါသီဂိုဏ်းနဲ့ ဇေတဝနဝါသီဂိုဏ်းတို့နဲ့ မတူတဲ့ သီးခြားဂိုဏ်းတစ်ခု ပေါ်လာပြန်တယ်။ ဘာဂိနေယျဒါဌာပတိမင်းလက်ထက်မှာ ဖြစ်တယ်။ အဲဒီဂိုဏ်းကတော့ မူလမဟာဝိဟာရဝါသီဂိုဏ်းကို အတုယူထားတဲ့ ဆင်တူရိုးမှား မဟာဝိဟာရဂိုဏ်းတစ်ခုပါပဲ။

အဲဒီလို ဂိုဏ်းကြီး ၄–ဂိုဏ်းရှိရာမှာ မူလ မဟာဝိဟာရဝါရသီ ဂိုဏ်းသာလျှင် ဓမ္မဝါဒီဂိုဏ်း၊ ကျန်တဲ့ ၃–ဂိုဏ်းကတော့ အဓမ္မဝါဒီတွေချည်းပဲလို့ ဆိုတယ် ဒကာကြီး”

“ဒုတိယ သင်္ဂါယနာတင် ကာဠာသောကမင်းလက်ထက်မှာ ဂိုဏ်းတွေစတင်ပြီး ကွဲတဲ့အတိုင်းပေါ့ ဘုရား၊ မြတ်စွာဘုရားရဲ့ ပညတ်တော်တွေကို တိတိကျကျ လိုက်နာချင်တဲ့ ပုဂ္ဂိုလ်တစ်စုနဲ့ မလိုက်နာချင်ဘဲ ဟိုပြင်ဒီစွက် လုပ်ချင်တဲ့ ပုဂ္ဂိုလ်တစ်စုတို့ကြောင့် ဂိုဏ်းကွဲတွေ ဖြစ်ပေါ်လာတာပါပဲ ဘုရား”

“ဒုတိယဂိုဏ်းကွဲဆရာဖြစ်တဲ့ မဟာတိဿမထေရ်နဲ့ တတိယ ဂိုဏ်းကွဲဆရာ သံဃမိတ္တမထေရ်တို့အကြောင်း ပြောရဦးမယ်”

"အမိန့်ရှိပါဘုရား"

"မဟာတိဿမထေရ်ဟာ မဟာဝိဟာရဝါသီ အရှင်ကောင်းတို့က ပယ်ထုတ်လိုက်တဲ့အတွက် တိုင်းပြည်အဖွန်ဝနဿတိ အရပ်မှာ သွားရောက် သီတင်းသုံးနေရတယ်။ အဲဒီအချိန်မှာ ဝဋ္ဋဂါမဏိမင်းကလဲ ကျေးကုလားတွေကို စစ်ရှုံးလို့ ဝနတိဿ အရပ်မှာပဲ ပုန်းကွယ်ရှောင်ရှားပြီး ၁၄–နှစ်တိုင်တိုင် နေရတယ်၊ မဟာတိဿမထေရ်က ငယ်တပည့်ဖြစ်တဲ့ ဝဋ္ဋဂါမဏိကို စိတ်ဝမ်းကွဲလွဲနေကြတဲ့ အမတ်၇–ယောက်နဲ့ အညီအညွတ်ဖြစ်အောင် ဆောင်ရွက်ပေးပြီး ထီးနန်းပြန်ရအောင် စီစဉ်ပေးတယ်။ ဝဋ္ဋဂါမဏိဟာ အမတ်၇–ယောက်နဲ့အတူ ကျေးကုလားမင်းကို အနိုင်ရအောင် စစ်ဆင်တိုက်ခိုက်ပြီးနောက် မင်းအဖြစ်ကို ပြန်လည်ရရှိတယ်၊ အဲဒီလို မင်းအာဏာပြန်ရတဲ့ အခါမှာ ကျေးဇူးရှိဖူးတဲ့ ငယ်ဆရာ၊ မဟာတိဿမထေရ်ကို အဘယ ဂိရိ ကျောင်းဆောက်ပြီး ကပ်လှူတာပါပဲ၊ မဟာတိဿမထေရ်လဲ မင်းကိုအမှီရတော့ မဟာဝိဟာရဝါသီဂိုဏ်းသံဃာနဲ့ ခွဲခြားပြီး တသီးတခြား သံဃကံပြုတယ်၊ သီးခြားဂိုဏ်းဖွဲ့စည်းတယ် ဒကာကြီးရဲ့"

"မင်းရဲ့ တိုင်းရေးပြည်မှု ကိစ္စမှာ ပါဝင်ဆောင်ရွက်ပေးလို့ မဟာတိဿမထေရ်ဟာ ဘုန်းတန်ခိုးတက်လာတယ်ဆိုပါတော့ ဘုရား၊ တပည့်တော်တို့ကတော့ ဒီလို တိုင်းရေးပြည်မှုမှာ ရဟန်းတော်တစ်ပါးအနေနဲ့ ပါဝင် လုပ်ဆောင်တာဟာ ဘုရားအကြိုက်မဟုတ်ဘူးလို့ ထင်မှတ်ပါတယ် ဘုရား"

"သာသနာ့ဝန်ထမ်း ရဟန်းတော်များအနေနဲ့ တိုင်းရေးပြည်မှုမှာ ပါဝင်လာတာဟာ မသင့်တော်တာအမှန်ဘဲ။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဘက်ကရော၊ လူပုဂ္ဂိုလ်တွေဘက်ကရော သတိပြုကြရမဲ့ ကိစ္စပဲ ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"နောက်ပုဂ္ဂိုလ်တစ်ဦးကတော့ မဟာသေနမင်းလက်ထက် ဇေတဝနဝါသီဂိုဏ်း ခေါင်းဆောင် သံဃမိတ္တအမည်ရှိတဲ့ ရဟန်းတော်တစ်ပါးပါပဲ၊ သူက မန္တန်မန္တရားအစရှိတဲ့ လောကီအတတ်တွေဘက်မှာ ကျွမ်းကျင်တယ်၊ မဟာသေနမင်းကို အယုံသွင်းပြီး သူ့လောကီအတတ်ပညာနဲ့ ဘိသိက်သွန်းပေးတယ်၊ မင်းကလဲ သူ့ကို ယုံကြည်ပြီး မင်းဆရာအဖြစ်နဲ့ ကိုးကွယ်တော့တာပါပဲ။ ဇေတဝန်ကျောင်း ဆောက်လုပ်လှူဒါန်းတယ်၊ သံဃမိတ္တမထေရ်ရဲ့ ဇေတဝနဝါသီ ဂိုဏ်းသံဃာများကို အားပေးချီးမြှောက် လုပ်လာတယ်။ ဒီလိုချီးမြှောက်ခြင်း ခံရတယ်ဆိုရင်ပဲ နဂိုက စိတ်နှလုံးကောက်ကျစ်ပြီး ရဟန်းသိက္ခာမစောင့်စည်းတဲ့ သံဃမိတ္တမထေရ်ဟာ မင်းရဲ့အကူအညီနဲ့ မဟာဝိဟာရကျောင်းကို ဖျက်ဆီးပစ်ပြီး မဟာဝိဟာရဝါသီရဟန်းတော်တွေကို ညှဉ်းဆဲနှိပ်စက်တယ်၊ •အခြားဒေသသို့ ပြေးအောင် လုပ်တယ် ဒကာကြီး"

## မိစ္ဆာအာဇီဝအလုပ်သည် သာသနာ့အန္တရာယ်

"ဒီတော့ ရဟန်းကောင်းတွေ ဘယ်နေနိုင်တော့မလဲဘုရား၊ မြတ်စွာဘုရားက လောကီပညာရပ်တွေကို ရဟန်းများ မလုပ်ရဘူးလို့ ပညတ်ထားသော်လည်း ပညတ်ချက်နဲ့ ဆန့်ကျင်ပြီး မိစ္ဆာအာဇီဝ အလုပ်တွေကို လုပ်နေကြတာကိုး၊ ခုခေတ်မှာလဲ ဒါမျိုးတွေ ထွန်းကားနေတယ် ဘုရား၊ ဗေဒင် ဓာတ်ရိုက်ယတြာချေ၊ အဆောင်လက်ဖွဲ့ပေး၊ ဓာတ်ခန်းတွေဖွင့်နဲ့ အမျိုးကို စုံနေတာပဲ ဘုရား"

"ဘုန်းကြီးတို့လဲ ဒီကိစ္စတွေ ကြားနေ သိနေပါတယ်၊ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ပြောမကောင်းလို့ဘဲ ဒကာကြီး၊ အဲဒီလို မိစ္ဆာ အာဇီဝသမားတွေပဲ တိုက်နဲ့ တာနဲ့ တယ်လီဖုန်းနဲ့၊ မော်တော်ကားနဲ့၊ ပရိသတ်ကဝင်လာမစဲ တသဲသဲပဲ၊ လိုချင်တာ ရနိုင်တာပဲ၊ နိုင်ငံခြားစီကရက်ယူမလား၊ ဘီယာယူမလား၊ အရာရောက်မဲ့ဒကာတွေကို ညွှေ့ခံဖို့ရန် အသင့်ဘဲ။ ရဟန်းလုပ်ပြီး ပွဲထိုးတယ်၊ နတ်ပွဲကတယ်၊ ဝိဇ္ဇာဂိုဏ်း လူဆရာတွေထံမှာ ရှိခိုးဦးချပြီး တပည့်ခံတယ်၊ ပညာယူတယ်။ ဒီကိစ္စတွေဟာ သာသနာတော်အတွက် ကြီးမားတဲ့ အန္တရာယ် ဖြစ်နေပြီ ဒကာကြီး"

"မှန်ပါတယ်ဘုရား၊ ယခု ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အစည်းအဝေးကြီးက တင်မြှောက်လိုက်တဲ့ ဗဟိုဝန်ဆောင်အဖွဲ့၊ မဟာနာယကအဖွဲ့နဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများကလဲ ဒီသာသနာ့အန္တရာယ် ပပျောက်ရေးကို စဉ်းစားတော်မူမိကြပါ လိမ့်မယ် ဘုရား"

"ဗုဒ္ဓသာသနာ့ဝင်မှန်ရင် ကံ ကံ၏အကျိုးတရားကို ယုံကြည်ရမယ်၊ လက်ခံရမယ် အခုတော့ ကိုယ်လုပ်တဲ့ ကိုယ့်အမှု ကံကို ကိုယ်ယုံကြည်မှုမရှိဘူး၊ ဟိုဝိဇ္ဇာ ဒီဘိုးတော်နဲ့ ဗေဒင်ဆရာ၊ အမြင်အကြားဆရာတွေကိုပဲ ယုံကြည်အားထားနေကြတော့ သာသနာ့ ပြင်ပက ပါပဝါဒီတွေ ဖြစ်မှန်းမသိ ဖြစ်ကုန်ကြပြီ ဒကာကြီး၊ လောကီအလိုအနေနဲ့ကြည့်ရင်လဲ ကံ၊ ဉာဏ်၊ ဝီရိယဘက်က အားနည်းသွားပြီး၊ တိုင်းပြည်ရော လူမျိုးပါ အညွန့်တုံးမဲ့ အလုပ်တွေ ဒကာကြီးရဲ့"

"ကံဆိုတာက ပြုလုပ်တဲ့အမှုကို ဆိုတယ်လို့ တပည့်တော် နားလည်မိပါတယ် ဘုရား။ ဒီတော့ ကိုယ်လုပ်တဲ့ အမှုက ကိုယ့်ကိုပဲ အကျိုးပေးမှာ၊ ကောင်းတာလုပ်ရင် ကောင်းကျိုး ပေးမယ်၊ မကောင်းတာလုပ်ရင်မကောင်းကျိုးပေးမယ်၊ အတိတ်က အလုပ်ကံ၊ ပစ္စုပ္ပန်အလုပ်ကံ ၂–ခုစလုံး ပါတယ်၊ အကောင်းအဆိုး ကို ဘယ်သူကမှ ဖန်တီးမပေးနိုင်ဘူး၊ သာသနာရေးဦးစီးဌာနက ပြုလုပ်ခဲ့တဲ့ ဘွဲ့တံဆိပ်ကပ်လှူပွဲ၊ ပူဇော်ပွဲတွေမှာ ဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်များ ဖတ်ကြားတဲ့ ရေစက်ချစာတမ်းမှာ တပည့်တော် ဒီလို တွေးမိတယ် ဘုရား"

(ဘုရားတပည့်တော်တို့သည် ကောင်းသောအလုပ်ကို ပြုလုပ်လျှင် ကောင်းသောကံမည်၍၊ ကောင်းသောအကျိုးကို ပေးတတ်သည်ကိုလည်းကောင်း၊ မကောင်းသောအလုပ်ကို ပြုလုပ်လျှင် မကောင်းသောကံမည်၍၊ မကောင်းသော အပြစ်ကို ပေးတတ်သည်ကိုလည်းကောင်း၊ ယုံကြည်သော ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာများ ဖြစ်ကြသည့်အားလျော်စွာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ ဆက်ကပ်လှူဒါန်းကြပါကုန် သည်ဘုရား)

လို့ဆိုထားတော့ ဒီအချက်ကို ရဟန်းဖြစ်စေ၊ လူဖြစ်စေ တိတိကျကျ သဘောပေါက် နားလည်ထားကြဖို့ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးကြဖို့ လိုအပ်ပါတယ် ဘုရား"

"လူဒကာတွေကို လမ်းမှန်ညွှန်ပြဆုံးမရမယ့်အစား ရဟန်းအချို့ကိုယ်တိုင်က စောစောကပြောခဲ့တဲ့ သီဟိုဠ်က သံဃ မိတ္တရဟန်းလို ကိုယ့်အကျိုး၊ ကိုယ့်ကြီးပွားရေး ကြည့်ပြီး

အင်းအိုင်လက်ဖွဲ့ မန္တရားနဲ့ ဓာတ်စီးဓာတ်ဝင်ကိစ္စတွေ၊ အမြင်အကြားကိစ္စတွေရဲ့ နောက်ကိုသာ လိုက်နေကြမယ်ဆိုရင် သူတို့အတွက် ဘုန်းတန်ခိုးကြီးမှာ လာဘ်လာဘပေါများမှာ ပရိသတ်အခြွေအရံစည်ကားမှာကတော့ မှန်တယ်၊ ဒါပေမယ့် သာသနာတော်ပျက်မှာကတော့ သေချာတယ် ဒကာကြီး”

## အခန်း (၁၅)

### အဆိုးနဲ့အကောင်း

"မြတ်စွာဘုရားရဲ့ သာသနာတော် အရှိန်အဝါဟာ ငှက်ခါး ပျံသလို နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ပေါ့ ဘုရား"

"မှန်ပါတယ် အကောင်းနဲ့အဆိုးဟာ ဒွန်တွဲနေတယ်၊ အေး–အဆိုးဘက်က အင်အားသာသွားရင် အကောင်းဘက်က တိမ်ကောပျောက်သွားမှာ စိုးရတယ် ဒကာကြီး၊ သီဟိုဠ်မှာ အဓမ္မဝါဒီတို့ရဲ့ အင်အားပြိုင်မှုဟာ အတော်ကလေး များခဲ့တယ်၊ တက်ချည် ကျချည်ပဲ"

"မှန်ပါဘုရား"

"အဲဒီလို ဓမ္မနှင့် အဓမ္မအင်အားပြိုင်မှုမှာ အာဏာပိုင် ဘုရင်တွေကသာ ဓမ္မဝါဒီဘက်က မရပ်တည်ခဲ့ရင် လက်ရှိ သီဟိုဠ်သာသနာဟာ တစ်မျိုးတစ်ဖုံဖြစ်နေမှာ အမှန်ပဲ၊ ထေရဝါဒ ပိဋကတ်တော်တွေတောင် ပျောက်ကွယ်သွားနိုင်တယ် ဒကာကြီး ရဲ့။ သာသနာဝင်ကျမ်းတွေအရဆိုရင်၊ အဓမ္မဝါဒီဂိုဏ်းတွေဘက်က ရပ်တည်အားပေးခဲ့တဲ့ မဟာသေနလို မင်းအချို့ကြောင့်၊ **မဟာဝိဟာရဝါသီ (ဓမ္မဝါဒီ) ဂိုဏ်းဝင်သံဃာတော်များဟာ**

အတိဒုက္ခရောက်ခဲ့ကြရတာတွေရှိတယ်။ ဒါပေမယ့် ဓမ္မဝါဒီ ရဟန်းတော်တွေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှု၊ တရားမှန် သံဃာမှန်ကို သိရှိနားလည်ကြတဲ့ ဘုရင်အများစုရဲ့ ကာကွယ် စောင့်ရှောက်မှုတွေကြောင့် မဟာဝိဟာရဝါသီဂိုဏ်းကြီးဟာ မယိုင်မလဲဖြစ်ခဲ့တယ်၊ နောက်ဆုံး ဝိဇယဗာဟုမင်း၊ ပရက္ကမဗာဟု မင်း အစရှိတဲ့မင်းတွေ လက်ထက်ကျတော့ အဓမ္မဝါဒီဂိုဏ်းကွဲ ဂိုဏ်းခြားတွေဟာ လုံးဝပျောက်ကွယ်သွားပြီး ဓမ္မဝါဒီဖြစ်တဲ့ မဟာဝိဟာရဝါသီဂိုဏ်းတစ်ခုတည်းသာ ရှိတော့တယ်၊ သီဟိုဠ် သာသနာဟာ သန့်သန့်ရှင်းရှင်းဖြစ်သွားတယ် ဆိုပါတော့ ဒကာကြီး”

“ဝမ်းမြောက်စရာပဲဘုရား၊ သာသနာတော်လဲ အင်အား တောင့်တင်းလာတာပေါ့ ဘုရား”

## ဘာသာခြားတို့၏ လွှမ်းမိုးမှု

“ဒါပေမယ့် ၁၆–ရာစုနှစ် ကုန်လောက်မှာ အမျိုးသား စည်းလုံးညီညွတ်မှုမရှိတော့ **ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်** စတဲ့ နိုင်ငံခြား၊ ဘာသာခြားလူမျိုးတွေ သီဟိုဠ်နိုင်ငံအတွင်း ဝင်ရောက် စိုးမိုးလာတော့ ဗုဒ္ဓသာသနာတော်ဟာ ညှိုးမှိန်ကျဆင်း သွားပြန်တယ်”

“မှန်ပါဘုရား၊ ဘုရင့်သားတော် မင်းသားတစ်ဦးဟာ ဗရင်ဂျီဘာသာဝင် (ရိုမင်ကက်သလစ်) အဖြစ်သို့ ပြောင်းလဲသွား တယ်လို့တောင် သမိုင်းမှာ တပည့်တော် ဖတ်ရဖူးတယ်၊ တပည့်တော်တို့ တိုင်းပြည်မှာလဲ ဒါမျိုးဖြစ်ဖူးတယ် ဘုရား”

"သန်လျင်မှာ ပေါ်တူဂီလူမျိုး ငစင်ကာတို့ အုပ်စိုးတုန်းကလား"

"ဟုတ်ပါတယ်ဘုရား၊ အဓမ္မစနစ်နဲ့ ရဟန်းတော်တွေကို အသွင်ပြောင်းပစ်တာတို့ ရာထူးပေးပြီး ဗရင်ဂျီဘာသာဝင်ခိုင်းတာတို့၊ စာပေဂန္ထဝင်မှာ ထင်ရှားတဲ့ စာဆိုတော်နတ်ရှင်နောင်မင်းဟာ ဗရင်ဂျီဘာသာဝင် ဖြစ်သွားတာတို့ ရှိခဲ့ဖူးတယ်လို့ ဆိုတယ်၊ အဲဒီအချိန်ကာလဟာ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနိုင်ငံ၊ မလေးရှားစတဲ့ အရှေ့တောင်အာရှမှာ ပေါ်တူဂီတွေရဲ့ နယ်ချဲ့လွှမ်းမိုးသွားတဲ့ ခေတ်ပေါ့ ဘုရား။

"မှန်တယ် ဒကာကြီး၊ ဒါတွေကတော့ သာသနာတော်ရဲ့ ပြင်ပရန်သူ ပြင်ပအန္တရာယ်တွေပဲ၊ ဒီလို ပြင်ပအန္တရာယ်တွေ ဝင်လာတာ ဗရင်ဂျီဘာသာ လွှမ်းမိုးသွားနိုင်တာဟာ သာသနာ့ အတွင်းအန္တရာယ်တွေကြောင့်ပဲလို့ မှတ်ရမယ်၊ ဒီတော့ အခု မျက်မှောက်ခေတ်မှာရော၊ နောင်ကာလမှာရော ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရား သာသနာတော်ကို အတွင်းကရော၊ အပြင်ကပါ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်အောင် ကာကွယ်ကြရမယ်၊ သတိထားကြရမယ်ပေါ့ ဒကာကြီး"

## ပရက္ကမဗာဟုမင်း၏ သာသနာသန့်ရှင်းရေး

"သာသနာတော်နှစ် ၁၇၀၈-ခုနှစ်မှာ နန်းတက်တဲ့ သီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းရဲ့ သာသနာစိတ်ရှိပုံကို ဝံသဒီပနီမှာ ဒီလိုတပည့်တော် တွေ့ရဖတ်ရတယ် ဘုရား"

သီရိသင်္ဃါဗောဓိ ပရက္ကမဗာဟု မင်းသည် မဟုတ်သော အကျင့်၊ မကောင်းသော အကျင့်တို့ကို ကျင့်ကုန်သော ရဟန်း သံဃာတော်တို့ကို မြင်သဖြင့် သာသနာတော်၏ ဆုးငြောင့် ဘေးရန်ရှိသည်၏ အဖြစ်ကို သိသည်ဖြစ်၍ ငါသို့သော မင်းသည် သာသနာ၏ အညစ်အကြေး ဆူးငြောင့်ဘေးရန်ရှိသော အဖြစ်ကို သိလျက် အကြင်အခြင်းဖြင့် လုံ့လပြုသည် ရှိသော် သာသနာတော် စင်ကြယ်သည် ဖြစ်ရာ၏။ ထိုအခြင်းဖြင့် လုံ့လကြောင့်ကြသို့ မရောက်မူ၍ သာလျှင် လျစ်လျူရှုသည်ဖြစ်၍ အကယ်၍ နေချေအံ့၊ ထိုသို့ ကြောင့်ကြမဲ့နေသည် ရှိသော် ငါသည် မြတ်စွာဘုရား၌ ကောင်းစွာ ချစ်မြတ်နိုးခြင်း၊ အရိုအသေလေး အမြတ်ပြုခြင်းများသည် မဖြစ်ရာ။ ဓမ္မာသောကမင်းသည် ခြောက်သောင်းမျှလောက်သော ပါပရဟန်းတို့ကို လူထွက်စေ၍ သာသနာတော်ကို သုတ်သင်ခြင်းကို ပြုသကဲ့သို့၊ ထိုအတူ လည်းကောင်း ငါသည်လည်း မဟုတ်သောအကျင့်၊ မကောင်းသောအကျင့်ကို ကျင့်ကုန်၊ မစင်ကြယ်ကုန်သော အဓမ္မကို ယူလေ့ရှိကုန်သော ပါပဘိက္ခု ရဟန်း သံဃာတို့ကို လူထွက်စေ၍ မဟာဝိဟာရသီတို့၏ အပေါင်းဖြစ်သော တစ်ခုတည်းသော ဂိုဏ်းကိုသာလျှင် ကြွင်းစေအံ့ဟု သာသနာတော်ကို သုတ်သင်ခြင်းကိုပြု၍ ရဟန်းသံဃာတို့အားလည်း ကတိကဝတ်ကို ပြုစေသည်လို့ ဆိုထားတယ် ဘုရား”

“အတုယူစရာပဲ၊ ဘုန်းကြီးတို့လဲ မြတ်စွာဘုရားကို

တကယ်ချစ်မြတ်နိုးရင် တကယ်ရိုသေလေးစားရင် တကယ်ကြည်ညိုရင် မြတ်စွာဘုရားရဲ့ ဆုံးမသြဝါဒနဲ့အညီ နေကြထိုင်ကြ၊ ကျင့်ကြံရမှာပေါ့ ဒကာကြီး”

## သာသနာ့သူရဲကောင်း ဒုဋ္ဌဂါမဏိမင်း

“သာသနာ့ အန္တရာယ် ကာကွယ်တဲ့နေရာမှာ သီဟိုဠ်က မဟာစေတီ ဒါယကာ ဒုဋ္ဌဂါမဏိမင်းဟာ စံထားရမဲ့ သာသနာပြု ပုဂ္ဂိုလ်ထူး တစ်ဦးပဲဘုရား၊ ဒြဝိဠ ကျေးမင်းတွေ အုပ်စိုးတဲ့ နှစ်ပေါင်း ၄၀–ကျော်ကျော်ကာလအတွင်းမှာ သာသနာတော်ဟာ ဖျက်ဆီးခြင်း ခံရတယ်၊ သာသနာတော်နှစ် ၃၇၄–နှစ်လောက်မှာ ဒုဋ္ဌဂါမဏိမင်းဟာ ကျေးကုလားမင်းတွေကို စစ်ဘက်ပြီး အနိုင်ရယူပြီး မင်းပြုတယ်၊ သာသနာတော်လဲ အလွန်စည်ကား တိုးတက်လာတယ်လို့ ဆိုတယ်ဘုရား”

“ဟုတ်တယ်၊ ဒုဋ္ဌဂါမဏိ မင်းကြီးဟာ သာသနာတော်ကို အလွန်ကြည်ညို လေးစားတဲ့ ပုဂ္ဂိုလ်၊ သာသနာတော်ကို မကြုံစဘူးအောင် ထောက်ပံ့ ချီးမြှင့်တယ်၊ သူကိုယ်တိုင်လဲ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာ ကျင့်ကြံ နေထိုင်တယ်၊ ဥပုသ်သီတင်းစောင့် တယ်၊ တရားဓမ္မ နာယူတယ် ဒကာကြီး”

ဒုဋ္ဌဂါမဏိ မင်းရဲ့ အဓိဋ္ဌာန်ချက်ကို အမရပူရ မဟာဂန္ဓာရုံ ဆရာတော် **အရှင်ဇနကာဘိဝံသရဲ့ “ဘာသာသွေး”**စာအုပ်မှာ တပည့်တော် ဒီလို တွေ့ရတယ် ဘုရား၊

ဒုဋ္ဌဂါမဏိမင်းကား ထူးထူးခြားခြား ဘာသာသွေး
**များသော မင်းပေတည်း** သာသနာတော်ကို အန္တရာယ်

ပြုမည့် ကျေးကုလားတို့ကို နှိမ်နင်းဖို့ စစ်ထွက်ရာ၌ပင် ရဟန်းတော်များကို ပင့်၍သွား၏၊ ထိုမင်းသည် စစ်တိုက်ထွက်ခါနီး၌ ဤသို့ အဓိဋ္ဌာန်ပြုလေ့ရှိ၏။ "ငါတွက်မြားမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှည်စွာအဓွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထားငါ့မှာ အမြဲတည်း" ဆိုလိုရင်းမှာ- ငါချမ်းသာဖို့ အကျိုးငှာ စစ်တိုက်ခြင်းဖြင့် ယခုလို အပင်ပန်းခံသည်မဟုတ်၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တာရှည်စွာတည်နိုင်ဖို့ အကျိုးငှာသာ ဗုဒ္ဓဘာသာကို အန္တရာယ်ပြုမည့် ရန်သူများကို နှိမ်နင်းရပါသည်ဟု ဆိုလိုသည်"

"အင်း=ကျေးဇူးရှင် ဆရာတော် အရှင်ဇနကာဘိဝံသဟာ ဘာသာသွေး ဘာသာစိတ်ရှိတဲ့ ဆရာတော်တစ်ပါးပဲ၊ သူ့စာအုပ်တွေထဲမှာ ဒီလိုသာသနာရေးအတွက် အားပေးတဲ့ အချက်တွေ၊ ပြုပြင်ဖြောင့်မတ်ပေးလိုတဲ့ အချက်တွေ ပါလေ့ရှိတယ် ဒကာကြီး"

## သာသနာစိတ်ရှိဖို့လိုသည်

"တပည့်တော် လျှောက်ထားချင်တာက ဒုဋ္ဌဂါမဏိမင်းဟာ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး မဟုတ်ဘူး၊ လူဒကာတစ်ဦးသာ ဖြစ်တယ်၊ ဒါပေမဲ့ မြတ်စွာဘုရား သာသနာတော်အတွက်ဆိုပြီး စွန့်စွန့်စားစားနဲ့ ကျေးကုလားတွေ တိုက်ခဲ့တယ်၊ လူဒကာတစ်ဦးကတောင် ဒီလို စွန့်စွန့်စားစား လုပ်နိုင်ရင်၊

သာသနာတော်အတွက် တာဝန်အရှိဆုံးဖြစ်တဲ့ သာသနာ့ ဝန်ထမ်းရဟန်းတော်တွေဟာ ပိုပြီး လုပ်နိုင်ရမယ်၊ စွန့်စားနိုင်ရမယ်ပေါ့ ဘုရား၊ အတွင်းရန်ဖြစ်စေ၊ အပြင်ရန်ဖြစ်စေ၊ သာသနာတော်ကို ထိပါးလာမယ်ဆိုရင် သေချင်သေသွားပါစေပေါ့ ဘုရား၊ ဒုဋ္ဌဂါမဏိမင်းကြီးလို အဓိဋ္ဌာန် ပြုကြရမယ်ပေါ့"

"ဒကာကြီးကတော့ သာသနာ့စိတ်နဲ့ ပြောတာ လျှောက်တာပါပဲ၊ လွယ်တော့ မလွယ်ဘူး၊ အမှန်ကတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ မိဂဒါဝုန်မှာ ပထမ ဝါကပ်ပြီးတဲ့နောက် ပဉ္စဝဂ္ဂီ ငါးဦးအပြင်၊ ယသ သတို့သားနဲ့ အပေါင်းအသင်းတွေကို ရဟန်းအဖြစ်ကို ခံယူကြစေပြီး သံဃာ့အဖွဲ့အစည်းကို ပထမစတင် တည်ထောင်လိုက်တာပဲ ဒကာကြီး"

"မှန်ပါဘုရား"

"ဒီလို သံဃာ့အဖွဲ့အစည်း စတင်တည်ထောင်ပေးတော်မူ ရခြင်း ကလဲပဲ သာသနာတော် ပြန့်ပွားစည်ပင်ဖို့၊ အရှည်တည်တံ့ ခိုင်မြဲဖို့ အတွက်ပဲ၊ ဒီတော့ မြတ်စွာဘုရားက သူရဲ့ သာသနာတော် စည်ပင်ပြန့်ပွားအောင်၊ အရှည်တည်တံ့ ခိုင်မြဲ အောင်၊ သာသနာ့ ရန်စွယ် ဆူးငြောင့်ခလုတ်တွေကို တရားတော်နဲ့ အညီ ဖယ်ရှားပစ်နိုင်အောင်ဆိုပြီး ပထမအဦးဆုံးဖြစ်တဲ့ သံဃာ့ အဖွဲ့အစည်းကို ယုံကြည်စွာ အပ်နှံလိုက်တာ၊ တာဝန်ပေး လိုက်တာပဲ ဒကာကြီးရဲ့"

"ဒီလို မြတ်စွာဘုရားက သာသနာ့တာဝန်ကို တပည့်သား သံဃာတော်တွေအား ယုံကြည်စိတ်ချစွာနှင့် ပေးအပ်ခဲ့တယ်

ဆိုတော့ မြတ်စွာဘုရား လက်ထက်တော်ကတည်းက အဆက် အနွယ်ဖြစ်တဲ့ မျက်မှောက်သံဃာတော်တွေဟာလဲ မြတ်စွာဘုရား အပ်နှံခဲ့တဲ့ အလျောက် သာသနာ့တာဝန်တွေကိုလဲ ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမှာပေါ့ ဘုရား"

"ဟုတ်ပါတယ်၊ အခုဘုန်းကြီးတို့ ဆောင်ရွက်နေကြရတဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဟာလဲ သာသနာတော် သန့်ရှင်းရေး၊ ပြန့်ပွားရေး၊ တည်တံ့ရေး အစရှိတဲ့ သာသနာ့ တာဝန်ကို ညီညီညွတ်ညွတ် ထမ်းဆောင်ကြဖို့ပါပဲ"

"သာဓုခေါ်ပါတယ်ဘုရား"

# အခန်း (၁၆)

## မြန်မာပြည် သာသနာ

"တစ်ခါက တောမြို့တစ်မြို့မှာ အလွန်ရိုးသားတဲ့ တောဘုန်းတော်ကြီး တစ်ပါးနဲ့ တွေ့တယ်၊ စာတတ် ပေတတ်ကြီးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အကျင့်သိက္ခာတော့ရှိတယ် ဘုရား၊ ကြည်ညိုစရာပါပဲ၊ မြန်မာပြည် သာသနာရောက်ပုံနဲ့ ပတ်သက်ပြီး ဘုန်းတော်ကြီးက တပည့်တော်ကို ဒီလို အမိန့်ရှိတယ်ဘုရား"

"တောဘုန်းကြီးတော့ သူသိသလောက် ဉာဏ်မီသလောက် ပြောမှာပေါ့လေ"

"အဲဒီ ဘုန်းတော်ကြီးက ဒကာကြီး၊ ဘုန်းကြီးတို့ မြန်မာ တိုင်းရင်းသားတွေဟာ အင်မတန် ကုသိုလ်ထူးတဲ့ လူမျိုး၊ ကျွန်းကြီးလေးကျွန်းမှာရှိတဲ့ လူသားတွေ အားလုံးအနက် မြတ်စွာဘုရားကို ပထမဦးဆုံးဖူးတွေ့ရတာ ကျုပ်တို့ လူမျိုးပဲ။ ဒကာကြီးလဲ သိမှာပါပဲလေ၊ ကျုပ်တို့ရာမညတိုင်း ဥက္ကလာဇနပုဒ်က တပုဿနဲ့ ဘလ္လိကဆိုတဲ့ ကုန်သည်ညီနောင် ၂-ဦးဟာ မဇ္ဈိမဒေသကို ကုန်ကူးသွားရင်း မြတ်စွာဘုရားကို လင်းလွန်းပင်ရင်းမှာ ပထမအဦးဆုံး တွေ့မြင် ဖူးမြော်ကြရတယ်၊ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလို့ သတ္တသတ္တာဟ စံနေတော်မူတဲ့အခိုက်မှာပေါ့ ဒကာကြီးရဲ့။

မြတ်စွာဘုရားကို ပထမဆုံး ဖူးမြော်ရတာက သိကြားမင်းပဲ၊ သိကြားမင်းက ကြံဖန်သီးတို့၊ ကွမ်းရိုဒန်ပူတို့ ရေတို့ ကပ်လှူကြတယ်၊ အဲ ဒုတိယပုဂ္ဂိုလ်တွေအနေနဲ့ ဖူးတွေ့ရတာကတော့ လူသားတွေဖြစ်တဲ့ ဘုန်းကြီးတို့ မြန်မာပြည်က တပုဿနဲ့ ဘလ္လိကတို့ပါပဲ၊ သူတို့ဟာ ဗွေဆော်ဦး မြတ်စွာဘုရားကို ဖူးတွေ့ရတယ်၊ ဒွေ၀ါစိက သရဏဂုံကို ပထမအဦးဆုံး ဆောက်တည်ရတယ်၊ လူဒကာတွေ အနေနဲ့ ပထမအဦးဆုံး ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကို မြတ်စွာဘုရားအား ကပ်လှူခွင့်ရတယ်၊ မြတ်စွာဘုရားရဲ့ ဆံတော်ဓာတ်တွေကိုလဲ ပထမအဦးဆုံး ရရှိတယ်၊ အဲဒီနောက် မြန်မာပြည်ပြန်ရောက်တယ်။ ရလာတဲ့ ဆံတော်ဓာတ်မြတ်တွေကို ဌာပနာပြီး စေတီပုထိုးတွေ တည်ထားကိုးကွယ်ကြရတယ်၊ ဘယ်တိုင်း ဘယ်ပြည်မှာမှ ဓာတ်တော်မွေတော်တွေဟာ မရကြဘူး စေတီပုထိုး တည်ထားကိုးကွယ်ခြင်း မပြုကြရသေးဘူး။ ကျုပ်တို့ တိုင်းပြည်ကတော့ ပထမပဲ၊ အဲဒါကြောင့် ကျုပ်တို့တတွေဟာ တကယ်ပဲ ကံထူးတဲ့ လူမျိုး၊ ဟော့-ဘုရားနဲ့ ပထမဆုံးတွေ့တာ တို့လူမျိုး၊ ဒွေ၀ါစိက သရဏဂုံ ပထမဆုံးရတာ တို့လူမျိုး၊ ဆံတော်ဓာတ်မြတ် ပထမဆုံးရတာ တို့လူမျိုးပဲ့ဟော့လို့ ဂုဏ်ယူ ဝင့်ကြွားရမယ် မဟုတ်လား ဒကာကြီးရဲ့-လို့ အားပါးတရ အဲဒီလို ဘုန်းတော်ကြီးက အမိန့်ရှိတယ် ဘုရား”

## တပုဿနဲ့ ဘလ္လိကတို့ ငိုလိမ့်မယ်

“ဒီတော့-တပည့်တော်က ဒီလို လျှောက်တယ်ဘုရား၊ အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း တပုဿနဲ့-ဘလ္လိကတို့ဟာ တပည့်တော်တို့ တိုင်းပြည်က တိုင်းရင်းသားလူမျိုးတွေပဲလို့ ဆိုရင်တော့ တပည့်တော်တို့တတွေ ဂုဏ်ယူ ဝင့်ကြွားစရာပေါ့

ဘုရား၊ ဒါပေမဲ့ ဟုတ်တာ မဟုတ်တာ အပထား၊ တပည့်တော် တစ်ခုလျှောက်ထားချင်တယ်ဘုရား"

"ဘာတုန်းဟ ဒကာကြီးရဲ့ ဟု တောဘုန်းတော်ကြီးက အာမေဍိတ်ပြု၏။

"ဒီလိုပါဘုရား၊ တပုဿနဲ့ ဘလ္လိကတို့ ညီနောင် ၂–ဦး ဟာ ပင်လယ်ရပ်ခြား သက်စွန့်ကြိုးပမ်း ကူးသွားပြီး ဘဝက ပါရမီထူးလို့၊ ကံထူးလို့ မြတ်စွာဘုရားနဲ့ ပထမအဦးဆုံး တွေ့ဆုံ ဖူးမြော်ရတယ်၊ သရဏဂုံ ၂–ပါး ဆောက်တည်ခဲ့ရတယ်၊ ဆံတော်ဓာတ်မြတ်တွေကို ရခဲ့တယ်၊ ဒီတော့ မြတ်ဗုဒ္ဓရဲ့ ပထမဆုံးလူသာဝက၊ လူတပည့် အဖြစ်နဲ့ တပည့်တော်တို့ မြန်မာပြည်မှာ ပထမဦးဆုံး သာသနာ့မျိုးစေ့ချတဲ့ ပုဂ္ဂိုလ်တွေ၊ ကျေးဇူးရှင်ကြီးတွေလို့ ဆိုရမှာပေါ့ ဘုရား" "ဟာ ဟုတ်တာပေါ့ ဒကာကြီး၊ သူတို့နှစ်ဦးဟာ သာသနာတော်မှာ ကျုပ်တို့တတွေ ဂုဏ်ယူဝင့်ကြွားနိုင်အောင် လုပ်ပေးတဲ့ ကျေးဇူးရှင်ကြီးတွေဆိုတာ အမှန်ပဲ ဒကာကြီးရဲ့၊ ကဲ–ဒါဖြင့် ဒီကျေးဇူးရှင် နှစ်ဦး ယူဆောင်လာတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်ကို နောက် လူတွေက မြန်မာပြည်မှာ ဘယ်လို ထိန်းသိမ်းခဲ့သလဲ၊ စောင့်ရှောက်ခဲ့သလဲ၊ အဲဒါကို တပည့်တော်တို့ စဉ်းစားရမယ်၊ အခု လက်ရှိ သာသနာ အခြေအနေဟာ ကျနေသလား၊ တက်နေသလား၊ ဘုရားစကား နားထောင်ကြသလား၊ နားမထောင်ကြဘူးလား၊ တောရော မြို့ပါ သာသနာတော် ဘယ်လိုအခြေအနေရောက် နေတယ် ဆိုတာ ဘုန်းတော်ကြီးဘုရားလဲ သိပြီးသားပါ၊

ဘပည့်တော် အထူးလျှောက်ထားနေစရာ လိုမယ် မထင်ပါဘုရား လို့ တပည့်တော်က ပြန်လျှောက်တယ် ဘုရား။

ဒီတော့ တောဘုန်းတော်ကြီးက၊ "အင်း–ဒကာကြီး ပြောသလို အခုကာလ အပြုအမူ အပြောအဆို အနေအထိုင် ကျင့်ကြံပုံတွေဟာ အတော်ဆိုးနေပြီ၊ လူရော ရဟန်းပါ အကျင့် သိက္ခာပျက်နေကြတာက များတယ်၊ ဒီတော့ သာသနာတော် ဘက်က ကျဆင်းနေတယ်လို့ဆိုရမှာပေါ့လေ၊ ဒကာကြီးတို့ ရန်ကုန်၊ မန္တလေး အစရှိတဲ့ မြို့ကြီးတွေက ပိုဆိုးမှာပေါ့နော် " မှန်ပါတယ်ဘုရား၊ တပုဿနင့် ဘလ္လိက ညီအစ်ကိုနှစ်ဦးသာ အခုနေရှိသေးရင် တို့ညီအစ်ကိုနှစ်ယောက် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၆၉–ခုနှစ်က ပင်လယ်ရပ်ခြား မဇ္ဈိမဒေသသို့ သင်္ဘော၊ လှေ၊ နာဝါနဲ့တတန်၊ လှည်းတွေနဲ့တဖုံ၊ အသက်ဆံဖျား စွန့်စားသွားရောက်ပြီး မြတ်စွာဘုရား ထံတော်မှ ရယူခဲ့တဲ့ သာသနာတော် အမွေအနှစ်တွေဟာ ကပြောင်းကပြန် ပရန်းပတာ နဲ့ ဖြစ်ချင်သလို ဖြစ်နေပါပေါ့လား၊ ဝမ်းနည်း ပက်လက် ချုံးပွဲချ ငိုနေကြမှာ အမှန်ပဲဘုရားလို့– တပည့်တော်က လျှောက်လိုက်တော့ စောစောတုန်းက တက်တက်ကြွကြွ အားပါးတရ ရှိနေတဲ့ တောဘုန်းတော်ကြီးဟာ၊ အင်း– ခက်တော့တာပဲ ဒကာကြီးရာဟု ညည်းညူပြီး မှိုင်တွေကျသွား ရှာတယ်ဘုရား"

## သာသနာရောက်ရှိပုံ ဝါဒကွဲများ

"ဒကာကြီးက အလျှောက်ကောင်းတော့ လက်ရှိ သာသနာ အခြေအနေကို သဘောပေါက်သွားဟန် တူပါတယ်၊ မြန်မာပြည်

သာသနာရောက်ပုံနဲ့ ပတ်သက်လို့ ဝါဒ အယူအဆ ကွဲပြားမှုတွေ အများပဲရှိတယ် ဒကာကြီး၊ အခုနက တောဘုန်းတော်ကြီး ပြောသလိုဆိုရင် မြတ်စွာဘုရား ပွင့်တော်မူတဲ့ မဟာသက္ကရာဇ် ၂၀၃–ခုနှစ်ထဲမှာပဲ တပုဿနှင့် ဘလ္လိကကြောင့် မြန်မာပြည်ကို သာသနာအဦးဆုံး ရောက်တယ်ပေါ့၊ အချို့ဘုရား ပုထိုး သမိုင်း ဆရာတွေကလဲ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါကပဲ မြန်မာပြည်နေရာ အတော်များများသို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာတယ်၊ သာသနာပြုတယ်၊ ဗျာဒိတ်ပေး တယ်၊ ခြေတော်ရာချတယ်၊ စသည်ဖြင့်ပေါ့လေ –"

"ဘုရားသမိုင်း စာအုပ်အချို့မှာ ပါရှိတဲ့ အချက်တွေ ကတော့ ယုတ္တိမတန်ပါဘူးဘုရား၊ ကိုယ်တည်တဲ့ဘုရား တန်ခိုးကြီးအောင် သိဒ္ဓိတင်ကြ အမွှန်းတင်ကြတာတွေ များပါကယ်။ အထောက်အထား ခိုင်ခိုင်လုံလုံလဲ မရှိကြပါဘူး ဘုရား"

"သထုံ (သုဝဏ္ဏဘုမ္မိ)သမိုင်းဆရာတို့ရဲ့ အဆိုကတော့ မြတ်စွာဘုရားဟာ သက်တော် ၄၀ (၅–၀၁)မြောက်မှာ ဂဝံပတိ ရဟန္တာ ပင့်လျှောက်လို့ နှစ်သောင်းသောရဟန္တာ အရှင်မြတ်တို့နှင့် အတူ သထုံပြည်သို့ ဒေသစာရီကြွချီတော်မူတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးတဲ့နောက်၊ ရှင်ဂဝံပတိရဟန္တာမထေရ်ဟာ သုဝဏ္ဏဘုမ္မိသို့ ကြွရောက်သီတင်းသုံးပြီး သာသနာတော်ကို ထွန်းလင်းစေတယ်လို့ ဆိုတာပဲ၊ ကမ္ဘာ့သမိုင်းနဲ့ အထောက်အထား ပြကြတာကတော့ သာသနာ နှစ်၂၃၅ (ဘီစီ–၃၀၈)မှာ အသောက မင်းလက်ထက်၊ တတိယသင်္ဂါယနာ တင်ပြီးတဲ့နောက် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က ကိုးတိုင်းကိုးဌာနတို့သို့

ထေရဝါဒ သာသနာပြု စေလွှတ်တော်မူတယ်၊ အဲဒီ အခါက သာသနာပြုတာဝန်ကျတဲ့ အရှင် သောဏမထေရ်ရဲ့ အရှင် ဥတ္တရမထေရ်တို့ ဦးဆောင်တဲ့ သာသနာပြု ရဟန်းတော်များက သုဝဏ္ဏဘုမ္မိ (သထုံပြည်)သို့ ထေရဝါဒသာသနာကို ယူဆောင်လာတာဖြစ်တယ်လို့ ဆိုကြတယ် ဒကာကြီး”

“ပခုက္ကူ သာသနာဝင် ကျမ်းပြုဆရာတော် အရှင် ကေလာသကတော့ “မြန်မာနိုင်ငံ၌ သာသနာသက္ကရာဇ် ၂၃၆– ခုနှစ်မှစ၍ ကြာမြင့်စွာကပင် သာသနာ ရောက်ရှိခဲ့သည်နှင့်အမျှ” လို့ ဆရာတော်ရဲ့ ကျမ်းဦးမှတ်ဖွယ်မှာ ပြထားတယ် ဘုရား”

“အသောကမင်း လက်ထက် ကိုးတိုင်းတိုး၌ာနသို့ သာသနာပြု စေလွှတ်တဲ့အချိန်နဲ့ အတူတူပေါ့”

“အခု အမေရိကရောက်နေတဲ့ ဆရာတော် ဦးသီလာ– နန္ဒာဘိဝံသကတော့ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ ၁– နိဒါန်း စာမျက်နှာ ၃၇–မှာ ဒီလို ဆိုထားပြန်တယ် ဘုရား”

> ရာဇဝင်သမိုင်း ကျမ်းဂန်တို့အရ ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်ကပင်၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်လာသည်ဟု ဆိုနိုင်သော်လည်း ခိုင်လုံသော သက်သေသာဓကများ လိုလျက်ရှိသည်။ ရှေးဟောင်း သုတေသန၏ တူးဖော်တွေ့ရှိချက်များအရ ဆိုသော် ဗုဒ္ဓသာသနာသည် မြန်မာပြည်သို့ ခရစ်နှစ် နှစ်ဦး လောက်ပင် ရောက်ရှိခဲ့သည်ကို တွေ့ရပေသည်။ ပြည်ခရိုင် မှော်ဇာမြို့အနီး မောင်ကံကုန်းနှင့် ခင်ဘကုန်း

တို့၌ တွေ့ရှိရသော ရွှေပေစာချပ်များပင်ဖြစ်သည်။ ၎င်းတို့၌ရေးသားထားသော အက္ခရာအရေးအသား သည် ခရစ်နှစ် ၅-ရာစုအတွင်း ထင်ရှားခဲ့သော အိန္ဒိယတောင်ပိုင်း ကဒမ္ဗအက္ခရာမျိုးဖြစ်သည်။ ပါဠိ ဘာသာသည်လည်း ခရစ်နှစ်ဦးပိုင်းကပင် မြန်မာပြည်သို့ ရောက်ရှိနေသည်မှာ ထင်ရှားပေသည်--တဲ့ဘုရား"

အင်း မြန်မာပြည်သို့ သာသနာဘယ်တုန်းက စရောက် သလဲဆိုတဲ့ ပဟေဠိကတော့ရှင်းဖို့ တယ်မလွယ်ဘူး ဒကာကြီး၊ အခု ဒကာကြီး လျှောက်ထားတဲ့ မန္တလေး အဘယာရာမက ဆရာတော် ဦးသီလာနန္ဒာဘိဝံသတို့၊ ပခုက္ကူ မဟာဝိသုတာ ရာမ-က ဆရာတော်အရှင်ကေလာသတို့ရဲ့ အဆိုအမိန့်တွေ ကိုတော့ အလေးဂရုပြုရလိမ့်မယ်ထင်တယ် ဒကာကြီးရဲ့"

"မှန်ပါဘုရား၊ သမိုင်းကို ရွှေယုန်နဲ့ ရွှေကျား သက်ကယ် ရိတ်သွားဆိုတဲ့ ဒဏ္ဍာရီပုံပြင်မျိုး မဖြစ်အောင် သဘာဝကျကျ စဉ်းစားတွေးခေါ်နိုင်ရင် အကောင်းဆုံးပါပဲ၊ ခေတ်ဦးပိုင်းမှာ အခြားတိုင်းပြည်ဒေသများက လူများနည်းတူ နေ-လ-နက္ခတ် တာရာ၊ တော-တောင်-ရေ-မြေစတဲ့ သဘာဝ ပစ္စည်းတွေကို ကိုးကွယ်ကြတယ်၊ ဒီနောက် ဒီသဘာဝဝတ္ထု ပစ္စည်းတွေကို တင်စားပြီး နတ်အဖြစ်နဲ့ တောစောင့်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ လယ်ယာစောင့်နတ်၊ ပင်လယ်စောင့်နတ် စသည်ဖြင့်ပေါ့လေ၊ ကိုးကွယ်ကြမှာပဲ။ ဒီလို ကိုးကွယ်မှုအစဉ် အလာဟာ ယနေ့တိုင် ရှိနေကြတုန်းဘဲ ဘုရား။ အခု

တပည့်တော်တို့ စဉ်းစားရမှာက ကိုးကွယ်တဲ့ ဘာသာအနေနဲ့ ဘယ်တုန်းက စသလဲ ဆိုတာပါဘဲ"

## မဟာယာနနဲ့ ထေရဝါဒ ဝင်လာပုံ

" ဘုန်းကြီး လေ့လာမိသလောက်ပြောမယ်၊ မြန်မာပြည်ကို ဗြာဟ္မဏ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာတို့ဟာ ရှေးဦးရောက်လာတဲ့ ဘာသာကြီး ၂-ရပ်ပဲ၊ အိန္ဒိယပြည်တောင်ပိုင်းက ရေလမ်းခရီးဖြင့် အိန္ဒိယပြည်မြောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်းနှင့် ဟိမဝန္တာတောင်ခြေမှ ကုန်းလမ်းခရီးဖြင့် ဝင်ရောက်လာကြတဲ့ လူတွေနဲ့အတူ ဒီဘာသာကြီး ၂-ရပ် ပါလာတယ်လို့ ဆိုနိုင်ပါတယ်။ ရေလမ်းကလာတဲ့ လူတွေက သုဝဏ္ဏဘူမိခေါ်တဲ့ သထုံ၊ တနင်္သာရီ ရာမညတိုင်း ခေါ်တဲ့ ပုသိမ်၊ ပဲခူး၊ သရေခေတ္တရာခေါ်တဲ့ပြည်၊ မော်ဇာ စသည့်ဒေသများသို့ ရောက်သွားတယ်၊ ဂင်္ဂါမြစ်တို့၊ ဗြဟ္မပုတြမြစ်တို့ကို ကျော်ဖြတ်ပြီး အာသံ၊ မဏိပူရတို့မှ တစ်ဆင့် အနောက်ဘက်ဧည့်ဝတီ၊ မြောက်ဘက် ဇရာဝတီနဲ့ ချင်းတွင်းမြစ်ဖျားဒေသဆီကဝင်လာတဲ့ပုဂ္ဂိုလ်တွေက တကောင်း၊ ဟံလင်းကြီး ပုဂံစတဲ့ ဒေသတွေကို ရောက်သွားကြတယ်။ အဲသူတို့နဲ့အတူ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာတွေပါလာတယ် ဆိုရင်လဲ မှားမယ်မထင်ဘူး ဒကာကြီး"

"မှန်ပါဘုရား၊ တကောင်း၊ အဘိရာဇာ၊ "တို့ဗမာ သာကီဝင်မျိုးဟာမို့ မညှိုးဂုဏ်တေဇာ"ဆိုတဲ့ တို့ဗမာသီချင်း အတိုင်း တပည့်တော်တို့ဟာ မြတ်စွာဘုရားလက်ထက်တော်က ဝိဋ္ဋူဘလိုက်ပြီးသတ်လို့ ထွက်ပြေးလာရတဲ့ သာကီဝင်မျိုးနွယ် တွေလို့လဲ ပြောကြတယ်ဘုရား၊ တကောင်း၊ ကြံညှပ်ဆိုတာ

မန္တလေး အထက် ဧရာဝတီ မြစ်ကမ်းဘေးက ပြုတွေထွန်းကားခဲ့တဲ့ ဟံလင်းကြီး (ရွှေဘို) ဆိုတာက ချင်းတွင်းမြစ်ဝှမ်းက ပုဂံဆိုတာက ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံရာဒေသ၊ ကျောက်ဆည်ဆိုတာက ဒုဋ္ဌာဝတီ မြစ်ဝှမ်းက ဆိုတာလို သမိုင်းဝင် အထောက်အထား မြို့ရွာဒေသတွေ ကြည့်တော့ ဗုဒ္ဓဘာသာဟာ တောင်ဘက်အောက်မြန်မာပြည်မှာရော မြောက်ဘက် အထက်မြန်မာပြည်မှာရော အချိန်ကာလစောစောပိုင်းကပဲ ရောက်လာတယ်လို့ဆိုရမှာပေါ့ဘုရား”

“ဟုတ်ပါတယ်ဒကာကြီး၊ ဗုဒ္ဓဘာသာကလဲ မဟာယာနဗုဒ္ဓဘာသာနဲ့ ထေရဝါဒဗုဒ္ဓဘာသာလို့ ၂-မျိုးခွဲပြီးစဉ်းစားရလိမ့်မယ်၊ မြောက်ပိုင်းကဝင်လာတာက မဟာယာန၊ တောင်ပိုင်းကဝင်လာတာက ထေရဝါဒလို့ ဆိုနိုင်ပါတယ်”

“မှန်ပါဘုရား”

“ပြည် (သရေခေတ္တရာ) မောင်ကန်ကုန်းနဲ့ ခင်ဘကုန်းမှာတွေ့ရတဲ့ ရွှေပေချက်တွေမှာ အိန္ဒိယတောင်ပိုင်း ကဒမ္ဗအက္ခရာမျိုးနဲ့ ရေးထားတာတွေဟာ ယေဓမ္မာ ဟေတုပ္ပဘဝါအစရှိတဲ့ ဂါထာ၊ စတ္တာရော ဣဒ္ဓိပါဒါ စတ္တာရော သမ္မပ္ပဓာနာ စတဲ့ တရားတော်တွေ၊ ဣတိပိ သော ဘဂဝါ အရဟံ အစရှိတဲ့ ဘုရားဂုဏ်တော်တွေ၊ နောက်ပြီး သထုံမှာ ပိဋကတ်သုံးပုံရှိတယ်ဆိုတာတွေဟာ မြန်မာပြည်တောင်ပိုင်းမှာ ထေရဝါဒသာသနာ ထွန်းကားကြောင်းထင်ရှားပါတယ်။အဲ ပုဂံပြည်ကအရည်းကြီးဝါဒကို လေ့လာရင်တော့ မြောက်ပိုင်းမဟာယာနဗုဒ္ဓဘာသာ ထွန်းကားတယ်ဆိုတာ တွေ့ရမယ်”

# အခန်း (၁၇)

## အရည်းကြီးတို့၏ကျင့်စဉ်

"မှန်ပါဘုရား အနော်ရထာမတိုင်မီ ပုဂံခေတ်ဟာ အရည်းကြီးတို့ လက်ခံကျင့်သုံးတဲ့ မဟာယာန ဗုဒ္ဓဘာသာ၊ နောက်ပိုင်းကျတော့ မန္တရ၊ တန္တရ ဘာသာဝင်လာရော၊ အားလုံးလဲ ပျက်စီးကုန်တာပဲပေါ့ ဘုရား"

'ကဲ–ဒီတော အနော်ရထာရဲ့ပုဂံခေတ်ကစပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံးပြန့်ပွားသွားတဲ့ ထေရဝါဒ သာသနာရဲ့ ဖြစ်စဉ်ကိုသာ ဘုန်းကြီးတို့ ဆွေးနွေးကြစို့'

'မှန်ပါဘုရား ယခု တပည့်တော်တို့ မြန်မာနိုင်ငံကို ထေရဝါဒနိုင်ငံလို့ ကမ္ဘာက အသိအမှတ်ပြုထားတာဟာ ပုဂံ အနော်ရထာမင်းရဲ့ ကျေးဇူးကြောင့်ပဲဘုရား၊ ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ကျမ်းစာအုပ်များ ဖြန့်ချိရေးအဖွဲ့က ဒကာ ဦးထိန်ဝင်းက အကယ်၍ မြန်မာပြည်သာသနာမှာ ရှင်အရဟံနှင့် အနော်ရထာကို နုတ်လိုက်ရင် အရည်းကြီးတွေပဲ ကျန်နေမှာပဲလို့ ပြောဖူးတယ်ဘုရား၊ ပန်းဦးဆက်ခံတဲ အရည်းကြီး တွေများ ရှိနေသေးရင်တော့ ကြောက်စရာပဲဘုရား'

'ဟုတ်ပြီ ဒကာကြီး၊ အဲဒီတော့ ခုခေတ်မှာရော နှောင်ခေတ်မှာရော အရည်းကြီးတွေရဲ့ ဝါဒလမ်းစဉ် ပြန်မပေါ်လာအောင် ဒကာကြီးတို့ ကြိုးစားရလိမ့်မယ်၊ ခပ်ပေါ့ပေါ့နေလို့တော့ မဖြစ်ဘူး၊ မိုးကုတ် ခါတော်မှီကျောင်း ဆရာတော် အရှင်ပညိန္ဒာဘိဝံသက အရည်းကြီးတွေရဲ့ အယူဝါဒလမ်းစဉ်ဟာ အသိဉာဏ်ခေါင်းပါးတဲ့ တောင်ပေါ်အရပ်ဒေသအချို့မှာ ရှိနေသေးတယ်လို့ သူရဲ့ "မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း" စာအုပ်မှာ ဖော်ပြထားတယ်။ ဘုန်းကြီးတို့ ပြည်မက ကျေးလက်မြို့ရွာ ဒေသအချို့မှာ အရည်းကြီးတွေ ပုံစံမျိုး၊ တရားပြဆရာက ဒကာမတွေကို တရားစမ်းသပ်တယ်လို့ ကြားရဖူးတယ် ဟုတ်မဟုတ်တော့ မပြောတတ်ဘူး'

'တောရွာဒေသတွေမှာသာ ဖြစ်တဲ့ကိစ္စ မဟုတ်ဘူး ဘုရား၊ ရန်ကုန်၊ မန္တလေး စတဲ့ မြို့ကြီးတွေမှာကိုပဲ အရောင်းအဝယ်ကောင်းအောင်၊ ကြီးပွားအောင်၊ နာမည်ကြီး ကျော်စောအောင် ဆိုပြီး ဒကာမတွေကို အယုံသွင်း၊ မဟုတ်တရုတ်လုပ်တဲ့ ကိစ္စတွေ ရှိနေတယ် ဘုရား၊ ဒီတော့ ပုဂံအရည်းကြီးခေတ်ဟာ အဆန်း မဟုတ်တော့ပါဘူး'

'အရည်းကြီးတွေရဲ့ကျင့်စဉ်ကိုကော ဒကာကြီး သိရဲ့လား'

'သူများပြောသံကြားလောက်ပါပဲ၊ သေသေချာချာတော့ မသိဘူးဘုရား'

'အရည်းကြီး ကျင့်စဉ်ကိုတော့ ဒကာကြီး သိထားမှ ဖြစ်မယ်၊ အဲဒီတော့မှ စစ်ကိုင်း၊ ပင်းယခေတ်၊ အင်းဝခေတ်၊

ကုန်းဘောင်ခေတ်နဲ့ ယခုမျက်မှောက်ခေတ်မှာ ရဟန်းအချို့ဟာ မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ ဝိနည်းပညတ်တွေကို ဘယ်ပုံ ဘယ်နည်း သွေဖီလာကြတယ်၊ ဖောက်ပြန်လာကြတယ် ဆိုတာ သိမယ် ဒကာကြီး'

'မှန်ပါတယ်ဘုရား၊ အခု တပည့်တော်တို့ ဆွေးနွေးခန်းမှာ ဒီအချက်တွေကိုပါ ထည့်သွင်း စဉ်းစားရမှာပဲ ဘုရား'

## မဟာယာနဆိုတာ

'သာသနာတော်နှစ်–၁၀၀ (ဘီစီ–၄၄၄) မှာ ကာဠာသောက မင်းလက်ထက် အရှင်မဟာယသ၊ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ တို့ ကြီးမှူးတဲ့ ဒုတိယသင်္ဂါယနာအကြောင်းကို ခပ်စောစောပိုင်းက ပြောခဲ့ပြီးပြီ။ အဲဒီ ဒုတိယသင်္ဂါယနာနဲ့ စင်ပြိုင် ကောသမ္ဗီပြည်မှာ ဝေသာလီရဟန်းတွေက သံဃာ–၁၀၀၀၀ နဲ့ သင်္ဂါယနာ တင်ကြပြန်တယ်။ အဲဒီ ကောသမ္ဗီ သင်္ဂါယနာဂိုဏ်းကို မဟာသံဃိကဂိုဏ်း (ဝါ) မဟာသင်္ဂီတိဂိုဏ်းလို့ ခေါ်တယ်။ အဲဒီ ဂိုဏ်းဟာ မြောက်ပိုင်း ဗုဒ္ဓဘာသာလို့ခေါ်တဲ့ မဟာယာနဂိုဏ်း ဖြစ်လာမဲ့ အခြေခံအစပဲ ဒကာကြီး'

'မှန်ပါဘုရား'

'တစ်ခါ အသောကမင်းလက်ထက် တတိယသင်္ဂါယနာ တင်ပြီးတဲ့အခါမှာ ထေရဝါဒဂိုဏ်းမှ ကွဲထွက်သွားတဲ့ ဂိုဏ်းကွဲ ၁၁–ဂိုဏ်း ရှိလာပြန်တယ်၊ အဲဒီ ၁၁–ဂိုဏ်းအနက်က သဗ္ဗတ္ထိ ခေါ်တဲ့ သဗ္ဗာသတိဝါဒီဂိုဏ်းဟာ အထင်ရှားဆုံးပဲ။ အဲဒီ

သဗ္ဗာသတိဝါဒီဂိုဏ်းကပဲ ကြီးမှူးပြီး ရာဇဂြိုဟ်အနီး နာလန္ဒ ကျောင်းတော်ကြီးမှ စင်ပြိုင်သင်္ဂါယနာတင်ပွဲလုပ်တယ် ဒကာကြီး’

မှန်ပါဘုရား’

‘သဗ္ဗာသတိဝါဒီဂိုဏ်းဟာ မူလထေရဝါဒီဂိုဏ်းနဲ့ အယူအဆ ဆန့်ကျင်ကွဲလွဲမှုတွေ ရှိတယ်၊ အိန္ဒိယအနောက် မြောက်ပိုင်းဖြစ်တဲ့ ဂန္ဓာရတိုင်းနဲ့ မြောက်ပိုင်းဖြစ်တဲ့ ကသ္မီရာနယ်တွေမှာ သဗ္ဗာသတိဝါဒီဂိုဏ်းဟာ အတော်ပြန့်နှံ့ တွင်ကျယ်သွားတယ်။ ဒါပေမယ့် အခြား ဝိဝါဒကွဲပြားတဲ့ ဂိုဏ်းတွေလည်း ရှိလာပြန်တဲ့အတွက် သာသနာတော်နှစ် ၆၀၀–ကျော်လောက်မှာ ကနစ်သျှံကမင်းက ဂိုဏ်းကွဲတွေအားလုံး ညီညွတ်အောင်ဆိုပြီး သင်္ဂါယနာတင်ပြန်တယ်။ အဲဒီ သင်္ဂါယနာကို ထေရဝါဒီတို့က အသိအမှတ်မပြုဘူး။ ကနစ်သျှံကမင်းတင်တဲ့ သင်္ဂါယနာမှာ ကြီးမှူးတာကတော့ အရှင်အဿဃောသနဲ့ အရှင်ဝါသုမိတ္တတို့ပဲ၊ သံဃာ ၅၀၀–နဲ့ တင်တယ်လို့ ဆိုတယ်’

‘မှန်ပါဘုရား’

‘ထူးတာက သီဟိုဠ်မှာလို ပါဠိဘာသာနဲ့ မဟုတ်ဘူး၊ သက္ကတဘာသာနဲ့ တင်တာ။ အဲဒီနောက် အရှင်အဿဃောသ က ဗုဒ္ဓစာရိတအမည်ရှိတဲ့ ကျမ်းတစ်စောင် ရေးတယ်၊ အဲဒီကျမ်းမှာ သာဝကယာန၊ ပစ္စေကဗုဒ္ဓယာန၊ ဗုဒ္ဓယာနလို့ ကျင့်စဉ်ယာန ၃–မျိုးကို ဖော်ပြထားတယ်။ အဲဒီ ယာန ၃–မျိုးမှာ ဗုဒ္ဓယာနသာ အမြတ်ဆုံး အကောင်းဆုံး ဖြစ်သည်။ ဗုဒ္ဓယာနကိုသာ လိုက်နာကျင့်ဆောင်ရမည်ဆိုတဲ့ ‘မဟာယာန’ကျင့်စဉ်လို့ စတင် ခေါ်ဝေါ်

လာကြတာပါပဲ၊ သူတို့ရဲ့ မြောက်ပိုင်းဝါဒကို မဟာယာနလို့ ခေါ်ဝေါ်သမုတ်တာကစပြီး တောင်ပိုင်း ထေရဝါဒကို မဟာယာန လောက် မမြင့်မြတ်တဲ့အတွက်၊ ဟိနယာနလို့ ခေါ်ကြတယ်'

'ဟိနဆိုတော့ ယုတ်ညံ့တဲ့သဘော ဖြစ်နေတယ်၊ ဒါကြောင့် ကမ္ဘာက ဟိနယာန အခေါ်အဝေါ်ကို လက်မခံဘဲ ထေရဝါဒ (တောင်ပိုင်း ဗုဒ္ဓသာသနာ)လို့ပဲ ခေါ်ဝေါ်သုံးစွဲ နေကြတာပေါ့ ဘုရား'

'အရှင်အဿဃောသ ချပေးသွားတဲ့ မဟာယာန မျိုးစေ့ဟာ အရှင်နာဂဇ္ဇုန က ပြုစုပျိုးထောင်ပေးလိုက်တဲ့အတွက် အနှစ် ၃၀၀–အတွင်း လူကြိုက်များတဲ့ ဝါဒအနေနဲ့ များစွာတိုးတက် ထွန်းကားလာတယ်။ အရှင်နာဂဇ္ဇုနဟာ မဟာယာနဂိုဏ်းကို တည်ထောင်သူလို့ပင် ကျော်စောထင်ရှားသွားတယ် ဒကာကြီး။ သက္ကတဘာသာနဲ့ သူပြုစုသွားတဲ့ ကျမ်းတွေလဲ အများပါပဲ၊ တချို့ကို တရုတ်ဘာသာနဲ့ ပြန်ဆိုတယ်၊ တိဗက်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား စတဲ့ မြောက်ပိုင်းတိုင်းပြည်များမှာလဲ မဟာယာန ဂိုဏ်းဟာ ကျယ်ပြန့်သွားတယ်၊ အရှင်နာဂဇ္ဇုနရဲ့ ခေတ်ဟာ သာသနာနှစ် ၈၀၀–၉၀၀ ခန့် ( ခရစ် ၃ ရာစုနဲ့ ၄ ရာစုနှစ်) အတွင်း ဖြစ်တယ်လို့ ဆိုတယ်'

'အရှင်ဘုရား အမိန့်ရှိသလို လူတိုင်း လူတိုင်းဟာ ဘုရား ဆုပန်ရမယ်၊ ဗောဓိသတ္တ ဘုရားလောင်းဖြစ်စဉ်ကို ကျင့်ရမယ်ဆိုတော့ မဟာယာနဟာ ဘုရားလောင်းဝါဒဂိုဏ်းလို့ ဆိုရမှာပေါ့'

## ဂျိမ်းဝါဒ ဗြာဟ္မဏ ဟိန္ဒူဝါဒများ ရောယှက်လာပြီ

ဟုတ်တယ်လေ၊ သာဝကဆု၊ ပစ္စေကဗောဓိဆုကို မတောင်းဘူး၊ ဘုရားဆုကိုသာ တောင်းတယ်၊ လူတိုင်းဟာ ဘုရားလောင်းပဲ၊ အဲဒါကြောင့် သာဝကယာန၊ ပစ္စေကဗုဒ္ဓယာန တွေထက် ကြီးမြင့်တဲ့အတွက် မဟာယာနလို့ ခေါ်ဝေါ်သမုတ်ကြတာ ဒကာကြီး။ ဘုရားလောင်းဝါဒဆိုပေမဲ့ ကြပ်တည်းတဲ့ ဝိနည်းအကျင့်၊ ခက်ခဲနက်နဲတဲ့ အဘိဓမ္မာတရားတို့ ခြိုးခြံကျင့်သုံးရတဲ့ ကမ္မဋ္ဌာန်းဘာဝနာတို့ကို အလေးပြုဂရုထားခြင်း မရှိကြဘူးတဲ့၊ နောက်ပြီး ကာလ ဒေသအလိုက် သူတို့ရဲ့ ဘုရားလောင်းဝါဒကို လူကြိုက်များအောင် ယုံကြည်လက်ခံချင်အောင် အပြောင်းအလဲ လုပ်လေ့ရှိသတဲ့။ ဂျိမ်းဘာသာ ထွန်းကားတဲ့ ဒေသမှာ ဂျိမ်းဘာသာအလိုက်၊ ဟိန္ဒူ ဗြာဟ္မဏဘာသာ ထွန်းကားတဲ့ ဒေသမှာ ဟိန္ဒူ ဗြာဟ္မဏ ဘာသာအလိုက် ဝိညာဉ်တော်တွေ၊ ဗိဿနိုး၊ ပရမေသွာ အစရှိတဲ့ နတ်ကိုးကွယ်မှုတွေ ပါဝင်လာပြီး မူရင်းဝါဒကနေပြီး ရွေ့လျောသွားတယ် ဒကာကြီး'

'မဟာယာနဂိုဏ်းရဲ့ မူရင်းဝါဒကတော့ ထေရဝါဒနဲ့ ဆန့်ကျင်တဲ့ အချက်တွေ ပါပေမဲ့လို့ ဒီလောက်မဆိုးသေးဘူးပေါ့ ဘုရား'

'ဟုတ်ပါတယ်၊ ကနစ်သျှံကမင်းလက်ထက်၊ ပထမရာစု ခရစ်နှစ်အတွင်းမှာ ဗြာဟ္မဏတွေက နတ်သား နတ်သမီး ရုပ်တုတွေ ထုလုပ် ကိုးကွယ်ကြသလို၊ မဟာယာနတွေကလဲ

သူတို့ကိုးကွယ်တဲ့ ဘုရားရုပ်တု၊ ဘုရားလောင်းရုပ်တု၊ နတ်ရုပ်တု တွေကို ထုလုပ်ကိုးကွယ်ခြင်း၊ ပူဇော်ပသခြင်း ပြုလာကြတယ်၊ ဂါထာမန္တန်တွေကို စီကုံးရေးသားပြီး ရွတ်ဆိုပူဇော်ကြတယ်'

'ဟိန္ဒူဘာသာဝင်တွေရဲ့ ဘုရားရှိခိုးကျောင်း၊ တင်မဲလ် တွေမှာ ဂီတဆန်ဆန် ရွတ်ဆိုပူဇော်ကြတာမျိုး ဖြစ်မှာပေါ့ ဘုရား'

သူတို့ စီကုံးရေးသား ပူဇော်တဲ့ ဂါထာမန္တန်တွေဟာလဲ ကျမ်းဂန်နဲ့အညီ မဟုတ်ဘူး၊ လူအများ ကြိုက်နှစ်သက်ဖို့က ပဓာနပဲ၊ အဲဒီထက် ပိုပြီးဆိုးတာက မြတ်စွာဘုရား ပညတ် တော်မူတဲ့ ဝိနည်းတော်တွေကို မစောင့်ဆည်းကြတော့ဘူး၊ ဝိနည်းဆိုတာဟာ တစ်ကိုယ်ကောင်းကျင့်ကြံတဲ့ ရဟန်းတွေ၊ အညံ့စားပုဂ္ဂိုလ်တွေကို ချုပ်နှောင်နိုပ်ကွပ်ထားတဲ့ ပညတ်ချက်တွေ၊ ကိုယ်ကျင့်တရားတွေသာ ဖြစ်တယ်၊ သူတို့လို ဘုရားဆုပန်၊ ဘုရားလောင်းတွေအတွက် မလိုဘူး မိမိတို့ အလိုရှိသလို ပြောဆိုကျင့်ကြံ နေထိုင်ကြတယ်လို့ဆိုတယ် ဒကာကြီးရဲ့'

'ဒါဖြင့် အချို့မဟာယာန ဂိုဏ်းဝင်တွေအဖို့ ဝိနည်း မရှိဘူးပေါ့ ဘုရား'

'မရှိဘူး ဒကာကြီး၊ အခု ကိုရီးယား၊ ဂျပန်၊ တရုတ်ပြည် စတဲ့ မြောက်ပိုင်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးအချို့မှာ ဝိနည်း ဒေသနာတော် မရှိဘူး၊ ဘုန်းကြီးဆိုပေမဲ့ အိမ်ထောင်သားမွေးပြီး လူလိုပဲ နေထိုင်ကြ၊ စားသောက်ကြတယ်၊ အခု မဟာယာနဂိုဏ်း အကြောင်းကို လိပ်ပတ်လည်အောင် ပြောနေရတာက၊ မဟာယာန

ဂိုဏ်းဝင် ပုဂံပြည်က အရည်းကြီး ရဟန်းတွေရဲ့ ပထမအခြေခံ အဆင့်ကို ဒကာကြီးတို့ သိစေချင်လို့ပါပဲ'

'အရည်းကြီးတွေအကြောင်း တပည့်တော်တို့ သိတာကတော့ သတို့သမီးကို သတို့သားထံ မပို့မီ မင်္ဂလာညဦးဦး၊ ပန်းဦးအဆက်ခံတဲ့ ကိစ္စလောက်ပဲ ဘုရား'

'အဲဒါက နောက်ပိုင်းမှာ ဖြစ်လာတဲ့ ကိစ္စ၊ ပထမ မဟာယာန မူရင်းအတိုင်းကတော့ အရည်းကြီးတွေဟာ ဒီလောက် မဆိုးသေးဘူး ဒကာကြီး၊ မဟာယာနဂိုဏ်းဟာ တန္တရယာန၊ မန္တရယာန၊ ဝိဇ္ဇာယာန အသွင်သို့ ပြောင်းသွားတဲ့အခါကျမှ ပုဂံပြည် အရည်းကြီးရဟန်းတွေဟာ အကျင့်ပျက်ပြီး ပိုဆိုးလာတာ ဒကာကြီးရဲ့'

'တန္တရ မန္တရ ဆိုတာတွေက ဘယ်လိုလဲဘုရား'

---

# အခန်း (၁၈)

## ဂါထာ၊ မန္တရား၊ အင်းအိုင် လက်ဖွဲ့ခေတ်

'စောစောတုံးက ပြောခဲ့တဲ့အတိုင်း မဟာယာနဂိုဏ်းဟာ မူရင်းက ရွေ့လျောလာပြီး အချိန်ကာလ ကြာတော့ ဗြာဟ္မဏ ဝါဒနဲ့ ရောထွေးလာတယ်၊ ဂျိမ်းဝါဒနဲ့ ရောထွေးလာတယ်၊ နောက်ပိုင်း သာသနာနှစ် ၈၆၄–ခုနှစ်နဲ့ ၁၁၅၀–ပြည့်နှစ်အတွင်း (အေဒီ–၃၂၀ နဲ့ အေဒီ ၆၀၆–နှစ်အကြား) ကာလ၊ အိန္ဒိယ ဂုပတမင်းဆက်တွေ လက်ထက်မှာ မဟာယာနဝါဒီ ဆရာတွေက ဘုရားလောင်းဝါဒနဲ့ လျော်ညီတဲ့ မန္တန်ကျမ်းတွေကို ရေးသား စီရင်ကြပြီး ဝါဒဖြန့်သိမ်းသွင်းကြတယ်'

'ဝါဒသစ်၊ ဝါဒဆန်းဆိုပြီး လူထုက လက်ခံကြရောလား ဘုရား'

'ခုခေတ်အတိုင်းပေါ့ ဒကာကြီးရဲ့၊ အဆန်းအသစ်ဆိုရင် ခံခုံမင်မင် လက်ခံတတ်ကြတာဘဲ မဟုတ်လား၊ နောက်ပြီး တန္တရ၊ မန္တရဝါဒတွေရဲ့ ကျင့်စဉ်တွေကိုလဲ ကြည့်အုံးလေ လူပိန်း လူမိုက်တွေ အင်မတန် နှစ်ခြိုက်စရာ ကောင်းတာကိုး'

'မှန်ပါဘုရား၊ လောကမှာ လူမိုက်နဲ့ လူလိမ္မာဟာ လက်သည်းခွံပေါ်က မြေမှုန့်နဲ့ ကမ္ဘာပေါ်က မြေကြီးထု၊ အရေအတွက်ခြင်း အဆမတန် ကွာခြားသလို၊ လူမိုက်၊ ပညာမဲ့ နလပိန်းတုံးတွေက အလွန်များပြားတော့ မဟုတ်တရုတ် ဝါဒ၊ အလိမ်အညာ ဝါဒတွေဟာ ထွန်းကားနေတာပေါ့ဘုရား၊ ဒါနဲ့ တန္တရ၊ မန္တရဝါဒ ကျင့်စဉ်တွေဆိုတာက ဘယ်လိုလဲ ဘုရား'

'အချုပ်အားဖြင့်ကတော့ အရက်သေစာ သောက်စားနိုင်တယ်၊ ကာမဂုဏ်ကြူးခြင်း၊ မိန်းမနဲ့ ပျော်မြူးခြင်း ပြုနိုင်တယ်လို့ တန္တရ၊ မန္တရကျမ်းတွေက ခွင့်ပြုအားပေးထားတယ်၊ အရက်သေစာ သောက်စားလို့ မူးယစ်နေတဲ့အခါမှာ သောကဗျာပါဒစိတ်တွေ ပျောက်ပြီး စိတ်ဆင်းရဲမှု ကင်းငြိမ်းသွားတဲ့အတွက် အရက်သေစာဟာ မွန်မြတ်တဲ့ အစာလို့ သူတို့ကျမ်းက ဖွင့်ဆို ထားတယ်၊ မိန်းမဆိုတာကလဲ အင်မတန် ထူးမြတ်တဲ့ 'ဝိမုတ္တိရသ'ကို ပေးတတ်တဲ့ ပညာ သို့မဟုတ် 'မုတ္တိဒါတြီ' လို့ခေါ်တယ်၊ ယောကျ်ားကိုတော့ ဝိမုတ္တိရသကို ရယူနိုင်တဲ့ နည်းလမ်းလို့ ဆိုပြီး မိန်းမနဲ့ ယောကျ်ား ကြူးလွန်ပျော်ပါးမှုကို သူတို့ကျမ်းစာက အားပေးတယ်၊ ဟောပြောတယ်'

'ဒါမျိုးတွေဆိုတော့ လူကြိုက်များမပေါ့ ဘုရား'

'အဲဒီလို မဟုတ်တရုတ်နည်းနဲ့ လူတွေကို သိမ်းသွင်းတော့ မဟာယာနက နေအသွင်ပြောင်းသွားတဲ့ တန္တရယာန၊ မန္တရယာနနဲ့ ဝိဇ္ဇာယာနဆိုတဲ့ ဂိုဏ်းတွေဟာ သာသနာနှစ် ၁၂၀၀ လောက်မှာ အိန္ဒိယတစ်ဝန်းလုံး မထင်ရှားတဲ့နည်းနဲ့ လျှို့ဝှက်တွင်ကျယ်နေသတဲ့ ဒကာကြီး'

တပည့်တော်ကို ခွင့်လွှတ်သည်းခံတော်မူပါ ဘုရား၊ တပည့်တော်တို့ မြို့ကြီးတွေမှာ အများအားဖြင့် မျက်နှာကြီး လောကမှာပေါ့လေ၊ တချိန်က ဘလူးပစ်ချာ၊ ဘလူးဘွတ်ခ်ခေါ်တဲ့ ရုပ်ရှင်ပြာ စာအုပ်ပြာတွေ တိတ်တိတ်ပုန်းတွင်ကျယ်နေသလို ရှိမှာပေါ့ ဘုရား'

## မဟာယာနမှ တန္တရ, မန္တရယာနသို့

'ဘုန်းကြီးကတော့ ဒါတွေမသိဘူး ဒကာကြီး၊ အခု ဘုန်းကြီးပြောချင်တာကတော့ ပုဂံပြည် အရည်းကြီး ရဟန်းတွေဟာ မဟာယာနဝါဒက ဆက်ပြီး တန္တရ၊ မန္တရ၊ ဝိဇ္ဇာယာနတွေ ကျင့်သုံးလက်ခံလာကြတယ်ဆိုတဲ့ အကြောင်းပါပဲ'

'အရည်းကြီးခေတ်ဟာ ပေါက္ကံပြည်ကို စတင်တည်ထောင်တဲ့ သမုဒ္ဒရာဇ်မင်း လက်ထက်ကစပြီး အနော်ရထာမင်းစော လက်ထက်အထိ (သာသနာနှစ် ၆၅၁–မှ ၁၅၄၆–နှစ်အထိ) နှစ်ပေါင်း ၈၅၉–နှစ်တိုင်တိုင် အရည်းကြီးတွေ ခေတ်ကောင်းတယ်လို့ ဝံသဒီပနီမှာ တွေ့ရတယ်ဘုရား။ အဲဒီအချိန်ဟာ အိန္ဒိယမှာ မဟာယာန၊ တန္တရ၊ မန္တရ၊ ဝိဇ္ဇာယာနတို့ ကြီးပွားထွန်းကားနေတဲ့ အချိန်ဆိုတော့ ပုဂံပြည် အရည်းကြီးတွေဆီ ဒီဝါဒတွေ ကူးစက်ပြန့်ပွားလာတာ ဖြစ်မှာပေါ့ဘုရား၊ ပန်းဦးဆက်ရတယ်ဆိုတဲ့ကိစ္စ အခုမှ တပည့်တော် ပိုပြီးသဘောပေါက်မိတယ် ဘုရား'

'အရည်းကြီး ရဟန်းတွေဟာ အင်အားမသေးဘူး၊ အရည်းကြီး ခေါင်းဆောင် ဆရာလုပ်သူက ခြောက်ကျိပ်

(၆၀–ယောက်) တပည့်ပေါင်းက ၆၀,၀၀၀ ရှိတယ်၊ သမထီ အရပ်မှာ နေကြတယ်လို့ဆိုတယ်'

'အဲဒီအခါ ပုဂံပြည် လူဦးရေနဲ့ဆိုရင် ခြောက်သောင်း ကျော်ရှိတဲ့ အရည်းကြီး ရဟန်းတွေရဲ့ အင်အားဟာ မနည်း ဘူးပေါ့ဘုရား'

'အရည်းကြီး သာသနာဟာ ပုဂံပြည်မှာ နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့တယ် မဟုတ်လား၊ ဒီတော့ သူတို့ရဲ့အင်အားဟာ မသေးဘူးပေါ့၊ ပုဂံဘုရင်အချို့ဟာ အရည်းကြီးရဟန်းလူထွက်တွေ ဒကာကြီးရဲ့၊ မူလမဟာယာန အနေနဲ့တော့ ရဟန်းကောင်းတွေပဲ ဖြစ်ပါလိမ့်မယ်၊ နောက်တော့မှ တန္တရ၊ မန္တရ၊ ဝိဇ္ဇာယာနဝါဒတွေ ဝင်လာပြီး အကျင့်ပျက်ကုန်ကြတာ ဖြစ်ပါလိမ့်မယ်၊'

'အဲဒီခေတ် အရည်းကြီး ရဟန်းတွေရဲ့ အသွင်အပြင်နဲ့ ကျင့်စဉ်က ဒီလိုရေးကြတယ်၊ ရှေးအတီတော၊ ပုဂံပြေ(ပြည်)တွင် ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ဗလပြစ် မဲညစ်သည့် စီဝရံနှင့် တာတေလံ အကျင့်ဆိုးသော ရှင်သိုးတကာ့ ခေါင်ကြီး ရှင်မထီးလို့ စလေဆရာ ဦးပုညက အသွင်အပြင်ကို သရုပ် ဖော်ထားတယ်၊ မဟာယာန တရုတ်၊ ဂျပန် ဘုန်းကြီးများရဲ့ အနက်ရောင် ဖြော့ဖြော့ ဝတ်လုံအင်္ကျီရှည်ကြီးများလို ဖြစ်ပါ လိမ့်မယ်၊ အဝါရောင် သင်္ကန်းတော့ ဟုတ်ဟန်မတူဘူး၊ ဆံပင်က ခပ်ရှည်ရှည်၊ မုတ်ဆိတ် နှုတ်ခမ်းမွေး၊ ကျင်စွယ်နဲ့ ဆိုတော့ ထေရဝါဒ ရဟန်းတော်များရဲ့ အသွင်နဲ့ဆိုရင် သိပ်ကွာ ခြားနေတာပေါ့'

'အရည်းကြီးတွေရဲ့ ကျင့်စဉ်ကို မိုးကုတ်ခါတော်မှီ ဆရာတော်က သူ့ရဲ့ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်းမှာ ဒီလို ရေးထားတယ် ဒကာကြီးရဲ့၊ တန္တရ ဗုဒ္ဓဘာသာသည် ဂါထာ မန္တရား၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့၊ မှော်အတတ်၊ စုန်းအတတ်၊ ပယောဂအတတ်၊ ဝိဇ္ဇာမယိဒ္ဓိအတတ်၊ ဗေဒင် အတတ်၊ ဆေးအတတ်၊ အဂ္ဂိရတ်အတတ်တို့ကို လေ့လာ လိုက်စားသည့် ဘာသာဖြစ်၏။ ထိုအရည်းကြီးတို့၏ အလေ့ အကျင့် များမှာ ထိမ်းမြားမင်္ဂလာ ပြုအံ့သော အမျိုးသမီးတို့၏ ပန်းဦးလွှတ်ခြင်း ဟူသော အပူဇော်ကို ခံယူခြင်း၊ မြင်းမွေးခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့ သတ်ခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အဂ္ဂိရတ်ထိုးခြင်း၊ အင်းချခြင်း၊ မန္တန်စုပ်ခြင်း၊ ယတြာစီရင်ခြင်း၊ စုန်းကဝေ အတတ်တို့ကို လေ့လာခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဝိဇ္ဇာမယိဒ္ဓိအတတ်ကို လိုက်စားခြင်း၊ သိုက်၊ တဘောင်စနည်း၊ ဘဝေါ၊ တိတ်၊ နိမိတ်တို့ကို ယုံကြည်လိုက်နာခြင်း စသည်တို့ ဖြစ်ကြ ကုန်သည်တဲ့။ အဲဒါအပြင် အခကြေးငွေယူပြီး ပရိတ်ရွတ်လေ့လဲ ရှိသတဲ့၊ ဘယ်ပရိတ်၊ ဘယ်ဂါထာ မန္တန်ကို ရွတ်ရင် ဘယ်အကုသိုလ်မှ လွတ်တယ်၊ လူသတ်ပေမဲ့ အပြစ်မရောက်ဘူး စသည်ဖြင့်ပေါ့လေ၊ လိမ်ညာ ဟောပြော ဝါဒဖြန့်ပြီး စားပေါက်ထွင်ကြတာပေါ့ ဒကာကြီးရဲ့'

'အခု ဆရာတော် အမိန့်ရှိတဲ့ အရည်းကြီး ကျင့်စဉ်တွေ ကတော့ လွန်ခဲ့တဲ့ နှစ် ၁၀၀၀ လောက်က ဆိုပေမယ့် ခုအထိ ခေတ်မီတုန်း လူကြိုက်များတုန်းလို့ ဆိုနိုင်ပါတယ် ဘုရား'

'ဘယ်လို ဆိုလိုတာလဲ ဒကာကြီးရဲ့'

'အရည်းကြီး ကျင့်စဉ်ထဲမှာ အဂ္ဂိရတ်ထိုးခြင်း၊ အင်းချခြင်း မန္တန်စုပ်ခြင်း၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့လုပ်ခြင်း၊ ယတြာစီရင်ခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ နတ်ပူဇော်ခြင်း၊ ဝိဇ္ဇာမယိဒ္ဓိ အတတ်ကို လိုက်စားခြင်းဆိုတာတွေပါတယ် မဟုတ်လား ဘုရား'

'ပါပါတယ် ဒကာကြီး'

## ခုခေတ်မှာလဲ တာတေလံ အရည်းငယ်တွေရှိသည်

'ခုခေတ်မှာလဲ ရဟန်းအချို့ဟာ ဒါမျိုးတွေကို ကမ်းကုန် အောင် လုပ်နေကြတာပဲ၊ ဝိနည်းတော်နဲ့ညီတာ မညီတာ အပထား၊ လောလောဆယ် ကောင်းစားဖို့ ကြီးပွားဖို့ ဘုန်းတန်ခိုး တောက်ဖို့က ပဓာနပဲဘုရား၊ စီးပွားရေးသမား၊ ရာထူး ဌာနန္တရသမားတွေကလဲ အဲဒီလို ဂိုဏ်းဆရာယောင်ယောင်၊ ထွက်ရပ်ပေါက် ဝိဇ္ဇာယောင်ယောင် သမားတွေနောက်ကို လိုက်ပြီး ဆည်းကပ်နေကြတော့ ဒီလုပ်ငန်းဟာ အင်မတန် ခေတ်စား နေတယ်ဘုရား'

'ဒီလိုဆိုရင် အဲဒီလုပ်ရပ်တွေနဲ့ ကြီးပွားနေတဲ့ ရဟန်း အချို့ဟာ ပုဂံခေတ်က တာတေလံ အရည်းကြီးတွေရဲ့ အဆက်အနွယ်တွေ ဖြစ်မှာပေါ့ ဒကာကြီးရဲ့'

'တပည့်တော်တော့ မလျှောက်တတ်ပါဘုရား၊ ဒီကိစ္စ တွေဟာ ဘုရားမကြိုက်တဲ့အလုပ်၊ ဘုရားက တားမြစ်ထားတဲ့ အလုပ်၊ ရဟန်းဖြစ်လျက်နဲ့ ဘုရားမကြိုက်တဲ့ အလုပ်ကို

လုပ်ကြမယ်ဆိုရင် ဒီဘဝမှာတော့ ကောင်းစားနိုင်ပါတယ်၊ နောင်ဘဝ အဆက်ဆက်မှာတော့ အပါယ်ဘေးနဲ့ တိုးနိုင်တာပေါ့ ဘုရား'

'ရွှေတောင်မြို့ ချမ်းသာကြီးကျောင်းက ဆရာတော် ဦးဓိဝရ–က သူရဲ့ "လူမဟုတ်သော ရဟန်း" စာအုပ်မှာ ဒီလို ရေးထားတယ် ဒကာကြီး---

အရည်းကြီးတွေဟာ တမလွန်ရဲ့ အပြစ်အနာအဆာတွေကို မသိလို့တော့ မဟုတ်နိုင်ပါဘူး၊ ဒါပေမယ့် လောလောဆယ် ရရှိနေတဲ့ အရသာကလေးကို ခပ်မျက်မျက်အလေး တွေ့နေရတော့ ဒီအရသာကလေးကို မစွန့်နိုင် မပယ်နိုင် ဖြစ်နေကြပါတယ်၊ နောက်မှတွေ့ရမဲ့ ဆင်းရဲဒုက္ခဟာ ဘယ်လောက်ကြီးမားတယ် ဆိုပေမဲ့ ခုလောလောဆယ်တွေ့နေရတဲ့ အရသာကလေးက အနာဂတ် ဒုက္ခကြီးကို မမြင်နိုင်အောင် ဖုံးဖိပေးထားသလို ဖြစ်နေတာပါတဲ့။

'ဆရာတော် ဦးဓိဝရရဲ့ အမြင်ဟာ မမှားဘူးဘုရား၊ မောင်ကျန်တတို့ ဆိုသလို၊ အရသာကောင်းမှန်းသိတော့ ဒီဝါဒကို ဘယ်လက်လွှတ်ချင်တော့မလဲ ဘုရား၊ ခုခေတ်မှာလဲ အရည်းကြီးတွေ လုပ်ရပ်ဟာ မှိန်မသွားသေးဘူး ဘုရား'

# အခန်း (၁၉)

## အနော်ရထာနှင့် ရှင်အရဟံ

'အနော်ရထာမင်းစော နန်းတက်တော့ အရည်းကြီးတွေ မိုးကောင်းနေတုန်း အချိန်ပဲ၊ အနော်ရထာဟာ အကောင်းအဆိုးကို စဉ်းစားဆင်ခြင်တတ်တဲ့ပုဂ္ဂိုလ် အရည်းကြီးတွေရဲ့ အမူအကျင့်တွေကို မကြိုက်နှစ်သက်တော့၊ ထောက်ပံ့အားပေးမှု မပြုဘူး၊ အကျင့်သီလ ကောင်းတဲ့ပုဂ္ဂိုလ်ကို မျှော်လင့်တောင့်တနေတဲ့ အချိန်ပဲ၊ အဲဒီလို အချိန်မှာ ရှင်အရဟံသူမြတ်နဲ့ တွေ့ဆုံဖို့ဟာ အကြောင်းဖန်တီး လာတယ်'

'မှန်ပါဘုရား'

'မဲထီးဆရာတော်ရဲ့ ဝံသဒီပနီမှာ အနော်ရထာနန်းတက်တာ သာသနာ ၁၅၆၄-ခုနှစ် ရှင်အရဟံနှင့် တပည့်များ ပေါက္ကံရာမ ပုဂံပြည်သို့ရောက်တာ သာသနာ ၁၅၅၁-ခုနှစ်လို့ ဖော်ပြထားတယ်၊ အနော်ရထာဘုရင်ဖြစ်ပြီးလို့ ၅-နှစ်အကြာမှာ ဆိုပါတော့၊ အဲဒီတုန်းက ရှင်အရဟံမထေရ်မြတ်ဟာ သက်တော် ၂၅၊ သိက္ခာ ၅-ဝါပဲ ရှိသေးတယ်၊ နုပျိုငယ်ရွယ်သေးတဲ့ အချိန်ပဲ ဒကာကြီး'

'မှန်ပါဘုရား'

'မူကွဲတစ်ခု ရှိသေးတယ် ဒကာကြီး၊ ဆရာတော် အရှင်ကေလာသရဲ့ ပခုက္ကူ မဟာဝိသုတာရာမနိကာယ သာသနာဝင်၊ တတိယပိုင်းမှာ ရှင်အရဟံသည် သာသနာသက္ကရာဇ် ၁၆၀၁-ခုနှစ်တွင် ပုဂံပြည်သို့ ရောက်၍ သာသနာပြုခဲ့သည်လို့ ဖော်ပြထားတယ်၊ ဝံသဒီပနီအလိုနဲ့ဆိုရင် နှစ် ၅၀-ကွာနေတယ်၊ တစ်ခါ သာသနာလင်္ကာရမှာ အနော်ရထာမင်းဖြစ်တာ သာသနာ ၁၅၆၁-ခုနှစ်လို့ ဆိုထားပြန်တော့ ရှင်အရဟံ ပုဂံရောက်တာ ၁၀-နှစ် စောနေပြန်တယ်'

'မှန်ပါဘုရား၊ မှန်နန်း အစရှိတဲ့ ရာဇဝင် သမိုင်း၊ ရေးစာအုပ်တွေမှာလဲ အနော်ရထာမင်းရဲ့ နန်းတက် သက္ကရာဇ်ကို တိတိကျကျ မတွေ့ရဘူးဘုရား၊ ခေတ်သမိုင်းဆရာများကတော့ အေဒီ ၁၀၄၄ (၁၁-ရာစုနှစ် ခေတ်ဦး)လို့ ခန့်မှန်းကြပါတယ်ဘုရား'

'အေဒီ-၁၀၄၄ ဆိုရင် အခု ခရစ်နှစ် ၁၉၈၁-ခုနှစ်ဆိုတော့ အနော်ရထာ လက်ထက်ကစပြီး မြန်မာပြည် ထေရဝါဒ ဗုဒ္ဓသာသနာနိုင်ငံ ဖြစ်သွားတာ နှစ်ပေါင်း ၉၃၇-နှစ် ရှိသွားပြီ ဆိုရမှာပေါ့'

'မှန်ပါဘုရား၊ စောစောက ဆရာတော်အမိန့်ရှိတဲ့အတိုင်း ဝံသဒီပနီ အလိုအရ အနော်ရထာနဲ့ ရှင်အရဟံ တွေ့ဆုံကြတဲ့ သာသနာနှစ် ၁၅၅၁-ခုနှစ်ကစပြီး မှတ်မယ်ဆိုရင် မြန်မာပြည် တစ်ပြည်လုံး ထေရဝါဒ စတင်လွှမ်းမိုးသွားတာ နှစ်ပေါင်း ၉၇၃-နှစ်ရှိပြီ ဘုရား'

## မြန်မာပြည်ရောက် သာသနာထောင်ပြည့်ပွဲ

'အခု သာသနာနှစ် ၂၅၂၄–ခုနှစ်သို့ ရောက်နေပြီဆိုတော့ ဒကာကြီး တွက်တာမှန်တယ်၊ ဘုန်းကြီးကတော့ မဲထီး ဆရာတော်ဘုရားကြီးရဲ့ ဝံသဒီပနီ အယူအဆကိုပဲ လက်ခံချင်တယ်၊ ပုဂံပြည် အနော်ရထာနန်းတက်တဲ့နှစ်၊ ရှင်အရဟံ ပုဂံသို့ ရောက်လာတဲ့ နှစ်တွေကို အခု ဘုန်းကြီး ပြောပြနေတာက အနော်ရထာနဲ့ ရှင်အရဟံ မထေရ်မြတ်တို့ရဲ့ ကြီးမားလှတဲ့ ကျေးဇူးကြောင့် ဘုန်းကြီးတို့ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး အလွန်မွန်မြတ်သန့်စင်တဲ့ ထေရဝါဒ သာသနာတော်ကြီးကို ကိုးကွယ်ဆည်းကပ်ခွင့် ရလာခဲ့ကြတာ နှစ်ပေါင်း ၁၀၀၀–ပြည့်တော့မယ်၊ ၂၇–နှစ်ပဲ လိုတော့တယ် ဆိုတာကို ဒကာကြီးတို့ သတိပြုထားကြစေချင်လို့ပါပဲ'

'မှန်လိုက်လေ ဘုရား၊ မြန်မာပြည် ထေရဝါဒ သာသနာတော်အတွက် ထောင်ပြည့်ပူဇော်ပွဲကြီးလုပ်ဖို့ လိုအပ်တာပေါ့ဘုရား။ တပည့်တော်တို့ အနေနဲ့တော့ နောက်နှစ် ၃၀ မနေရတော့ပါဘူး၊ ဒါပေမယ့် ငယ်ရွယ်သေးတဲ့ ရဟန်းတော်တွေ၊ သာသနာရေးမှာ စိတ်ဝင်စားတဲ့ လူငယ်လူရွယ်တွေ၊ စာပေလောက–က လူတွေအဖို့ အထူးသဖြင့် မြန်မာစာအဖွဲ့က နောက်တက်မဲ့ လူတွေပေါ့လေ၊ ဒီထောင်ပြည့်ပွဲ ကိစ္စကို မမေ့ကြဖို့ အခုကတည်းက ကြိုတင် သတိပေးနှိုးဆော်ထားရမှာပဲ ဘုရား'

'မမေ့အပ်တဲ့ အထိမ်းအမှတ်ပွဲကြီး ဖြစ်ရမှာပဲ ဒကာကြီး၊ ဒကာကြီး ပြောသလို ဘုန်းကြီးတို့တော့ မီမယ်မဟုတ်ပါဘူး ဒကာကြီး၊ မန်းရာပြည့်ပွဲ ရောက်ဖူးသလား'

'ရောက်ပါတယ်ဘုရား၊ မန်းမြို့တော်တည်တဲ့ အနှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကြီးပေါ့၊ ကြီးကျယ်ခမ်းနားစည်ကားလှပါတယ် ဘုရား၊ သမိုင်းဆိုင်ရာ စာအုပ်စာတမ်းတွေလဲ အတော်များများ ထွက်လာတယ်၊ အစိုးရကိုယ်တိုင် ကြီးမှူးကျင်းပတဲ့ ပွဲကြီးပဲ ဘုရား'

'အဲဒါက ရာဇဝင်သမိုင်းအရ မြန်မာ့ဇာတိသွေး ဇာတိမာန်မြှင့်တင်ပေးတဲ့ပွဲ၊ အခုလိုပဲ သာသနာ့သွေး မြှင့်တင်တဲ့ အနေနဲ့ မြန်မာပြည်ထေရဝါဒသာသနာ ထောင်ပြည့်ပွဲကြီး ကျင်းပကြဖို့ တိုက်တွန်းနှိုးဆော်ရခြင်းပါ ဒကာကြီး'

'သာဓုခေါ်ပါတယ် ဘုရား၊ တပည့်တော်တို့ဟာ ဒီကိစ္စကို အမှတ်တမဲ့ နေခဲ့ကြတယ်၊ သာသနာတော် ၂၅၀၀ အထိမ်းအမှတ်ပွဲကြီးက တစ်ကမ္ဘာလုံးနဲ့ ဆိုင်တဲ့ပွဲ၊ အခု ဆရာတော်အမိန့်ရှိတဲ့ ထောင်ပြည့်ပွဲက မြန်မာနိုင်ငံတစ်ဝမ်းလုံးနဲ့ ဆိုင်တဲ့ပွဲ၊ တပည့်တော်ဖြင့် အသက်၃–၄ဆယ်လောက် ပြန်ငယ် သွားချင်တဲ့ စိတ်ပေါက်လာတယ်'

'ရှင်အရဟံနဲ့ အနော်ရထာတို့ရဲ့ ကျေးဇူးဟာ အင်မတန်ကြီးမားတယ် ဒကာကြီး၊ ဒီပုဂ္ဂိုလ်ကြီး ၂–ဦးကသာ ထေရဝါဒသာသနာဘက်က မရပ်တည်ခဲ့ရင် ဘုန်းကြီးတို့ ဟိုင်းပြည်မှာ ဝိနည်းမရှိတဲ့ မဟာယာန သာသနာလွှမ်းမိုးသွားမယ်၊ အရည်းကြီးအဆက်အနွယ်တွေ ပြန့်ပွား ထွန်းကားလာမယ်ဆိုတာ သေချာတယ်၊ ဒကာကြီး၊ အခု မျက်မှောက်ခေတ်မှာကိုပဲ မြန်မာပြည်မှာ အရည်းကြီးဝါဒ၊ မဟာယာနဝါဒတွေကို ချောင်ကျ

ဝေးလံတဲ့ အစွန်အဖျားတွေမှာ လက်ခံကျင့်သုံးနေကြဆဲ ဖြစ်တယ် ဒကာကြီး၊ လုံးဝပျောက်မသွားဘူး၊ တန္တ ရ၊ မန္တ ရခေတ်ကတော့ ရှေးမြန်မာမင်းတွေကစပြီး ခုခေတ်အထိ ထွန်းကားတုန်း၊ ကြီးပွားတုန်းပဲ’

‘ဒါတွေလဲ တစ်နေ့ပျောက်ကွယ်သွားအောင် သာသနာ အစစ်အမှန် ထွန်းကားလာအောင် တပည့်တော်တို့ ကြိုးစား ရမှာပေါ့ဘုရား၊ လက်မြှောက်ထားလို့ လျစ်လျူ ရှုထားလို့တော့ မဖြစ်ဘူးဘုရား’

## အရှင်ဓမ္မဒဿီရဲ့ ကျေးဇူးဂုဏ်

‘ကောင်းပါတယ် ဒကာကြီး၊ ဒကာကြီးရဲ့ ဆန္ဒမျိုးတော့ ဘုန်းကြီးတို့က ချီးကျူးအားပေးပါတယ်၊ ကဲ ရှင်အရဟံနဲ့ အနော်ရထာ သာသနာပြုပုံ ဆက်ကြဦးစို့ ရှင်အရဟံရဲ့ ဘွဲ့အမည် ရင်းက အရှင်ဓမ္မဒဿီတဲ့၊ သထုံပြည်က အရှင်သီလဗုဒ္ဓိရဲ့ တပည့်ရင်းပဲ၊ မုဆိုးတစ်ဦးမှတစ်ဆင့် အရှင်ဓမ္မဒဿီဟာ တောထဲ တစ်နေရာမှာ ရှိနေကြောင်း သိရတော့ အနော်ရထာမင်းက သူ့နန်းတော်ကို ပင့်တယ်၊ အရှင်ဓမ္မဒဿီထေရ်ရဲ့ မြင့်မြတ်တဲ့ အသွင်သဏ္ဌာန်၊ ယဉ်ကျေးသိမ်မွေ့တဲ့ ဣန္ဒြေသိက္ခာတွေကို မြင်ရတဲ့အခါမှာ ကြည်ညိုစိတ်ဖြစ်ပြီး လျောက်ပတ်တဲ့နေရာမှာ သီတင်းသုံးပါလို့ လျှောက်ထားတယ်၊ အရှင်ဓမ္မဒဿီ မထေရ် မြတ်ဟာ မြင့်မြတ်တဲ့ ရာဇပလ္လင်ထက်မှာ ထိုင်တော်မူတယ်၊ အဲဒါကို မြင်ပြန်တော့ ဒီပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ပုဂ္ဂိုလ် အမှန် ဖြစ်ရမယ်လို့ အနော်ရထာမင်းကြီးက တထစ်ချ ယုံကြည်ပြီး

မထေရ်မြတ်ရဲ့အမျိုးအနွယ်၊ အယူဝါဒ၊ အရပ်ဒေသ စသည်တို့ကို လျှောက်ထားမေးမြန်းသတဲ့ ဒကာကြီး'

'မှန်ပါဘုရား'

'အရှင့်ဓမ္မဒဿီ မထေရ်မြတ်က ငါသည် အရဟံအစရှိတဲ့ ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတော်မူတဲ့ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရဲ့ အဆက်အနွယ်၊ သာကီယနွယ်ဖွား ဘုရားသားတော်၊ သာဝက ရဟန်းတစ်ပါး ဖြစ်တယ်၊ ငါသည် မြတ်စွာဘုရားရဲ့ အဆုံးအမ ဒေသနာတော်အတိုင်း အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အစရှိတဲ့ ရဟန္တာ မထေရ်မြတ်ကြီးများရဲ့ ဩဝါဒလမ်းစဉ်ကို လိုက်နာ ကျင့်သုံးလျက် ရှိတယ်၊ ငါသည် ထေရဝါဒသာသနာ ထွန်းကားရာဖြစ်တဲ့ ငါရဲ့ ဥပဇ္ဈာယ်ဆရာနဲ့ အပေါင်းအဖော် ရဟန်းများရှိရာ သထုံပြည်က လာခဲ့တယ်လို့၊ ပြန်ကြားဖြေဆိုပြီးတဲ့နောက် အနော်ရထာမင်းနဲ့တကွ ပရိသတ်အပေါင်းကို အပ္ပမာဒ အစရှိတဲ့ တရားကို ဟောတော်မူသတဲ့ ဒကာကြီး၊ အရဟံဂုဏ်တော်နဲ့ ပြည့်စုံတဲ့ ဘုရားသားတော်ဆိုတာကို အစွဲပြုပြီး အရှင်ဓမ္မဒဿီကို ရှင်အရဟံလို့ ခေါ်ဝေါ်သိမှတ်လာတာပဲလို့ ဆိုနိုင်တယ် ဒကာကြီး'

'မှန်ပါဘုရား'

'ရှင်အရဟံရဲ့ တရားကို နာကြားရတဲ့ အနော်ရထာမင်းဟာ အလွန်နှစ်သက်ကျေနပ်ပြီး ထေရဝါဒ သာသနာဝင်အဖြစ် ခံယူတယ်၊ သူရဲ့မိဖုရား မောင်းမ မိဿံ အပေါင်းနဲ့ မင်းမှူးမတ်

အပေါင်းတို့ကိုလဲ ရှင်အရဟံရဲ့ အဆုံးအမ၌ တည်စေတယ် ဒကာကြီး'

'ဒုတိယသင်္ဂါယနာ ဒါယကာ သီရိဓမ္မာသောက မင်းကြီးဟာ နိဂြောဓသာမဏေနဲ့တွေ့လို့ အမြင်မှန်ရပြီး ဗုဒ္ဓသာသနာဝင် ဥပါသကာတစ်ဦး ဖြစ်လာပုံမျိုးပေါ့ ဘုရား'

'ဟုတ်တယ် ဒကာကြီး၊ သီဟိုဠ်မှာလဲ ဒေဝါနံ ပိယတိဿ မင်းကြီးဟာ တောထဲမှာ အရှင်မဟိန္ဒရဟန္တာ မထေရ်မြတ်နဲ့ တွေ့ပြီးမှ မြတ်စွာဘုရားရဲ့ သာသနာတော် (ထေရဝါဒ)ကို လက်ခံယုံကြည်လာတဲ့ သာသနာပြုမင်းတစ်ပါးပဲ ဒကာကြီး'

'သီရိဓမ္မသောကမင်းကြီး၊ ဒေဝါနံပိယတိဿမင်းကြီးနဲ့ အနော်ရထာမင်းကြီးတို့ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်ကို ပြုစုစောင့်ရှောက်နိုင်ဖို့၊ ဘဝက ဘုန်းကံပါရမီပါလာတဲ့ ဘုန်းရှင် ကံရှင် ပါရမီရှင်တွေပဲဘုရား၊ တပည့်တော်တို့လဲ ယခုဘဝမှာ မွန်မြတ်စစ်မှန်တဲ့ ဘုရားသာသနာတော်နဲ့ ကြုံကြိုက်ရတာ သာသနာတော်အတွက် ဆောင်ရွက်ခွင့် ရတာတွေဟာ ဘုန်းကံ ရှိလို့ပဲလို့ မှတ်ယူရမယ် ထင်ပါတယ် ဘုရား'

'မှန်တယ်၊ ယခု ဒကာကြီးဆိုရင် ဆဋ္ဌသင်္ဂါယနာနဲ့လဲ ကြုံကြိုက်ခဲ့ရပြီ၊ ဟော အခုမကြုံစဘူး၊ ထူးခြားလှတဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနဲ့ ကြုံကြိုက်နေပြန်ပြီ။ အဲဒါဟာ ဒကာကြီးမှာ ဘုန်းကံရှိလို့ပဲမှတ်'

'ဝမ်းသာလှပါတယ်ဘုရား၊ မှန်တာကို လျှောက်ရရင်၊ တပည့်တော် လောလောဆယ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ထက်

မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးဟာ မြန်မာပြည်ကစပြီးတော့ ပေါ့လေ၊ တစ်ကမ္ဘာလုံး သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ်နဲ့ ထွန်းလင်းတောက်ပတာကိုပဲ မြင်ချင်၊ တွေ့ချင်ပါတယ်ဘုရား၊ ယခုဘဝ မတွေ့ရသေးရင် နောက်ဘဝနောက်ဘဝမှာပေါ့ ဘုရား'

'သာဓုခေါ်ပါတယ် ဒကာကြီး၊ အနော်ရထာမင်းစောရဲ့ ကြိုးစားမှုကြောင့် ပုဂံပြည်မှာ တန္တရ၊ မန္တရ၊ ဝိဇ္ဇာယာနဆိုတဲ့ အရည်းကြီးဝါဒတွေ ပျောက်ကွယ်သွားသလို ခုခေတ် သို့မဟုတ် နောင်တစ်ခေတ်မှာ ဒကာကြီးတို့ရဲ့ ကြိုးစားမှုကြောင့် သာသနာရဲ့ အန္တရာယ် ဆူးငြောင့်ခလုတ်တွေဟာ ရှင်းလင်းပျောက်ကွယ်သွားရမှာပေါ့၊ အနော်ရထာမင်းဟာ အသောကမင်း တရားလိုပဲ သာသနာတော်အတွက် လုပ်ဆောင်ရာမှာ ပြတ်သားတယ် ဒကာကြီး'

'မှန်ပါဘုရား'

-------

## အခန်း (၂၀)

## ထေရဝါဒ သာသနာ စပြီ

'အနော်ရထာမင်းဟာ ရှင်အရဟံရဲ့ ဩဝါဒကို နာကြား ပြီးတဲ့အခါ မြတ်စွာဘုရား သာသနာတော်၌ ယုံကြည်သဒ္ဓါ စိတ်တွေ တိုးတက်လာပြီး၊ အရှင်ဘုရား--တပည့်တော်သည် အရှင်ဘုရားမှတပါး အခြား ကိုးကွယ်စရာ မရှိတော့ပြီ၊ ဤနေ့မှ စ၍ တပည့်တော် ခန္ဓာကိုယ်နဲ့ အသက်ကို အရှင်ဘုရားအား ဆောက်နှင်းပါသည်၊ အရှင်ဘုရား၏ အဆုံးအမကို တပည့်တော် ခံယူပါသည် ဘုရားလို့ သူ့ကိုယ်ကို သာသနာတော်အတွက် ရှင်အရဟံထံ အပ်နှံတော့တာပဲ ဒကာကြီး'

'သာဓုခေါ်ရမှာပဲ ဘုရား'

'ဒကာကြီး သေသေချာချာမှတ်ထား၊ သဒ္ဓါစိတ်ဆိုတာ ယုံကြည်စိတ်ကိုခေါ်တာ၊ ဥပမာ ပြောရအုံးမယ်၊ မနှစ်က သတင်းစာမှာ အမေရိကန်က ဂျင်ဂျုံးဆိုတဲ့ ဘာသာရေး ခေါင်းဆောင်တစ်ဦးအကြောင်း ဖတ်လိုက်ရတယ်၊ သူ့အပေါ် ယုံကြည်စိတ် ပြင်းထန်တဲ့ နောက်လိုက် ၈၀၀-ကျော်ဟာ သူစေခိုင်းတဲ့အတွက် ရဲရဲဝံ့ဝံ့ အဆိပ်သောက်ပြီး အသေခံသွား

ကြတယ်လို့ ဆိုတယ်၊ စိတ်ဆိုတာ ယုံကြည်မိရင်, စွဲလမ်းမိရင် စွန့်လွှတ်နိုင်ခဲတယ်၊ အမှားဘက်မရောက်ဖို့၊ လမ်းလွဲမရောက်ဖို့ အလွန်အရေးကြီးတယ်'

'မှန်ပါဘုရား၊ တပည့်တော်တို့ ဒီခေတ်မှာလဲ ဘုရားတု၊ တရားတု၊ ဝိဇ္ဇာအတုတွေ ပေါများပြီး တကယ်အမှန်ပဲလို့ ယုံကြည်လိုက်စားနေကြတဲ့ သူတို့အဖို့ သတိထားစရာပေါ့၊ လမ်းလွဲရောက်မသွားဖို့ အရေးကြီးပါတယ်၊ သဒ္ဓါတရားဆိုတာ အသိဉာဏ် ဆင်ခြင်တုံတရားနဲ့ ယှဉ်ရမယ်၊ ကြက်ကန်းတောတိုး မဖြစ်ရဘူးပေါ့ ဘုရား'

'ဟုတ်ပြီ၊ အနော်ရထာဟာ အစဉ်းစား အဆင်ခြင်ဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်၊ အရည်းကြီးရဟန်းတွရဲ့ ဣန္ဒြေသိက္ခာ၊ အမူအကျင့်တွေဟာ မူမမှန်၊ နည်းလမ်းမကျဘူးဆိုတာ သူမြင်ထားတယ်။ အခု ရှင်အရဟံနဲ့ တွေ့တဲ့အခါကျတော့ အမှန်တရားဆိုတဲ့ အသိဉာဏ်ဟာ ထင်လင်းလာပြီး သဒ္ဓါယုံကြည်စိတ်ဟာလဲ ဓာတ်ဆီလောင်းပြီး ရှို့လိုက်တဲ့မီးလို ဟုန်းကနဲ ထတောက်လာတယ်၊ အဲဒီလို သဒ္ဓါစိတ် ပြင်းထန်လာတော့ အနော်ရထာဟာ နှစ်ပေါင်း ၉၀၀–ကျော် အမြစ်တွယ်လာခဲ့တဲ့ အရည်းကြီး သာသနာကို အစွမ်းသတ္တိရှိရှိနဲ့ ချက်ချင်းပဲ တော်လှန်ဖယ်ရှား ပစ်လိုက်တယ်၊ ဒကာကြီးတို့ခေတ်အခေါ် ရီဖော်လျူးရှင်းလို့ပဲ ဆိုရမှာပေါ့'

'မှန်ပါဘုရား အနော်ရထာဟာ မကောင်းတဲ့ အယူဝါဒကို တော်လှန်နိုင်တဲ့ တော်လှန်ရေးသမားတစ်ဦးလို့ပဲ ဆိုရမှာပဲ၊

သူဒီလို လုပ်သွားလို့လဲပဲ၊ အခု တပည့်တော်တို့ဟာ မွန်မြတ်တဲ့ ထေရဝါဒသာသနာနဲ့ ကြုံကြိုက်နေရတာပေါ့၊ သူ့ကျေးဇူးဟာ အင်မတန် ကြီးပါတယ်'

'ဟုတ်ပြီဒကာကြီး၊ မြန်မာပြည်အတွက် ရှင်အရဟံနဲ့ အနော်ရထာတို့ရဲ့ကျေးဇူးဟာ ကြီးမားတယ်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာကြီးတို့က သူတို့နှစ်ဦးရဲ့ ကျေးဇူးကို ဆပ်ဖို့လိုတယ်၊ ဘယ်လို ဆပ်ကြမလဲဆိုရင် သူတို့ပြုစုပျိုးထောင်ခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ ထေရဝါဒ သာသနာတော်ကို မယိုင်မလဲ၊ ပြိုပျက်မသွားရအောင် ထိန်းမတ်ပေးကြရမယ်၊ ကျားကန်ပေးကြရမယ်၊ ဟုတ်သလား ဒကာကြီး'

'ဟုတ်ပါတယ်ဘုရား၊ ဒါတပည့်တော်တို့ တာဝန်ပေါ့'

'အခု ရှင်အရဟံနဲ့ အနော်ရထာတို့ ရှင်းလင်းပေးခဲ့တဲ့ သာသနာတော်ဟာ နှစ်ပေါင်း ၉၀၀ ကျော်သွားပြီ၊ နှစ်ပရိစ္ဆေဒ ကြာညောင်းသွားတော့ ဓမ္မတာအတိုင်း အိုမင်းချည့်နဲ့ လာပြီပေါ့၊ အိုမင်းချည့်နဲ့ လာပြီဆိုရင်ပဲ တချို့က အသစ်အဆန်းကလေးတွေ သွင်းချင် လာကြတယ်၊ အဟောင်းပစ်ပြီး အသစ်ရှာချင်တဲ့ သဘောပေါ့'

'မြတ်စွာဘုရားရဲ့ သာသနာတော် နှစ်ပေါင်း ၅၀၀၀ တည်မယ်လို့ အချိန်ကာလ သတ်မှတ်ထားတာဟာ ကြာရင် အိုရင် ပျက်မယ်၊ ကွယ်မယ်ဆိုတဲ့ သဘောပေါ့ဘုရား'

'သဘာဝကျပါတယ်'

'အေး--ဒီတော့ ဘုန်းကြီးတို့ ဒကာကြီးတို့လက်ထက်မှာ သို့မဟုတ် နောင်လာနောက်သားတွေ လက်ထက်မှာ သာသနာတော်ကြီး ကျဆင်းမသွားအောင် ဘုန်းကြီးတို့ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရမှာပေါ့ ဒကာကြီး'

'မှန်ပါ့ဘုရား'

'သင်ခန်းစာ ယူစရာ တစ်ခုပြောရဦးမယ်၊ အာဏာတန်ခိုးရှိတဲ့၊ တိုင်းပြည်ကို ပြုပြင်နိုင်စွမ်းရှိတဲ့ အသောကမင်းတရားကြီးတို့၊ အနော်ရထာမင်းတို့ဟာ တရားအမှန်ကို ညွှန်ပြနိုင်တဲ့ နိဂြောဓသာမဏေနဲ့ ရှင်အရဟံတို့ကို ချဉ်းကပ်မိတဲ့အတွက် မှန်ကန်တဲ့ ဉာဏ်အမြင်ကို ရကြတယ်၊ ရတဲ့အတိုင်း တိုင်းပြည်ကိုလဲ အမှားကနေ အမှန်ရောက်အောင် ပြုပြင်စွမ်းဆောင် သွားနိုင်ကြတယ်ဆိုတဲ့ အချက်ပဲ ဒကာကြီး'

'မှန်ပါတယ် ဘုရား၊ ဒါလဲ အင်မတန် အရေးကြီးတဲ့ အချက်ပဲ၊ အသောကလို အနော်ရထာလို အာဏာရှိ ပုဂ္ဂိုလ်တစ်ဦးဟာ သူတော်ကောင်းပညာရှိ ဓမ္မဝါဒီပုဂ္ဂိုလ် တစ်ဦးဦးနဲ့ တွေ့ရလို့ မှန်ကန်သောတရားကို သိမြင်သွားရင် တိုင်းပြည်အတွက် ဘယ့်လောက် အကျိုးရောက်နိုင်တယ် ဆိုတဲ့ သာဓကပါပဲ'

'အနော်ရထာမင်းဟာ မြတ်စွာဘုရား သာသနာတော် အစစ်အမှန်ကို ယုံကြည်သက်ဝင်ပြီး ရှင်အရဟံမထေရ်မြတ်ကိုလဲ ကြည်ညိုလှတဲ့အတွက် တူရွင်းတောင်ခြေအနီးမှာ တောရကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းတယ်၊ ပစ္စည်းလေးပါးနဲ့လဲ

ပြည့်စုံအောင် ထောက်ပံ့လှူဒါန်းတယ်၊ မြတ်စွာဘုရား ပညတ်တော်မူတဲ့ ဝိနည်း သိက္ခာတွေကို သိရှိနားလည်လာတဲ့ အခါကျတော့၊ ဝိနည်းသိက္ခာမရှိတဲ့ အရည်းကြီးတွေကို မကြည့်ချင် မမြင်ချင်တော့ဘူး၊ ဒီတော့ အရည်းကြီးတွေကို ကိုးကွယ်ထောက်ပံ့ခြင်း မပြုရအောင် တားမြစ်ပိတ်ပင်လိုက်တယ်'

'မှန်ကန်တဲ့ သာသနာတော်၊ မှန်ကန်တဲ့ တရားအရသာကို ငါနဲ့ ငါ့ပတ်ဝန်းကျင်သာ မဟုတ်ဘဲ၊ တိုင်းသူပြည်သားအားလုံး တွေ့ကြုံခံစားနိုင်စေရမယ်ဆိုတဲ့ လုပ်ဆောင်ချက်ဟာ ခေါင်းဆောင်ကောင်းတို့ရဲ့ လက္ခဏာပဲဘုရား။ မမှန်ကန်တဲ့ အခမ္မဝါဒတွေကို ပိတ်ပင်တားဆီးရမှာကလဲ ခေါင်းဆောင်ကောင်းတို့ရဲ့ တာဝန်ပဲဘုရား၊ တပည့်တော်တို့ တိုင်းပြည်မှာ သာသနာတော်အတွက် ရှေ့ဆောင်လမ်းပြပြီး ခေါင်းဆောင်ရမှာကလဲ အရှင်ဘုရားတို့ သံဃာတော်တွေပါပဲ ဘုရား'

## ရှင်အရဟံအတွက် အနှောင့်အယှက်

'မှန်တယ်၊ ဘုန်းကြီးတို့က ရှေ့ဆောင်ရမှာပဲ၊ ရှေ့ဆောင်ခေါင်းရွက်ပြုရမည့် ပုဂ္ဂိုလ်တွေက လမ်းမချော်ဖို့ဘဲ အရေးကြီးတယ်၊ ဒကာကြီး၊ အနော်ရထာအကြောင်း ဆက်ပြောရဦးမယ်၊ အနော်ရထာမင်းက ရှင်အရဟံနဲ့ နောက်ပါ မထေရ်များကို ကျောင်းဆောက်လှူဒါန်း ဆည်းကပ်ကိုးကွယ်မှုပြုပြီး ထေရဝါဒ သာသနာတော် ပြန့်ပွားရေးအတွက် စတင် ဆောင်ရွက်လာတယ် ဆိုရင်ပဲ အရည်းကြီးတွေဘက်က အနှောင့်အယှက် ပေါ်လာတော့တာပဲ'

'အမိန့်ရှိပါဘုရား'

'အပယ်ခံရတာ၊ လာဘ်လာဘ ဆုတ်ယုတ်သွားတာဟာ ရှင်အရဟံကြောင့်ပဲလို့ ဆိုပြီး အရည်းကြီး ရဟန်းတွေက ရှင်အရဟံအပေါ် ရန်ငြိုးဖွဲ့ပြီး အနှောင့်အယှက်ပြုလာကြတယ်၊ လူမိုက်၊ ရဟန်းမိုက်ဆိုတာ သူ့တို့အကျိုး ထိလာမယ်ဆိုရင် သူတော်ကောင်းတစ်ဦးကို သတ်ပစ်ဖို့ ဝန်မလေးဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် တိတ္ထိတက္ကတွန်းတွေရဲ့ ရန်မူမှုကို အကြိမ်များစွာ ရင်ဆိုင်ခဲ့ရတယ် မဟုတ်လား'

'မှန်ပါ့ဘုရား'

'အနော်ရထာမင်းက ဒီလို အရည်းကြီးတွေရဲ့ ရန်ရှာမှု၊ နှောင့်ယှက်မှု သတင်းတွေကို ကြားရတော့ ရှင်အရဟံနှင့် တပည့်ရဟန်းတော်များအတွက် အစောင့်အရှောက် လုံခြုံမှု ချထားပေးရတယ်'

'လူမိုက်ဆိုတာ ဆေးမရှိဘူးတဲ့ဘုရား၊ ရဟန်းကောင်းတွေကို အကာအကွယ် ပေးထားဖို့ဆိုတာဟာ အခုလဲ လိုအပ်တာပဲ ဘုရား'

## အရည်းကြီးတွေကို အပြတ်ရှင်းပြီ

'ဒီလို အစောင့်အရှောက် လုံခြုံအောင် ချထားရုံနဲ့ မပြီးသေးဘူး ဒကာကြီးရေ၊ နောက်ဆုံးတော့ ခေါင်းဆောင် အရည်းကြီး ခြောက်ကျိပ်(၆၀)နဲ့ တပည့်အရည်းကြီး ခြောက်သောင်းကို လူဝတ်လဲပေးလိုက်ရသတဲ့၊ ဒါမှလဲ ကိစ္စက

ပြတ်မှာ လျော့ရဲရဲလုပ်နေလို့ မဖြစ်တော့ဘဲကိုး၊ အဲဒီ အရည်းကြီး လူထွက်တွေကို ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ လူဝတ်ကြီးနဲ့ ရှုပ်နေမှာ စိုးရိမ်ရပြန်တော့ 'မင်းမှုထမ်း ဘာရင်းသွင်းပြီး အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး စတဲ့ အလုပ်နေရာတွေမှာ ခန့်ထားလိုက်သတဲ့ ဒကာကြီးရဲ့'

'တပည့်တော်ကတော့ အနော်ရထာရဲ့ သာသနာ သန့်ရှင်းရေး လုပ်ပုံလုပ်နည်းကို သိပ်သဘောကျတယ်ဘုရား၊ အသောကမင်းကြီးကတော့ အခမ္မဝါဒီ ရဟန်းအတုအယောင် တွေကို ရိုးရိုးလူထွက်ခိုင်းတာပဲရှိတယ်၊ ပျော့သေးတယ် ဆိုပါတော့ ဘုရား'

'ဟုတ်တယ်၊ သီရိဓမ္မာသောကမင်းကြီးဟာ သာသနာ တော် သန့်စင်ရေးလုပ်တာ မှန်သော်လဲ ဗြာဟ္မဏဝါဒ၊ တိတ္ထိ ဝါဒတွေ မီးငြိမ်းသွားအောင် မလုပ်နိုင်ခဲ့ဘူး၊ အတိုက်အခံ သမားတွေက လွတ်ရာသို့ တိမ်းရှောင်သွားပြီး တစ်နေရာရာမှာ စုပေါင်းစင်ပြိုင် သင်္ဂါယနာတင်ကြတယ်လို့ စာမှာ တွေ့ရဖူးတယ်၊ အခု ဒကာကြီး ပြောသလို အနော်ရထာရဲ့ သာသနာ သန့်ရှင်းရေးဟာ ပိုပြီးပြတ်သားတယ်၊ မီးသေတယ်၊ အသောက မင်းရဲ့နည်းထက် သာတယ်လို့ ဆိုရင်တောင် မမှားဘူး ဒကာကြီးရဲ့'

'အရှင်ဘုရား တွက်ကြည့်လေ၊ အရည်းကြီးလူထွက်တွေကို မင်းမှုထမ်း လုပ်ပစ်လိုက်တော့ မင်းရဲ့စည်းကမ်း ဥပဒေဘောင် အတွင်း ဝင်သွားတာပေါ့၊ တိုင်းပြည်အတွက်လဲ လူပိုတွေ ဖြစ်မကုန်ဘူး၊ အလုပ်ပေးထားတာကိုး၊ ဒါကြောင့် အနော်ရထာ

မင်းစောဟာ အမြော်အမြင်ကြီးတယ်၊ အုပ်ချုပ်မှုလဲ ကျွမ်းကျင်တယ်၊ သာသနာ့စိတ်ဓာတ်လဲ ခိုင်မာတယ်လို့ ဆိုနိုင်ပါတယ်ဘုရား'

'ဟုတ်လိုက်လေ၊ ဒကာကြီးရာ၊ အနော်ရထာဟာ စံပြမင်းတစ်ပါး အမှန်ပဲ၊ အဲဒီလို ရှင်အရဟံရဲ့ အဆုံးအမ ဩဝါဒကို ခံယူအခြေစိုက်ပြီးတဲ့နောက် သထုံပြည်က ထေရဝါဒ ပိဋကတော်တွေကို ပင့်ဆောင်ရယူတယ်၊ ပရိယတ်စာပေ မရှိသေးတဲ့ ပုဂံပြည်မှာ ပရိယတ်စာပေပို့ချသင်ကြားစေခြင်းဖြင့် ပရိယတ်သာသနာတော်ကို စတင် ထူထောင်တယ်ဒကာကြီး၊ ပရိယတ္တိသာသနာအစ အနော်ရထာကလို့ ဆိုရမှာပဲ'

'ဒါလဲပဲ မြန်မာပြည် သာသနာ့ဝင်မှာ အရေးကြီးဆုံး မှတ်တိုင်တစ်ခုပေါ့ ဘုရား၊ ဓာတ်တော် မွေတော်တွေ ပင့်ပြီး စေတီပုထိုးတွေ တည်ဆောက်ကိုးကွယ်ရုံလောက်သာ လုပ်ခဲ့ရင် ပရိယတ္တိသာသနာ မရှိတဲ့အတွက် ထေရဝါဒသာသနာဟာလဲ နှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားမှာ အမှန်ပဲဘုရား၊ မလေးရှားတို့၊ ဂျာဗားတို့မှာ စေတီပုထိုးကြီးတွေရှိပြီး သာသနာတော် ကွယ်ပျောက်နေတာဟာ ပရိယတ္တိသာသနာကို ခိုင်ခံ့အောင် မတည်ခဲ့၊ ပြန့်ပွားအောင် မလုပ်ခဲ့ကြလို့ဘဲ ဘုရား၊ အဲဒါကြောင့် အနော်ရထာမင်းစောဟာ မြန်မာပြည် အတွက် ထူးချွန်တဲ့၊ စံယူလောက်တဲ့ သာသနာပြုမင်းလို့ မှတ်တမ်းတင်ကြရတာပါပဲ ဘုရား'

'အနော်ရထာဟာ ပိဋကတော်တွေနဲ့အတူ ပရိယတ် ဝန်ဆောင် သံဃာတော်တွေကိုလဲ သထုံပြည်က ပင့်ဆောင်လာပြီး

ပုဂံမှာ နေရာချထားပေးတယ်၊ အဲဒီလိုကစပြီး ပုဂံပြည်ကို အခြေစိုက်လိုက်တဲ့ သာသနာတော်ဟာ အနော်ရထာရဲ့နောက် မင်းအဆက်ဆက်တိုင်အောင် နေအရောင် လအရောင်ကဲ့သို့ ထွန်းပြောင် ထိန်လင်းသွားတယ် ဒကာကြီး'

## အခန်း (၂၁)

### ဂိုဏ်းကွဲမှုပြဿနာ

'မြန်မာတစ်ပြည်လုံး ထေရဝါဒသာသနာ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့တဲ့ သာသနာ့မီးရှူးတန်ဆောင် ဖြစ်တော်မူသော ရှင်အရဟံ မထေရ်မြတ်ဟာ အလောင်းစည်သူမင်းလက်ထက် သာသနာနှစ် ၁၆၃၇–နှစ်၊ သက်တော် ၈၁–နှစ်မှာ ပရိနိဗ္ဗာန်ပြု တော်မူတယ်။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြပြီးနောက်၊ ဓာတ်တော်တွေကို ရွှေကြုတ်နဲ့ထည့်ပြီး ဂူသွင်းဌာပနာကြတယ်။ ရှင်အရဟံရဲ့ ရုပ်တုတော်ကိုလည်း တည်ထား ကိုးကွယ် ကြတယ်လို့ သမိုင်းမှာ တွေ့ရတယ်' ဒကာကြီး'

'မှန်ပါဘုရား၊ အာနန္ဒာစေတီအတွင်းမှာ ကျန်စစ်မင်းကြီးနဲ့ ရှင်အရဟံမထေရ်တို့က မြတ်စွာဘုရား (မတ်ရပ်တော်) ကို ပုဆစ်တုပ်ပြီး ရှိခိုးနေဟန် ရုပ်တုတော်နှစ်ခုကို တပည့်တော် တွေ့ဖူးတယ်ဘုရား'

'ဒကာကြီး ပြောတာလဲမှန်ပါတယ်၊ အခု ပြောတာက ပုဂံအနီး တောင်ပရွာ အနောက်မြောက်ဘက်မှာရှိတဲ့ ထီးစောင်း ဘုရားပဲ ဒကာကြီး။ ရှင်အရဟံရဲ့ ဓာတ်တော်တွေ ဌာပနာတဲ့ဂူ၊

ရှင်အရဟံ ရုပ်တုတော်ဆိုတာတွေဟာ အဲဒီ ထီးစောင်းဘုရားမှာ ရှိတယ်လို့ ရွှေစည်းခုံသမိုင်းသစ်မှာ ဆိုထားတယ်၊ ရှင်အရဟံ ပရိနိဗ္ဗာန် စံဝင်တော်မူတာဟာလဲ နှစ်ပေါင်း ၉၀၀–နီးပါး ရှိသွားပြီ၊ ၁၃–နှစ်လောက်ပဲလိုတော့တယ်’

‘ဒီလိုဆိုရင် ရှင်အရဟံမထေရ်မြတ်ရဲ့ အထိမ်းအမှတ် ပူဇော်ပွဲလုပ်ဖို့တောင် ကောင်းတယ်ဘုရား၊ မြန်စာပြန့်အဖွဲ့ကိုပဲ တပည့်တော်ကတော့ အကြံပေးတိုက်တွန်းချင်ပါတယ်’

‘ရှင်အရဟံနဲ့ သာသနာပြုဖက် မထေရ် ၃–ပါး ရှိသေးတယ်။ အရှင်ဉာဏ၊ အရှင်အာနန္ဒာ၊ အရှင် သီလဗုဒ္ဓိ အဲဒီ မထေရ်မြတ် ၄–ပါးတို့ရဲ့ အညီအညွတ် သာသနာပြုမှုကြောင့် နှစ်ကာလ အနည်းငယ်အတွင်းမှာ ထေရဝါဒ သာသနာဟာ တစ်ရှိန်ထိုး တိုးတက်လာပြီး ပါဠိဘာသာ စာပေဟာလဲ ထိပ်တန်း ရောက်ခဲ့တယ်လို့ ဆိုတယ် ဒကာကြီး။ အနော်ရထာ မင်းဟာ နန်းစံ ၃၃–နှစ်၊ ကောဇာသက္ကရာဇ် ၃၉၇–နှစ်မှာ အနိစ္စရောက်တယ်၊ အဲဒီနောက် သားတော် စောလူးမင်း၊ ဒီနောက် ကျန်စစ်မင်း၊ ဒီနောက် သက္ကရာဇ် ၄၅၀ မှာ မြေးတော် အလောင်းစည်သူမင်း၊ ဒီနောက် ကုလားကျမင်း (နန်းစံ ၃–နှစ်) အဲဒီနောက် သက္ကရာဇ် ၅၂၃–ခုနှစ်မှာ နရပတိစည်သူမင်း လက်ထက်အထိ သာသနာတော်ဟာ နိုင်ငံ ရပ်ခြား သီဟိုဠ်နဲ့ အဆက်အသွယ်ရသည်အထိ အရှိန်အဝါ ကြီးမား ခဲ့တယ် ဒကာကြီး’

## ထေရဝါဒ ပိဋကစာပေ ထိပ်တန်းရောက်ခဲ့သည်

'ပုဂံခေတ် ပါဠိဘာသာ အဆင့်အတန်း မြင့်ပုံကို ဆရာတော် ဦးသီလာနန္ဒာဘိဝံသက သူရဲ့ ပါဠိမြန်မာ အဘိဓာန် နိဒါန်းမှာ ဒီလို ရေးထားတာ တွေ့ရတယ်ဘုရား။ ကျန်စစ်မင်းကြီး နတ်ရွာစံသည့်နှစ်လောက်က ရေးထိုးတဲ့ မြစေတီကျောက်စာမှာ ပါဠိ၊ မြန်မာ၊ မွန်၊ ပြူ (လေးဘာသာ)နဲ့ ရေးထိုးထားတယ်၊ ပါဠိဘာသာနဲ့ ရေးထိုးရာမှာ ပါဠိဂါထာတွေချည်းသာ ဖြစ်တယ်၊ ဒီပါဠိဂါထာတွေကို ကြည့်ခြင်းအားဖြင့် **"ထိုခေတ် ပုဂံပြည် ပါဠိစာပေ၏ အရည်အသွေးကို မှန်းဆနိုင်ပေသည်။ မှန်၏။ ၎င်းကျောက်စာ၌ပါသော ဂါထာများမှာ သဒ္ဒါနည်း လည်းလှ ဆန်းဂိုဏ်းလည်းကျသော ဂါထာများချည်း ဖြစ်ပေသည်။ ထို့အတူပင် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ဖြစ်သည့် ရွှေဂူကြီးဘုရား၌ ရေးထိုးထားသော ပါဠိ ကျောက်စာ သည်လည်း အရေးအသား ညက်ညော၍ အဆင့်အတန်းမြင့်သော ဂါထာတို့ချည်း ဖြစ်လေသည်။ ထူးခြားချက်ကား မင်းကြီးဘုရား ဆုပန်ပုံကို ဂါထာ(၁၀၀)မျှဖြင့် အဆန်းတကြယ် တန်ဆာဆင်ကာ ရေးသားစီကုံးထားခြင်းပင် ဖြစ်သည်။** ထို့ထက် ထူးခြားသည် မှာကား ၎င်းကျောက်စာအဆုံး၌ ရွှေဂူကြီးဘုရား စတင် တည်သည့်နှစ်၊ ပြီးသည့်နှစ်တို့ကို **သက္ကတဘာသာ သုံးဂါထာ** တို့ဖြင့် ပြဆိုထားခြင်း ဖြစ်လေသည်-- လို့ ဆိုထားပါတယ် ဘုရား။ နိဒါန်းရေးဆရာ ဆရာတော် ဦးသီလာနန္ဒာဘိဝံသဟာ ပါဠိ သက္ကတနှစ်ဘာသာ စလုံးကို ပါရဂူမြောက် တတ်ကျွမ်းတဲ့

အပြင် အင်္ဂလိပ်ဘာသာရပ်ကိုလဲ ကျွမ်းကျင်နိုင်နင်းတဲ့ ပုဂ္ဂိုလ် ဖြစ်တော့ သူ့ရဲ့ယူဆချက်ကို တပည့်တော်တို့ လက်ခံရမှာပဲဘုရား၊ တပည့်တော် တင်ပြချင်တာကတော့ သက္ကရာဇ် ၃၉၆–ခုနှစ်မှာ ရှင်အရဟံနှင့် မထေရ် ၃–ပါးကို ပုဂံကို ရောက်ပြီးတဲ့နောက် ကျန်စစ်မင်းကြီး နန်းတက်တဲ့ သက္ကရာဇ် ၄၂၅–ခုနှစ် အထိဆိုရင် နှစ်ပေါင်း ၅၀ ကျော် ၆၀ လောက်အတွင်းမှာ ပါဠိ, ပိဋကတ် သင်အံလေ့ကျက်မှုဟာ အံ့သြလောက်အောင် အဆင့်အတန်း မြင့်နေပြီဆိုတဲ့ အချက်ပဲဘုရား'

'ဟုတ်ကယ် ဒကာကြီးရေ့၊ အလောင်းစည်သူမင်း အထိ ဆိုရင် နှစ်ပေါင်း ၈၀ ကျော်၊ နရပတိစည်သူမင်း အထိ ဆိုရင် နှစ်ပေါင်း ၁၅၀ ကျော်၊ အဲဒီနောက် ကျစွာမင်း အထိဆိုရင် ရှင်အရဟံရဲ့ သာသနာဟာ နှစ် ၂၀၀ လောက်ပဲ ရှိအုံးမယ်၊ ကျစွာမင်းဟာ ပိဋကတ် ၃–ပုံကို ၉–ခေါက်သင်ယူဖူးတယ်၊ သံဃာတော်တွေကို တစ်နေ့စာဝါ သုံးဝါ ပို့ချတော်မူစေတယ်၊ အဌကထာ၊ ဋီကာ ကျနစွာ တတ်မြောက် ကျွမ်းကျင်တဲ့ ရဟန်းတော် အမြောက်အမြားလဲ ပေါ်ထွန်းလာတယ်လို့ ဆိုတော့ အဲဒီ ပုဂံခေတ် သာသနာဟာ အလွန်အားရစရာပေါ့ ဒကာကြီး'

'မှန်ပါဘုရား၊ ကျစွာမင်းကြီးရဲ့ သမီးတော် သံပျင် မင်းသမီးဟာ ရဟန်းတွေကိုတောင် ပါဠိစာပေ ပို့ချတယ်လို့ တပည့်တော် ဖတ်ဖူးပါတယ်၊ ပုဂံမှာ တချိန်က၂ ရွှေမိုးငွေမိုး ရွာဖူးတယ်ဆိုတာလို၊ သာသနာတော်တည်းဟူသော ရတနာ မိုးကြီးဟာလဲ သွန်းဖြိုးရွာချခဲ့တာ အမှန်ဘဲ၊ လှည်းဝင်ရိုးသံ တစ်ညံညံဆိုတဲ့ စေတီပုထိုးတွေ၊ သာသနာရေး အဆောက်အအုံ

ဖတွေကို ကြည့်ရင်ဖြစ်စေ၊ မင်းတွေ၊ မှူးမတ်တွေ၊ ပြည်သူပြည်သား တွေ ရေးထိုးခဲ့ကြတဲ့ ကမ္ပည်းကျောက်စာတွေကို လေ့လာမယ် ဆိုရင်ဖြစ်စေ၊ ပုဂံခေတ်က ပေါ်ထွန်းခဲ့တဲ့ သဒ္ဒနီတိခေါ်တဲ့ သဒ္ဒါကျမ်း၊ သဒ္ဒတ္ထဘေဒစိန္တာကျမ်း၊ ကစ္စာယနသာရကျမ်း၊ သုတ္တနိဒ္ဒေသကျမ်း၊ သင်္ခေပဝဏ္ဏနာဋီကာကျမ်း၊ မဟာဗောဓိဝင် ဋီကာကျမ်း အစရှိတဲ့ ကျမ်းဂန်တွေကို ထောက်ထားကြည့်ရင် ဖြစ်စေ၊ ယနေ့အထိ မြန်မာပြည် သာသနာဝင်သမိုင်း တစ်လျှောက်မှာ ပုဂံခေတ်ဟာ သာသနာ အထွန်းကားဆုံး၊ အတောက်ပြောင်ဆုံးခေတ်လို့ ဆိုရမှာပဲဘုရား။ ပုဂံခေတ်မှာ ပြုစုသွားတဲ့ ကျမ်းဂန်တွေနဲ့ ၊တ်သက်လို့ ဆရာတော် ဦးသီလာနန္ဒာဘိဝံသရဲ့ ပါဠိ–မြန်မာ အဘိဓာန်နိဒါန်းမှ ကျယ်ကျယ်ဝန်းဝန်း ဖော်ပြထားပါတယ်ဘုရား၊ ပုဂံခေတ် ရှင်အဂ္ဂဝံသမထေရ်ရဲ့ သဒ္ဒနီတိကျမ်းဟာဆိုရင် မြန်မာတစ်မျိုး သားလုံး ဂုဏ်ယူထိုက်တဲ့ ပါဠိကျမ်းစာတစ်စောင် ဖြစ်တယ် လို့တောင် ဆိုထားပါတယ်၊ ဒါကြောင့် အနော်ရထာ စခဲ့တဲ့ ပုဂံခေတ်ရဲ့ နောက်ပိုင်းမှာ ခုကာလအထိပေါ့ ဘုရား၊ ပုဂံခေတ် သာသနာ့စံချိန်ကို မမီနိုင်သေးဘူးလို့ တပည့်တော် လျှောက် ထားခြင်း ဖြစ်ပါတယ်ဘုရား

**'အနော်ရထာကစပြီး ပုဂံမင်း အဆက်ဆက်ဟာ သာသနာ တော်ကို အစွမ်းကုန် ထောက်ပံ့ချီးမြှောက် ခဲ့ကြတာက များပါတယ်၊ ဒါပေမဲ့ ရဟန်းတော်များဘက်က အားနဲ့ချက် ကလေးတွေ၊ မင်းစိုးဘက်က အားနဲ့ချက် ကလေးတွေကတော့ ရှိခဲ့သေးတယ်၊ ဒကာကြီး သင်ခန်းစာယူစရာ အဖြစ်အပျက် ကလေးတွေကို ပြောပြရဦးမယ်'**

'မှန်ပါဘုရား'

'ရှင်အရဟံ မထေရ်မြတ်ဟာ အလောင်းစည်သူမင်း လက်ထက်မှာ ပရိနိဗ္ဗာန်ဝင်တော်မူပြီးနောက် ပံ့သကူ မဟာထေရ်ကို ဘုရင်က သာသနာရေးအပ်နှင်းသဖြင့် ရှင်အရဟံနဲ့ အတူ ပါလာတဲ့ အရှင်အာနန္ဒာမထေရ်၊ အရှင်ဉာဏမထေရ်၊ အရှင်သီလဗုဒ္ဓိမထေရ်တို့နဲ့ပဲ တွဲဖက်ပြီး ပရိယတ္တိသာသနာ တော်ကို ဆက်လက် ထိန်းသိမ်း စောင့်ရှောက် တော်မူလာကြတဲ့ အတွက် သာသနာတော်ဟာ အထူးပဲ တိုးတက်စည်ပင်လာတယ်။ ဂိုဏ်းဂဏ ကွဲပြားမှုလဲ မရှိသေးဘူး၊ ရှင်အရဟံ စတင်တည် ထောင်တော်မူခဲ့တဲ့ အဆက်အနွယ် တစ်ဂိုဏ်းတည်း တစ်ဖွဲ့ တည်းပဲ ရှိနေသေးတယ် ဒကာကြီး'

'ကောင်းတာပေါ့ဘုရား'

'အလောင်းစည်သူ ကွယ်လွန်ပြီးတဲ့နောက်၊ သက္ကရာဇ် ၅၂၀–ပြည့်မှာ ကုလားကျမင်း နန်းတက်လာတယ်၊ ဒီမင်းဟာ ရက်စက် ကြမ်းကြုတ်တယ်၊ ရဟန်းသံဃာကို ရိုသေလေးစားမှု၊ သာသနာတော်၌ ကြည်ညိုမှု၊ အားပေးမှု မရှိဘူး၊ ရဟန်းတွေကို လူထွက်ခိုင်းတယ်၊ အချို့ရဟန်းတွေဟာ သီဟိုဠ်သို့ တိမ်းရှောင် သွားကြတယ်၊ မင်းဆရာသာသနာပိုင်ဖြစ်တဲ့ ပံ့သကူမထေရ် မြတ်ဟာ အကျင့်သီလနဲ့ ပြည့်စုံပြီး၊ ဝိနည်းတော်ကို အင်မတန် လေးစားတဲ့ ပုဂ္ဂိုလ်၊ ကုလားကျမင်းရဲ့ အပြုအမူတွေကို မကြိုက်နှစ်သက်တဲ့အတွက် ပုဂံမှ စွန့်ခွါသွားတယ်၊ သီဟိုဠ်သို့ ကြွသွားတယ်လို့ ဆိုတယ်'

'ပုဂံသာသနာဝင်မှာတော့ အမဲစက်တစ်စက်ပေါ့ဘုရား'

'ကုလားကျမင်းဟာ နန်းစံ ၃–နှစ်ပဲ ရှိတယ်၊ ၅၂၃–ခုနှစ်မှာ နရပတိစည်သူ နန်းတက်လာတဲ့အခါ ပံ့သကူမထေရ်ကို သီဟိုဠ်မှ ပြန်ပင့်ပြီး သာသနာတော်ပြုစုရန် ပြန်လည် လျှောက်ထား ပေးအပ်တယ်၊ နရပတိစည်သူမင်းဟာ သာသနာတော်ကို ကြည်ညိုချီးမြှောက်တဲ့ပုဂ္ဂိုလ်ပဲ၊ ဒါကြောင့် ပံ့သကူမထေရ်ကလဲ ရှင်အရဟံ အစဉ်အဆက်အတိုင်း သာသနာတော် ဆက်လက် ပြုစုဆောင်ရွက်တော်မူတယ်၊ ၅၃၂–ခုနှစ်မှာ နရပတိစည်သူရဲ့ မင်းဆရာတစ်ပါးဖြစ်တဲ့ ဥတ္တရာဇီဝမထေရ်ဟာ သီဟိုဠ်သို့ ဘုရားဖူး ကြွတော်မူတယ်၊ ဥတ္တရာဇီဝမထေရ်ဟာ ရှင်အရဟံရဲ့ ၃–ဆက်မြောက် တပည့်အဆက်အနွယ်ပဲ ဒကာကြီးရဲ့'

## သီဟိုဠ်ပြန် ဆပဒမထေရ်

ဥတ္တရာဇီဝမထေရ် သီဟိုဠ်သို့ နောက်ပါ အခြံအရံ ရဟန်းများနဲ့အတူ ကြွတော်မူတဲ့အခါ ပုသိမ်မြို့ ကျေးလက် ဆပဒရွာက အသက် ၂၀–ရှိတဲ့ ဆပဒသာမဏေ တစ်ပါး ပါသွားတယ်၊ သီဟိုဠ်ရောက်တဲ့အခါ ဆရာဥပဇ္ဈာယ်ဖြစ်တဲ့ ဥတ္တရာဇီဝမထေရ်နဲ့ သီဟိုဠ်ရဟန်းတော်များပူးပေါင်းပြီး ဆပဒသာမဏေရဟန်းအဖြစ်သို့ ချီးမြှောက်ပေးတော်မူကြတယ်။ ၂–နှစ်ကြာလို့ ဥတ္တရာဇီဝမထေရ်နဲ့ ရဟန်းတော်များ သီဟိုဠ်မှ ပုဂံသို့ ပြန်ကြွလာကြတဲ့အခါမှာ ဆပဒရဟန်းငယ်ဟာ သီဟိုဠ် ပိဋကတ်စာပေ ဆက်လက်သင်ကြားမယ်ဆိုပြီး ချန်နေရစ်တယ်၊ **အဲ––အခု ပြောပြတာဟာ ဆပဒမထေရ်ရဲ့ အခြေခံ အကြောင်း**

အရာပဲ၊ ဆပဒမထေရ်ရဲ့အခြေခံကို သိထားမှ ပုဂံမှာ ဂိုဏ်းကွဲစတင် ဖြစ်ပေါ်လာပုံကို ဒကာကြီးတို့ သဘောပေါက်နားလည်မှာ'

'မှန်ပါဘုရား၊ ဖြစ်ရပ်တစ်ခုကို အခြေခံကစပြီး သိထားမှ ပိုကောင်းပါတယ်'

'ဆပဒမထေရ်ဟာ ပိဋကတ်အစုံကို ကျွမ်းကျင်တတ်မြောက်လို့ ၁၀–ဝါရတဲ့အခါ (သီဟိုဠ်မှာ ၁၀–နှစ် ကြာပြီးတဲ့အခါ)မှာ ပေါက္ကံ(ပုဂံ)ပြည်ကို ပြန်ကြွလာတယ်။ တစ်ပါးတည်း မဟုတ်ဘူး၊ သူနှင့်အတူ (၁) တေမလိတ္တရွာသား သီဝလိမထေရ်၊ (၂) ကမ္ဘောဇရွာသား တာမလိန္ဒမထေရ်၊ (၃) ကိဋ္ဌိပူရရွာသား အာနန္ဒာမထေရ်၊ (၄) လင်္ကာဒီပရွာသား ရာဟုလာမထေရ် ပေါင်း သီဟိုဠ်သားအဖော် ၄–ပါး ပါလာတယ်။ သေသေချာချာ မှတ်ထားနော် ဒကာကြီး။ ဒီရဟန်းတော် ၅–ပါးကို အကြောင်းပြုပြီး ဘယ်လို ပြဿနာတွေ ဖြစ်လာတယ်ဆိုတာ ဒကာကြီး သိစေချင်လို့ပါပဲ'

'မှန်ပါဘုရား'

'ဆပဒမထေရ်က ကြိုတင် စိတ်ကူးထားတာရှိတယ်၊ အကယ်၍ ပုဂံပြန်ရောက်လို့ သူ့ဥပဇ္ဈာယ်ဆရာ ဥတ္တရာဇီဝမထေရ် မရှိတော့ဘူး၊ ပျံလွန်တော်မူပြီးလို့ဆိုရင် ပုဂံမြို့သား မြန်မာရဟန်းတွေနဲ့ တပေါင်းတစုတည်း သံဃာ ကံကြီး ကံငယ်ကို မပြုချင်ဘူး၊ ဒီတော့ သီးခြား ကံကြီး ကံငယ်ပြုနိုင်အောင် ဥပသမ္ပဒကံ (ရဟန်းခံကိစ္စ) ဆောင်နိုင်အောင်ဆိုပြီး၊ သံဃာ ၅–ပါး ပြည့်အောင် သီဟိုဠ်သား ရဟန်းအဖော် ၄–ပါးကိုပါ ပင့်ဆောင်လာတာ ဒကာကြီး'

'အင် --ဂိုဏ်းကွဲဖို့ ကိစ္စ ဦးတည်ပြီဆိုပါတော့ဘုရား'

'ဟုတ်တယ်၊ ဒကာကြီး တစ်ခုသိထားဖို့ ဆပဒမထေရ်နှင့် အဖော် ၄-ပါး စလုံးဟာ စာတတ်ပေတတ် ပိဋကတ်အရာ၌ ကျွမ်းကျင်လိမ္မာပြီးသား ပုဂ္ဂိုလ်တွေချည့်ပဲ၊ အရှင်ဥတ္တရာဇီဝမထေရ်မြတ်ဟာ သူတို့ပေါက်ရောက်မိ ၄-၅-ရက် အလိုမှာ ပျံလွန်တော်မူတယ်၊ ဆပဒမထေရ်တို့ ၅-ပါး အုပ်စု ရောက်သွားတော့ သင်္ဂြိုဟ်ပြီးပြီ။

'ဆပဒမထေရ် မျှော်လင့်ထားတဲ့အတိုင်း ဖြစ်နေတာပေါ့'

## ဂိုဏ်းကွဲခြင်းအစ

'မှန်ပါတယ် ဒကာကြီး၊ ဆပဒမထေရ် ပုဂံကိုပြန်ရောက်တာ၊ သက္ကရာဇ် ၅၄၃-ခုနှစ်၊ နရပတိစည်သူ မင်းကြီးလက်ထက်ပဲ၊ သာသနာတော် စည်ပင်ထွန်းကား နေတုန်းပဲ၊ မင်းကြီးကလဲ စာတတ် ပေတတ် သီဟိုဠ်ပြန်အဖွဲ့ကို အင်မတန်ကြည်ညိုလေးစားတယ်၊ အဲဒီအချိန်မှာ ဆပဒမထေရ်နဲ့ အဖော် ၄-ပါးဟာ ပုဂံပြည်သား မြန်မာရဟန်းတွေနဲ့ တပေါင်းတစုတည်း မဟုတ်ဘဲ ခွဲခြားပြီး သံဃကံပြုကြတယ်၊ အဲဒါဟာ ဂိုဏ်းကွဲခြင်း အစပဲ ဒကာကြီး'

'ဆပဒမထေရ်ရဲ့ သီဟိုဠ်ဂိုဏ်းစွဲ၊ မာနစွဲကြောင့် ဖြစ်ဟန်တူပါတယ်ဘုရား'

'ခက်တာက ရှင်ဘုရင် အကြည်ညိုလွန်တဲ့ ကိစ္စပဲ'

'ဘယ်လို လွန်တာလဲဘုရား'

'ဘုရင်က ဆပဒမထေရ်နဲ့ သီဟိုဠ်သား ရဟန်းတော် ၄–ပါးသာ သီဟိုဠ်မှာ ရဟန်းအဖြစ်ကို ရခဲ့တဲ့ ရဟန်းစစ် ရဟန်းမှန်လို့ ယူဆဟန်တူပါတယ်၊ ဧရာဝတီမြစ်လယ်မှာ ဖောင်ဖွဲ့ပြီး (ရေသိမ်ပေါ့ ဒကာကြီးရာ) ရဟန်းလောင်း မြောက်မြားစွာကို ရဟန်းခံစေတယ်၊ ဥပဇ္ဈာယ်ဆရာကတော့ ဆပဒမထေရ်နဲ့ သီဟိုဠ်ရဟန်းတော် ၄–ပါးပေါ့၊ ဒီလိုနည်းနဲ့ ဆပဒမထေရ်ရဲ့ ဂိုဏ်းဝင်ရဟန်း တွေဟာ ပွားများလာတာပေါ့ ဒကာကြီးရာ၊ အဲဒါဟာ ရှင်အရဟံ မထေရ်မြတ်ရဲ့ ပုဂံ သာသနာသက် ၁၇၄–နှစ်မြောက်မှာ ဖြစ်ပေါ်လာတဲ့ ပထမဆုံး အကြိမ် ဂိုဏ်းကွဲမှုပဲ'

'အိန္ဒိယမှာ ပထမသင်္ဂါယနာရဲ့ နောက်ပိုင်း ဒုတိယ သင်္ဂါယနာ၊ တတိယသင်္ဂါယနာ ခေတ်တွေမှာ ဂိုဏ်းတွေ အစိတ်စိတ် အမြွာမြွာ ကွဲသွားတဲ့ သာဓကရှိနေတော့ ပုဂံမှာလဲ ဂိုဏ်းကွဲမှုဟာ တစ်ဆင့်ပြီး တစ်ဆင့် ကွဲအုံးမှာပေါ့ ဘုရား'

'ဆပဒမထေရ် ပျံလွန်တော်မူပြီးသည်နောက် အရှင်သီဝလိ မထေရ်၊ အရှင်တာမလိန္ဒမထေရ်၊ အရှင်အာနန္ဒာမထေရ် သုံးပါး ကျန်ရစ်ခဲ့တယ်။ အဲဒီ သုံးပါးဟာလဲ ကိုယ့်တပည့် ကိုယ့်ဂိုဏ်းနဲ့ သီးခြား တစ်ဂိုဏ်းစီ ဖြစ်ကြပြန်တယ်။ အဲဒီ အချိန်မှာ ပုဂံပြည်၌–

(၁) သထုံပြည်မှလာသော သာသနာဆက် ရဟန်းသံဃာ တစ်ဂိုဏ်း၊

(၂) သီဟိုဠ်သား သီဝလိမထေရ်ရဲ့ တပည့်ရဟန်း သံဃာ တစ်ဂိုဏ်း၊

(၃) သီဟိုဠ်သား တာမလိန္ဒမထေရ်ရဲ့ တပည့်ရဟန်းသံဃာ တစ်ဂိုဏ်း၊

(၄) သီဟိုဠ်သား အာနန္ဒာမထေရ်ရဲ့ တပည့်ရဟန်းသံဃာ တစ်ဂိုဏ်း–ရယ်လို့ သံဃာဂိုဏ်းကြီး ၄–ဂိုဏ်း ဖြစ်လာတာပဲ ဒကာကြီး’

## အခန်း (၂၂)

### မ, ကိစ္စနှင့် လာဘ်လာဘ

'ဂိုဏ်းဆိုတာ အမှန်ကတော့ ပထမဦးဆောင်သွားတဲ့ ဆရာသမားကို အစွဲပြုပြီး ဒီဆရာတော်ရဲ့ တပည့် အစဉ်အဆက်တွေကို ခေါ်ဝေါ်ပညတ်ခြင်းပဲ၊ သင်ကြားရတဲ့ ပိဋကတ်တော်တွေမှာတော့ အတူတူပဲ၊ ကွဲပြားခြင်းမရှိဘူး၊ အေး–သက်ဆိုင်ရာ ဂိုဏ်းဂဏ အဖွဲ့အစည်းတွေမှာ အနေအထိုင် ကျင့်သုံးမှု စည်းမျဉ်းဥပဒေကတော့ ကွဲလွဲမှုရှိနိုင်တာပေါ့လေ၊ အဲဒါကတော့ မူလဆရာသမားရဲ့ အဆုံးအမ စည်းမျဉ်းဥပဒေကို တပည့် အစဉ်အဆက်က လိုက်နာကျင့်သုံးကြခြင်းပါပဲ၊ ဥပမာ အထက်အညာ ရွှေကျင်ဒေသဇာတိဖြစ်တဲ့ ပထမရွှေကျင် ဆရာတော်ကြီးကို အကြောင်းပြုပြီး ရွှေကျင်ဆရာတော် ဘုရားကြီးက ဆင်းသက်လာတဲ့ တပည့်အဆက်အနွယ်အားလုံးကို ရွှေကျင်။ ရွှေကျင်ဆရာတော်ဘုရား၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား အစရှိတဲ့ ဆရာတော်ဘုရားကြီးများက တပည့် ရဟန်းတော်များ လိုက်နာကျင့်သုံးဖို့ ချမှတ်တဲ့ စည်းမျဉ်းကို ရွှေကျင်ဂိုဏ်း စည်းမျဉ်းလို့ ခေါ်ကြ သိမှတ်ကြတာပါပဲ၊ အခြား သုဓမ္မာ၊ ဒွါရ အစရှိသည်တို့ဟာလဲ ဒီအတိုင်းပါပဲလို့ ထင်ရှားတဲ့

မဟာထေရ် ဆရာတော်ကြီး တစ်ပါးထံမှ တပည့်တော် ကြားနာမှတ်သားရဖူးပါတယ်'

'ဟုတ်ပါတယ်၊ မြန်မာပြည်ဂိုဏ်းကွဲပုက အိန္ဒိယမှာ ကွဲပုံကွဲနည်းမျိုး မဟုတ်ဘူး၊ အိန္ဒိယမှာ ဒုတိယနဲ့ တတိယ သင်္ဂါယနာ အချိန်မှာ ဂိုဏ်း ၁၈–ဂိုဏ်းအထိ ကွဲသွားပုံက ဘုရားဟော ပိဋကတ်ဒေသနာတော်တွေကိုပါ ဖြုတ်လိုဖြုတ် ပြင်လိုပြင်နဲ့ မူရင်းပျောက်ကွယ်သွားမလောက်အထိ ကွဲသွားကြတာဒကာကြီး၊ အင်မတန်ဆိုးပါတယ်၊ ဘုန်းကြီး တို့မှာက ဒီလိုမဟုတ်ပါဘူး၊ ဝိနည်းဆိုရင် အကျင့်သိက္ခာနဲ့ပတ်သက်လို့ မပြောပလောက်တဲ့ အယူအဆကွဲလွဲမှုလောက်ပဲ ရှိတယ်လို့ ဘုန်းကြီးထင်ပါတယ်'

'ကဲ ပုဂံပြည်က ဆပဒမထေရ်နဲ့ အဖွဲ့ဝင် ၄–ပါးတို့ရဲ့ အဖြစ်အပျက် ကလေးတွေကို ဆက်ပါဦးဘုရား'

'ဟုတ်ပြီ၊ အဲဒီမှာလဲ ဂိုဏ်းကွဲရပုံအကြောင်း ပါလာပါလိမ့်မယ်၊ ဒါပေမဲ့ သီဟိုဠ်ရဟန်းတော် ၄–ပါးအနက် မ,ပြဿနာပေါ်ရတဲ့ ရဟန်းတစ်ပါး အကြောင်းကို ပထမ ပြောရအုံးမယ်'

'ကောင်းတာပေါ့ ဘုရား၊ မ,ပြဿနာက လူတိုင်း စိတ်ဝင်စားတဲ့ ကိစ္စပဲဟာ မပြောလို့ ဘယ်ဖြစ်မလဲဘုရား'

'အင်း–ဒကာကြီးကတော့ ဘုန်းကြီးကို အဆင်းတွန်းပို့နေပြန်ပြီ ထင်တယ်'

'မဟုတ်ပါဘူး ဘုရား၊ တပည့်တော်တို့က ဒီနှစ်ခု သာသနသန့်ရှင်းရေးအကြောင်း ဆွေးနွေးနေတာပဲဟာ ဒီကိစ္စ မပါရင် မပြီးဘူး ဘုရား၊ တစ်ခုတော့ရှိသပေါ့ဘုရား တချို့ကတော့ ကြိုက်နှစ်သက်မယ် မဟုတ်ဘူးပေါ့'

## သီဟိုဠ်ကိုယ်တော်လေးနဲ့ နန်းတွင်းကခြေသည်

'ကဲ–ဒကာကြီးက တိုက်တွန်းတော့ ပြောရမှာပဲ၊ တစ်နေ့တော့ နရပတိစည်သူမင်းဟာ သူ့အင်မတန် ကြည်ညိုပြီး ဖြစ်နေတဲ့ ဆပဒမထေရ်နဲ့ သီဟိုဠ်သား မထေရ် ၄–ပါးကို နန်းတော်ပင့်ပြီး အလှူကြီးပေးတယ်၊ အဲဒီ အလှူမှာ အများ ပရိသတ်အတွက် အကသဘင်နဲ့ ဧည့်ခံဖျော်ဖြေတယ်၊ အဲဒီမှာ အရှင်ရာဟုလာဆိုတဲ့ သီဟိုဠ်သား မထေရ်တစ်ပါးက ကပြ ဖျော်ဖြေနေတဲ့ ကချေသည်မကလေးကို အာရုံစိုက်ပြီး ကြည့်မိတယ်၊ ကချေသည်မလေးက ကိုယ်လုံး ကိုယ်ထည် ကောင်းကောင်း အဆစ်အချိုးကလဲကျ၊ လှကလဲ အင်မတန်လှ ဆိုသကိုး ဒကာကြီးရဲ့'

'ဒီတော့ အရှင်ရာဟုလာကိုယ်တော် မနေနိုင်တော့ဘူး ဆိုပါတော့ဘုရား'

'ဝိသဘာဂ အာရုံဆိုတာ မခံနိုင်ဘူး ဒကာကြီးရဲ့ ကချေသည်မကလေးကို တပ်မက်တဲ့ ရာဂစိတ် လောင်ကျွမ်းစ ပြုလာပြီး၊ ဒီတော့ ကျောင်းကို ပြန်ရောက်တယ် ဆိုရင်ပဲ သာသနာတော်မှာ မပျော်ပိုက်တော့တဲ့အကြောင်း၊ လူထွက်

လိုတဲ့အကြောင်း အဖော်ဖြစ်တဲ့ ဆပဒမထေရ်နဲ့ ကျန်သီဟိုဠ်ရဟန်းတော် ၃–ပါးကို ပြောပြဝန်ခံတယ်'

'တပည့်တော် ခပ်စောစောက လျှောက်ထားတဲ့ ဗဟန်းဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် မဟာနာယက ဆရာတွေ်ာ အရှင်ဝါသဝါဘိဝံသ မထေရ်မြတ်ရဲ့ သတိပေး တေးထပ်ထဲက 'ကာမဂုဏ် ညှော်လေပင့်တော့ လေလွင့်ရပြန်ပြီ' ဆိုတာမျိုး ဖြစ်နေရှာပြီပေါ့ဘုရား။ စကားစပ်လို့ လျှောက်ထားရဦးမယ်၊ အခု ဆရာတော်ပြောပြတဲ့ အရှင်ရာဟုလာရဲ့ ဇာတ်လမ်းဇာတ်ကွက် ကလေးနဲ့ စပ်လျဉ်းပြီး ပခုက္ကူ ဆရာတော် ဦးကေလာသက ပခုက္ကူမဟာဝိသုတာရာမ နိကာယ သာသနာဝင်ကျမ်း စာမျက်နှာ–၁၅၁ မှာ အနုသာသနီဆိုပြီး ဂါထာတစ်ပုဒ်ကို ကောက်နုတ်ဖော်ပြထားတယ်၊ အနက်လဲပေးထားတယ်၊ ဒီလိုဘုရား'

အတိဒူရေဝ ဟောတဗ္ဗံ၊ ဘိက္ခုနာ နာမ ဣတ္ထိဘိ။
ဣတ္ထိယော နာမ ဘိက္ခုနံ၊ ဘဝန္တိ ဣဓ ဝေရိနော။

**(သာသနဝံသပဒီပိကာ–၇၄။)**

သာသနာ့ဝန်ထမ်း(ရဟန်း)များသည် မိန်းမတို့နှင့် ဝေးစွာရှောင်ကြဉ်သင့်သည်၊ အလွန်ဝေးကွာစွာ ဆက်ဆံသင့်သည်၊ မိန်းမတို့သည် ဤသာသနာတော်၌ ရဟန်းတော်တို့၏ ရန်သူစင်စစ်တို့သာတည်း။

## မစင်ကြဲယ်ရင် လူထွက်တာ အကောင်းဆုံး

'သီဟိုဠ်သား အရှင်ရာဟုလာဟာ လူညံ့ မဟုတ်ဘူး ဒကာကြီးရဲ့၊ ခုဒ္ဒသိက္ခာကျမ်းကို ပို့ချနေတဲ့ ဝိနယဓရပုဂ္ဂိုလ်၊ ဒါပေမဲ့ ကချေသည်မကလေးရဲ့ ရူပါရုံအလှကြောင့် သတိသမ္ပဇဉ်ဉာဏ် ကင်းလွတ်ရရှာတော့ သီတင်းသုံးဖော်ဖြစ်တဲ့ ဆပဒမထေရ်တို့က လူမထွက်ဖို့ ဖျောင်းဖျ ပြောပြသော်လဲ နားမဝင်နိုင်ဘူး၊ ဒီတော့ အရှင်ရာဟုလာ နရပတိစည်သူမင်းဟာ တို့ကို အင်မတန် ကြည်ညိုပြီး နေတယ်၊ အခုသူရဲ့ သာမန် ကချေသည်မကလေးတစ်ဦးကို အကြောင်းပြုပြီး စုံမက်ချစ်ခင်တဲ့ အတွက် သင်လူထွက်တယ်ဆိုရင် တို့ ၄-ပါးစလုံး အရှက်ကွဲ ရလိမ့်မယ်၊ ဂုဏ်သိက္ခာကျရလိမ့်မယ်၊ ဘုရင်နဲ့တကွ အများရဲ့ အကြည်ညိုမဲ့ပြီး အကဲ့ရဲ့ခံရလိမ့်မယ်၊ ဒါကြောင့် သင်သည်းမခံနိုင်လို့ လူထွက်မယ်ဆိုရင်တော့ ပုဂံမှာ မထွက်ပါနဲ့၊ မလ္လာယုကျွန်း (မလေးရှား)ကို သင်္ဘောနဲ့ လိုက်သွားပြီး ဟိုဒေသရောက်တော့မှ သင့်သဘောအတိုင်း လုပ်ပါလို့ ဝိုင်းဝန်းပြီး ပြောကြရသတဲ့'

'ရဟန်းဆိုတာ မလွယ်ဘူးဘုရား၊ ကိုယ့်အတွက်သာ မဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်ရှိ ရဟန်းတော်တွေ အတွက်ပါ သိက္ခာစောင့်စည်းဖို့ လိုတယ် ဘုရား၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်ရအောင်ပေါ့လေ'

'ဟုတ်ပါတယ်၊ ဒါနဲ့အရှင်ရာဟုလာလဲ ဆပဒမထေရ်တို့ရဲ့ စကားကို နားထောင်ပြီး ပုသိမ်ကတစ်ဆင့် မလ္လာယုကျွန်းသို့ သင်္ဘောနဲ့ ထွက်ခွါသွားတယ်၊ မလ္လာယု ရောက်တော့ ခုဒ္ဒသိက္ခာကျမ်းကို ဋီကာနဲ့တကွ ဝိနည်းအဆုံး အဖြတ်တွေကို သင်ကြား

ပို့ချပေးတဲ့အတွက် မလ္လာယုမင်းက အရှင်ရာဟုလာကို ပတ္တမြားတွေ၊ သပိတ်တစ်လုံးစာ လှူတယ်။ ပတ္တမြားတွေ ရပြီးတဲ့နောက် အရှင်ရာဟုလာဟာ သာသနာတော်မှာ မပျော်မွေ့တဲ့အတိုင်း လူထွက်လိုက်တယ်လို့ သာသနာလင်္ကာရ ကျမ်းမှာ တွေ့ရတယ် ဒကာကြီး’

ဝိနည်းကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပဲဟာ၊ ရဟန်းအဖြစ်နဲ့ မိမိ ကိုယ်ကို မနောကံအားဖြင့် ဖြစ်စေ၊ သန့်ရှင်းစင်ကြယ်မှု မဖြစ် တော့ဘူးလို့ ထင်ရင် လူထွက်တာ အကောင်းဆုံးပေါ့ ဘုရား။ အပြစ်ကင်းတာပေါ့၊ အပြစ်ရှိပါလျက်နဲ့ အရဟတ္တဓဇ ဖြစ်တဲ့ သင်္ကန်းကို မစွန့်လွှတ်ဘဲ ဖွတ်နေမယ် ဆိုရင်တော့ သာသနာတော် အတွက်လဲ ညစ်နွမ်းမယ်၊ အရုပ်ဆိုးမယ်၊ သူ့အဖို့လဲ အပါယ် ဘေးနဲ့ နီးတာပေါ့ ဘုရား။ အခု အရှင်ရာဟုလာရဲ့ နည်းဟာ နည်းကောင်း လမ်းမှန်ပဲဘုရား၊ နောက်ပြီးတော့’

‘အင်း–ဆိုပါဦး ဒကာကြီး၊ နောက်ပြီးတော့ ဘာဖြစ်လဲ’

‘ဆပဒမထေရ်ရဲ့ ကျန်တဲ့ သီဟိုဠ်ရဟန်းတော် ၃–ပါး ဟာလဲ အင်မတန် လိမ္မာပါးနပ်တယ်လို့ ဆိုရမယ်၊ ကိုယ့်သီတင်း သုံးဖော် တစ်ဦးရဲ့အပြစ်ကို မြင်တွေ့နေရရင် လျှို့ဝှက်မထားဘူး၊ ထုတ်ဖော်ပြီး ဆိုဆုံးမတယ်၊ ကောင်းရာကို သကိပေး ညွှန်ကြားတယ်၊ ဖုံးလားဖိလားနဲ့ သူတော်ကောင်းယောင် ဆောင်မနေကြဘူးပေါ့ ဘုရား။ တစ်နည်း အလိုတူ အလိုပါ မလုပ်ဘူးပေါ့ ဘုရား။ နောက်တစ်ချက်က မိမိတို့အတွက်ရော သာသနာတော်အတွက်ပါ မထိခိုက်အောင် ကာကွယ်တားဆီး

ကြတယ်၊ အရှင်ရာဟုလာကို သင်ဒီဒေသမှာ မနေနဲ့တော့လို့ နှင်ထုတ်လိုက်တဲ့ သဘောဟာ သာသနာတော် မညှိုးနွမ်းအောင်၊ မင်းရဲ့ အကြည်ညို မပျက်အောင် ဆောင်ရွက်လိုက်ခြင်းပဲလို့ တပည့်တော် မြင်ပါတယ် ဘုရား၊ ဆပဒမထေရ်ကို သာဓု ခေါ်ပါတယ် ဘုရား'

'ဒကာကြီး အယူအဆဟာ မှန်ပါတယ်၊ အရှင်ရာဟုလာတို့ ဆပဒမထေရ်တို့ရဲ့ အဖြစ်အပျက် သာဓကဟာ ဘုန်းကြီးတို့အဖို့ သင်ခန်းစာ ယူစရာပါပဲ၊ ကဲ–အခု ဆပဒ မထေရ်တို့အကြောင်း ဆက်ပြီးပြောရဦးမယ်'

'မှန်ပါဘုရား'

'ဆပဒမထေရ်နဲ့ သီဟိုဠ်သား ရဟန်းတော် ၄–ပါးဟာ ပုဂံရောက်တော့ မြန်မာရဟန်းတွေနဲ့ ခွဲခြားပြီး ကံပြုတဲ့အကြောင်း၊ ဂိုဏ်းသီးခြား ဖြစ်လာတဲ့အကြောင်း ဘုန်းကြီးပြောပြီးပြီနော်'

'မှန်ပါဘုရား'

## လာဘ်လာဘကြောင့် ကွဲကြပြန်ပြီ

'ကာလကြာလို့ ဆပဒမထေရ် ပျံလွန်တော်မူသွားပြီး တဲ့နောက်၊ ကျန်ရှိနေသေးတဲ့ သီဝလိ၊ တာမလိန္ဒ၊ အာနန္ဒမထေရ် သုံးပါးတို့ဟာ ကျမ်းဂန် စာပေ ပို့ချပြီး ပရိယတ္တိသာသနာကို ဆက်လက် ဆောင်ရွက်သွားကြတယ်။ ဒါပေမဲ့ ဝိနည်းသိက္ခာနဲ့ ပတ်သက်ပြီး ဒီရဟန်းတော် သုံးပါးဟာ ကွဲကြပြန်တယ်၊

ဂိုဏ်း သုံးဂိုဏ်း ဖြစ်လာတယ်၊ ဂိုဏ်းကွဲဖြစ်လာပုံက ဒီလို ဒကာကြီးရဲ့။ တစ်ခါတော့ ရှင်ဘုရင်က အဲဒီ ရဟန်းတော် ၃–ပါးကို ဆင်ပေါက်တစ်ကောင်စီ လှူဒါန်းတယ်၊ အရှင်သီဝလိနှင့် အရှင်တာမလိန္ဒမထေရ် ၂–ပါးက မအပ်ဘူး၊ မလျော်ဘူးလို့ ယူဆပြီး သူတို့ရတဲ့ ဆင်နှစ်ကောင်ကို တောထဲမှာ ဘေးမဲ့ လွှတ်ပစ်လိုက်တယ်၊ အာနန္ဒာမထေရ်ကတော့ သူရရှိတဲ့ ဆင်ကို ကိဋ္ဌိပူရမြို့မှာရှိတဲ့ ဆွေတွေ မျိုးတွေဆီကို ပုသိမ်မှ တစ်ဆင့် သင်္ဘောနဲ့ တင်ပို့လိုက်တယ်။ ဒီလို အလှူခံရရှိတဲ့ ပစ္စည်းကို ဆွေမျိုးတွေဆီ ပေးပို့တာဟာ တရားနဲ့မလျော်ဘူးလို့ မထေရ် ၂–ပါးက ဆိုတယ်တဲ့၊ အာနန္ဒာမထေရ်က မင်္ဂလာတရားတော်နဲ့ အညီ ဆွေမျိုးကို ထောက်ပံ့ခြင်း ဖြစ်တယ်၊ အပြစ်မဖြစ်ဘူးလို့ ချေပတယ်’

‘အင်း– ဝိနည်းနဲ့ မလျော်ညီတဲ့ ကိစ္စကို မင်္ဂလာ တရားတော်နဲ့ လှဲ့ပြီး ယုတ္တိ ယုတ္တာနဲ့ ကိုယ်လိုရာ ဆွဲပြောတာပါပဲ၊ လူတွေဟာ ခက်ပါတယ် ဘုရား၊ အမှားကို အမှန်လုပ်၊ အမှန်ကို အမှားလုပ်နဲ့ ပရိယာယ်ဝေဝုစ်တွေက အလွန်များ ပါတယ်၊ ဘုရားမကြိုက်တဲ့ အလုပ်ဆိုရင် မလုပ်ဘဲနေတာက ကောင်းတယ်၊ ဆင်ခြေ ဆင်လက်တွေ ကန်မနေနဲ့ပေါ့ ဘုရား’

‘အဲဒီလို ဆင်ကိစ္စနဲ့ အငြင်းပွားပြီး မထေရ် ၂–ပါးက တစ်ဘက်၊ အရှင်အာနန္ဒာက တစစ်ဘက် ၂–ဂိုဏ်း ကွဲသွား ကြတယ်’

‘ညှိမရရင်တော့ ကွဲကြမှာပေါ့လေ’

'နောက် အရှင်သီဝလိနဲ့ အရှင်တာမလိန္ဒတို့ မထေရ် ၂-ပါး အတွင်းမှာ ပြဿနာပေါ်လာပြန်ရော ဒကာကြီး'

'မှန်ပါဘုရား'

'အရှင်တာမလိန္ဒ မထေရ်ဟာ သဘောရိုးနဲ့ပဲ ပညာထူးချွန်တဲ့ တပည့်တွေကို ချီးမြှောက်လိုလို့ ဘယ်သူဟာဖြင့် ဘယ်လိုတော်တယ်၊ ပစ္စည်းလေးပါး ပြည့်စုံရင် အဲဒီ ပုဂ္ဂိုလ်ဟာ ပရိယတ် ပဋိပတ် သာသနာကို ဘယ်လိုစွမ်းဆောင်နိုင်လိမ့်မယ် စသည်ဖြင့်ပေါ့လေ မှူးမတ်၊ သူဌေး၊ သူကြွယ်တွေကို သွယ်ဝိုက်တဲ့ နည်းနဲ့ ဆွယ်တရား ဟောတယ်ဆိုပါတော့လေ'

'ခုခေတ်လဲ ဒါမျိုးတွေရှိသပေါ့ ဘုရား၊ ကိုယ့်အတွက်ရော၊ ကိုယ့်အဆွယ်အပွားတွေအတွက်ရောပါပဲ'

'အဲဒီလို အရှင်တာမလိန္ဒရဲ့ လုပ်ဆောင်ချက်တွေကို အရှင်သီဝလိ မထေရ်ကကြားသိတော့၊ အရှင်တာမလိန္ဒ ဒီကိစ္စဟာ မသင့်လျော်ဘူး၊ မြတ်စွာဘုရားဟာ ဝစီဝိညတ်ဖြင့် ဖြစ်စေတဲ့ လာဘ်လာဘ ပစ္စည်းကို စက်ဆုပ်ရွံရှာတော်မူတယ်၊ ယခု အရှင်လုပ်ဆောင်နေတာဟာ ဝစီဝိညတ်ဖြင့် ဖြစ်စေတဲ့ လာဘ်လာဘ ပစ္စည်းတွေဖြစ်နေပြီ၊ တရားနဲ့ မလျော်ဘူးလို့ တားမြစ်တယ်'

'အရှင်သီဝလိမထေရ်ဟာ ကြည်ညိုစရာပဲပေါ့ ဘုရား၊ ဝိနည်းရိုသေတဲ့ ပုဂ္ဂိုလ်ဟာ နဲနဲမှ အစွန်းအထင်း မခံဘူးဆိုတဲ့ သာဓကပဲပေါ့'

'အရှင်တာမလိန္ဒက ဒီပစ္စည်းတွေဟာ သူ့အတွက် မဟုတ်ဘူး၊ အများသံဃာအတွက် ဖြစ်တယ်၊ ကိုယ့်အတွက် ဆိုရင်သာ ဝစီဝိညတ်နဲ့ မလွတ်ဘူးလို့ အကြောင်းပြ ချေပတယ်၊ အရှင်သီဝလိမထေရ်ရဲ့တားမြစ်ချက်ကို လက်မခံဘူး၊ ဒီတော့ အရှင်သီဝလိ မထေရ်က တာမလိန္ဒမထေရ်နဲ့ အပေါင်းအဖော် လုပ်လို့ မဖြစ်တော့ဘူး–ဆိုပြီး သီးခြား ကံဆောင်တယ်၊ ဂိုဏ်းလဲ ကွဲသွားတယ်'

'သုံးပါးရှိတာ သုံးဂိုဏ်း ကွဲတယ်ဆိုတော့ ခုခေတ်က အများကြီး တော်နေသေးတာပေါ့ ဘုရား'

'မူလရှိရင်းစွဲနဲ့ ဆိုရင် လေးဂိုဏ်းကွဲတယ် ဒကာကြီး၊ နောက်တော့ သုဝဏ္ဏဘူမိ သထုံကလာတဲ့ ရှင်အရဟံမထေရ်တို့ရဲ့ အဆက်အနွယ်အားလုံးကို ပုရိမသံဃာ သီဟိုဠ်က ရောက်လာတဲ့ ကျန်သုံးဂိုဏ်းအစုကို ပစ္ဆိမသံဃာလို့ ခွဲခြားပြီး သတ်မှတ် ခေါ်ဝေါ် ကြတယ်'

# အခန်း (၂၃)

## ပုဂံခေတ်နောက်ပိုင်း သာသနာ

'ဒကာကြီးနဲ့ ဆွေးနွေးရတာ နေအတော်စောင်းသွားပြီ၊ ညနေ ၅–နာရီလောက် ရှိပြီထင်တယ်'

'၅–နာရီခွဲတော့မယ် ဘုရား၊ ဒါပေမဲ့ ဆရာတော်က နက်ဖြန် သဘက်ပြန်ကြွတော့မှာဆိုတော့ နောက်ထပ်တွေ့ကြဖို့ မလွယ်ဘူးဘုရား၊ ဒီတော့ သန်းခေါင်တိုင်သွားပါစေ ဘုရား၊ ဒီကနေ့ အပြီးအပြတ် ဆွေးနွေးမှဖြစ်မယ် ဘုရား'

'ဒကာကြီးကတော့ သာသနာရေးကိစ္စဆိုရင် ဇွဲဝီရိယ ကောင်းပါတယ်၊ ဒကာကြီး ဆန္ဒအတိုင်း ဖြစ်ရစေမပေါ့၊ ကဲ– ပုဂံခေတ် အကြောင်းတော့ လိုရင်းကို ပြောပြခဲ့ပြီ၊ အခု ပုဂံခေတ် နောက်ပိုင်းကာလ သာသနာ အရေးတော်ပုံတွေ အကြောင်း ဆက်ကြဦးစို့'

'မှန်ပါဘုရား'

'ပုဂံခေတ် နောက်ပိုင်းဆိုတာ ရာမညတိုင်း အပါအဝင် တစ်နိုင်ငံလုံးအတွက် ပြောတာ၊ အဲဒီမှာလဲ နောက်ဆုံး မြန်မာဘုရင် သီပေါမင်းအထိ ခေတ်ကာလ တစ်ပိုင်း၊ သီပေါမင်း နန်းကျ

ပြီးသည့်နောက် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်နဲ့ ယနေ့ လွတ်လပ်ရေး ခေတ်အထိက တစ်ပိုင်း၊ အဲဒီလို နှစ်ပိုင်းခွဲပြီး ဆွေးနွေးရအောင်၊ အချိန်ကလဲမရတော့ တိုတိုကျဉ်းကျဉ်းနဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေလောက်ကိုသာ ပြောကြစို့'

'ကောင်းပါတယ် ဘုရား၊ ခေတ်လူငယ်တွေအဖို့ မှတ်သား ထားစရာတွေလဲ ပါရမပေါ့ ဘုရား'

'ဒကာကြီး ပြောမှပဲ သတိရတော့တယ်၊ အနာဂတ် သာသနာဟာ ခေတ်လူငယ်တွေရဲ့ လက်ထဲမှာ ရှိတာ အမှန်ပဲ၊ သူတို့က သာသနာတော်ကို လက်ဆင့်ကမ်းသွားရမဲ့ လူတွေ မဟုတ်လား၊ သူတို့တွေ အသိပညာဉာဏ်နဲ့လို့ ကိုးရိုးကားရား ဖြစ်သွားမယ်ဆိုရင် သာသနာတော်ဟာ ရေစုန်ကို မျောလိမ့်မယ် ဒကာကြီး၊ သူတို့တွေ (ရဟန်း သာမဏေငယ်တွေရော၊ လူငယ်တွေပါ) အသိမှန် အမြင်မှန်ရဖို့ မြတ်စွာဘုရား သာသနာတော်အပေါ် ယုံကြည်လေးစားမှု၊ မြတ်နိုးမှုရှိဖို့ အင်မတန် လိုအပ်ပါတယ် ဒကာကြီး၊ ဒီတော့ ဘုန်းကြီးတို့ ဒကာကြီးတို့က လူငယ်တွေကို မှန်ကန်တဲ့ အသိဉာဏ်ပေးရမယ်၊ ကိုယ်အနေ အစား ချောင်ဖို့၊ ဘုန်းကံကြီးဖို့လောက်ကိုသာ အာရုံစိုက် မနေကြစေချင်ဘူး၊'

'မှန်ပါတယ် ဘုရား၊ တပည့်တော်လဲ လူငယ် ရဟန်း သာမဏေငယ်တွေကိုပဲ ဦးတည်ပြီး ကြိုးစားနေတာပါ ဘုရား'

'ကောင်းတယ် ဒကာကြီး၊ ကဲ ပုဂံခေတ်နောက်ပိုင်း အကြောင်း ပြောကြဦးစို့၊ ပုဂံပြီးရင် မြင်စိုင်းခေတ်၊ ပင်းယခေတ်၊

စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ပေါ့လေ၊ မင်းအဆက်ဆက်မှာ သာသနာတော်ဟာ ကောင်းချည် တစ်ခါ ဆိုးချည်တစ်လှည့် ဖြစ်ခဲ့တယ် ဒကာကြီး'

'မှန်ပါဘုရား'

'ဒါပေမဲ့ ထေရဝါဒ သာသနာတော်ကို မပစ်ပယ်ဘဲ မြဲမြဲကြီး ဆုပ်ကိုင်ထားနိုင်ခဲ့တယ်၊ ယနေ့အထိပေါ့လေ၊ နှစ်ပေါင်း ၁၀၀၀–ခန့်ရှိနေပြီ၊ မပြိုကွဲဘူး၊ ပျောက်ပျက် မသွားဘူး၊ အရှိန်ကောင်းတုန်းပဲ၊ သာသနာကို တိုက်ရိုက်ထိခိုက်တဲ့ ပြင်ပရန်ကတော့ တစ်ချို့–နှစ်ချို့ လောက်ပဲ တွေ့ရတယ်'

## သိုဟန်ဘွားနှင့် သန်လျင်ငစင်ကာ

'ဂ–ငယ်သုံးခု ဉသျှစ်ထု(၈၈၈)ခုနှစ်၊ ကိုန်းအရ အင်းဝမှာ နန်းတက်တဲ့ ဘုရင်သိုဟန်ဘွားက ရဟန်းတော် ၁၃၀၀–ကျော်ကို တစ်နေရာတည်းမှာ ပင့်ဖိတ်ပြီး သတ်ပစ်တယ်၊ ပိဋကတ် စာပေတွေကို မီးရှို့ပစ်တယ်၊စေတီတွေကို ဖြိုဖျက်ပြီး ဌာပနာ ရွှေငွေပစ္စည်းတွေကို ဖောက်ယူတယ်၊ မသေလို့ ကျန်နေသေးတဲ့ ရဟန်းတော်တွေလဲ အောက်ပြည်အောက်ရွာနဲ့ ဝေးရာဒေသသို့ တိမ်းရှောင်သွားကြရတယ်လို့ ရာဇဝင်သမိုင်းမှာ တပည့်တော် ဖတ်ရဖူးပါတယ် ဘုရား'

'ဒကာကြီးပြောတဲ့ သိုဟန်ဘွားဟာ အင်းဝမှာ ၁၅–နှစ် တိုင်တိုင် အာဏာရနှိပ်စက်ခဲ့တယ်။ နောက်တစ်ဦး ရှိသေးတယ်။ သန်လျင်မြို့က ကုလားဗရင်ဂျီ ငစင်ကာဟာလဲ သာသနာတော်ကို

ဖျက်ဆီးနှိပ်စက်ခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀–လောက်က ဆိုပါတော့၊ သူက ပေါ်တူဂီလူမျိုး၊ ဗရင်ဂျီဘာသာဝင် ၁၂–နှစ် တိုင်တိုင် သန်လျင်မြို့ကို ဗဟိုထားပြီး ရာမညတိုင်း တစ်တိုင်း လုံးကို သူ့ရဲ့အာဏာစက် လွှမ်းမိုးသွားတယ်’

‘ဘာသာခြား တိုင်းတပါးသားဆိုတော့ ပိုဆိုးမှာပေါ့ ဘုရား’

‘ငစင်ကာက စေတီဘုရားပုထိုးတွေ ဖျက်ဆီးပစ်တယ်၊ အတွင်းဌာပနာ ပစ္စည်းတွေ ယူတယ်၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုတော်တွေကို အရည်ကြိုပစ်ပြီး နိုင်ငံခြား ယူသွားတယ်၊ အရောင်းအဝယ်လုပ်တယ်၊ အဲဒါက အကြမ်းနည်း’

‘မှန်ပါ့ဘုရား’

‘ပရိယာယ်နည်းကတော့ အလဇ္ဇီရဟန်းတွေကို မွေးတယ်၊ အလဇ္ဇီဝါဒ ထွန်းကားလာအောင် အားပေးတယ်’

‘အလဇ္ဇီတွေ၊ ဒုဿီလတွေ များလာရင်လဲ သာသနာ ပျက်တာပဲကိုး ဘုရား၊ ဒါလဲ သာသနာဖျက်နည်း တစ်မျိုးပေါ့ ဘုရား၊ တပည့်တော်တို့ သတိထားသင့်တဲ့ ကိစ္စပဲဘုရား’

‘အဲဒီအချိန်မှာ ပင်လယ်ရပ်ခြားက အလဇ္ဇီရဟန်းတွေလဲ ရောက်လာတယ်၊ ငစင်ကာ–က အားပေးချီးမြှောက်လုပ်တယ်၊ ဒီတော့ အလဇ္ဇီရဟန်းတွေတင်မကဘူး၊ မင်းအာဏာကြောက်ရလို့ မင်းရဲ့အလိုကိုလိုက်ပြီး မျက်နှာရလုပ်ချင်လို့ အကြောင်းအမျိုးမျိုး ကြောင့်ပေါ့လေ၊ ရဟန်းကောင်း အချို့ပါ ပျက်စီးကုန်ကြပါ လေ့ရော . ဒကာကြီး’

'မန်ပါဘုရား'

ငစင်ကာရဲ့ အလိုအတိုင်း အလဇ္ဇီရဟန်းတွေဟာ နေ့လွဲညစာစားတယ်၊ အရက်သောက်တယ်၊ အနောက်နိုင်ငံ ပုံစံမျိုး ဦးထုပ်ဆောင်းတယ်၊ သင်္ကန်းကို ပုံစံတစ်မျိုး ရုံတယ်၊ အသွင်သဏ္ဍာန်ပါ ပြောင်းသွားတယ်၊ ငစင်ကာလက်ထက်မှာ ရဟန်းတွေသာ ဖျက်ဆီးတာ မဟုတ်ဘူး၊ လူတွေ မင်းညီ မင်းသားတွေ ဘုရင်တွေပါ ပျက်စီးသွားတယ်'

'အရက်တို့ ဘိန်းတို့ နံပါတ်–၄ တို့နဲ့ သာသနာရော၊ လူမျိုးကိုပါ ဖျက်ဆီးပစ်တာ၊ ရေးခေတ်ကလဲ ရှိတယ်၊ အခုခေတ်လဲ ရှိတယ် ဘုရား၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး တိုက်ခိုက် အနိုင်ယူကြတဲ့ နေရာမှာ အသုံးပြုတဲ့ လက်နက်ကောင်း တစ်ခုပဲ ဘုရား'

'ဘာသာရေးနဲ့ မြူဆွယ်တယ်၊ အကျင့်စာရိတ္တ ပျက်ပြီး အညွန့်တုံးအောင် လုပ်တယ်၊ အဲဒါ နိုင်ငံခြားသား ဘာသာခြားတွေရဲ့ ပရိယာယ်ပဲ ဒကာကြီး'

'ဘာသာရေးနဲ့ မြူဆွယ်တယ်ဆိုလို့ တပည့်တော် သတိထားမိတာ တစ်ခုရှိတယ်၊ ကုန်းဘောင်ခေတ် နောက်ပိုင်းလောက်မှာပေါ့၊ ဒေါက်တာဂျပ်ဆင် (ဆရာယုဒသန်)တို့ ရောက်လာပြီးတဲ့ အခါမှာ ဘတတ် ပေတတ် ရဟန်း အတော်များများဟာ လူထွက်ပြီး ခရစ်ယာန်ဘာသာ ဖြစ်ကုန်ကြတယ်လို့ ဆိုတယ်၊ ခရစ်ယာန် တရားဟောဆရာတွေထဲမှာ ဘုန်းကြီး လူထွက် တော်တော်များတယ်လို့ သိရတယ် ဘုရား၊ ဆရာ

ယုဒသန်ရဲ့ မြန်မာ–အင်္ဂလိပ် အဘိဓာန်ကြီးကို တပည့်တော် လေ့လာ ကြည့်တယ်၊ မြန်မာစာ၊ ပါဠိဝေါဟာရ အသုံးအနှုန်း တွေဟာ အဆင့်အတန်းမြင့်တယ် ဘုရား၊ ပြည့်လဲပြည့်စုံတယ်၊ အဲဒီအဘိဓာန်ကြီးဟာလဲ မွန်–မြန်မာ လူပြန်တော် ပညာရှိ တွေရဲ့ လက်ရာပါတယ်လို့ အချို့က ပြောကြတယ် ဘုရား'

'အဲဒီလို သာသနာတော်မှာ ပြင်ပ ပယောဂ ဝင်နိုင်တာဟာ ဘုန်းကြီးတို့ ကိုယ်၌က ညံ့လို့ဖြစ်တာပဲ၊ ဒီတော့ ဘုန်းကြီးတို့ သာသနာကို ကျစ်လျစ်ခိုင်မာအောင် လုပ်ရမယ်၊ အရေဒ႑တွက်မှ အရည်အချင်းသို့ဖြစ်အောင် လုပ်ရမယ် မဟုတ်လား ဒကာကြီး'

'မှန်ပါတယ်ဘုရား၊ တပည့်တော်တို့ နောက်မဆုတ်တမ်း ကြိုးစားကြရလိမ့်မယ် ဘုရား'

# အခန်း (၂၄)

## ခင်ကြီးတို့ ခေတ်

'ပင်းယခေတ် ဥစ္စနာမင်းလက်ထက် (၇၀၂–ခုနှစ်) မှာ စကားခုနစ်ကျောင်း ဆောက်လှူတာကစပြီး ပြောရမှာပဲ။ စမ္ပကာ၊ ဝေဠုဝန်၊ ဇေတဝန်၊ ကုလားကျောင်း၊ ရွှေကျောင်း၊ အိမ်နိမ့်ကျောင်း၊ တောင်စွန်းကျောင်းဆိုတဲ့ ကျောင်း ခုနစ်ကျောင်း ရှိတယ်။ ဥစ္စနာမင်းကြီးက ရှင်အရဟံနဲ့ အဆက်အနွယ် (ပုရိမသံဃာဂိုဏ်း) ရဟန်းတော်များကို ၂–ကျောင်း၊ သီဟိုဠ် အရှင်အာနန္ဒာရဲ့ အဆက်အနွယ် (ပစ္ဆိမသံဃာဂိုဏ်း) ရဟန်းတော် များကို ၅–ကျောင်း တင်လှူတယ်။ အားလုံး သီလဝန္တ၊ လဇ္ဇီ ပုဂ္ဂိုလ်များ ဖြစ်ကြတဲ့အတွက် သာသနာတော်လဲ သန့်သန့် ရှင်းရှင်းနဲ့ စည်ပင်နေတယ်၊ နောက်ပိုင်းကျတော့ ဒီသံဃာစုထဲ ကပဲ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်လာပြီး ဝိနည်းတော်နဲ့ ဆန့်ကျင်တဲ့ အပြုအမူတွေလုပ်လာ ကြတယ်။ အဲဒါကို မကြိုက်တဲ့ ရဟန်းတော် အချို့က ခွဲထွက်သွားကြတယ်၊ အချို့က တူရွင်းတောင်ခြေ တောအရပ်မှာ၊ တချို့က စစ်ကိုင်းတောင် ဘီလူးကုန်းမှာ သီတင်းသုံး တောရဆောက်တည်ကြတယ်'

'လဇ္ဇီနဲ့အလဇ္ဇီ၊ သီလဝန္တနဲ့ ဒုဿီလ တွဲနေလို့ မဖြစ်ဘာတော့ အမှန်ပဲ ဘုရား'

'အဲဒီလို စကားကျောင်း သံဃာတွေ ကွဲသွားကြပြီးတဲ့နောက်၊ မြို့ရွာအနီးမှာ သီတင်းသုံးနေတဲ့ ရဟန်းတွေကို ဂါမဝါသီဗဟုစာရ (ဂါမဝါသီဂိုဏ်း)။ တောတောင် ကျေးရွာအရပ်တွေမှာ မှီခိုသီတင်းသုံးတဲ့ ပုဂ္ဂိုလ်တွေကို တောနေကေစာရ (အရညဝါသီဂိုဏ်း)ရယ်လို့ ဖြစ်ပေါ်လာတယ် ဒကာကြီး'

'မှန်ပါဘုရား'

## ဂါမဝါသီနဲ့ အရညဝါသီ ခြားနားချက်

'မြို့နေ ဂါမဝါသီကို ပွဲကျောင်းလို့လဲ ခေါ်တယ်။ အဲဒီပွဲကျောင်းဂါမဝါသီရဟန်းတွေထဲမှာ ဝတ္တကမြေမှ အခွန်ဘဏ္ဍာကို တောင်းခံသိမ်းယူရတဲ့ ဝန်ဆောင်ရဟန်း၊ ကျောင်းရှိသံဃာကို အုပ်ချုပ်ကွပ်ကဲရတဲ့ ဝန်ဆောင်ရဟန်းဆိုပြီး တာဝန်ထမ်းဆောင်ရတဲ့ ရဟန်းတွေ ရှိတယ်၊ ဝတ္ထုကံမိုးမြေ အခွန်ဘဏ္ဍာကောက်ခံထိန်းသိမ်းတဲ့ ရဟန်းတွေဟာ နောက်တော့ သီးခြားဖြစ်လာတယ်။ အဲဒီ ရဟန်းတွေကို "သင်္ဃရာဇာ သင်္ဃဇာ"လို့ ခေါ်တယ်။ အဲဒီလို ကျောင်းဝတ္ထုကံမြေကိစ္စ၊ အခွန်ဘဏ္ဍာကိစ္စစတဲ့ အထွေထွေကိစ္စတွေ ဝင်လာတော့ ဝိနည်းသိက္ခာဘက်ကရော၊ ပရိယတ်၊ ပဋိပတ်ဘက်ကရော လျော့ရဲရဲဖြစ်လာတာပေါ့ ဒကာကြီးရာ'

'မှန်ပါဘုရား၊ ကိစ္စများမြောင်၊ လူတို့ဘောင် ဆိုတာလို ရဟန်းတော်တွေမှာလဲ ကိစ္စတွေ များမြောင်လာတော့

ကျင့်ဝတ်ဘက်က အားနဲသွားမှာ အမှန်ပဲ ဘုရား၊ ဂါမဝါသီနဲ့ အရညဝါသီ ကွာခြားချက်ဟာ ဗဟုကိစ္စနဲ့ အပ္ပကိစ္စပဲ ဘုရာ'

'အဲဒီလို မင်းမှုကိစ္စ၊ လူမှုကိစ္စတွေနဲ့ ရောထွေးလာတယ် ဆိုရင်ပဲ အနော်ရထာလက်ထက်က အကြွင်းအကျန် အရည်းကြီး တွေ၊ ရှင်ယောင်တွေဟာ ဂါမဝါသီ (ပွဲကျောင်း) ဂိုဏ်းထဲ တဖြည်းဖြည်း ဝင်လာကြတော့တာပဲ၊ ပွဲကျောင်းဂိုဏ်း ဘယ်လို ဖြစ်လာတယ်၊ နောက်ဘယ်လို ဖောက်ပြန်ကျင့်သုံးလာကြတယ် ဆိုတာ ဒကာကြီးတို့ ရှင်းရှင်းလင်းလင်း သိနားလည်စေချင်တဲ့ အတွက် ဘုန်းကြီးက အခုလို အရင်းအမြစ်က အစချီပြီး ပြောနေရတာ ဒကာကြီးရဲ့'

'ကောင်းပါတယ် ဘုရား၊ ဒါမှ တပည့်တော်တိုက ခြေခြေမြစ်မြစ် သိမှာ'

## ငါးစီးရှင် ကြည်ညိုမိတဲ့ ရဟန္တာအတု

'ရဟန်းတု ရဟန်းယောင်ဆိုတာ ခုခေတ်တွင် မဟုတ်ဘူး၊ ရှေးအခါကာလကတည်းက ရှိခဲ့တယ်၊ စကားကျောင်း ဒါယကာ ဥစ္စနာမင်းကြီးရဲ့ ညီ– ကျော်စွာ (ငါးစီးရှင်)မင်း လက်ထက်မှာ ရဟန်း အတုအယောင်တစ်ပါး တွေ့ရပုံကို ပြောရဦးမယ်။ လွန်ခဲ့တဲ့ အနှစ် ၆၀၀–ကျော်က ပေါ်ပေါက်တဲ့ကိစ္စပဲ ဒကာကြီး'

'အနှစ် ၆၀၀–ကျော် ဆိုတော့ တော်တော်ဝေးတာပေါ့ ဘုရား'

'ဟုတ်ပါတယ်၊ တစ်ခါတော့ ရှင်ယောင်တစ်ပါး သပ်သပ်ရပ်ရပ်နှင့် ပရိက္ခရာလွယ်လို့၊ ဏ္ဍနေ့ရရနဲ့ ငါးစီးရှင် စားတော်ခေါ်ခါနီးမှာ ဆွမ်းရပ်လာတယ်၊ ပြင်ပသွင်ပြင်ကို ကြည့်ပြီး ရှင်ဘုရင်က အလွန်ကြည်ညိုသွားတယ်၊ သူစားမယ် လုပ်နေတဲ့ စားတော်ပွဲကို မနောလင်ပန်းနဲ့ထည့်ပြီး ကိုယ်တိုင် တရိတသေ လောင်းလှူလိုက်တယ်၊ နောက်ပြီး ရှင်ဘုရင်က မင်းချင်းတစ်ယောက်ကို အမှတ်တမဲ့ လိုက်ကြည့်ခိုင်းတယ်၊ မသင်္ကာလို့ မဟုတ်ဘူး ဒကာကြီးရဲ့၊ သူလောင်းလှူလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ယောက်ဖြစ်ရမယ်၊ ဆွမ်းခံချိန်လွန်ပြီး မွန်းတည့်ခါနီးမှ ရောက်လာတာဟာ သာမန် မဟုတ်ဘူး၊ ဈာန်အဘိညာဉ်နဲ့ ကြွလာတဲ့ ရဟန္တာဖြစ်နိုင်တယ် ပေါ့လေ၊ အဲဒါက သူ့အတွေး သူ့ယုံကြည်ချက်'

'ခုခေတ်မှာလဲ ဒါမျိုးတွေရှိတယ် ဘုရား၊ ကြည်ညိုမိရင်၊ ယုံကြည်မိရင် အရမ်းပဲ၊ တော်,မတော်၊ ဟုတ်,မဟုတ် နှိုင်းချိန် စဉ်းစားမှု မရှိတော့ဘူး'

'အဲဒါနဲ့ ဘုရင်က ခိုင်းစေတဲ့ အတိုင်း၊ မင်းချင်း ယောကျ်ားဟာ ရဟန်းနောက်က ခပ်ခွါခွါ မယောင်မလည်နဲ့ လိုက်ကြည့်တယ်၊ နန်းတော်နဲ့ အတော်ဝေးဝေး နေရာရောက်တော့ လမ်းတစ်နေရာမှာ စောင့်မျှော်နေတဲ့ သူ့ဇနီး အမျိုးသမီးကို ရဟန်းယောင်က သူရလာတဲ့ စားတော်ပွဲကို သပိတ်ပါ လှမ်းပေးလိုက်တာ တွေ့ရတယ်၊ မင်းချင်းကလဲ အံ့အား သင့်နေသပေါ့လေ'

'တပည့်တော်တို့ ရန်ကုန်မှာ နေ့တွက်နဲ့ ကျောင်းတစ် ကျောင်းမှ သင်္ကန်းနဲ့ သပိတ်ကိုငှား၊ တစ်အိမ်တက်ဆင်း၊

ဆွမ်းလိုက်ခံ၊ အရဏ်ဆွမ်းလောင်းလှူတဲ့ နေရာတွေမှာ ဝင်တိုး၊ တန်းစီ၊ နောက်ပြီးရတဲ့ ဆွမ်း, ဆွမ်းဟင်းတွေကို အိမ်ပြန်ယူ၊ အိမ်ရောက်တော့ မယားနဲ့ကလေးတွေနဲ့အတူ ဟင်းကောင်းကျွေးကောင်း ဒါတွေကို ဝဝလင်လင် ဘုဉ်းပေးကြ၊ စားကြ၊ သောက်ကြပေါ့ ဘုရား၊ တချို့များ ပိုတဲ့ ဝက်သားဟင်း၊ ကြက်သားဟင်းတွေကို လမ်းဘေး ထမင်းဆိုင်ကလေးတွေဆီ သွားရောင်းကြသတဲ့ ဘုရား'

'အခု ဒကာကြီး ပြောတဲ့အတိုင်းဆိုရင် ဒီကိစ္စဟာ နှစ်ပေါင်း ၆၀၀–ကျော် ငါးစီးရှင်ဘုရင် လက်ထက်ကစပြီး အစဉ်အလာ ဖြစ်နေတယ်လို့ ဆိုရမလားဘဲ၊ ကဲ––ထားပါတော့လေ၊ ခုနင်က မင်းချင်းက ဉာဏ်ရှိတယ်၊ ပါးနပ်တယ်၊ သူမြင်တွေ့ခဲ့တဲ့ ရဟန်းတု၊ ရဟန်းယောင် ဖြစ်ပါတယ်လို့ အမှန်ကိုလျှောက်ရင် ဘုရင်ဟာ စိတ်မကောင်းဖြစ်မယ်၊ ဒီတော့ ဘုရင်လဲ သဒ္ဓါမပျက်အောင် သူလဲ မျက်နှာသာ ရအောင်ဆိုပြီး ဒီလို ပြန်ပြီးလျှောက်ထား သံတော်ဦးတင်သတဲ့ ဒကာကြီး'

'ဘုရင့်အကြိုက်လိုက်ပြီး ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာကောင်းကင်သို့ ပျံတက်သွားပါတယ် ဘုရားလို့ ထုံစံအတိုင်း ပုံကြီးချဲ့မှာပေါ့ ဘုရား'

'ဒီလိုမဟုတ်ဘူး ဒကာကြီး၊ အရှင်မင်းကြီး စားတော်ပွဲလှူလိုက်တဲ့ ရဟန်းဟာ ကျွန်တော်မျိုးကြီး လိုက်ကြည့်နေတဲ့ အခိုက်မှာပဲ ကွယ်ပျောက်သွားပါတယ် ဘုရားလို့ ရှင်ဘုရင်ကို ပြန်လည်လျှောက်ထားသတဲ့၊ ကွယ်ပျောက်သွားပါတယ်ဆိုတဲ့

စကားကို ရဟန္တာမှန်လို့ တန်ခိုးနဲ့ ကွယ်ပျောက်သွားတာ ဖြစ်ရမယ်လို့ ဘုရင်က သူဖြစ်စေချင်သလို ဘာသာပြန်တယ်'

'ဒါကြောင့်လဲ ခေတ်အဆက်ဆက်မှာ အတုအယောင် သမားတွေ၊ အလိမ်အညာသမားတွေ ကြီးပွားကြတာပဲ ဘုရား'

'အဲဒီလို ငါးစီးရှင် ဘုရင်ကျော်စွာ လက်ထက်ကစပြီး ဂါမဝါသီ ပွဲကျောင်း ဂိုဏ်းဝင်တွေရော၊ အရည်းကြီးတွေရော၊ ရဟန်းတု ရဟန်းယောင်တွေရော၊ ရောနှောပြီး သာသနာ့ အန္တရာယ်တွေ ဖြစ်လာတယ်၊ စာပေကျမ်းဂန်တတ် သီလဝန္တ၊ လဇ္ဇီပေသလ ရဟန်းတော်တွေလဲ ရှိသပေါ့၊ ဒါပေမယ့် ဝိနည်းတော် ပြင်ပရောက်နေတဲ့ အလဇ္ဇီတွေ၊ အတု အယောင်တွေက တဖြည်းဖြည်း လွှမ်းမိုးလာတယ် ဒကာကြီး'

'အဲဒီ ပွဲကျောင်းဂိုဏ်း ဂါမဝါသီ ခင်ကြီးတွေဟာ ဗေဒင် မန္တန်အတတ်၊ ဆေးဝါးအတတ်၊ အဂ္ဂိရတ်အတတ်၊ ဓားခုတ်၊ လှံထိုးနဲ့ သိုင်းအတတ်၊ နပန်းလက်ဝှေ့အတတ်၊ မြင်းစီး ဆင်စီး အတတ်တွေကို တတ်ကျွမ်းတယ်၊ အရပ်သားတွေကိုလဲ သင်ပေးတယ်၊ လူတွေနဲ့ ရောနှော ဆက်ဆံနေထိုင်ပြီး လူတွေရဲ့ အစေအပါးကိုလဲ ခံကြတယ်လို့ တပည့်တော် ဖတ်ဖူးတယ် ဘုရား၊ အရည်းကြီးတွေ ကျင့်စဉ် အတိုင်းပါပဲ'

## လက်ဝှေ့ချန်ပီယံ ရဟန်းကြီး

'လက်ဝှေ့ဆိုလို့ ပြောရဦးမယ်၊ အဲဒီခေတ်က ဂါမဝါသီ ပွဲကျောင်းခင်ကြီးတွေဟာ လက်ဝှေ့ပွဲတွေမှာ ဝင်ပြီး ယှဉ်ပြိုင်လေ့

သတ်လေ့ရှိကြသတဲ့၊ ဘုရင်မင်းခေါင်ကြီး လက်ထက်မှာ အသက် ၆၉–နှစ်ရှိတဲ့ အောင်စည်းခံ သင်္ဃရာဇာ ရဟန်းကြီးဟာ လက်ဝှေ့ ချန်ပီယံကြီးပဲတဲ့ ဒကာကြီးရဲ့၊ နှစ်စဉ် လက်ဖွဲ့ အနိုင်ရတဲ့ဆု မြင်း ၁၅–စီး၊ ၂၀–ရတယ်၊ တစ်နေ့တော့ ကုန်းဘောင်စော်ဘွားက လက်ဝှေ့ကျော် ရှမ်းကြီးတစ်ယောက်ကို အင်းဝသို့ ခေါ်လာပြီး သင်္ဃရာဇာခင်ကြီးနဲ့ ယှဉ်ပြိုင်သတ်ဖို့ ဖိတ်ခေါ်တယ်၊ သင်္ဃရာဇာခင်ကြီးကလဲ အသက်အရွယ်ကြီးပေမဲ့ မခံချင်တာနဲ့ စိန်ခေါ်တာကို လက်ခံပြီး ရှမ်းကြီးနဲ့ ယှဉ်ပြိုင်ပြီး လက်ဝှေ့သတ်ကြတယ်၊ ရှမ်းကြီးဟာ မြင်မကောင်း ရှုမကောင်း အောင်ဖြစ်ပြီး သင်္ဃရာဇာခင်ကြီးကို လက်မြှောက်အရှုံးပေး လိုက်ရတယ်လို့ ဆိုတယ်၊ ဘုရင်မင်းခေါင်ကြီးနဲ့ ကုန်းဘောင် စောဘွားတို့က သဘောကျတဲ့အတွက် အနိုင်ရသွားတဲ့ သင်္ဃရာဇာ ခင်ကြီးကို ဆုလာဘ်တွေ ပေးကြသတဲ့၊ ဒီတော့ အဲဒီခေတ်မှာ ခင်ကြီး အရည်းကြီးတွေဟာ "ရဟန်းမဟုတ်သောလူ"တွေ ဘဝ ရောက်နေကြပြီ၊ ဝိနည်းသိက္ခာလဲ မရှိတော့ဘူး၊ အဲဒီလို ရဟန်းကျင့်ဝတ် ပျက်နေပေမဲ့ ဘုရင်နဲ့ လူတွေဘက်က လျစ်လျူ ရှုထားပြီး အားပေး အားမြှောက်တောင် လုပ်ကြတာကိုး ဒကာကြီးရဲ့'

'သာသနာတော်နဲ့ စပ်လို့ ရဟန်းရော လူတွေပါ ပျက်စီးကုန်ကြပြီလို့ ဆိုရမှာပေါ့ ဘုရား'

## အခန်း (၂၅)

### ဓမ္မစေတီမင်း

'ကဲ–ဒကာကြီး၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် အကြောင်း မပြောမီ ရာမညတိုင်းရဲ့ သာသနာရေး အခြေအနေ အထူးသဖြင့် ဓမ္မစေတီမင်း လက်ထက်တော်အခါက အခြေအနေကို သုံးသပ်ကြည့်ရအောင် သန်လျင်စေင်ကာ လက်ထက်မှာ ရဟန်းတွေ အတော်များများ အကျင့်ပျက်ပုံ၊ အသွင်သဏ္ဌာန် ပြောင်းလဲပုံတွေကို စောစောက ပြောခဲ့ပါပြီ၊ အဲဒီ ဟိုခေတ်အခါက ပုသိမ်၊ ဟံသာဝတီ၊ မုတ္တမဆိုတဲ့ ရာမညတိုင်းရဲ့ သာသနာရေး အခြေအနေကို အကြမ်းဖျင်းလောက် ပြောမယ်၊ ထေရဝါဒ သာသနာဟာ မြန်မာပြည်မှာ သထုံ၊ မုတ္တမက စတင်ထွန်းကားတဲ့ အလျောက် ရာမညတိုင်း သုံးရပ်မှာ သာသနာတော်ဟာ စည်ပင် ထွန်းတောက်ခဲ့တယ် ဒကာကြီး၊ ဒါပေမဲ့ အချိန်ကာလ ကြာရှည်လာတော့ အစွန်းအထင်းတွေ ပေါ်လာတယ်'

'ပြင်ပနဲ့ ဆက်သွယ်မှု၊ အထက်မြန်မာနိုင်ငံနဲ့ ဆက်စပ်မှုတွေ များလာတော့ အခြားဒေသက သာသနာ့ အန္တရာယ်တွေ၊ အရှုပ်အထွေးတွေ ဖောက်ပြန်မှုတွေဟာလဲ ရာမညတိုင်းအတွင်း ဝင်ရောက်ကူးစက်လာမှာပေါ့ ဘုရား'

'ဒကာကြီး ယူဆတာမှန်တယ်၊ သထုံက ဗျတ်ဝိ, ဗျတ္တတို့ ဓာတ်လမ်းမှာ ဇော်ဂျီဖိုဝင်သား စားပြီး သိဒ္ဓိပေါက်တယ် ဆိုတဲ့ကိစ္စ၊ ပင်လယ်ရပ်ခြားက ရောက်လာတဲ့ ဒီညီအစ်ကို ၂-ယောက်ဟာ ပသိဘာသာဝင်တွေ ဖြစ်နေတဲ့ကိစ္စ၊ အဲဒီဟာ တွေကို ထောက်ရင် ရှေးဦးသထုံခေတ်မှာကိုက ထေရဝါဒ သာသနာတော်ထဲမှာ ဝိဇ္ဇာဇော်ဂျီ၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့ဂါထာ၊ မန္တရားဆိုတဲ့ လောကီအတတ်တွေ ဝင်လာပြီး၊ မသန့်တော့ဘူး၊ နောက်ပိုင်း ကာလကျတော့ ပုဂံက ဂိုဏ်းဂဏ ကွဲပြားမှု ပြဿနာတွေ၊ အရည်းကြီးနဲ့ ပွဲကျောင်း ရဟန်းတွေရဲ့ အလေ့အကျင့်တွေဟာ ရာမညတိုင်းဘက်ကို ကူးစက်လာပြီး အလဇ္ဇီတွေလဲ ပွားများလာတာပေါ့ ဒကာကြီးရာ၊ စောစောက ပြောခဲ့တဲ့ ကုလား ငစင်ကာရဲ့ ပယောဂတွေလဲပါသပေါ့'

## သထုံ တိဿရာဇာမင်း၏ အယူဝါဒ လွဲမှားမှု

'မှန်ပါဘုရား၊ တပည့်တော် ဖတ်ဖူးတာ တစ်ခု ရှိသေးတယ် ဘုရား၊ သထုံ တိဿရာဇာမင်း လက်ထက်မှာ တစ်ကျွန်းက ဒွန်းစဏ္ဍား အလဇ္ဇီ ရဟန်းတွေ ရောက်လာတယ်၊ အဲဒီ ဒွန်းစဏ္ဍား အလဇ္ဇီတွေက အသင်မင်းကြီး မဟုတ် မတရားသည့် လူသေကောင် (သေလွန်ပြီးသူတွေကို) အရုပ်ထု လုပ်၍ ကိုးကွယ်ပူဇော်ခြင်းဟာ မသင့်မတင့်ပါ၊ အမင်္ဂလာ ဖြစ်ပါတယ်၊ ဒီရုပ်ထုတွေကို ပယ်ဖျောက်လိုက်ရင် အသင် မင်းကြီးရဲ့ ကျက်သရေမင်္ဂလာဖြစ်ပြီး ဘုန်းအာဏာကြီး လာပါ လိမ့်မယ်လို့ တိဿရာဇာမင်းကို အကြံပေး ပြောကြားသတဲ့

ဘုရား။ မင်းကလည်း ယုံကြည်ပြီး ဘုန်းအာဏာ စည်းစိမ် တက်ချင်တာနဲ့ ကိုးကွယ်ပူဇော်ထားတဲ့ မြတ်စွာဘုရားရဲ့ ရုပ်ပွား ဆင်းတုတော်တွေကို ကိုးကွယ်ပူဇော်ခြင်း မပြုရလို့ အမိန့် ထုတ်တယ်၊ နောက်ပြီး ရုပ်ပွားဆင်းတုတော်တွေကို အကုန် ရှာဖွေပြီး ဖျက်ဆီးပစ်ခိုင်းတယ်၊ မသန့်တဲ့ အမှိုက်ပုံး အညစ်အကြေး စွန့်တဲ့ နေရာတွေမှာ စွန့်ပစ်ခိုင်းတယ်တဲ့ ဘုရား။ အလဇ္ဇီတွေရဲ့ မကောင်းမှု သာဓက တစ်ခုကို လျှောက်တာပါ ဘုရား'

'ဒကာကြီး အခုပြောတာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀-ခန့် အချိန်ကဖြစ်တဲ့ကိစ္စ။ အခု ၁၉-ရာစု။ ၂၀-ရာစု ခေတ်မှာလဲ စေတီဆိုတာ အုတ်ပုံကြီးပဲ၊ ဘုရားဆင်းတုဆိုတာ ကျောက်တို့ သစ်သားတို့၊ ရွှေ ငွေ သတ္တုတို့ကို ထုလုပ်ထားတာ၊ အသက်မရှိတဲ့ အဝိညာဏကတွေကို ရှိခိုးပူဇော်နေလို့ အကျိုး မရှိဘူးဆိုတဲ့ အယူအဆတွေ ရှိနေသေးတာပဲ ဒကာကြီးရဲ့၊ ကဲ ရာမညတိုင်း အနောက်ပိုင်းခေတ်မှာ အလဇ္ဇီရဟန်းတွေ ဘယ်လောက် ပွားများလာတယ်၊ အဓမ္မအမှုတွေ ဘယ်လောက် ထွန်းကားလာတယ်ဆိုတာ ဆက်ပြီးပြောရဦးမယ်'

'မှန်ပါဘုရား'

'သက္ကရာဇ် ၈၂၄-ခု (အေဒီ-၁၄၆၂)နှစ်၊ ဟံသာဝတီမှာ နန်းတက်တဲ့ ဓမ္မစေတီမင်း အကြောင်းကိုတော့ ဒကာကြီး ဖတ်ဖူးလိမ့်မယ် ထင်တယ်ပါပဲ'

'မွန်သမိုင်း မြန်မာနိုင်ငံသမိုင်းမှာ ရာဇာဓိရာဇ်နှင့် ဓမ္မစေတီ မင်းတို့ဟာ ထင်ရှားပေါ်လွင်တဲ့ မင်းတွေပဲဘုရား၊ အထူးသဖြင့်

ဓမ္မစေတီမင်းကတော့ မြန်မာသာသနာဝင်မှာ ဘုရင်အနော်ရထာလိုပဲ၊ မှတ်တမ်းတင်ထားရမဲ့ မင်းတစ်ပါးပဲလို့ တပည့်တော်ယူဆတယ်ဘုရား'

'မှန်တယ် ဒကာကြီး၊ သာသနာ့ သန့်ရှင်းရေးလုပ်ငန်းမှာတော့ စံပြုထားကြရမဲ့ မင်းတစ်ပါးပဲ၊ သူကိုယ်တိုင်က ပိဋကတ်စာပေ တတ်မြောက်ပြီး သာသနာ့ဝန်ထမ်း ရဟန်းလုပ်ခဲ့ဖူးတော့ သာသနာတော် အရေးကိစ္စမှာ ပိုပြီးကျွမ်းကျင်တယ်'

## အုန်းသီးကို တူနှက်တော့ အဆံချောင် ဘုန်းကြီးလူထွက်တော့ ---

'မှန်ပါဘုရား၊ တပည့်တော် ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဓမ္မစေတီဝတ္ထုကို ဖတ်ဖူးတယ်၊ ဘုရင်မကြီးရှင်စောပုက သူ့မွေးစားသား ဘုန်းကြီးလူထွက် 'ဓမ္မဓရ'ကို ဓမ္မစေတီဘွဲ့နဲ့ အိမ်ရှေ့ဥပရာဇာအဖြစ် တင်မြှောက်မဲ့ အခါမှာ မှူးမတ်တွေရဲ့ ဆန္ဒကို သိလိုသဖြင့် ဒီလိုမေးမြန်းသတဲ့ ဘုရား'

ရှင်စောပု ။ 'ဓမ္မဓရသည် သာသနာဘောင်က ပျက်ခဲ့တဲ့ ဘုန်းကြီးလူထွက် ဖြစ်သည်၊ ဘုန်းကြီး လူထွက်တို့ မည်သည်မှာ ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ စာစကားပြောခြင်း၊ မကြာမကြာ တရားဟောခြင်း စသော အလုပ်များကိုသာလျှင် ကျွမ်းကျင်တတ်ကြသည်၊ တိုင်းပြည်မြို့ရွာကို အုပ်ချုပ်မင်းလုပ်ဖို့ရာမှာ လိမ္မာမည် မဟုတ်ချေတကား'

အမတ်ကြီး॥ 'မှန်လှပါ အုန်းသီးကို တူနှင့် နှက်တော့ ဘယ့်နယ်နေပါသလဲဘုရား'

ရှင်စောပု ॥ 'အဆံချောင်တယ် မောင်မင်း'

အမတ်ကြီး॥ 'အဲ အုန်းသီးကို တူနှင့်နှက်တော့ သွက်သွက်ခါ အဆံချောင်သကဲ့သို့ ဘုန်းကြီး လူထွက်များ မှာလည်း သွက်သွက်ခါအောင် ဉာဏ်ပြောင် ပါကြောင်း မှူးမတ်အပေါင်း ကဝိမျိုးတို့က ရှိခိုးလျှောက်ထားရပါတော့သည် ထိပ်ခေါင်တင် မကြီး ဘုရားလို့ ရှင်စောပုဘုရင်မကြီးကို ဖားပြီး လျှောက်သပေါ့ ဘုရား'

'အင်း ဒကာကြီးစာက နိုင်ငံကျော် အဟောကောင်း အပြောကောင်း ဓမ္မကထိကတွေအတွက် စောင်းသလို မြောင်းသလို ဖြစ်နေပြီ ဟားဟား'

'တပည့်တော်ရဲ့ အာဘော်မဟုတ်ပါဘူး ဘုရား၊ သခင် ကိုယ်တော်မှိုင်းကြီးရဲ့ ဟာသရသ မြောက်လှတဲ့ အာဘော် အာရင်းပါ၊ ဆရာကြီးကလဲ ရာဇဝင်၊ မဟာဝင် ဗဟုသုတ ဖြစ်ကြစေဖို့ ဓမ္မစေတီ ဝတ္ထုကို ရေးသားရတဲ့အကြောင်း၊ ဒီလို နိဂုံးချုပ်ထားတယ် ဘုရား၊ **ရသေ့ဘောင်မှာ၊ အတွေ့ရှောင်ခွာလို့၊ တောင်တကာ တောစဉ်တစ်လျှောက်ဆီက၊ နောင်အခါ သဘော အမြင်ပေါက်စေဖို့၊ ရောက်တတ်ရာ မဟာဝင်နဲ့၊ ရာဇဝင်ဆက်ရန် အကျိုးကို ဖြင့်၊ စာသဘင်ဇာတ်ပြန်လို့ နှိုးရပါတော့(သြော်)အရိုးခံ သမကျမှ အရှေ့အရှေ့မည်သူ့မှာကြောင့် ပကိုး(ပဲခူး) ဟံသာကနေ**

**တရထည့်သတိုးပေပ အိုကွယ်––အမျိုးပြန်ကာ, တလောက်ပါတဲ့ ဓမ္မစေတီအရိုး။'**

'ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားတဲ့ အတိုင်း၊ ဓမ္မစေတီမင်းဟာ သာသနာရေးလုပ်ငန်းတွေအတွက် ပြန်လည် တမ်းတအောက်မေ့ သတိရလောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ အမှန်ပဲ။ သူ့လက်ထက်မှာ ရဟန်းအများ အကျင့်ပျက်လို့ အမိန့်ထုတ် ကွပ်ညှပ် ထိန်းသိမ်းရပုံကို သူ့ရဲ့ ဓမ္မဝိနယ ပြန်တမ်းမှာ ဒီလို တွေ့ရတယ် ဒကာကြီး––

**ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း**

၁။ အရှင်ဘုရားတို့ ယနေ့မှစ၍ ရှင်သာမဏေပြုလိုသူဟူ၍ အရှင်ဘုရားတို့ထံ ရောက်လျက် သံပူအပ်သသူ၊ ခိုးမှုပြုသသူ၊ နှောင်အိမ်ဖောက်သသူ၊ မင်းအားပြစ်မှားသသူ၊ အိုမင်းမစွမ်းနိုင် သသူ၊ ပြင်းစွာအနာနှိပ်စက်သသူ၊ လက်ပြတ်ခြင်း အစရှိသော အင်္ဂါချို့သောသူ၊ ကုန်းသော ကွသော၊ ခွင်သော ကောက်သော သူ၊ သည်မှတပါးလည်း ပရိသတ်ကို ဖျက်တတ်သောသူ၊ လူမြင်၍ ကဲ့ရဲ့ခြင်း ပြုစရာဖြစ်သော စိတ်ကြည်ညိုဖွယ်မရှိသော သူတို့ကို လက်ခံ၍ ရှင်သာမဏေ မပြုကုန်နှင့်၊ အရှင်ဘုရားတို့ထံသို့ ပဉ္စင်းခံလိုပါသည် ဟူ၍ လာရောက်လျှင် အကျွန်ုပ်အား သော် လည်း အကြောင်းကြားစေ၊ ဟံသာဝတီပြည်၌ သီတင်းသုံး နေသော ဂိုဏ်းဆရာတို့အား သော်လည်း အကြောင်းကြားစေ၊ အကြောင်းမကြားမူ၍ မိမိတို့ နေရာအရပ်၌သာ အရှင်ဘုရား တို့သည် ပဉ္စင်းခံခြင်းကို ပြုမည်ဖြစ်အံ့၊ ပဉ္စင်းလောင်း၊ ရှင်လောင်း၏ အမိအဖ အဆွေအမျိုး၊ အရှင်ဘုရားတို့ အလုပ် အကျွေး ဒကာတို့အား မင်းဒဏ်စီရင်မည်။

၂။ ‘အကြင်ရဟန်း ယုတ်တို့သည် ဆေးကုခြင်း၊ ဟူးရားဂဏန်း တွက်ခြင်းကို ပြုကုန်သည်။ လက်သမားအမှုဆင်စွယ်ပွတ်ခြင်းကိုပြုတဲ့ အသက်မွေးကုန်သည်။ မင်း၏အမတ်ကြီး အစရှိကုန်သော သူတို့၏ သားငယ်တို့ကို ချီထိန်းကုန်သည်။ ဥပါတ်ကြားခြင်း၊ နိမိတ်ဖတ်ခြင်း၊ အိပ်မက်ဖတ်ခြင်းတို့ဖြင့် အသက်မွေးကုန်သည်။ အချို့ရဟန်းတို့သည်လည်း ဝါခင်း ယာခင်းတို့သို့ သွား၍ ရှည်စွာသောအသံတို့ဖြင့် တရားကိုဟော၍ ရခဲ့သော ဝါ၊ ငရုတ်၊ စပါးတို့ကိုရောင်းဝယ်ဖောက်ကား၍ အသက်မွေးကုန်သည်။ အချို့သောရဟန်းတို့လည်း ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားတို့ကိုအသုံးအဆောင်လုပ်သည်။ ခံယူ၍ အသက်မေဝးကုန်သည်။ အချို့သော ရဟန်းတို့သည်လည်း လယ်၊ ကိုင်း၊ ကျွန်း၊ နွားမွေး၍ ဥယျာဉ်ကို ပြုစု၍ အသက်မွေးကုန်သည်။

၃။ အချို့သော ရဟန်းတို့သည်လည်း ကြွေအံကြူးသောသူ၊ သေရက်ကြူးသောသူ၊ ခိုးမှုပြု၍ အသက်မွေးသောသူ၊ မင်းချင်းယောကျ်ား အမှတ်မရှိ၊ မိန်းမယောကျ်ားတို့နှင့် မလျောက်မပတ်ရောယှက်ခြင်းဖြင့် ရောယှက်၍ နေကုန်သည်။ ထိုသို့သောရဟန်းယုတ်တို့သည် အရှင်ဘုရားတို့ထံ၌ နေလိုသည်ဟူ၍လာကုန်လျှင် ခွင့်ပေးတော်မမူနှင့်။ အကြင် ရဟန်းတို့သည်သဒ္ဓါတရားနှင့် ပြည့်စုံ၏။ သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာကျင့်ကုန်၏။ ပါဠိသင်ခြင်း၊ အဋ္ဌကထာ သင်ခြင်းတို့၌ လုံ့လပြုကုန်၏။ ထိုသို့သော ရဟန်းတို့ကို နေလိုလျှင် ခွင့်ပေးတော်မူပါကုန်။

၄။ အကြင် အမျိုးသားတို့သည် အရှင် သာမဏေပြုလိုပါသည် ဟူ၍ လာရောက်လျှင် အက္ခရာ အရေးအသားတို့ကို သင်စေ၍ အရွတ်အဖတ် ပီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုံကို သင်ခြင်း၊ သာမဏေတို့ သိအပ်သော သိက္ခာပုဒ်များကို သိနှင့်ပြီးမှသာ သာမဏေ ပြုတော်မူပါကုန်၊ •အသက် ၂၀–ပြည့်ပြီးသော သာမဏေတို့သည် ပဥ္စင်းခံလိုသည်ဆိုလျှင် ရဟန်းတို့ ဖြည့်ရသော သီလ ၄–ပါးကို အကျဉ်းကြား၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာ ကျမ်းများကို အစမှအဆုံး တိုင်အောင် သင့်စေ၍ အာပတ်ဒေသနာကြားတို့ကို နှုတ်တက်ရအောင် လေ့ကျင့်စေပြီးမှ ကျွန်ုပ်အားသော် လည်းကောင်း၊ ဟံသာဝတီ ဂိုဏ်းဆရာတို့အားသော်လည်းကောင်း အကြောင်းကြားပါရန်။ ထိုအခါ ကျွန်ုပ်သည် ပရိက္ခရာ ရှစ်ပါးတို့ဖြင့် တောင်းပန်၍ ပဥ္စင်းခံစေပါသည်။

၅။ အရှင်ဘုရားတို့မှာလည်း ဝိနည်းပညတ်တော် သိက္ခာပုဒ်များအတိုင်း ကြိုးစားအားထုတ်၍ ကျင့်ဆောင်တော် မူပါကုန်။ ရှေးအခါဌ်မူကား ရာမညတိုင်း၌ ရဟန်းတို့လည်း အသီးအခြား ကွဲပြားကြလေသောကြောင့် ဤသို့သော သာသနာတော် အညစ အကြေး ဘေးရန်ဆူးငြောင့် ဖြစ်ရလေသည်၊ ယခုမူကား အရှင်ဘုရားတို့အားလုံး သဒ္ဓါတရားနှင့် ပြည့်စုံကြသည်ချည်းဖြစ်၍ မဟာဝိဟာရဝါသီ အဆက်အနွယ်ဖြစ်သော သီဟိုဠ်ပဥ္စင်းအဖြစ်ကို ယူအပ်ပြီးသောကြောင့် သီဟိုဠ်မဟာထေရ်တို့ကဲ့သို့ ဆံရိတ်ခြင်း၊ သင်္ကန်းဝတ်ခြင်းပြု၍ တပေါင်းတည်း ဖြစ်ပါစေ’

# အခန်း (၂၆)

## ရဟန်းနှင့် လောကီအလုပ်

'ဒီ ဓမ္မဝိနယ ပြန်တမ်းဟာ သာသနာ့သမိုင်းအတွက် တန်ဖိုးရှိလှပ့ါတယ် ဘုရား၊ လွန်ခဲ့တဲ့နှစ် ၅၀၀–ကျော်က သာသနာ့ အခြေအနေကို တပည့်တော်တို့ ကွက်ကွက်ကွင်းကွင်း သိရပြီး သာသနာတော်ကို ကြည်ညိုလေးစားတဲ့ မင်းတွေရဲ့ သာသနာရေး ဆောင်ရွက်လုပ်ကိုင်ပုံဟာလဲ ချီးမွမ်းစရာ နည်းယူစရာကောင်းသပေါ့ ဘုရား'

'အခု ဘုန်းကြီးတင်ပြတဲ့ ဓမ္မစေတီမင်းရဲ့ ပြန်တမ်းမှာ (၁) သာသနာတော်ထဲကို တွေ့ကရာ ဗျောက်သောက် ချိုကျိုး နားရွက်ပဲ့တွေ၊ ဗရုတ်သုတ်ခတွေ အဝင်မခံရဘူးဆိုတဲ့ စည်းကမ်းချက် တားမြစ်ချက်၊ (၂) ထိုခေတ်က ဖောက်ပြန်တဲ့ အမူအကျင့်နဲ့ မိစ္ဆာဇီဝ အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြတဲ့ ရဟန်းတွေကို ကျောင်းများတွင် လက်မခံရဆိုတဲ့ တားမြစ်ချက်၊ (၃) ရဟန်းသာမဏေ ပြုလိုလျှင် အနည်းဆုံး လိုက်နာသင်ကြားရမဲ့ ဝိနည်း ပရိယတ် စာပေသတ်မှတ်ချက်၊ (၄) ရဟန်းတော်များသည် အသီးအခြား ဂိုဏ်းဂဏကွဲပြားမှုမရှိကြဘဲ ဝိနည်းပညတ်သိက္ခာပုဒ်

တော်အတိုင်း ကြိုးစားအားထုတ်ကျင့်ဆောင်ကြရန်နှင့် ထေရဝါဒ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းထားကြရန် မေတ္တာ ရပ်ခံချက်ဆိုပြီး အပိုင်းလေးပိုင်း ခွဲထားတာကို ဒကာကြီး သတိပြုမိပါလိမ့်မယ်'

'မှန်ပါဘုရား'

'အင်မတန် စနစ်ကျတယ် ဒကာကြီး၊ နောက်ပြီး ဓမ္မစေတီမင်းဟာ သူရဲ့ ပြန်တမ်းအမိန့်ကို အကောင်အထည် ပေါ်အောင်လုပ်ဆောင်တယ်'

'ဘယ်လိုပါလဲဘုရား'

'ဝံသဒီပနီမှာ အခုပြောတဲ့ ဓမ္မဝိနယပြန်တမ်းနဲ့ တစ်ဆက်တည်း ဒီလိုရေးထားတယ် ဒကာကြီး'

ဤသို့ ရာမာဓိပတိမင်းသည် အလုံးစုံသော ရာမညတိုင်း၌ ရဟန်းတို့အား ကတိကဝတ်ကို တောင်းပန်၍ ပြီးပြီးသော် ရွှေငွေခံသောရဟန်း၊ ဥစ္စာဆည်းပူးသောရဟန်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမရှိသော ရဟန်းတို့အား သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရွှေငွေအစရှိသော ပစ္စည်းတို့ကို စွန့်၍ သိက္ခာပုဒ်တော်အတိုင်း ကျင့်ဆောင် နိုင်လည်းကျင့်ဆောင်ကုန်၊ မကျင့်ဆောင်နိုင်လျှင်လည်း လူထွက်ကုန်ဟူ၍ ဆိုစေသည်။

ထိုအခါ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော အချို့သော ရဟန်းတို့သည်လည်း ရွှေငွေအစရှိသော ပစ္စည်းတို့ကို စွန့်၍

သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာကျင့်ကုန်သည်၊ အချို့သော ရဟန်းတို့လည်း မစွန့်နိုင်၍ လူထွက်ကုန်သည်။ အထင်အရှား ပါရာဇိကသို့ ရောက်သော ရဟန်းတို့ကို မတောင်းပန်မူ၍ လူထွက်စေသည်။ ပါရာဇိကသို့ ရောက်သော အဖြစ်သည် မထင်ရှား သူတစ်ပါးကဲ့ရဲ့စွပ်စွဲခြင်းများ၍ သုတ်သင်နိုင်ခဲ့သော ရဟန်းတို့ကိုလည်း မတောင်းပန်မူ၍ လူထွက်စေသည်။ ဆေးကုသော ရဟန်း၊ ဟူးရားဂဏန်းတွက်သောရဟန်း ကာမ စည်းစိမ်ကို ခံစားသော သူတို့ကဲ့သို့ ပန်းချီအမှုကိုပြု၍ အသက်မွေးကုန်သော ရဟန်း ကုန်သွယ်သော ရဟန်းတို့ကို လည်း လူထွက်စေသည်တဲ့'

'အပြောတွင်မဟုတ်၊ အလုပ်ပါ ပါသည်လို့ ဆိုရမှာပေါ့ ဘုရား'

'ဒါတွင်မကသေးဘူး ဒကာကြီးရဲ့၊ ဓမ္မစေတီမင်းဟာ မူလရှိရင်းစွဲ ရဟန်းတွေကိုလဲ ဝိနည်းတော်အရ စင်ကြယ်သထက် စင်ကြယ်အောင်ဆိုပြီး သီဟိုဠ်မှာ မဟာဝိဟာရဝါသီ အဆက် အနွယ်အဖြစ်နဲ့ ရဟန်းအဖြစ်ကို ရယူစေတယ်၊ နောက် ပဲခူး ကလျာဏီသိမ်မှာ အဲဒီ သီဟိုဠ်မှ ရဟန်းအဖြစ် ရယူခဲ့တဲ့ ရဟန်းတော်များကို ဥပဇ္ဈာယ်ဆရာ ဥတ်ကမ္မဝါဆရာအဖြစ် ပြုလုပ်ပြီး အသက် ၂၀–ပြည့်တဲ့ သာမဏေ ၆၁–ပါးကို ရဟန်းသစ်အဖြစ်သို့ ရောက်စေတယ် ဒကာကြီး၊ တကယ် သာသနာ့သန့်ရှင်းရေးပါပဲ'

'ဓမ္မစေတီမင်းကြီးသာ အခုရှိနေသေးရင် သာသနာ သန့်ရှင်းရေး အကြံပေး ဒကာတော်အဖြစ်နဲ့ တင်မြှောက်ရရင် မကောင်းဘူးလား ဘုရား'

'ဒကာကြီးရဲ့ စိတ်ကူးကတော့ မဆိုးပါဘူး၊ ဒါနဲ့ပြောရဦးမယ်၊ အခု ဓမ္မစေတီမင်းရဲ့ အမိန့်ပြန်တမ်းမှာ ရဟန်းတွေနဲ့ မအပ်စပ်တဲ့ လောကီအလုပ်၊ လူမှုအလုပ်တွေကို အတော်များများ ဖော်ပြထားတယ်'

'မှန်ပါတယ်ဘုရား'

## ဘုရားမကြိုက်ပေမဲ့ လူကြိုက်များတယ်

'အဲဒီအလုပ်တွေထဲမှာ ဟူးရားဂဏန်းတွက်ခြင်း၊ ဥပါတ်ကြားခြင်း၊ နိမိတ်ဖတ်ခြင်း၊ အိပ်မက်ဖတ်ခြင်းတို့ဖြင့် အသက်မွေးကုန်သော ဆိုတာပါတယ်၊ အဲဒီ လောကီ ပညာဟာ ခေတ်အဆက်ဆက်မှာ ထွန်းကားတယ်၊ ဘုရားမကြိုက်ပေမဲ့ လူကြိုက်များတယ်၊ ဓမ္မစေတီမင်းတို့ ခေတ်မှာဆိုရင် ပိုပြီး အရောင်တောက်တယ် ဒကာကြီးရဲ့'

'ဖြစ်နိုင်တယ် ဆရာတော်ရဲ့၊ ဘာဖြစ်လို့လဲဆိုရင် ဓမ္မစေတီမင်းကိုယ်တိုင်က ရဟန်းဘဝမှာ ပိဋကတ်တွင်မကဘူး ဗေဒင်လေးပုံ၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့မန္တန် ဆေးကျမ်းတွေကို ထူးထူးချွန်ချွန် တတ်မြောက်ခဲ့တဲ့ပုဂ္ဂိုလ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဓမ္မစေတီဝတ္ထုမှာ ရှင်ဓမ္မရေ- ဓမ္မဉာဏစာသင်ခန်းဆိုပြီး ဒီလိုရေးထားတယ်ဘုရား-- (ဓမ္မစေတီမင်းဖြစ်မဲ့ ရှင်ဓမ္မမရနဲ့အဖော် ရှင်ဓမ္မဉာဏ) ပဉ္စင်းဖြစ်ကြပြီးသည့်နောက်၌မူကား စာပေကျမ်းဂန်ကို သင်အံလေ့ကျင့်ခြင်း မပြုကြမူ၍ **လောကီဝိဇ္ဇာသိပ္ပံ အတတ်မျိုးဟု ဆိုအပ်သော အင်းအိုင်ခလှည့် လက်ဖွဲ့မန္တန်တို့ကိုသာလျှင် လေ့လာကြလေရာ**

ဆရာတော်ဘုန်းတော်ကြီးက ဟံသာဝတီပြည်အကြေအောက်သား မောင်ပဍင်း ၂-ပါးသည် **ဘုရားမကြိုက်သည့် ဒုစရိုက်ဝသီ အလဇ္ဇီ** အမှုကိုသာ ပြုလုပ်ရမည်လောဟု မြည်တွန်တောက်တီး တော်မူသည်- တဲ့ဘုရား'

'ဒကာကြီး ကြားဖူးသလားမသိဘူး၊ အင်းဝက ဗားမဲ့၊ ဗားတမော့ ဗားတမြိုက်၊ ဗားတာမွတ်ဆိုတဲ့ ဆရာတော်တွေဟာ ဟံသာဝတီအောက်ပြည်က မွန်ဆရာတော်တွေလို့ ဆိုတယ်၊ အင်းအိုင်ခလုံ့ လက်ဖွဲ့မန္တန်ဆိုတဲ့ လောကီပညာတွေမှာ အလွန် အစွမ်းထက်တယ်လို့ ပြောကြတယ် ဒကာကြီးရဲ့'

'မှန်ပါဘုရား၊ လောကီပညာဘက်ကထက်လို့ ဘုရင် အကိုးအကွယ်ခံရတဲ့ ဆရာတော်တွေပဲ တပည့်တော် အင်းဝ၊ တံတားဦးဘက်ရောက်တော့ ဗားမဲ့ဆရာတော်၊ ဗားတမော့ ဆရာတော်တွေရဲ့ ကျောင်းတော်နေရာတွေကို တွေ့မြင်ခဲ့ရဖူးတယ် ဘုရား၊ သခင်ကိုယ်တော်မှိုင်းရဲ့ စာထဲမှာပါသလို ဘုရားမကြိုက်တဲ့ ဒုစရိုက်ဝသီ အလဇ္ဇီအမှုဆိုပေမဲ့ ဒီလို လောကီပညာရပ်ကို လိုက်စားတဲ့ ပုဂ္ဂိုလ်တွေဟာ ပျောက်ကွယ်မသွားဘူးဘုရား'

'ဟံသာဝတီ ဓမ္မစေတီမင်းဟာ ဘုရားမကြိုက်တဲ့အလုပ်၊ ဝိနည်းဒေသနာတော်နဲ့ ဆန့်ကျင်တဲ့ အလုပ်တွေမှန်းသိလို့ ရဟန်းတော် လောကမှာ ဒီလို လောကီမှု အလုပ်တွေ ပပျောက်အောင်လုပ်တာပဲ၊ အဲဒီလို မင်းအာဏာဖက်ပြီး လုပ်လိုက်တဲ့အခါမှာ သာသနာဟာ စင်ကြယ်သန့်ရှင်းပြီး တိုးတက်လာတယ်၊ ဒါပေမယ့် အမြစ်ပြတ်မသွားဘူး၊ မင်းအာဏာ **အရှိန်သေသွားတဲ့အခါ ဝိနည်းသိက္ခာနဲ့ မညီညွတ်တဲ့**

အခမ္ဘဝါဒီအလုပ်တွေဟာ ပေါ်ထွန်းလာပြန်တာပဲ ဒကာကြီးရဲ့၊ ကဲ––အခု ဝံသဒီပနီကျမ်းကို ပြုစုတော်မူတဲ့ မဲထီးဆရာတော်ရဲ့ ခေတ်ကိုပဲ ကြည့်ကြပါစို့'

'မှန်ပါဘုရား၊ ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးရဲ့ ပတ်ဝန်းကျင် ခေတ်အခြေအနေဟာ သူရေးသားပြုစုတဲ့ ကျမ်းအပေါ်မှာ ရောင်ပြန်ဟပ်တတ်ပါတယ်၊ အခု ဆရာတော် အမိန့်ရှိသလို ဝံသဒီပနီမှာပါတဲ့ အချက်အလက်၊ စာသားအဓိပ္ပာယ် အသုံးအနှုန်းတို့ဟာလဲ မဲထီးဆရာတော်ရဲ့ခေတ်၊ သာသနာ အခြေအနေတွေက ရောင်ပြန်ဟပ်နေတယ်လို့ ဆိုနိုင်တယ်ဘုရား'

'မဲထီးဆရာတော် (၁၁၀၄–၁၁၅၉–ခုနှစ်)ဟာ ဘိုးတော်ဘုရားလက်ထက်၊ ကုန်းဘောင်ခေတ် အလယ်ပိုင်းမှာ ထွန်းကားတော်မူတယ်၊ ဝံသဒီပနီကျမ်းကို ရေးသားပြုစုတာဟာ ဆရာတော်ဘုရား တောင်ငူမြို့ကိုရောက်တဲ့ ၁၁၅၃–ခုနှစ်နဲ့ ၁၁၅၉–ခုနှစ် အကြား ကာလမှာဖြစ်တယ်၊ ကျမ်းပြီးသက္ကရာဇ် နှစ်,လ– စသည် မတွေ့ရဘူး၊ မဲထီးဆရာတော်နဲ့ နောက်ပါသံဃာ ၃၀ ကျော်တို့ဟာ ဘိုးတော်မင်းတရားရဲ့ လျှောက်ထား တောင်းပန်ချက်အရ တောင်ငူကို သာသနာပြုရန် ကြွရောက်တော်မူကြခြင်း ဖြစ်တယ် ဒကာကြီး'

'မှန်ပါဘုရား'

'အဲဒီအချိန်ကာလမှာ တောင်ငူက ရဟန်းတွေဟာ အရောင်းအဝယ်လုပ်တယ်၊ ဆေးကုတယ်၊ ဗေဒင်ဟောတယ်၊ ခြဥယျာဉ်၊ လယ်ယာလုပ်တယ်၊ လူတွေနဲ့ ရောနှောဆက်ဆံပြီး

ပန်းပေးခြင်း၊ သစ်သီးပေးခြင်းစတဲ့ ကုလဒူသနအမှုတွေကို ပြုနေကြတဲ့ ကာလလို့ဆိုတယ်၊ ရဟန်းရဲ့အလုပ်ဟာ ဂန္ထဓုရနဲ့ ဝိပဿနာဓုရ ဒီနှစ်ပါးပဲရှိတယ်၊ ဒါပေမယ့် မြတ်စွာဘုရားက မလုပ်ရဘူးလို့ ပညတ်ထားတဲ့ လောကီလူမှုအလုပ်တွေကို ဘာကြောင့်လုပ်သလဲလို့ အကြောင်းရှာရလိမ့်မယ် ဒကာကြီး'

'မှန်ပါဘုရား'

'ဒီကိစ္စဟာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ ကိဋာဂိရိဇနပုဒ်က ဆဗ္ဗဂ္ဂီအသိုင်းအဝိုင်းတွေက စတင်တီထွင်လိုက်တဲ့ လုပ်ငန်းစဉ်ပဲ ဆဗ္ဗဂ္ဂီတွေရဲ့ ရည်ရွယ်ချက်က လာဘ်လာဘ ပေါများအောင် ပရိသတ်စည်းရုံးရေးပဲ ဖြစ်တယ် ဆိုတာ စောစောကပြောခဲ့ပြီ'

'ဗေဒင်ဟောတယ်၊ ယတြာချေတယ်၊ ဓာတ်ရိုက်တယ်၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့အဆောင်အယောင် ပေးတယ်ဆိုတာ ရဟန်း အချို့အတွက် ကြီးပွားရေး ဖြတ်လမ်းပဲ၊ ပန်းပေး၊ သစ်သီးပေး၊ လက်ဆောင်ဝတ္ထုပစ္စည်းပေးတယ်ဆိုတာကတော့ အထူးအဆန်း မဟုတ်တော့ဘူး၊ ခုကာလမှာ ရိုးနေပြီဘုရား'

'အဲဒီလို ရဟန်းတွေအနေနဲ့ လောကီမှု ကိစ္စတွေ လုပ်ကြတာကို သီလဝန္တ၊ သိက္ခာကာမ ဖြစ်တော်မူကြတဲ့ ဆရာတော်ကြီးများက မနှစ်သက်ကြဘူး၊ သာသနာတော်ကို ချစ်မြတ်နိုးတဲ့ ရှိသေလေးစားတဲ့မင်း၊ အစိုးရနဲ့ ဒကာ-ဒကာမ တွေက မလိုလားကြဘူး'

'ဒီလောကီအလုပ်တွေ လုပ်လာကြတော့ ရဟန်းတွေဘက်က ပရိယတ်,ပဋိပတ်အလုပ်တွေ အားနည်းဆုတ်ယုတ်လာတယ်၊ လူတွေဘက်ကလည်း အသိဉာဏ်နဲ့တော့၊ သံဃာ့ဂုဏ်ဆိုတာ သုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နော အစရှိတဲ့ဂုဏ် ကိုးပါးမဟုတ်တော့ဘဲ၊ လက်ဆောင်ပေးခြင်း၊ လောကွတ်(လောကဝတ်)ကောင်းခြင်း၊ ဗေဒင်ဟောခြင်း၊ ယတြာချေခြင်း၊ အဆောင်လက်ဖွဲ့ပေးခြင်း၊ ဓာတ်ရိုက်ခြင်းစတဲ့ ကျေးဇူးဂုဏ်တွေရှိမှသာ ချဉ်းကပ်ကိုးကွယ်ကြတော့ ကြာရင်သာသနာပျက်မှာပဘုရား'

## သမိုင်းပေးတာဝန်

'ဟုတ်တယ် ဒကာကြီး၊ သာသနာ့ အန္တရာယ်ဖြစ်တဲ့ဒီအလုပ်မျိုးတွေ ပပျောက်အောင် ဒကာကြီးတို့ ဘုန်းကြီးတို့ကကြိုးစားရမှာပဲ၊ နည်းလမ်းလဲရှိပါတယ်'

'ဘယ်လိုတုံးဘုရား'

'နည်းလမ်းက ထူးထူးထွေထွေ မဟုတ်ပါဘူး၊ မင်းအာဏာစက်နဲ့ တစ်ဘက်က နှိပ်ကွပ်ပေးပြီး၊ တစ်ဘက်က လူထုအမြင်မှန်ရအောင် အသိဉာဏ်ပေးဖို့ပါပဲ ဒကာကြီး'

'နည်းကောင်း နည်းမှန်ပါပဲဘုရား၊ တပည့်တော်ကတော့ ကိုယ့်မိသားစုနဲ့ ကိုယ့်ပတ်ဝန်းကျင်ကစပြီး ကိုးကွယ်မှု အမြင်မှန်၊ အသိမှန်ဖြစ်အောင် စာပေအနေနဲ့ရော ဟောပြောမှုအနေနဲ့ပါ လက်လှမ်းမီသလောက် ကြိုးစားနေပါတယ်၊ အောင်မြင်မှု ရသင့်သလောက် ရနေပါတယ်ဘုရား'

'သာဓုခေါ်ပါတယ် ဒကာကြီး၊ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ "ဗုဒ္ဓသာသန အန္တရာယ် ကာကွယ်ရေး တရားတော်" စာအုပ်အချီး နိဒါန်းမှာ ဗုဒ္ဓသာသန အန္တရာယ် ကာကွယ်တာဟာ ရဟန်းကောင်း ရဟန်းမြတ်တို့ရဲ့ အစဉ်အလာ တာဝန် ဖြစ်ပါသည်လို့ ဖော်ပြထားတယ်၊ ဒီနေရာမှာ လူတကာတွေလဲ အကျုံးဝင်ပါတယ် ဒကာကြီး **စောစောက** ပြောခဲ့တဲ့ အနော်ရထာတို့၊ ဓမ္မစေတီတို့၊ ဘိုးတော်မင်းတရား**တို့**၊ မင်းတုန်းမင်းတို့ သာသနာ့အန္တရာယ် ကာကွယ်ခဲ့ကြတာဟာ လူတကာတွေအဖို့ အစဉ်အလာတွေပေါ့ ဒကာကြီးရဲ့.'

'မှန်ပါတယ်ဘုရား၊ သမိုင်းပေးတာဝန်လို့ပဲ ဆိုကြပါစို့ ဘုရား'

# အခန်း (၂၇)

## ဝတ်ရုံဆင်ယင်မှု ပြဿနာ

'မဲထီးဆရာတော် တောင်ငူမြို့သို့ ကြွရောက်ပြီး ဆောင်ရွက်တော်မူရတဲ့ သာသနာပြုလုပ်ငန်းမှာ တောင်ငူနယ်က ရဟန်းတော်အချို့ အဝတ်အရုံ ဖောက်ပြန်နေကြတဲ့ ကိစ္စတစ်ရပ်လဲ ပါတယ် ဒကာကြီး'

'မှန်ပါဘုရား'

'ရဟန်းတွေ ဦးထုပ်ဆောင်းတယ်၊ ရင်စည်းဖွဲ့တယ်၊ ဒကုဋ်တင်ပြီး မြို့ထဲ ရွာထဲ ဝင်တယ်၊ အဲဒီလို ဝတ်ရုံမှုတွေဟာ ထေရဝါဒအစဉ်အလာ ဝိနည်းဒေသနာနဲ့ လွဲနေတယ်၊ ဦးထုပ်ဆောင်းကိစ္စကပေါ့ ဒီလို ဒကာကြီးရဲ့၊ သီဟိုဠ်မှာ ရဟန်းတစ်ပါး ဦးခေါင်းမှာ အနာတွေပေါက်ပြီး အမာရွတ်တွေ ကျန်နေတာကို လူအများမြင်ရင် ကဲ့ရဲ့ပြောင်လှောင်မှာ စိုးတဲ့ အတွက် သင်္ကန်းကို ဦးခေါင်းမှာ တင်ပြီး သွားလာလေ့ ရှိတယ်၊ အဲဒါကို အတုယူပြီး အခြား ရဟန်းတွေကလဲ ဦးခေါင်းပေါ်သင်္ကန်းတင်တဲ့ အလေ့အထ လုပ်လာတယ်။ အဲ့ဒီရဟန်းတွေကို သင်္ကန်း"ခေါင်းတင်နောက်လှန့်ဂိုဏ်း"လို့

ခေါ်တယ်၊ အဲဒီဂိုဏ်းသား အချို့ဟာ ရာမညတိုင်းကို ရောက်လာတယ်၊ သန်လျင်ကုလား စေင်ကာ လက်ထက် ကျတော့ ခေါင်းတင်တဲ့ သင်္ကန်းကို အနောက်တိုင်း ဦးထုပ် ပုံစံမျိုးချုပ်ပြီး ဆောင်းကြတယ်၊ ၉၇၄–ခုနှစ်မှာ အနောက်ဖက်လွန် မင်းတရားကြီးဟာ သန်လျင်ကို ချီတက်ပြီး၊ ကုလားစေင်ကာကို နှိမ်နင်းအောင်မြင်လိုက်တယ်၊ ရာမညတိုင်းကို အောင်မြင် သိမ်းပိုက်ပြီးတဲ့နောက် နေပြည်တော်အင်းဝသို့ ပြန်လာတဲ့အခါ ရဟန်းတွေ ဦးထုပ်ဆောင်းတဲ့ပုံစံပါလာတယ် ဒကာကြီးရေ့’

‘ခုခေတ် လူငယ်တွေ အနောက်နိုင်ငံက သရုပ်ပျက် ဝတ်စားဆင်ယင်မှုကို အတုခိုးသလို ဖြစ်မှာပေါ့ဘုရား’

‘ဟုတ်တယ် ဒကာကြီး၊ တောင်ငူမှာလဲ ဒီအတိုင်းပဲ တပင်ရွှေထီးတို့ ဆင်ဖြူရှင်တို့ ရာမညတိုင်းနဲ့ ယိုးဒယားကို အနိုင်ရပြီး ပြန်လာကြတဲ့အခါမှာ ဦးထုပ်ဆောင်း ရဟန်းတွေရဲ့ ဆင်ယင်မှု ပုံစံသစ်တွေ ပါလာတယ်၊ တောင်ငူမှာရှိတဲ့ ဒေသခံ ရဟန်းတွေကလဲ အတုခိုးပြီး ဦးထုပ်ဆောင်း အလေ့အထ လုပ်လာကြတယ်’

‘လူတွေလဲ တလွဲတချော် အတုခိုးရမယ်ဆိုရင် တယ်မြန်တယ်၊ နယူးဖက်ရှင်ပေါ့ ဘုရား’

## အတင် (တုံ) ဂိုဏ်းနှင့် အရုံဂိုဏ်း

‘အဝတ်အရုံ ဖောက်ပြန်တယ် ဆိုတာကတော့ မြတ်စွာဘုရားလက်ထက် ဆဗ္ဗဂ္ဂီရဟန်းတွေဟာ သင်္ကန်းကို

လူတွေဝတ်နည်းဝတ်ဟန်အတိုင်း အလှအပ ပြင်ဆင်ပြီး ဝတ်ရုံတယ်။ ခါးစည်းခါးရမ်း ကြိုးတပ်တယ်။ အဲဒီပုံစံတွေဟာ အိန္ဒိယကနေပြီး သီဟိုဠ်၊ သီဟိုဠ်ကနေ မြန်မာပြည် ရောက်လာတာပါပဲ၊ ရင်စည်းတာကတော့ ယိုးဒယားကလာတဲ့ ပုံစံလို့ ဆိုတယ်၊ အဲဒီလို ဦးထုပ်ဆောင်း ရင်စည်းတဲ့ ပုံစံတွေဟာ အင်းဝ အနောက်ဖက်လွန်မင်း၊ တောင်ငူ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့လက်ထက်မှာ အတော်ပြန့်နှံ့သွားတယ်၊ အဲဒီနောက်ကဲ သင်္ကန်းရုံရမယ် တင်ရမယ်ဆိုတဲ့ အတင်အရုံပြဿနာ (တစ်နည်း)တုံဂိုဏ်း၊ ရုံဂိုဏ်းပြဿနာတွေဟာ အင်းဝမာရ်အောင် ရတနာမင်းကစပြီး အလောင်းဘုရားတို့ ဘိုးတော်မင်းတရား လက်ထက်အထိ ကျယ်ပြန့်လာတယ် ဒကာကြီး'

'မှန်ပါတယ်ဘုရား'

'အင်းဝမာရ်အောင် ရတနာမင်းဟာ ၁၀၆၀–ခုနှစ်(အေဒီ–၁၆၉၈)မှာ နန်းတက်တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၈၂နှစ်က ဆိုပါတော့၊ အဲဒီမင်းလက်ထက်မှာ တုံရွာကျောင်းဆရာတော် အရှင်ဂုဏာဘိလင်္ကာရ–က သာမဏေတွေကို မြို့ထဲရွာထဲသွားရင် သင်္ကန်းကို မရုံဘဲ လက်ကတော့တင်စေပြီး ဦးထုပ်တရာဘတ်ကိုလဲ မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ လက်ကစွဲကိုင်စေတယ်၊ နောက်ပြီး တုံရွာဂိုဏ်းဆိုပြီး ဂိုဏ်းသီးခြားထောင်တယ် ဒကာကြီး'

'မှန်ပါဘုရား'

'တစ်ခါ တောင်ငူမြို့က ရှင်ဗုဒ္ဓင်္ကုရ တပယင်းမြို့ ကျေးရွာက ရှင်သုနန္ဒ၊ တရုတ်မြို့ ငါးရံ့အိုးရွာက ရှင်ကလျာဏ

တို့အုပ်စုက သာမဏေတွေ မြို့ထဲ ရွာထဲသွားရင် သင်္ကန်းကို ရုံရမယ်၊ လက်ကတော့ မထိုးရဆိုပြီး စီမံကြတယ်၊ ဦးထုပ် မဆောင်းတာတို့ ယပ်ကိုင်တာတို့ကတော့ အတူတူပဲ၊ သူတို့အဖွဲ့ အုပ်စုကို အရုံတောဂိုဏ်းလို့ ခေါ်တယ်၊ ရှေးအခါက သင်္ကန်းရုံရတဲ့ အရုံဂိုဏ်း တစ်ဂိုဏ်းတည်းရှိတယ်၊ အဲဒီ မာရ်အောင်ရတနာမင်း လက်ထက် ကျမှဘဲ အတင်ဂိုဏ်း (တုံဂိုဏ်း) နဲ့ အရုံဂိုဏ်းဆိုပြီး အကွဲ စလာကြတယ်၊ ဘယ်သူက မှားတယ် မှန်တယ်လို့ အဆုံးအဖြတ်ပေးမဲ့သူ မရှိဘူး၊ ကိုယ့်ဂိုဏ်းနဲ့ ကိုယ် အေးအေးပဲ နေကြတာပဲ၊ နောက်ဘာဖြစ်လာ သလဲဆိုတော့ ညောင်စင်ရွာ ရွှေကျောင်း ဆရာတော်က ဂါမဝါသီ ရဟန်းတွေကို စုဆောင်း ဦးဆောင်ပြီး၊ ဦးထုပ်ဒေါက်ချာ ဆောင်းရမယ်ဆိုတဲ့၊ အဖွဲ့တစ်ဖွဲ့ ပေါ်လာပြန်တယ်'

'တတိယပါတီ ဆိုပါတော့ ဘုရား၊'

'ဟုတ်ပါတယ်၊ ရွှေကျောင်းဆရာတော် အဖွဲ့ကတော့ ခပ်ကြမ်းကြမ်းပဲ၊ ဦးထုပ်ဒေါက်ချာ မဆောင်းတဲ့ ကိုယ်တော်တွေကို နှင်ထုတ်တယ်၊ တောနေ အရညဝါသီ ရဟန်းတွေရဲ့ ကျောင်းကန် ဇရပ်တွေကို ဖျက်ဆီးပစ်တယ်၊ အဲဒီလို အကြမ်းကိုင်တာ ကြားတော့မှ မာရ်အောင်ရတနာမင်းက ဂါမဝါသီပုဂ္ဂိုလ်တွေလဲ ဂါမဝါသီ အလျောက်နေစေ၊ အရညဝါသီ ပုဂ္ဂိုလ်တွေလဲ အရညဝါသီ အလျောက်နေစေလို့ အမိန့်ချ တားမြစ်ယူရတယ် ဒကာကြီး'

'သံဃာဝိဝါဒ အဓိကရုဏ်း ဖြစ်လာတယ်ဆိုရင် သာသနာ တော်ကို ထိခိုက်လာတာပေါ့ဘုရား'

'ဒီ အတင်အရုံ ပြဿနာဟာ ဟံသာဝတီရောက် မင်း လက်ထက် ၁၁၁၃–ခုနှစ်၊ အင်းဝပျက်သည်အထိ တစ်ဘက်နဲ့ တစ်ဘက် အချေအတင် အငြင်းအခုံဖြစ်ပြီး ကွဲမြဲတိုင်း ကွဲနေကြတယ်။ ရတနာသိင်္ခ (ကုန်းဘောင်–ရွှေဘို) မြို့တည် အလောင်းမင်းတရား လက်ထက်မှာ ပွဲကျောင်း အလဗ္ဗီတွေကို နှိပ်ကွပ်ဆုံးမတယ်၊ အတင်ဂိုဏ်း အရုံဂိုဏ်း ပြဿနာကိုတော့ မရှင်းနိုင်ဘူး၊ အလောင်းမင်းတရား ကိုယ်တိုင်က အတင်ဂိုဏ်း ရှင်ယသကို မင်းဆရာ တင်မြှောက်ကိုးကွယ်တယ်၊ အတင်ဂိုဏ်းကို ကိုးကွယ်ပေမဲ့ အရုံဂိုဏ်းကို နှိမ်ချခြင်း မပြုဘူး ဒကာကြီးရဲ့'

'မှန်ပါဘုရား'

'အလောင်းမင်းတရား မရှိသည့်နောက်လဲ နောင်တော်ကြီး မင်းတို့ ဆင်ဖြူရှင်မင်းတို့ လက်ထက်တိုင်အောင် ဒီအတင်အရုံ ပြဿနာကို မရှင်းနိုင်ကြဘူး၊ စဉ့်ကူမင်း (၁၁၃၇–ခုနှစ်) လက်ထက်ကျတော့ အရုံဂိုဏ်းက အနိုင်ရပြီး မင်းအမိန့်နဲ့ တစ်ပြည်လုံး လိုက်နာကျင့်ဆောင်စေတယ်။ ဒါပေမဲ့ ဘိုးတော် (ပဒုံမင်း)လက်ထက်အထိ အတင်ဂိုဏ်း အဆက်အနွယ်တွေက ရှိနေသေးတာပဲ၊ မင်းအာဏာကြောင့်သာ ပုန်းလျှိုးကွယ်လျှိုး ဖြစ်နေတာကိုး။ အဲ–ဘကြီးတော် (စစ်ကိုင်းမင်း) (၁၁၈၁–ခုနှစ်) မင်းတရားလက်ထက်ကျတော့မှ အတင် အရုံဝါဒကို ပြန်လည် စစ်ဆေးခိုင်းပြီး ၂–ဘက်သော ဆရာတော်ကြီးများရဲ့ အဆိုအမိန့် သြဝါဒများကို ကြားနာကြရပြီးတဲ့နောက် အတင်ဂိုဏ်းဘက်က တညီတညွတ်တည်း မှားယွင်းကြောင်း ဝန်ချတဲ့အတွက်၊ သာမဏေများ ရွာဝင်ရွာထွက်မှာ သင်္ကန်း ရုံကြရမယ်ဆိုတဲ့ အဆုံးအဖြတ်ကို တစ်ပြည်လုံး လိုက်နာ

ကျင့်သုံးကြတယ်လို့ဆိုတယ် ဒကာကြီး။ အဲဒါ သာသနာ လင်္ကာရမှာ ပါတဲ့အတိုင်းပဲ'

'မာရ်အောင်ရတနာမင်းကစပြီး ဘကြီးတော် စစ်ကိုင်းမင်း အထိ၊ မင်း(၉)ဆက်တိုင်တိုင် နှစ်ပေါင်း(၁၂၀)ကျော် အငြင်းပွားခဲ့ရတဲ့ အတင်ဂိုဏ်း–အရုံဂိုဏ်း ပြဿနာဟာ နိဂုံးချုပ် ပြီးစီးသွားတယ်ဆိုတော့ ဝမ်းသာစရာပေါ့ဘုရား'

'နောက်ပိုင်း ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ကစပြီး ခုအထိပေါ့လေ၊ သင်္ကန်းဝတ်ရုံမှု အသွင်အပြင် ဟာ မြတ်စွာဘုရားလက်ထက်တော်က ဝိနည်း ပညတ်တော်မူခဲ့တဲ့ အတိုင်း ရဟန်း သာမဏေများအားလုံး တညီတညွတ်တည်း လိုက်နာကျင့်ဆောင်တော်မူကြတယ် ဒကာကြီး'

'တပည့်တော် မြင်ဖူးတွေ့ဖူးတဲ့ ခုခေတ် မြောင်းမြ ဆရာတော်တို့၊ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသတို့ရဲ့ တပည့်အဆက်အနွယ် ရဟန်း သာမဏေ တွေရဲ့သင်္ကန်းဝတ်ရုံပုံ၊ သပိတ်လွယ်ပုံ၊ ပိုက်ပုံတိုကတော့ သေသေသပ်သပ်နဲ့ အင်မတန်စနစ်ကျတာပဲဘုရား၊ ဒီကိုယ်တော် ကလေးတွေ ခပ်များများစီတန်းပြီး ကြွလာတာ မြင်လိုက်ရရင် ကြည်ညိုစိတ်တွေ အားရနှစ်သက်တဲ့ စိတ်တွေဟာ တဖွားဖွား ဖြစ်လာတယ်။ စည်းကမ်းတကျ ကြပ်မတ်ကွပ်ကဲထားတဲ့ တခြားစာသင်တိုက်တွေက ရဟန်းသာမဏေတွေဟာလဲ ဒီအတိုင်း နေကြမှာပါပဲဘုရား၊ သာသနာတော်အတွက် ညီညွတခြင်း လက္ခဏာတစ်ရပ်ပဲလို့ ဆိုရမယ်ဘုရား'

'ဟုတ်ပါတယ် ဒကာကြီး'

## အခန်း (၂၈)

### ရတနာပုံခေတ် သာသနာ

'ဒကာကြီး မန္တလေးကို ရောက်ဖူးတယ်နော်'

'လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀–ကျော်၊ မန္တလေးမြို့တွင်း နန်းတော် အဆောက်အအုံတွေ မပျက်စီးခင်ကတည်းကစပြီး ရောက်ဖူးပါတယ် ဘုရား။ ယခု ဒုတိယစစ်ပြီးခေတ်မှာလဲ အကြိမ်ကြိမ် ရောက်တယ်၊ မန္တလေးရာပြည့်ပွဲတော်ကြီးနဲ့လဲ ကြုံကြိုက်ခဲ့ရဖူးပါတယ် ဘုရား'

'အခြား မြို့ကြီးများနဲ့မတူဘဲ မန္တလေး ရွှေမြို့တော်ရဲ့ ထူးခြားတဲ့ အင်္ဂါလက္ခဏာတစ်ရပ်ကို ဒကာကြီး သတိထားမိရဲ့လား'

'မှန်ပါဘုရား၊ သံဃာတော်တွေ အလွန်များပြားစွာ သီတင်းသုံးရာ မြို့ကြီးဖြစ်တာကိုတော့ တပည့်တော် သတိပြုမိတယ် ဘုရား'

'အဲ––ဟုတ်ပြီ၊ မန္တလေးဟာ မြန်မာပြည်မှာ အကြီးဆုံးသော သံဃာ့တက္ကသိုလ် ဗဟိုဌာနကြီး ဖြစ်တယ် ဒကာကြီး။

ပခုက္ကူက ဒုတိယသံဃာ့မြို့တော်ကြီးလို့ ဆိုနိုင်ပါတယ်။ အဲဒီလို သာသနာရေးအတွက် အချက်အချာဗဟိုကျတဲ့ မြို့ကြီးဖြစ်လာ တာဟာ မင်းတုန်းမင်းနဲ့ သီပေါမင်းတို့ရဲ့ အားထုတ်မှုကြောင့်ပဲ ဒကာကြီး'

'မှန်ပါတယ်ဘုရား မင်းတုန်းမင်းကြီးဟာ သာသနာရေးမှာ အလွန်အားသန်တဲ့ မင်းတစ်ပါးပဲဘုရား။ ပထမ ပိဋကတ်တော် တွေကို ကျောက်ထက် အက္ခရာတင်တယ်၊ နောက်ပြီး ပဉ္စမ သင်္ဂါယနာ တင်တယ်၊ သားတော်တွေကို ဆရာတော်ကြီး များထံ အပ်နှံပြီး စာသင်ကြားစေတယ်၊ ရဟန်း သာမဏေပြု စေ တယ်၊ နှစ်စဉ် စာတော်ပြန်ပွဲကြီး ကျင်းပပြုလုပ်တယ်၊ ဒီတော့ ရတနာပုံ မန္တလေး နေပြည်တော်ကြီးဟာ သာသနာ့ဗဟို မြို့တော်ကြီးဖြစ်လာတာပေါ့ ဘုရား'

'ရွှေမြို့တော် လေးပြင်လေးရပ်မှာ ဘုရင်နှင့် တကွ မင်းမိဖုရား၊ သားတော်၊ သမီးတော်၊ မှူးကြီးမတ်ရာ သေနာပတိတွေ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတိုက်ကြီးပေါင်း (၇၀)ကျော် ရှိတယ်။ ကျောင်းငယ်တွေ မပါသေးဘူး။ သီပေါဘုရင် လက်ထက် ၁၂၄၃–ခုနှစ်က ကောက်ယူတဲ့ စာရင်းအရဆိုရင် ရွှေမြို့တော် လေးမျက်နှာမှာ ကျောင်းတိုက်ကြီးပေါင်း ၁၅၄– ကျောင်း၊ ကျောင်းဦးရေက ၁၂၅၇–ကျောင်းရှိတယ်လို့ ဆိုတယ် ဒကာကြီး။ ၁၉၃၇–ခုနှစ်ကထုတ်တဲ့ တိုးတက်ရေး မဂ္ဂဇင်းပါ ဆောင်းပါးရှင် တစ်ဦးရဲ့ အဆိုအရကတော့ အဲဒီအချိန် ၁၉၃၇– ခုနှစ်လောက်က မန္တလေးမှာ ကျောင်းတိုက်ပေါင်း ၁၇၉– တိုက်၊ ကျောင်းပေါင်းက ၁၀၂၇–ကျောင်း၊ ရဟန်းတော်ပေါင်း

၅၅၇၁-ပါး၊ သာမဏေပေါင်း ၂၂၈၃-ပါးရှိတယ်လို့ တွေ့ရတယ် ဒကာကြီး'

'၁၂၅၀-ပြည့်နှစ်က ရေးသားစီရင်တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ပရမတ္ထဒီပနီဋီကာသစ် ပါဋ္ဌိနိဒါန်းမှာ မြန်မာမင်းများလက်ထက် မန္တလေးနေပြည်တော်ရှိ သံဃာဦးရေဟာ ၆၀၀၀၀ (ခြောက်သောင်း) ရှိတယ်လို့ ဖော်ပြထားကြောင်း စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားနှင့် တွေ့စဉ်အခါတုန်းက မိန့်ကြားဖူးပါတယ် ဘုရား'

'အဲဒီ အချိန်အခါက အခုအထိဆိုပါတော့လေ၊ ပရိယတ္တိလုပ်ငန်းအနေနဲ့ မန္တလေးမြို့ဟာ ဗဟိုအချက်ချာပဲ၊ ဒီတော့ တစ်ပြည်လုံးက စာသင်လာကြတဲ့ ရဟန်း သံဃာတော်တွေရဲ့ အရေအတွက်ဟာ ဘယ်နဲ့လိမ့်မတုန်း ဒကာကြီးရဲ့၊ သီပေါမင်းလက်ထက် စာရင်းအရ ကျောင်းတိုက်ပေါင်း ၁၅၄-ကျောင်း ရှိတယ် ဆိုတော့၊ စာသင်တိုက် တစ်တိုက်မှာ စာသင်သား သံဃာ ၅၀၀-က ၁၀၀၀-အထိ ရှိမယ်၊ ဒီတော့ မြန်မာဘုရင်များ လက်ထက် မန္တလေး သံဃာဦးရေဟာ ခြောက်သောင်းမက ရှိနိုင်တယ်'

'မှန်ပါဘုရား'

## သာသနာရေးစီမံအုပ်ချုပ်မှု

'အဲဒီတော့ မန္တလေးနေပြည်တော် တစ်မြို့တည်းမှာပဲ သံဃာတော်ခြောက်သောင်းကျော်၊ နိုင်ငံတော် နယ်နိမိတ်အတွင်းရှိ

အခြား မြို့ရွာ ဒေသတွေမှာပါဆိုရင် သံဃာဦးရေဟာ တစ်သိန်း–နှစ်သိန်းကြားမှာ ရှိနိုင်တယ်။ အဲဒီလောက် များပြားတဲ့ သံဃာတော်တွေကို ဘယ်လို စီမံအုပ်ချုပ်မလဲ၊ ဒါကို စဉ်းစားဖို့ပဲ ဒကာကြီးရဲ့'

'မှန်ပါဘုရား၊ သံဃာများတော့ ဓမ္မတာအတိုင်း အမှုအခင်းလဲ များမယ်၊ ဝိနည်းတော်နဲ့ ဆန့်ကျင်မှုတွေလဲ ရှိလာမယ်ပေါ့ ဘုရား'

အဲဒီတော့ မြန်မာဘုရင်များက သံဃာတော်တွေကို အုပ်ချုပ်ကွပ်ကဲဖို့ သာသနာပိုင် ဆရာတော်ကြီးများ ခန့်အပ်တော်မူရတယ်။ မင်းမှုထမ်းတွေအနေနဲ့ မဟာဒါန်ဝန်တို့၊ မဟာဒါန်စာရေးတို့ ခန့်ထားရတယ်။ သီလဝန္တ၊ ပညဝန္တ၊ သိက္ခာကာမ ဖြစ်တော်မူတဲ့ သက်တော်ကြီး၊ ဝါတော်ကြီး၊ မဟာထေရ်ကြီးများကိုလည်း ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပြီး မင်းဆရာအဖြစ်နဲ့ တင်မြှောက်ပူဇော်တယ် ဒကာကြီး'

'မှန်ပါဘုရား'

'ဥပမာ–ဘိုးတော်မင်းတရား လက်ထက်မှာ (၁) မင်းအိုဆရာတော် (၂) မန်လည်ဆရာတော် (၃) ဆုံထား ဆရာတော် (၄) မင်းရွာဆရာတော် သာသနာပိုင် ဆရာတော် ၄–ပါး၊ လက်ထောက်သာသနာပိုင် ၈–ပါး၊ ပေါင်း သာသနာပြုဆရာတော် ၁၂–ပါး ခန့်ထားတယ်။ နောက် ၁၁၅၀–ပြည့်နှစ်ရောက်တော့ မောင်းထောင် ဆရာတော် သီးခြား တစ်ပါးတည်း သာသနာပိုင် ခန့်တယ်။ **မောင်းထောင် သာသနာပိုင်ရဲ့ အမိန့်နဲ့ပဲ မဲထီး**

ဆရာတော်ဟာ ၁၁၅၃–ခုနှစ်မှာ ကေတုမတီ တောင်ငူမြို့ကို ကြွရောက်ပြီး ဦးထုပ်ဒေါက်ချာဆောင်းတဲ့ အလဇ္ဇီတွေ၊ အဝတ်အရုံ ဖောက်ပြန်တဲ့ အလဇ္ဇီအဓမ္မဝါဒီ ရဟန်းတွေကို ဝိနည်းတော်နဲ့အညီ ရှင်းလင်းပစ်ရတယ် ဒကာကြီး'

## မဟာဒါန်ဝန်ဆိုတာ

'သာသနာပိုင်ဆရာတော်များရဲ့ တာဝန်ကို ဘပည့်တော် သဘောပေါက် နားလည်ပါပြီ ဘုရား၊ မဟာဒါန်ဝန်အကြောင်း သိချင်တာနဲ့ တပည့်တော် ဟိုစာအုပ် ဒီစာအုပ်တွေမှာ ရှာကြည့်တယ်၊ တိတိကျကျ မတွေ့ရဘူး ဘုရား'

'မဟာဒါန်ဝန်၊ မဟာဒါန်စာရေးဆိုတဲ့ အသုံးအနှုန်းကို ဘိုးတော်မင်းတရားလက်ထက် သာသနာရေး အဆုံးအဖြတ် စာတမ်းတွေမှာ တွေ့ရတယ်၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်မှာလဲ မဟာဒါန်အမှုထမ်းတွေရှိတယ်ဆိုတာ ထင်ရှား ပါတယ် ဒကာကြီး'

'ယုဒသန် မြန်မာနှင့်အင်္ဂလိပ် အဘိဓာန်မှာ မဟာဒါန်ကို ဒီလို အဓိပ္ပာယ်ပေးထားတယ် ဘုရား'

မဟာဒါန် – formerly an inspector - gcneral of priests မဟာဒါန်ဝန်

ဦးထွန်းမြင့်ရဲ့ ပါဠိသက်ဝေါဟာရ အဘိဓာန်မှာ ဖွင့်ဆို ထားတဲ့ အဓိပ္ပာယ်ကတော့ မဟာဒါန် (ဝန်) = မဟာ–

များမြတ်သော၊ တစ်နည်း ဘုရင်+ဒါန–အလှူ=ဘုရင်မင်းမြတ်၏ သာသနာတော်အတွက် လှူဒါန်းထောက်ပံ့မှုများကို စီမံခန့်ခွဲရသည့် ဝန်။ ရဟန်းများ၏ အမူအကျင့်ကိုလည်း ထောက်လှမ်း စုံစမ်း ကြည့်ရှုရသည်။

ဦးထွန်းမြင့်ရဲ့ အကိုးအကားတွေအရဆိုရင် ထောက်လှမ်း စုံစမ်းရုံတွင် မဟုတ်ဘူး ဘုရင်နဲ့ သာသနာပိုင်ဆရာတော်များရဲ့ အမိန့်ညွှန်ကြားချက်အရ အရေးယူဆောင်ရွက် ပေးရတာ ပေါ်လွင်ပါတယ် ဘုရား၊ ဥပမာ–– "ဝိနည်းကျမ်းဂန်ရှိသည့် အတိုင်း မကျင့်မဆောင်သော ရဟန်းတို့ကိုလည်း မဟာဒါန်ဝန်၊ မဟာဒါန် စာရေးခန့်၍ မပြတ်မလပ် သုတ်သင်ရှင်းလင်း စစ်ကြောစေရသည်" ကုန်း–ပ–၆၂။ "ခုခံ၍ နေသော ဗားကရာ ဆရာတော်ကို ရှင်ဘုရင်က အတင်းအဝတ်ဖြု လဲစေသည်၊ ဟာဒါန်ဝန် မဟာဒါန် စာရေးတို့ သွားရောက် လဲလှယ်စေပြီးလျှင် နေရင်းမြို့ရွာသို့ ပို့ထားသည်"–ချုပ်ပုံ၊ က–၁၁၃'

'ဒကာကြီး––အခု ရှင်းပြသလိုဆိုရင် မဟာဒါန်ရဲ့ ပဓာန ဝတ္တရားက ခုခေတ်"ရဲ"တွေလို ဖြစ်နေပြီထင်တယ်'

ယုဒသန်ရဲ့ အဓိပ္ပာယ်ပေးပုံကလဲ ဒီသဘောမျိုးပဲဘုရား၊ တပည့်တော်တို့ခေတ်အသုံးကတော့ ( Inspector-General of Police )ကို ရဲချုပ်လို့ ခေါ်တာကိုး။ ရဲ ရဲ့ ဝတ္တရားကတော့ ဆရာတော်တို့ သိထားပြီးဖြစ်တဲ့အတိုင်း ဖမ်းရဆီးရ ချုပ်နှောင်ရတဲ့ အလုပ်တွေလဲပါတယ် မဟုတ်လားဘုရား'

## မဟာဒါန်ဝန်

နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှတပါး၊ မင်းနေ မြို့တော်နှင့်တကွ အနီးအစပ် မြို့ရွာတိုက်တာ ကျောင်းကန်ရှိ ရဟန်း သံဃာတော်တို့ ဝိနည်း၊ သိက္ခာပုဒ်တော်နှင့်မညီ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။ ထို့ပြင် သာသနာပြု ဆရာတော်က စာပေးရန်ရှိလျှင် ရေးသား ရခြင်း၊ အတွင်းတော် ရွှေလွတ်တော်များက ဆင့်ဆိုလျှင် သာသနာပြု ဆရာတော်သို့ လျှောက်ထားရခြင်း ၊ ကျောင်းဘုရား အသည်တိုင်တို့ကို ငြိမ်အောင်စောင်မရခြင်း၊ သာသနာပြု ဆရာတော်က အဝေးမြို့ကျေးရွာ ဆင့်ဆိုခေါ်ငင်ရန် ရှိသည်များကို မဟာဒါန်ဝန်က လွှတ်တော်မှာ တိုင်တန်းခေါ်ယူရခြင်းဖြင့် ဆောင်ရွက်ရသည်။ ထို့ပြင် ကျွန်သီးတော် ဝတ္ထုကံမြေမှစ၍ ကျောင်းနှင့် စပ်လျဉ်းသည့်အရာများကို ရှုပ်ထွေးရှက်တင် မရှိစေရ၊ အထိန်းအအုပ် အစောင့်အနေ ခန့်ထားရန်နှင့်တကွ တစ်ဝတည်း ဆင့်ဆို ထိန်းအုပ်ရသည်။

(ဦးမောင်မောင်တင်၊ ကေ၊ အက်(စ်)၊ အေ၊ တီ၊ အမ်၏ ရွှေနန်းသုံး ဝေါဟာရ အဘိဓာန် ၁၃၀၂–ခုနှစ်မှ ကောက်နုတ် ဖော်ပြသည်။)

'ဟုတ်ပါပြီ ဒကာကြီး၊ စောစောက ဘုန်းကြီး ပြောခဲ့တဲ့ အတိုင်း ဘိုးတော်မင်းတရားလက်ထက်မှာ သာသနာရေးဆိုင်ရာ အမှုအခင်းတွေက အတော်များပြားဟန်တူတယ်၊ အဲဒီအချိန်အခါ

လောက်ကစပြီး မဟာဒါဝန်၊ မဟာဒါန်စာရေးတွေ ခန့်ထားပြီး သာသနာရေး အမှုအခင်းတွေကို ဖြေရှင်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ နောက်တစ်ချက်က ဘိုးတော်ကစပြီး သီပေါမင်း အထိ သာသနာရေးကို အခြားအရေးတွေထက် ပိုမိုအာရုံ ထားကြတဲ့ အတွက်ပဲ ဒကာကြီးရဲ့'

## မင်းတုန်းမင်း၏ သဒ္ဓါတရား

'မှန်ပါကယ်ဘုရား၊ မင်းတုန်းမင်းက နေပြည်တော်ရှိ ရဟန်းသံဃာတော်တွေကို ဆွမ်းဆန်တော် ဘယ်လို ထောက်ပံ့ တယ်ဆိုတာ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း စာမျက်နှာ ၁၃၂ မှာ တပည့်တော် ဒီလိုတွေ့ရတယ်ဘုရား--

"ထိုအခါကစ၍ ဒင်္ဂါးမလှူဘဲ (ငွေ-မလှူဘဲ) ဆန်များ ကို လှည်းဖြင့်တိုက်၍ ကျောင်းတိုက်ရောက် ပို့သလှူဒါန်း ရသည်၊ မန္တလေး၊ အမရပူရမှာ ဆန်လှူသော ကျောင်းတိုက် ပေါင်း ၂၁၇။ ကျောင်းပေါင်း ၁၄၄၂။ ရဟန်းပေါင်း ၈၇၁၈။ သာမဏေပေါင်း ၆၆၄၈။ ၂-ရပ်ပေါင်း ရဟန်း သာမဏေ ၁၅၃၆၆ အတွက် တစ်လလျှင် ဆန်တင်းခြင် ၂၀၄၅၂ ကုန်သည်။ တစ်နှစ်, သင့်မည်မျှ ဆယ်နှစ်သင့် မည်မျှ တွက်ဆရန် လွယ်ကူတော့သည်။ ၁၂၂၂-ခုက စ၍ ၁၂၄၀-ပြည့် ဝါခေါင်လတိုင် အစဉ်မပြတ် လှူဒါန်းတော် မူသည်"

'အင်း--မင်းတုန်းမင်းကြီးရဲ့ သဒ္ဓါတရားဟာ အံ့သြ လောက်စရာပဲ ဒကာကြီး။ ဘုန်းကြီး ကြားဖူးတာက မင်းတုန်း

မင်းကြီးဟာ သူ့ကိုယ်ပိုင်ငွေနဲ့ လှူဒါန်းထောက်ပံ့တာတဲ့၊ တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာငွေနဲ့ မဟုတ်ဘူးလို့ ဆိုတယ်’

‘မင်းတုန်းမင်း ရက်ရက်ရောရော လှူဒါန်းပုံကို မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းမှာပဲ တပည့်တော် ဒီလိုတွေ့ရတယ် ဘုရား။ သာသနာရေး ဗဟုသုတအဖြစ် မှတ်သားစရာကောင်းပါတယ်–

‘သံဃာတော်များ သီတင်းသုံး ကိန်းအောင်းရန် ကျောင်းကန်အများတည်ထားဆောက်လုပ်သည့်ပြင်၊ ထိုကျောင်းများတွင် သံဃာတော်များ အစားအသောက် ပြည့်စုံရန်၊ ဆန်၊ ဆား၊ ငါးပိစသော အစားအသောက် ပြည့်စုံ လုံလောက်စွာ လှူဒါန်းသည်၊ တံဆိပ်ရ ပထမစာချ၊ ဒုတိယစာချ၊ စာသင်သား စသဖြင့် အနိမ့်အမြင့် အဆင့်အတန်းထား၍ အများ၊ အလတ်၊ အနည်းထား၍ အသီးသီး လှူဒါန်းသည်။ အထူးအားဖြင့်လည်း တံဆိပ်တော်ရဆရာတော် ၇၀–ကျော်တို့မှာ တစ်သီတင်းလျှင် ၈–ပါးကျ၊ အလှည့်ကျ တစ်လလေးခါ၊ ဝါတွင်းဝါပ ရှိသမျှလစဉ် ပဌာန်းဇရပ်မှာ ပဌာန်းရွတ်သည့်အခါ ပဒေသာပင် တစ်ပင်စီ အညီအမျှ ရကြသည်။ ပထမ ပြန်သော ရဟန်းရှင်လူတို့အားလည်း အထူးသဖြင့် ချီးမြှင့် ထောက်ပံ့သည်။ အနည်းဆုံးနှစ်တွင် ပထမပြန်သူ အရေအတွက် ၅၀–ကျော်။ အများဆုံးနှစ်တွင် ၁၀၀၀ ရှိသည်။ သည်ကဲ့သို့ ရတနာသုံးပါးနှင့်စပ်၍ အရပ်ရပ် အလှူအတွက် ကုန်ကျငွေ ၂၆–နှစ် သံဝစ္ဆရချုပ်သည့်အခါ ၂၂–ကုဋေ ၆–သန်းကျော် ကုန်သည်။

'သာသနာတော်ကို ချီးမြှောက်တဲ့ နေရာမှာဖြင့်၊ မင်းတုန်းမင်းလို ပုဂ္ဂိုလ်မျိုး ရှားပါတယ်၊ တကယ့်သဒ္ဓါစိတ်၊ ကြည်ညိုစိတ်ပဲ ဒကာကြီးရဲ့'

'မှန်ပါတယ်ဘုရား'

---

# အခန်း (၂၉)

## ဓမ္မ ဝိနယ ပြန်တမ်းများ

'မြတ်စွာဘုရားရဲ့ ဝိနည်းဒေသနာဆိုတာ အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါကျမှ ပညတ်တော်မူတာ ဒကာကြီးတို့ လူ့ဥပဒေတွေလိုပါပဲ'

'လူ့လောကမှာ နိုင်ငံအုပ်ချုပ် မင်းလုပ်တဲ့ အစိုးရ အဖွဲ့အစည်းတွေလဲ ဖြစ်ပေါ်လာတဲ့ အကြောင်းကိစ္စ တစ်ရပ်ရပ် အပေါ်မှာ အကြောင်းပြုပြီး အက်ဥပဒေတွေ ပြဋ္ဌာန်းရခြင်းပဲ ဘုရား၊ အမိန့်ဆာကြူလာတို့ ဆိုတာလဲ အစိုးရ မင်းမှုထမ်းတွေ၊ တိုင်းသူပြည်သားတွေ လိုက်နာဆောင်ရွက်ဖို့ ထုတ်ပြန်လိုက်တဲ့ ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေပါပဲဘုရား'

'မြတ်စွာဘုရားဟာ ဝါတော် ၂၀-ရောက်သည်အထိ ဝိနည်း ဒေသနာတော်တွေကို ပညတ်ထားခြင်း မရှိသေးဘူး။ ဝါတော် ၂၀-မတိုင်မီ အချိန်ကာလ အတွင်းမှာ မြတ်စွာဘုရားရဲ့ သံဃာ့အဖွဲ့အစည်း အတွင်းမှာ သန့်သန့်ရှင်းရှင်းပဲ ရှိနေတယ်။ သာသနာတော်သက် အနှစ် ၂၀-တိုင်လာတဲ့အခါကျတော့၊ ရဟန်းပရိသတ်က တိုးပွားများပြားလာပြီး အဲဒီအထဲမှာ

သဒ္ဓါယုံကြည်မှုသက်သက်နဲ့ မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် သာသနာ့ဘောင် ဝင်လာတဲ့သူတွေ၊ ငယ်ရွယ်နုပျိုပြီး စိတ်ဓာတ် မရင့်ကျက်သေးတဲ့ သူတွေပါ ပါဝင်လာတယ် ဒကာကြီးရဲ့'

'ပရိသတ်များလာရင် ပြဿနာလဲ များလာတာပေါ့ ဘုရား'

'အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ သာသနာတော် အရှည်တည်တံ့ဖို့အတွက် သိက္ခာပုဒ် ပညတ်တော်မူဖို့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက ချစ်သား သာရိပုတ္တရာ၊ အချိန်အခါ မကျသေးဘူး။ ကျူးလွန်မှု အပြစ်ပေါ်လာတဲ့ အခါကျမှ သိက္ခာပုဒ် ပညတ်တော်မူမယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတယ် ဒကာကြီး'

'မှန်ပါဘုရား'

'ဝိနည်းဆိုတာ ရဟန်းသံဃာတော်များအတွက် စည်းမျဉ်း ဥပဒေပဲ၊ စစ်ကိုင်းတိုင်း၊ မြောင်မြို့ဆင်ရှင် ဆရာတော်ဘုရားကြီးက ဒီလိုရေးဖူးတယ် ဒကာကြီးရဲ့--"မြတ်စွာဘုရား ပညတ်တော်မူခဲ့သော ဝိနည်းပိဋကတ်တော်သည် ဥပဒေစည်းကမ်းပင် ဖြစ်သည်၊ သာသနာ့အမှုထမ်း ရဟန်းတော်မှန်သမျှ ဝိနည်းစည်းကမ်းအတိုင်း နေထိုင်ကျင့်သုံး ကြရသည်၊ စည်းကမ်းအတိုင်းနေ၍ စည်းကမ်းကို လေးစားသူ၊ စည်းကမ်းသေဝပ်သူသည် အကျင့်သီလ စာရိတ္တ ကောင်းသူ၊ အခြား သူတို့၏ အတုယူဖွယ် စံနမူနာထားထိုက်သော ပုဂ္ဂိုလ် အဖြစ်သို့ မုချ ရောက်ရလေသည်"လို့ ဆိုတယ်'

'တပည့်တော် မြောင်မြို့ ဆင်ရှင်ဆရာတော်ဘုရားကြီးထံ သွားရောက်ဆည်းကပ်ဖူးတယ်၊ ၁၉၇၆–ခုနှစ်လောက်က သံဃာ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း ရေးဆွဲဖို့၊ သာသနာတော် အကျိုး၊ ရဟန်း၊ ရှင်၊ လူ၊ တို့ရဲ့အကျိုးအတွက် ကြောင့်ကြမဲ့ (အပ္ပေါသုက္က) နေတော်မမူကြဖို့ ဆရာတော်ကြီးရဲ့ နှိုးဆော် မေတ္တာရပ်ခံစာတွေကိုလဲ တပည့်တော် တွေ့မြင် ဖတ်ရှုဖူးတယ်။ သာသနာ့စိတ်၊ မျိုးချစ်စိတ်ပြင်းထန်းတဲ့ ဆရာတော်ကြီး တစ်ပါး ပါပဲဘုရား'

'ဆရာတော်ကြီးဟာ သာသနာ့အန္တရာယ်တွေ ကြီးမား တိုးပွားလာတာကို မြင်တွေ့ရလို့၊ အခုလို သံဃာ့အုပ်ချုပ်ပုံ စည်းမျဉ်းရေးဆွဲဖို့ အကြံပေးလှုံ့ဆော်ခြင်းဖြစ်တယ် ဒကာကြီး၊ အမှန်ကတော့ အာဏာစက်၊ ဓမ္မစက်နဲ့ ၂–ဘက်ညှပ်ပြီး ထိန်းကွပ်ဖို့လိုပြီဆိုတဲ့ သဘောပါပဲ'

'မြတ်စွာဘုရားရဲ့ ဝိနည်းဥပဒေနဲ့ တိုင်းပြည်အစိုးရမင်း တို့ရဲ့ စည်းမျဉ်းဥပဒေဆိုတာ အကြောင်းရှိလို့ပေါ်လာတာ၊ အဲဒီ အကြောင်းဟာ ဘာလဲဆိုတာ တပည့်တော်တို့ သိထားရမယ် ဘုရား'

'ဟံသာဝတီက ဓမ္မစေတီမင်းလက်ထက်မှာ ရဟန်းတော် အမြောက်အမြားဟာ ဝိနည်းဒေသနာတော်ကို ဆန့်ကျင် ဖောက်ဖျက်လာကြတဲ့အတွက် ဓမ္မဝိနယပြန်တမ်းထုတ်ပြန်ခဲ့ရတဲ့ အကြောင်းကို ဘုန်းကြီး ပြောပြီးနောက်၊ အခု မင်းတုန်းမင်းကြီးနဲ့ သီပေါမင်းတို့လက်ထက်ထုတ်ပြန်တဲ့ ဓမ္မဝိနယစာတမ်းအကြောင်း ဆက်ကြဦးစို့ ဒကာကြီး'

'မှန်ပါဘုရား'

'မင်းတုန်းမင်းကြီးဟာ ၁၂၁၇–ခုနှစ်မှာ သာသနာပိုင်ဆရာတော်နဲ့ သာသနာပြုသုဓမ္မာဝင် ဆရာတော်ကြီး ၈–ပါးတို့ကို လျှောက်ထားပြီး ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီးတစ်ခု ထုတ်ပြန်ကြေညာခဲ့ထယ်၊ (နောက်ဆက်တွဲတွင် ရှုပါ)

အဲဒီ အမိန့်တော်ပြန်တမ်းမှာ အချက် ၂၁–ချက် ပါတယ်။ ဒီ ၂၁–ချက်ကို ဖတ်ကြည့်ရင်၊ အင်မတန်သဒ္ဓါတရားထက်သန်ပြီး သာသနာတော်ကို ပြုစုစောင့်ရှောက်တဲ့ မင်းတုန်းမင်းကြီးလက်ထက်မှာကိုပဲ အလဇ္ဇီရဟန်းတွေ ရှိနေတယ်၊ လူတွေကလဲ ကိုးကွယ်ဆည်းကပ်ကြတယ်၊ အားပေးအားမြှောက် ပြုကြတယ်ဆိုတာ ထင်ရှားတယ် ဒကာကြီး'

'မှန်ပါဘုရား အမိန့်ပြန်တမ်းဆိုတာ မင်းရဲ့အာဏာစက်ပဲ၊ အာဏာစက်ကို မသုံးရင်မဖြစ်လို့သာ မင်းတုန်းမင်းကသာသနာပြု ဆရာတော်ကြီးများရဲ့ သဘောတူခွင့် ပြုချက်ရယူပြီး ထုတ်ပြန်သုံးစွဲရခြင်း ဖြစ်လိမ့်မယ် ဘုရား'

'ဟုတ်ပါတယ်၊ အလဇ္ဇီရဟန်းတွေရဲ့ အလဇ္ဇီဓမ္မ၊ အလဇ္ဇီတွေရဲ့ အကျင့်ပျက် ၂၁–ချက်ကို ဖော်ထုတ်ပြီးတဲ့နောက်၊ ထိုအလဇ္ဇီတွေကို ကိုးကွယ်လှူဒါန်းခြင်း မပြုကြရ၊ အားပေးအားမြှောက်ပူဇော်လှူဒါန်းတယ်ဆိုရင် အလဇ္ဇီတွေနဲ့ပေါင်းဖက်ပြီးသာသနာတော်ကို ဖျက်ဆီးတာနဲ့ အတူတူပဲ၊ ဒါကြောင့် အလဇ္ဇီ ရဟန်းတွေကိုရော၊ အလဇ္ဇီကို ကိုးကွယ်ဆည်းကပ်ပူဇော်အားပေးတဲ့ လူတွေကိုရော၊ နိုင်နင်းအောင် ထားမြစ်နှိပ်ကွပ်စေလို့ အာဏာနဲ့ ပညတ်ယူရဘယ် ဒကာကြီး'

'သာသနာတော် သန့်ရှင်းစင်ကြယ်စေလိုတဲ့ မင်းတုန်းမင်းရဲ့ စေတနာကို ချီးကျူးရမယ် ဘုရား'

## မင်းတုန်းမင်း၏ ဓမ္မဒါနစာတမ်း

'၁၉၇၈–ခု ဩဂုတ်လအတွင်းက "ကုလဒူသက ဝိနိစ္ဆယ" တစ်အုပ် ထွက်လာတယ်၊ လက်နှိပ်စက်ရိုက်ပြီး စာကူးစက်နဲ့ လှည့်ထားတဲ့ စာအုပ်ဒကာကြီးရဲ့၊ မင်းတုန်းမင်းရဲ့ လျှောက်ထားတောင်းပန်ချက်အရ ပထမရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားတဲ့ ဝိနိစ္ဆယဖြစ်လိမ့်မယ်လို့ ရှာဖွေတင်ပြသူ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါးတန်းကျောင်းမှ အရှင်ပဏ္ဍဝက ဆိုတယ်။ အဲဒီ စာတမ်းမှာ အဲဒီခေတ်က ရဟန်းအချို့ ရွှေငွေအစရှိတဲ့ နိဿဂ္ဂိယဝတ္ထု၊ ကျောက်သံပတ္တမြား လယ်ယာဥယျာဉ် သစ်သီးပန်းမာလ်၊ လူအစေအပါး၊ ကျွဲနွားတိရစ္ဆာန်စတဲ့ ဒုက္ကဋဝတ္ထုတွေကို အလှူခံခြင်း၊ ရှာဖွေသိမ်းခြင်း၊ ပွဲလမ်းသဘင်ခံခြင်း၊ ကြည့်ရှုခြင်း၊ အိုးစည်လက်ခုပ် လက်ဝါးတီးခြင်း၊ ဖဲရိုက်ကစားခြင်း၊ အံစာပစ်ကစားခြင်း၊ မီးပုံးပျံ မီးအိမ်လုပ်ခြင်း၊ လွှတ်ခြင်း အစရှိတဲ့ အချက်တွေ အတော်များများ ပါရှိတယ် ဒကာကြီးရဲ့'

ရှာဖွေတင်ပြသူ ဦးပဏ္ဍဝက ဒီလို မှတ်ချက် ရေးထားတယ်၊ "ဤကျမ်းစာသည် ဘုရားရှင်၏ သာသနာတော်၌ မှီခိုကပ်ပါး တော်စွရော်စွ နေထိုင်ကြသော ပုဂ္ဂိုလ်၊ ကျမ်းလာပေလာ အလွယ်ခွါရှောင်၍ စိတ်ရှိတိုင်း ပြုလုပ်နေထိုင်သော အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်မျိုးတို့ကို ရှို့မြိုက်သုတ်သင် လိုက်သော ကျမ်းစာဖြစ်လိမ့်မည် ဆိုက မှားအံ့မထင်"တဲ့။

'ဒီခေတ်နဲ့လဲ အံဝင်မယ် ထင်တယ်ဘုရား၊ အဲဒီကျမ်းစာအုပ်ကလေးကို ပုံနှိပ်ဖြန့်ချိနိုင်ရင် ကောင်းမယ် ဘုရား၊ ဒါမှ ရှင်လူရဟန်းတွေလက်ထဲ များများရောက်မယ်'

'အဲဒီ စာတမ်းကို မင်းတုန်းမင်းတရားရဲ့ ဓမ္မဒါနလို့ မျက်နှာဖုံးမှာ ဖော်ပြထားတယ်။ မင်းတုန်းမင်းကြီးရဲ့ လက်ထက်မှာပဲ ဝိဂါဒပြဿနာတစ်ခု ဖြေရှင်းပေးရပုံဟာလဲ အင်မတန်စိတ်ဝင်စားဖို့ ကောင်းတယ် ဒကာကြီး၊ အဲဒီအခါတုန်းက အင်္ဂလိပ်အစိုးရ လက်အောက်ခံဖြစ်နေတဲ့ ရန်ကုန်၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ စဥ့်ကူဘက်မှာ ဝိဝါဒအဓိကရုဏ်းတစ်ခု ပေါ်ပေါက်လာတယ်။ ပြဿနာကတော့ ဝိနည်းကို လူတွေ သင်အပ် မသင်အပ် အလဇ္ဇီဒုဿီလ ပါပဖြစ်တဲ့ ရှင်ရဟန်းတွေကို ဆည်းကပ်ပူဇော်ခြင်း၊ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်းသည် ကုသိုလ်ရ–မရ စသည်ဖြင့် အငြင်းအခုံ ဖြစ်ကြတယ်။ အဲဒီ ပြဿနာ ဖြေရှင်းဆုံးဖြတ်ပေးဖို့ မင်းတုန်းမင်းကြီးဆီ ရောက်လာတယ် ဒကာကြီးရဲ့၊ ၁၂၂၆–ခုနှစ်၊ တပေါင်းလ (၁၈၆၅–ခုနှစ် မတ်လ) အတွင်းကလို့ ဆိုတယ်၊ နှစ်ပေါင်း ၁၁၅–နှစ် ရှိသွားပြီပေါ့'

'မှန်ပါဘုရား'

## ခွေးသည် သာသနာတော်ကို မဖျက်ဆီးနိုင်

'အဲဒီမှာ မင်းတုန်းမင်းကြီးရဲ့ မိန့်ကြားပုံဟာ ကောင်းလွန်းလို့ ဒကာကြီးကို ပြောပြရဦးမယ်၊ မင်းတုန်းမင်းကြီးက ပြဿနာတင်ပြလာတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လိုပြောသလဲဆိုတော့–

'သူတော်မဟုတ် ယုတ်သော အကျင့်ရှိသော အလဇ္ဇီပုဂ္ဂိုလ်တို့ကား သဒ္ဓါဒုဗ္ဗလ ပညာနည်းလှသော သူတို့ကိုသာ ရှာ၍ပေါင်းကြသည်၊ သဒ္ဓါဒုဗ္ဗလ ပညာနည်းလှစွာသော သူတို့ကလည်း အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုကြကုန်သည်။

'ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်၊ ထိုသို့ မဖျက်ဆီးနိုင်သော ခွေးသည် အဝီစိသို့ မကျရ။ လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်။ ထိုသို့ ဖျက်ဆီးနိုင်သောလူသည် အဝီစိကျရသည်။ မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို မပြုကြကုန်လင့် အဝီစိငရဲကြီးသို့ ကျဆင်းကြရမည်ကို ကြောက်ကြကုန်'

'အလဇ္ဇီဒုဿီလတွေအတွက် ပြတ်သားတဲ့ မိန့်ဆိုချက်ပဲဘုရား။ မင်းတုန်းမင်းကြီးရဲ့ ဒီအဆိုအမိန့်ကို တပည့်တော်တို့တွေ စိတ်ထဲမှာ စွဲမြဲအောင် မှတ်သားထားပြီး လိုက်နာကျင့်သုံးကြဖို့ ကောင်းတယ်ဘုရား'

'အဲဒီ ပြဿနာအတွက် ကာယကံရှင်တွေကို မင်းတုန်းမင်းကြီးက မေးမြန်းပုံ၊ သုဓမ္မာ ဆရာတော်များက မေးစစ်ပုံ၊ ဝိနိစ္ဆယအဆုံးအဖြတ်ပေးပုံတွေဟာ အင်မတန် စိတ်ဝင်စားဖို့ကောင်းတယ်၊ အဲဒါကို အကျယ်သိချင်ရင်တော့ ရန်ကုန်ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဘုံပျံဆရာတော် ဦးပညာသာမိ (ယခု ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်) ရေးသားပြုစုတဲ့

ကြည့်မြင်တိုင် ကျောင်းကြီးတိုက် စည်းမျဉ်းဥပဒေ စာအုပ်ကိုသာ ရှာဖွေပြီး ဖတ်ပေတော့ ဒကာကြီး'

'အဲဒီ စာအုပ်ကတော့ ဝတ္ထုဆိုက်အရွယ် စာမျက်နှာ ၁၃၀-လောက်ပဲ ပါတယ်။ ဒါပေမဲ့ စောစောက ပြောခဲ့တဲ့ မင်းတုန်းမင်းရဲ့ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း၊ အလဇ္ဇီပြဿနာ အတွက် သုဓမ္မာ ဆရာတော်များ၏ ဝိနိစ္ဆယ၊ သင်္ဂဇာဆရာတော် ဘုရား၏ သြဝါဒ အမိန့်တော်၊ ရဟန်းသာမဏေများ လိုက်နာရန် သုဓမ္မာ ဆရာတော်တို့၏ ဆင့်ဆိုချက်များ၊ ဂိုဏ်းသံဃာတော်တို့ လိုက်နာရန် မြေထဲဂိုဏ်းအုပ်ဆရာတော် ဆင့်ဆိုချက် စသည်ဖြင့် မှတ်သားစရာတွေ စုံအောင်ပါတယ် ဒကာကြီးရဲ့'

'ဒီလိုဆိုရင် တပည့်တော် ကြည့်မြင်တိုင် ဘုံပျံဆရာတော် ထံသွားပြီး စာအုပ်အလှူခံဦးမှ ဖြစ်မယ်ဘုရား'

## အခန်း (၃၀)

### သီပေါမင်း၏ သာသနာ သန့်ရှင်းရေး

'သီပေါမင်းဘုရင်ဟာ ခမည်းတော် မင်းတုန်းမင်းရဲ့ ထီးမွေနန်းမွေကိုသာမဟုတ်ဘူး၊ သာသနာရေး လုပ်ငန်းအမွေကိုပါ ဆက်ခံခဲ့တဲ့ မင်းတစ်ပါးပဲ ဒကာကြီး။ သူကိုယ်တိုင်ရဟန်း သာမဏေဘဝနဲ့ ပိဋကတ်တော်တွေကို သင်ယူခဲ့တယ်။ ဒီတော့ မြတ်စွာဘုရားရဲ့ သာသနာတော်ကို ခမည်းတော် မင်းတုန်း မင်းကြီးကဲ့သို့ပင် ဆက်လက် ချီးမြှောက်တော်မူတယ် ဒကာကြီး'

'မှန်ပါဘုရား'

'သီပေါမင်းဟာ သူ့လက်ထက်မှာလည်း အလဇ္ဇီဒုဿီလ၊ ပါပသမ္ဘာစာရပုဂ္ဂိုလ်တွေ၊ ရဟန်းတွေ မရှိစေချင်ဘူး၊ ပွတ်သစ်စ ခရုသင်းဟာ ဖြူဖွေးစင်ကြယ်ပြီး အရောင်တောက်သလို သာသနာတော်ဟာလဲ အလွန်ဖြူစင် သန့်ရှင်းစေချင်တယ်၊ ဒါကြောင့် သာသနာပိုင် ဆရာတော်ကြီးနဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများကို နန်းတော်သို့ ပင့်ဖိတ်ပြီး သာသနာတော် သန့်ရှင်းရေး၊ တည်တံ့၊ ပြန့်ပွားရေးအတွက် ဆောင်ရွက်တော်မူကြဖို့ သီပေါမင်းက လျှောက်ထားတယ်'

'ခေတ်အဆက်ဆက်မှာ မင်းနဲ့ ပြည်သူကတော့ သာသနာတော်မှာ အညစ်အကြေး မစွန်းထင်စေချင်ဘူးပေါ့ ဘုရား။ ပစ္စည်းလေးပါးနဲ့ ပြည့်စုံအောင် သာသနာ့ဝန်ထမ်း ရဟန်းတော်တွေကို ထောက်ပံ့လှူဒါန်း နေကြရတယ်မဟုတ်လား။ ဒီလို ဒကာ-ဒကာမတွေဘက်က ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့ နေကြတော့ သံဃာတော်များ ဘက်ကလဲ သာသနာတော် သန့်ရှင်းစင်ကြယ်စေချင်တယ်။ သာသနာ့ဂုဏ် မညှိုးနွမ်း စေချင်ဘူးဆိုတဲ့ ဒကာ ဒကာမများရဲ့ အလိုဆန္ဒပြည့်ဝအောင် တုံ့ပြန်မှု ရှိကြမှာပေါ့ ဘုရား'

## စည်းကမ်းသတ်မှတ်ချက် ပြန်တမ်းများ

'မှန်တယ် ဒကာကြီး၊ အခုလဲ သိပေါ့ဘုရင် လျှောက်ထား တဲ့အတိုင်း နိုင်ငံတော်အတွင်းရှိ ဆရာတော် သံဃာတော်များသည် အပွေါသုက္က ကြောင့်ကြမဲ့နေတော်မမူကြဘဲ မိမိတို့တိုက်တာ ဂိုဏ်းဂဏအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တပည့်ရဟန်း သာမဏေတို့ကို ဝိနည်းသိက္ခာပုဒ်တော်နှင့် အညီ ကျင့်ဆောင် နေထိုင်ကြစေရန် သာသနာပိုင်ဆရာတော် ဘုရားကြီးက စည်းကမ်းချက် ၃၄-ချက်ပါတဲ့ အမိန့်တော်ပြန်တမ်းတစ်ရပ်ကို ၁၂၄၅-ခုနှစ်မှာ ထုတ်ပြန် ကြေညာတော် မူတယ်။ ၁၂၄၅-ခုနှစ်၊ ရွှေမြို့တော်(မန္တလေး)မှစ၍ နိုင်ငံတော် အတွင်းရှိ တံဆိပ်တော်ရ မရ၊ တိုက်အုပ် တိုက်ကြပ်တို့နှင့် ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ကို ဆင့်ဆိုပေးအပ်ရန် သာသနာပြု ဆရာတော်ဘုရား အမိန့်တော်လို့ ခေါ်တယ်'

'သာသနာတော်အတွက် ဆရာနဲ့ ဒကာ ပူးတွဲ ဆောင်ရွက်မှုလို့ ဆိုရမှာပေါ့' ဘုရား

'အဲဒီ ပထမအမိန့်တော်ကို ဆင့်ဆိုလိုက်သော်လဲ အချို့က လိုက်နာကျင့်ဆောင်ခြင်း မရှိ၊ မြတ်စွာဘုရားရဲ့ သာသနာတော် ဆုတ်ယုတ်ညှိုးနွမ်း ပျက်ပြားကြောင်းဖြစ်တဲ့ အမှုတွေကို သိလျက်နဲ့ လွန်ကျူးပြုလုပ်နေကြတာကို ဘုရင်နဲ့ တကွ သာသနာပြု ဆရာတော်ကြီးများက သိကြားရတဲ့ အတွက် ၁၂၆၄–ခုနှစ်မှာ မူလစည်းကမ်းချက် ၃၄–ချက်ကို ဖြည့်စွက်ပြီး ထပ်ဆင့်အမိန့်တစ်ခု ထုတ်ပြန်တယ် ဒကာကြီး'

'မှန်ပါဘုရား၊ ဆိုဆုံးမရခက်ခဲတဲ့ ဒုဗ္ဗစပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရား လက်ထက်ကစပြီး ခေတ်အဆက်ဆက်မှာ ရှိစမြဲပေါ့ ဘုရား။ အခုလဲ ရှိနေတယ်၊ နောက်လဲရှိအုံးမှာပါပဲ၊ ဒါကြောင့် အချို့ကျောင်းတိုက်တွေမှာ ဆရာတော်ကြီးများက တပည့်လက်မခံချင်ကြဘူး ဘုရား'

'၁၂၄၆–ခုနှစ်မှာ ထုတ်ပြန်တဲ့ ထပ်ဆင့်အမိန့်တော် ပြန်တမ်းမှာ အချက် ၉–ချက်ပါတယ် ဒကာကြီး၊ ဒီတစ်ခါတော့ သာသနာတော် ဆုတ်ယုတ်ညှိုးနွမ်း ပျက်ပြားကြောင်း အမှုတွေကို ကျူးလွန်ပြုလုပ်တယ်ဆိုရင် အပြစ်အလျောက် စီရင်မည်လို့ တိတိလင်းလင်း သတိပေးထုတ်ပြန်တော်မူတယ်။ သက်နုံးသပိတ် ပရိက္ခရာ အစရှိတဲ့ ကပ္ပိယဝတ္ထုနှင့်ပင် ဖြစ်သော်လဲ ဘုရား စက်ဆုပ်တော်မူသည့် လယ်ယာဥယျာဉ်သစ်သီး ပန်းခြံ အာရာမ် စသည်များကို အပေါင်ခံခြင်း၊ သူတစ်ပါးထံ ပေါင်နှံခြင်း၊

လူတွေကို အငှားချထားခြင်း မပြုရ။ ရွှေငွေအနာမာသ၊ နိဿဂ္ဂိယ၊ ဒုက္ကဋ ဝတ္ထုတို့ကို ဒုဗ္ဗိစာရမှ ကင်းလွတ်အောင် လိမ္မာကျွမ်းကျင်သော ကပ္ပိယကာရကဖြင့်သာ ခံယူသုံးဆောင်ခြင်း ပြုရမည်။ ရွှေငွေ အနာမာသနိဿဂ္ဂိယ၊ ဆန်စပါး ပဲပြောင်း အစရှိသော အကပ္ပိယ ပစ္စည်းများကို မိမိတို့၏ ပယောဂဖြင့် ကြွေးမြီအတိုး အပွားပေးချေမှု မပြုရ၊ မင်္ဂလာမှု အလှူအတန်း၌ ဖြစ်စေ၊ ဘုန်းကြီးပျံ၊ မယ်တော် ဘတော်ပျံ အစရှိသော အမင်္ဂလာအမှုတို့၌ ဖြစ်စေ၊ ကာယပယောဂ၊ ဝစီပယောဂ၊ မကင်း ကိုယ်တိုင်ကိုယ်ကြပ် အားထုတ်လျက် အတီးအက အဆိုအပြောစသော သဘင်နှင့်စပ်သော ပွဲလမ်းများကို မပြုလုပ်ရ။

လူတို့အလျောက် ပွဲလက်ခံသည်များကို သွားလာကြည့်ရှု၊ တုတ်,ဓားစွဲကိုင်ပြုလုပ်ခြင်း အမှုများကိုလည်း ရှောင်ကြဉ်ကြရမည် ဆိုတဲ့ အချက်တွေလဲ သာသနာပိုင် ဆရာတော်ရဲ့ ဒုတိယ ထပ်ဆင့်အမိန့် ပြန်တမ်းမှာပါရှိတယ် ဒကာကြီးရဲ့'

'အဲဒီကာလတုန်းက အဲဒီအမှုမျိုးတွေ ရှိနေတယ်ဆိုတာ ထင်ရှားတာပေါ့ ဘုရား၊ အဲဒီလို အမိန့်မျိုး ထပ်တလဲလဲ တုတ်ပြန်နိုင် ကွပ်ညှပ်နိုင်မှ တော်ရုံကျမှာဘုရား'

'၁၂၄၇–ခုနှစ်မှာ တစ်ခါ သာသနာပိုင် ဆရာတော်ကြီးရဲ့ တတိယ အမိန့်တော်ကို ထုတ်ပြန်ရပြန်တယ် ဒကာကြီး၊ အမိန့်တော် နိဒါန်းမှာ ဘုရင်က သာသနာတော်၏ စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပခြင်း အရှည်တည်တံ့ ခိုင်ခံ့စေခြင်းငှာ သာသနာတော်ကို ဓမ္မစက်၊ အာဏာစက် နှစ်ပါးတို့ဖြင့် အားထုတ်တော်မူရန် တိုက်တွန်းတဲ့အကြောင်း ဖော်ပြထားတယ်

ဒကာကြီး။ အဲဒီ တတိယအမိန့်ပြန်တမ်းမှာ အချက် ၇-ချက် ပါတယ်။ ထူးထူးခြားခြား သိမှတ်ထားစရာကတော့ အဲဒီ ခေတ်မှာပဲ ရဟန်းအချို့ဟာ မပြုအပ်တဲ့ လူမှုကိစ္စများကို ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်ပြောဆိုကြတယ်။ အတွင်းတော် လွှတ်တော်၊ ရုံးတော်များသို့ သိက္ခာပုဒ်သီလ ညှိုးနွမ်းကြောင်းဖြစ်တဲ့ စာတွေပို့တယ်၊ ခုခေတ် ပစ်စာတို့ တိုင်စာ ဆဲစာတို့ သဘော မျိုးပေါ့၊ တုတ်, ဓားတွေနဲ့ ရဟန်းအချင်းချင်း ခိုက်ရန် ဖြစ်ပွားတယ်၊ အချင်းဖြစ်ပွားတဲ့အခါမှာ ရဟန်းသာမဏေတို့က ဝန်းဝိုင်းတယ်၊ အကြမ်းကိုင်တယ်၊ လူဒကာ ဒကာမတွေနဲ့ အကျွမ်းတဝင် ပြုလုပ်ပြီး ညဦးအခါ ဒကာ ဒကာမတို့ အိမ်သို့ ဝင်ထွက်သွားလာ လည်ပတ်တယ်။။ ညဦးအိပ်တယ်၊ အဲဒီလို ရဟန်း သာမဏေတွေအနေနဲ့ သာရုပ္ပမဖြစ်တဲ့ အမှုမျိုး လူတို့ သဒ္ဓါတရားယုတ်လျော့ ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ အမှုမျိုးတွေကို မပြုလုပ်ရဆိုတဲ့ တားမြစ်ချက်တွေပါတယ် ဒကာကြီးရဲ့'

## ဘုရားပွဲကြည့်ရင်း ရန်ဖြစ်ကြတယ်

'ဆရာတော် အခုအမိန့်ရှိတာတွေဟာ သာသနာတော် အတွက် စိတ်မချမ်းသာစရာတွေပဲဘုရား၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော် ဘုရား ရေးသားပြုစုတဲ့ ရွှေကျင်နိကာယသာသနာဝင်မှာ ရဟန်းတွေ ခိုက်ရန်ဒေါသဖြစ်တဲ့ ကိစ္စတစ်ခုကို ဒီလို ဖတ်ရ ဖူးတယ် ဘုရား-

'**အခါတစ်ပါး**လဲ (မန္တလေး) အိမ်တော်ရာဘုရားပွဲ၌ ရဟန်းတော်များ ပွဲကြည့်ရင်း ခိုက်ရန်ဒေါသ အဓိကရုဏ်း ဖြစ်ကြရာ မဟာဒါန်ဝန် စသည်တို့သည် အကောင်းအဆိုး မခွဲခြားနိုင်ကြဘဲ သံဃာ ၃၀-ကို ဖမ်းဆီးတုတ်နှောင်ကာ လှေဖောင်တွင်တင်၍ မြစ်လယ်၌ ကျောက်စွဲ၍ အကျယ်ချုပ် ချထားလေသည်။ ထိုအခိုက် ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းကွန်းငွေတောင် တောရကျောင်းမှ မြို့တော်သို့ လှေဖြင့် ကြွလာတော်မူသည်ကို အချုပ်ခံရသော သံဃာများ မြင်၍ ရွှေကျင်ဆရာတော် ဘုရားကြီး ဖြစ်သည်ကို သိကြသဖြင့် "ဆရာတော်ဘုရား ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"ဟု သံပြိုင်ဟစ်အော်ကြ၏။ ရွှေကျင်ဆရာတော် ဘုရားကြီးကြားတော်မူ၍ အတူပါသော ကပ္ပိယအား အကြောင်းကိုမေး၍ သိတော်မူလျှင် "ဖြစ်မှ ဖြစ်ရလေ ကိုယ်ကျိုးနဲလို့"ဟု နှုတ်မြွက်တော်မူကာ မြို့ဘက်သို့ရောက်လျှင် သင်္ကန်းရုံတော်မူ၍ နန်းတော်သို့ တောက်လျှောက်ကြွတော်မူ၏"

ရွှေကျင်ဆရာတော်ဘုရားကြီးဟာ နန်းတော်မှာ မင်းတုန်းမင်းတရားနဲ့ တွေ့ပြီး ဖမ်းဆီးချုပ်နှောင်ထားတဲ့ သံဃာ ၃၀-ကို လွှတ်ရန် မိန့်ကြားမေတ္တာရပ်ခံတယ်၊ ဘုရင်ကလဲ ဆရာတော်ဘုရားကြီးရဲ့ အမိန့်ကို နာခံရိုသေသောအားဖြင့် လွှတ်ပေးလိုက်တယ်။ ဒါဟာ သာသနာပိုင်ရဲ့ အမိန့်ပြန်တမ်းတွေ ဖြစ်ပေါ်လာရခြင်းရဲ့ နောက်ခံကားကလေး တစ်ချပ်ပဲပေါ့'

'အခု ဘုန်းကြီးပြောပြတာက ခေတ်နဲ့ တိုက်ဆိုင်နေတဲ့ အချက်အလက်ကလေး လောက်ပဲရှိသေးတယ်၊ ဒီအမိန့်တော် ပြန်တမ်း ၃–ရပ်ကို ဒကာကြီးတို့ အပြည့်အစုံ လေ့လာ ဖတ်ရှုထားဖို့ ကောင်းတယ်၊ ကျောက်စာဝန် မစ္စတာတော်စိန်ခို စုဆောင်းတင်ပြထားတဲ့ လွှတ်တော်အမှတ်အသား စာအုပ်မှာ ပါတယ်'

'သိရတာ ကျေးဇူးတင်ပါတယ် ဘုရား'

———————

# နောက်ဆက်တွဲ (က)

## ဒုတိယသင်္ဂါယနာမှ တတိယသင်္ဂါယနာ ကာလအတွင်း ဖြစ်ပေါ်လာသော ဂိုဏ်းကွဲများ

**ပထမသင်္ဂါယနာ။** သာသနာသက္ကရာဇ် ၁၄၈ (ဘီစီ–၅၄၄) တွင် ရာဇဂြိုဟ်ပြည်၊ အဇာတသတ်မင်း လက်ထက်၌ အရှင်မဟာကဿပ အမှူးပြု၍ ရဟန္တာ ၅၀၀–နှင့် ပထမအကြိမ် သင်္ဂါယနာတင်သည်။ မူလသံဃာများ သာဖြစ်သည်။ ဂိုဏ်းကွဲပြားခြင်းမရှိ။

**ဒုတိယသင်္ဂါယနာ။** (က) သာသနာနှစ် ၁၀၀ (ဘီစီ–၄၄၄) တွင် ကာဠာသောကမင်း လက်ထက်၊ ဝေသာလီပြည် ဝါလုကာရုံ ကျောင်း၌ အရှင်မဟာယသ အမှူးပြု၍ ရဟန္တာ ၇၀၀–ဖြင့် ဒုတိယ သင်္ဂါယနာ တင်သည်။ အရှင်မဟာကဿပ အစရှိသော

မထေရ်ကြီးများ၏ အယူ၊ မူရင်း အမှန်ကိုသာ လက်ခံကျင့်သုံးသော ကြောင့် အရှင်မဟာယသနှင့် အပေါင်းအပါ သံဃာများကို **ထေရဝါဒဂိုဏ်း**ဟု ခေါ်တွင်သည်။

တချိန်တည်းမှာပင်၊ အရှင်မဟာယသတို့နှင့် သဘောကွဲလွဲလျက် ကာဌာသောကမင်းက ပစ်ပယ်လိုက်သော ဝဇ္ဇီတိုင်းသားတစ်စုက ကောသမ္ဗီတွင် စင်ပြိုင်သင်္ဂါယနာတင်ကြသည်။ သံဃာ ၁၀၀၀၀ဖြင့် သင်္ဂါယနာတင်ကြသည့်အတွက် ထိုဂိုဏ်းကွဲကို မဟာသံဃိက (မဟာသင်္ဂီတိ) ဂိုဏ်းဟု ခေါ်တွင်ကြသည်။

**သီးခြားဂိုဏ်းများ။** ရာဇဂိရိက၊ သိဒ္ဓတ္ထိက၊ ပုဗ္ဗသေလိယ၊ အပရသေလိယနှင့် ဝါဇိရိယဂိုဏ်း။


**အခြားမှတ်တမ်းများအရ ဂိုဏ်းများ။** ဟေမဝတိက၊ရာဇဂိရိက၊ သိဒ္ဓတ္ထိက၊ ပုဗ္ဗသေလိယ၊ အပရသေလိယ၊ ဝါဇိရိယ၊ ဝေကုလ္လက၊ ဘဒ္ဒက၊ အညမဟာသံဃိက

**ဤစာရင်းများမှလွတ်သောဂိုဏ်း။** ဥတ္တရာပထက၊ ဟေတုကဝါဒ။

**မှတ်ချက်။** ။ ဤဂိုဏ်းကွဲစာရင်းများကို ကထာဝတ္ထုပါဠိတော် မြန်မာပြန် (ပ)တွဲမှ ရရှိသည်။

အထက်ဖော်ပြပါ ဂိုဏ်းကွဲ ၁၈–ဂိုဏ်းတွင် မူလ ထေရဝါဒဂိုဏ်းကြီးမှ တပါးတခြား ကျန် ၁၇–ဂိုဏ်းတို့သည် အယူအဆ ချွတ်ချော်တိမ်းပါးကြလျက် မသန့်ရှင်းဟု ဆိုကြသည်။ ဒုတိယသင်္ဂါယနာကာလ၌ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိက (မဟာသင်္ဂီတိ) ဂိုဏ်းကြီး နှစ်ဂိုဏ်းကွဲခြင်းသည် တောင်ပိုင်း ဗုဒ္ဓဘာသာ (ဟိနယာန)နှင့် မြောက်ပိုင်း ဗုဒ္ဓဘာသာ(မဟာယာန) ဖြစ်ပေါ်လာမည့်မျိုးစေ့ အစဟု ဆိုသည်။

# ဒုတိယသင်္ဂါယနာမှစ၍ ကွဲလာသော ဂိုဏ်းများ
## ဒုတိယသင်္ဂါယနာမတင်မီက
## မူလ သံဃာတော်များ




မူလထေရဝါဒဂိုဏ်းနှင့်ဂိုဏ်းကွဲ ၁၁–ဂိုဏ်း = ပေါင်း၁၂–ဂိုဏ်း ┤ ၁၈–ဂိုဏ်း<br>
မဟာသံဃိကဂိုဏ်းနှင့် ဂိုဏ်းကွဲ ၅–ဂိုဏ်း = ပေါင်း ၆–ဂိုဏ်း ┤ ကွဲသည်

# နောက်ဆက်တွဲ (ခ)

## မင်းတုန်းမင်းတရားကြီး လက်ထက် သာသနာတော်ရေးနှင့်စပ်၍ ထုတ်ပြန်တော်မူအပ်သော ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အသျှင်ဘဝရှင် မင်းတြားကြီးဘုရား အမိန့်တော်ရှိသည်။

ငါအသျှင် ကေရာဇ်မင်းမြတ်သည် ကိုယ့်ကျိုး ကိုယ့်စီးပွား ကိုသာ ငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည်မဟုတ်၊ ဘေးလောင်းတော် အဇာတသတ်မင်း၊ ကာဠာသောကမင်း သီရိဓမ္မာသောက မင်း စသော သာသနာပြုမင်းတို့ကဲ့သို့ ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ မပြတ်လေ့လာကျင့်ဆောင်တော်မူခဲ့ဖူးသော သမ္မာဆန္ဒတော်ရင်း ရှိတော်မူသဖြင့် သာသနာတော်ကို ချီးမြှင့်ပြုစု ပူဇော်တော်မူလိုသည်နှင့် အညီ၊ ကျင့်ဆောင်နိုင်ခဲလှသော ရာဇဓမ္မအပေါင်းတို့ကို မတိမ်းမယိမ်း မလစ်မလပ် စေရအောင် ကျင့်ဆောင်တော်မူ၍ မြတ်သောတရားတို့၌ တင်တော်မူလျက်

မှူးတော်၊ မတ်တော်၊ အမှုထမ်း၊ အရာထမ်းတို့ကိုလည်း အလောင်းတော် မဟောသဓာ၊ ဝိဓူရ၊ နန္ဒိသေန စသော ရှေးမှူးကောင်း၊ မတ်ကောင်းတို့ကဲ့သို့ ရာဇ၊ ဓမ္မ၊ လောက အကြောင်း သုံးပါးတို့၌ တည်စေခြင်း။

မင်း၊ မိဖုရား၊ မင်းညီ၊ မင်းသားမှစ၍ ပြည်သူလူထု အပေါင်းတို့ကိုလည်း ဒါနသီလစသော သူတော်ကောင်း တရားမြတ်၌ တင်စေခြင်း။

ရဟန်းတော်တို့ကိုလည်း ပါတိမောက်ပြခြင်း၊ ဥဘတော ဝိဘင်းဆောင်ခြင်း စသော သာသနာတော်မြတ်၏ မူလဘူတ ထင်ထင်ရှားရှားရှိလျက် မေ့မေ့လျော့လျော့ ပြုကြခြင်းကြောင့် ယိုယွင်းတိမ်မြုပ်လျက် ရှိသည်ကို ဝိနည်း ပညတ်တော်နှင့်ညီအောင် အားထုတ်ဆောင်ရွက်စေခြင်း။

အနုဂ္ဂဟနှစ်ပါးဖြင့် သာသနာတော်ကို အလွန်အကျူး ချီးမြှင့်တော်မူခြင်းစသော သာသနာတော် စည်ပင်အံ့သည်ကိုသာ ရည်ရွယ်တော်မူလျက် သာသနာနုဂ္ဂဟဓမ္မရာဇာဖြစ်သော မြတ်သော မင်းအဖြစ်ကို ယူတော်မူသည်။

သာသနာတော်ဆိုသည့် အရာသည် ဝိနည်းတရားတော် ထင်ရှားတည်ရှိခြင်းပင် ဖြစ်သည့်အတိုင်း၊ ရဟန်းတော်တို့ ကောင်းစွာ မကျင့်ဆောင်က သာသနာတော် ညှိုးနွမ်းသည်။ တရားတော်ကို မကျင့်ဆောင်သော တစ်ယောက်သော အလဇ္ဇီသည် အလဇ္ဇီတစ်ထောင်ကိုဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်။

သို့ သာသနာတော်ကို ညှိုးနွမ်းပျက်စီးစေကြောင်း ဖြစ်သော အလဇ္ဇီဘိုက်ု၏ အမူအကျင့်ဟု ဆိုအပ်သော--

၁။ ရွှေ-ငွေ-မာသက-ကဟာပဏဟူသော လေးပါးသော နိဿဂ္ဂိယ ဝတ္ထု၊ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ စပါးမျိုး ခုနစ်ပါး၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ လယ်ယာ၊ ပန်းအာရာမ်၊ သစ်သီး အာရာမ်စသော ဒုက္ကဋ် ဝတ္ထုတို့ကို ရှာမှီးခြင်း၊ ခံခြင်း၊ အနီးဥ္စထားသည်ကို သာယာခြင်း၊ သိုမှီးသိမ်းဆည်းခြင်းဟူသော အလဇ္ဇီဓမ္မ။

၂။ နိဿဂ္ဂိယ ဝတ္ထုအချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း၊ နိဿဂ္ဂိယ ဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်း၊ နိဿဂ္ဂိယ ဝတ္ထုဖြင့် ဆွမ်း၊ ဆန်၊ ဖျင်၊ ပုဆိုးစသော ကပ္ပိယ ဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်း၊ ဒုက္ကဋ်ဝတ္ထုအချင်းချင်းလဲလှယ်ရောင်းဝယ်ခြင်း၊ ဒုက္ကဋ်ဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု တို့ကို လဲလှယ်ရောင်းဝယ်ခြင်း ဟူသော အလဇ္ဇီဓမ္မ။

၃။ ရဟန်းတို့ပရိက္ခရာကို ရောင်းချ၍ရသော ရွှေ-ငွေစသော နိဿဂ္ဂိယ ဝတ္ထုတို့ကိုကိုင်ခြင်း၊ ခံခြင်းဟူသော အလဇ္ဇီဓမ္မ။

၄။ ရဟန်းတို့ ကပ္ပိယ ပရိက္ခရာဖြင့် ခဝါသည်စသော လူတို့ထံ ကွမ်းအစ်၊ ထုံးဘူး၊ ကန့်ကူ၊ ပုရပိုက်စသော

ကပ္ပိယဝတ္ထုတို့ကို မအပ်သော ဝေါဟာရဖြင့် ကိုယ်တိုင် လဲလှယ်ရောင်းဝယ်ခြင်း ဟူသော အလဇ္ဇိဓမ္မ။

၅။ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ကသယ်မှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ ဒန်ပူပေးခြင်း၊ ဝါးပေးခြင်း၊ ဆေးပေးခြင်း၊ သလုံးမြင်းခေါင်းဖြင့် ဒါယကာတို့၏ အစေအပါးကိုခံခြင်း၊ ဤရှစ်ပါးသော ကုလဒူသက အမှုတို့ကို ပြုခြင်းဟူသော အလဇ္ဇိဓမ္မ။

၆။ ဝါးပေးခြင်းစသော နှစ်ဆယ့်တစ်ပါးသော အနေသန တို့၌ အကျုံးဝင်သော လူတို့ကို ထမင်းကျွေးခြင်း၊ မုန့်ပေးခြင်း၊ ကွမ်း၊ ဆေးတည်ခြင်း၊ နေရာခင်း၍ အရိုအသေပြုခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသော အလဇ္ဇိဓမ္မ။

၇။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း၊ အံ့ဖွယ်သူရဲကို ဖြစ်စေ၍ လာဘ်ကို ရှာမှီးခြင်း၊ ပစ္စည်းရခြင်း၏အကြောင်းကို ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း၊ ရအပ်ပြီးသော အနည်းငယ် သော လာဘ်ကို ပေးသဖြင့် မရသေးသော များစွာ သော လာဘ်တို့ကို တောင့်တရှာမှီးခြင်းစသော ယုတ်မာသော သဘော၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝ–ဟူသော အလဇ္ဇိဓမ္မ။

၈။ ဆင်စီး ၊မြင်းစီး၊ ရထားစီး အတတ်စသော မဂ်ဖိုလ်တို့မှ ဖီလာဖြစ်သော တိရစ္ဆာနဝိဇ္ဇာအတတ်မျိုး ၌ အကျုံးဝင်သော ပြဒါးကိုသေအောင် ပြုခြင်း၊ ပြဒါးကိုပြာချခြင်း၊ ပြဒါးကိုခဲစေခြင်း စသည်တို့ကို ဆိုသော တိရစ္ဆာနဝိဇ္ဇာ၊ လောကယတကျမ်းကို ရဟန်းတို့သင်လည်းမသင်အပ်၊ သူတစ်ပါးတို့ကိုလည်း မပြောအပ်၊ ပြုလည်းမပြုအပ်၊ ကြေးငွေမပါ သစ်မြစ်–သစ်ရွက်စသော ဆေးတို့ဖြင့်သာ ပြဒါးသေခြင်း၊ ပြဒါးပြာချခြင်း၊ ပြဒါးခဲခြင်းစသော အတတ်တို့ကို လေ့လည်း မလေ့ကျက်အပ်၊ သူတစ်ပါးတို့ကိုလည်း မပြအပ်၊ လုပ်လည်းမလုပ်အပ်၊ လေ့ကျင့်ပြသပြုလုပ်သော ရဟန်းတို့သည် ခွန်းတိုင်းခွန်းတိုင်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်ခြင်းဟူသော အလဇ္ဇီဓမ္မ။

၉။ ငွေနှင့်ခဲ၊ ကြေးကိုစပ်၍ စပ်တုအဂ္ဂိရတ်ပြုလုပ်သူတို့သည် လုပ်ဆောင်ရန်ငွေကို ခံကတည်းကပင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။ ခဲ၊ ကြေးနီကို ငွေနှင့်စပ်၍ သုံးသောအခါ ခိုးခြင်းနှစ်ဆယ့်ငါးပါးတွင်ထေယျာဝဟာရ၌ အကျုံးဝင်သောကြောင့် ကုဋကဟာပဏာဝဟာရဖြင့် ဆုံးဖြတ်အပ်သည်။ ကြေးနီငါးကျပ်ကို ငွေမွေးထင်စေ၍ သုံးဆောင်လျှင် ပါရာဇိကဖြင့် ဆုံးဖြတ်အပ်သည်ဟု ကျမ်းဂန်လာသည်ကို ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၀။ ထိုးကွင်း၊ လက်ဖွဲ့၊ ခါး လှည့်၊ အင်းအိုင်၊ ဓားပီး-လုံပီး စသောအတက်မျိုးတို့သည် မင်္ဂဖိုလ်မှ ဗီလာ တိရစ္ဆာနဝိဇ္ဇာလောကာယတ ကျမ်းတို့၌ အကျုံးဝင် သောကြောင့် ရဟန်းတို့ မပြုမကျင့်အပ်သည်ကို ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၁။ ထိုအလဇ္ဇီအတတ်ကိုမှီ၍ရသော ပစ္စည်းတို့ကိုလည်း ရဟန်းတို့မသုံးဆောင်ထိုက်ဘဲ သုံးဆောင်ခြင်း ဟူသော အလဇ္ဇီဓမ္မ။

၁၂။ အနာရောဂါမရှိဘဲ ရထားပေါင်းချုပ်၊ လှည်းထမ်းစင်၊ သန်လျင်းစသော ယာဥ်တို့ကို ရဟန်းတို့မစီး အပ်သည် ဖြစ်လျက် စီးခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၃။ ခြေကွဲခြင်း၊ ခြေအသားစွန်းထွက်ခြင်း၊ အလွန်မြေ ကြမ်းခြင်း၊ အလွန်ပူခြင်းဟူသော အကြောင်းမရှိဘဲ ဖိနပ်စီး၍ မြို့ရွာအတွင်းသို့ မဝင်အပ်ဘဲလျက် ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၄။ အလုံးစုံဖြူသောဖိနပ်၊ လူတို့အသုံးအဆောင်နှင့် တူသော သမဏသာရုပ္ပ မဖြစ်သော နီသော သည်းကြိုး၊ မည်းသော သည်းကြိုးတပ်သောဖိနပ် တို့ကို ရဟန်းဟို့ အချင်း ခပ်သိမ်းမစီးေကောင်းဘဲ လျက် စီးခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၅။ ပြောက်ကျားသော သားမွေးဖြင့်ပြီးသော သဘော်၊ ကော်ဇော၊ တရုတ်ကော်ဇောတို့သည် တရားဟော

ပလ္လင်၊ ဆွမ်စားဇရပ်၊ အိမ်၌လူတို့ခင်းသည်ကိုကြည့်၍ ဘုမ္မတ္ထရဏာပြုလျက်၊ ကပ္ပိယအခင်းဖြင့် မခင်းဘဲ အိပ်ခြင်း၊ ထိုင်ခြင်းငှာ မအပ်မထိုက်သည်ကို လွန်ကျူးကျော်နင်းခြင်း ဟူသော အလဇ္ဇီဓမ္မ။

၁၆။ ဂါမခေတ်အာရာမ်အတွင်း၌ တောအရပ်တို့၌၊ မအပ်သော ထီးကိုဆောင်းခြင်း၊ ခွင့်ပြုတော်မူအပ်သောထီးကို ကိုယ်ပူနာ၊ မျက်စိနာ၊ သည်းခြေနာ စသော အနာဟူသော အကြောင်းမရှိ၊ သမ္မုတိလည်းမရဘဲ ဂါမခေတ်တို့၌ ထီးဆောင်းခြင်းတည်း ဟူသော အလဇ္ဇီဓမ္မ။

၁၇။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့နှင့်စပ်သောဆိုင်း၊ ကချေသည်၊ ရုပ်သေးရုပ်စုံး၊ ဇာတ်၊ ဗုံရှည် စသော အလုံးစုံသော သဘင်မျိုးတို့ကို ပယောဂဖြင့်လည်း မယှဉ်စေအပ်၊ မိမိပယောဂမဟုတ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကိုလည်း ကြည့်ရှုနားထောင်ခြင်းကိုမပြုအပ်၊ ရာဂစသော ကိလေသာပွားကြောင်းဖြစ်သော ကုသိုလ်အဖို့တို့ကို ဖျက်ဆီးတတ်သော သာသနာတော်၏ ဆန့်ကျင်ဘက်ဆူးငြောင့်သဖွယ်ဖြစ်သော သဘင်ကျင်းပခြင်း၊ ဘာရတ–ရာမ စသည်ကို ပြောဟောနာခံခြင်း၊ လက်ခုပ်တီးခြင်း လက်ခေါက်မှုတ်ခြင်း၊ စည်ပုတ်တီးခြင်း၊ အိုးစည်တီးခြင်း ကချေသည်တို့ကို ကစေခြင်း၊ သံချောင်းကစားခြင်း၊ အရိုးဆေး

ကစားခြင်း၊ ဝါးထောင်ကစားခြင်း၊ ဖဲရိုက်၊ အံခတ်၊ စစ်ဘုရင်၊ ဆင်တိုက်၊ မြင်းတိုက်၊ ကျွဲတိုက်၊ နွားတိုက်၊ ဆိတ်တိုက်၊ သိုးတိုက်၊ ကြက်တိုက်၊ ခါတိုက်၊ ကျည်းသားရိုက်၊ တုတ်ပေါက်၊ လက်ဖျော့ သတ်ကစားခြင်း၊ စစ်ထိုးခြင်း၊ ဗိုလ်ရေတွက်ခြင်း၊ စစ်သည်စုခြင်း၊ ဆင်–မြင်း–ရထား–ခြေသည် တို့ကိုကြည့်ရှုခြင်း၊ မီးဖြူ–မီးဝါစသောမီးမျိုး၊ မီးပိတုံးစသောမီးရှူးမျိုး၊ မီးအိမ်ပုံ၊ ဒုံးရှို့ ဗျောက်ခွဲ စသော အလုံးစုံသောအမှုတို့သည် ဝိသုကဖြစ်၍ ရဟန်းတို့ မအပ်စပ်သော အမှုကိုလျက်၊ လွန် ကျူးကျော်နင်းပြုလုပ်စီရင် ကြည့်ရှုနားထောင်ခြင်း ဟူသော အလဇ္ဇီဓမ္မ။

၁၈။ မြစ်နားရဟန်းတို့သည် လော့်လော့်၊ လော့်လောင်း ပြုပြင်၍ ကစားလိုသောစိတ်ဖြင့် ထိုမှ–ဤမှ မသွားမလာအပ်သည်ကို သွားလာခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၉။ ယာဝဇီဝကဖြစ်သော ထိုနေ့အကပ်ခံအပ်သော ကွမ်းဆေးတို့ကို နေလွဲသောအခါ အနာတည်းဟူ သော အကြောင်းမရှိဘဲ သုံးဆောင်ခြင်း၌ အကပ်ခံခြင်း၌လည်းကောင်း၊ မျိုတိုင်း မျိုတိုင်း၌ လည်းကောင်း ဝိကာလဘောဇန သိက္ခာပုဒ်၏ အန္တရာဘတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။ ယမန်နေ့၌ အကပ်ခံပြီးသော ကွမ်းဆေးတို့ကို

နံနက်အခါ၌ အနာဟူသောအကြောင်းမရှိဘဲ အာဟာရအလို့ငှာ အကပ်ခံယူခြင်း၊ မျိုခြင်းတို့၌ သန္နိဓိကာရကသိက္ခာပုဒ်၏ အန္တရာဘတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။ ထိုကွမ်းဖတ်၊ ဆေးဖတ်၊ ကွမ်းသီးဖတ်မကင်းသော ခံတွင်းဖြင့် ဆွမ်းစသော အာမိသကိုစားသောအခါ မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်သည်။ ဆွမ်းစားပြီးသော အာမိသမကင်းသော ခံတွင်းဖြင့် ကွမ်းဆေးတို့ကို သုံးဆောင်သောအခါတို့၌လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်သည်။ နေလွဲသောအခါ ယမန်နေ့ကအကပ်ခံပြီးသော ကွမ်းဆေးတို့ကို အနာတည်းဟူသောအကြောင်းမရှိဘဲ သုံးဆောင်ခြင်းငှာ အကပ်ခံခြင်း၊ မျိုခြင်းတို့၌ ဝိကာလဘောဇန သိက္ခာပုဒ် သန္နိဓိကာရက သိက္ခာပုဒ် နှစ်ပါးတို့ဖြင့် ဒုက္ကဋ်အာပတ် နှစ်ချက်စီသင့်သည်။ ယမန်နေ့က အကပ်ခံပြီးသော ကွမ်းဆေးတို့ကို အကြောင်းမရှိဘဲ အချင်းခပ်သိမ်း မသုံးဆောင်အပ်၊ ထိုနေ့က အကပ်ခံအပ်သော ကွမ်းဆေးတို့ကို နေ့လွဲသောအခါ အကြောင်းမရှိဘဲ မသုံးဆောင်အပ်သည်ကို သုံးဆောင်ခြင်းဟူသော အလဇ္ဇိဓမ္မ။

၂၀။ ဦးခေါင်းပူနာ–ကုတ်ဟီး–ချောင်းဆိုးကြီးအနာ– ထိပ်ကပ်နာဟူသော အကြောင်းမရှိဘဲ အခိုးတံ၊ ဆေးလိပ်တို့ကို မသောက်မရှူအပ်၊ ယမန်နေ့က

အကပ်ခံသော အခိုးခံ၊ ဆေးလိပ်၊ ထိုနေ့က အကပ်ခံ သော အခိုးတံ၊ ဆေးလိပ်တို့ကို သောက်ရှူ သောရဟန်း တို့အား ကွမ်းဆေးတို့၌ ဆိုအပ်ခဲ့ပြီး သည့်အတိုင်း အာပတ်သင့်သည်ကို မရှောင်မကြဉ်ဘဲ ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ။

၂၁။ ထင်ရှားရှိသော ရဟန်းကို မပန်မကြားမူ၍ ရှောင်တခင်ပြုအပ်သော ကိစ္စမရှိဘဲ နေ့လွဲသောအခါ မြို့တွင်း၊ ရွာတွင်းသို့ မဝင်အပ်သည်ကို ဝင်ခြင်း တည်းဟူသော အလဇ္ဇီဓမ္မ။

## အလဇ္ဇီလူ သာသနာဖျက်

ဤသို့စသော အလဇ္ဇီအဖြစ်ကိုပြုတတ်သော သိက္ခာပုဒ် တော်တို့ကို လေးစားမမူ သဗ္ဗညုမြတ်စွာဘုရား၏ ရွှေမျက်နှာတော် ကို မထောက်မညှာ တစ်သက်လျာမျှလောက် လာဘ်ပူဇော် သက္ကာရကိုငဲ့၍ ရဟန်းကောင်းတို့၏ အသွင်အပြင် အဝတ် အဆင်းကား အရဟတ္တဓဇဖြစ်သော မြတ်သောအဝတ်၊ အကျင့် ကား မြတ်စွာဘုရားသာသနာတော်၏ ဆူးငြောင့်ခလုတ် ယုတ်မာလှသောအကျင့်ဖြစ်၍၊ သာသနာတော်ကို ဖျက်ဆီးတတ် သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် ပူဇော်လှူဒါန်းသူ တို့လည်း အလဇ္ဇီနှင့် ပေါင်းဖက်၍ သာသနာတော်ကို ဖျက်ဆီးသည်မည်လေသောကြောင့် —

## အလဇ္ဇီ မလှူဒါန်းရ

အမိန့်တော်တွင်ပါရှိသည့် အလဇ္ဇီဓမ္မကို ကျူးလွန် ကျော်နင်း၍ ကျင့်သောအလဇ္ဇီပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့–ကျေးရွာနေလူတို့ မကိုးကွယ် မလှူဒါန်းကြစေနှင့်၊ မြို့ရှင်–ရွာရှင်တို့က မြို့ရွာနေလူတို့ကို နိုင်နင်းအောင် တားမြစ်စေ။

ကိုးကွယ်ရင်းဖြစ်၍ ကိုးကွယ်လှူဒါန်းလိုလျှင် အလဇ္ဇီဓမ္မတို့ကို စွန့်စေ၍၊ အပြစ်အားလျော်စွာ ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ လှူဒါန်းကြစေ။

## အလဇ္ဇီလှူလျှင် အများကြောက်ရွံ့အောင် စီရင်

အလဇ္ဇီ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် အမိန့်တော်အာဏာတော်ကိုမတည်၊ ကိုးကွယ်လှူဒါန်းအားပေး အားမြှောက်ပြု၍၊ သာသနာတော်ကို ဖျက်ဆီးသူတို့ကို အများကြောက်ရွံ့၍ သာသနာတော်၏ ဘေးရန်ကင်းငြိမ်းအောင် တင်းတင်းကြပ်ကြပ်ဝန်တို့က စီရင်၊ ထီးရုံ၊ နန်းရုံ၊ စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ မြို့သူကြီးတို့ကို စေ့နှံ့အောင်ပြန်ဆိုမှာထားစေ။

**[ သက္ကရာဇ် ၁၂၁၇–ခုနှစ်၊ တပို့တွဲလဆန်း ၁၀–ရက်နေ့ နားခံတော်မင်း၊ မင်းတင်ရာဇာ သီဟသူပြန် အမိန့်တော်]**

**မှတ်ချက်** ။ ။ (ဤဓမ္မဝိနယပြန်တမ်းကို ခရေစေ့တွင်းကျ ဖတ်ရှုပြီး၍ သဘောပေါက်နားလည်ပြီဆိုပါက၊ သင်သည် သာသနာတော်သန့်ရှင်းရေးအတွက် အထောက်အကူပြုနိုင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နိုင်ပါပြီ။ **(ကျမ်းပြုသူ)**

-----

ပ.မ.သစ-၂၁/၈.၇.၉၇-(၅၀၀၀)လဖဆိုး

## သံဃာအား ဘုရားယုံခဲ့သည်

### ( ပ ထ မ တွဲ )

ဗုဒ္ဓသာသနာတော်မြတ်ကြီး အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲ၍ ထာဝစဉ် ထွန်းလင်းတောက်ပနေစေရန် သံဃာတော်များ၏ တာဝန်၊

မိမိတပည့်သား သံဃာတော်များအား ဘုရားရှင် မည်မျှယုံကြည်အားထားတော်မူခဲ့ပါသနည်း ?

- ဒေဝဒတ်၏ သံဃာသင်းခွဲရန်အကြံ၊
- ဆဋ္ဌဂ္ဂီရဟန်းတို့၏ သံဃာဂိုဏ်းကွဲရေး ဦးတည်ချက်များ၊
- သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သင်္ဂါယနာအဆင့်ဆင့် တင်ပြခဲ့ပုံများ၊
- သာသနာ့ဘေးရန် အန္တရာယ်များကို ဓမ္မစက်၊ အာဏာစက်တို့ဖြင့် ရှင်းလင်း ဖယ်ရှားခဲ့ပုံများ၊
- ပုဂံခေတ် အရှင်အရဟံမထေရ်နှင့် အနော်ရထာမင်းကြီးတို့၏ စွမ်းဆောင်မှုကြောင့် သန့်ရှင်းသော ထေရဝါဒဗုဒ္ဓသာသနာ မြန်မာနိုင်ငံ၌ တည်ထွန်းလာခဲ့ပုံများ၊
- ဓမ္မစေတီမင်းကြီး၏ သာသနာတော် သန့်ရှင်းစင်ကြယ်ရေး ဆောင်ရွက်ချက်များ၊
- မင်းတုန်းမင်းတရားကြီး၏ ပဥ္စမသင်္ဂါယနာတင်ခဲ့ပုံ၊
- ဓမ္မဝိနယအမိန့်တော် ပြန်တမ်းများ။